
ဇော်ရဲအောင်(TZ)
တက္ကသိုလ်
နေလင်းအောင်
အမတ်ချုပ်ကြီး၏ အကြံအစည်
၄-အုပ်တွဲသိုင်းစာစဉ်
စာစဉ် (၃)
ကုလုံ၏ ကူယီ
1996
သိုင်းစာစဉ်များPAGE

# ငွေလင်းအောင်



## အမတ်ချုပ်ကြီး၏အကြံအစည်



စာမူခွင့်ပြုချက်အမှတ် ၃၀၆/၉၆(၆)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၃၀/၉၆(၆)

ထုတ်ဝေခြင်း

ပထမ အကြိမ်

၁၉၉၆ ခု၊ ဩဂုတ်လ

အုပ်ရေ

၅၀၀ အုပ်

တန်ဖိုး

သုံးဆယ်ကျပ်တိတိ



နဂါး

စာပေ

အထက်မြန်မာပြည် ဖြန့်ချိရေး၊ မန္တလေး



05 AUG 1996

တက္ကသိုလ် နေလင်းအောင်

# အမတ်ချုပ်ကြီး၏ အကြံအစည်

စာစဉ် (၃)

ဖြန့်ချိရေး

နွေမိုးဆောင်း

စာပေ

အမှတ် ၇၂၊ ၆ လမ်း ရန်ကုန်မြို့

စာတိုက်သေတ္တာအမှတ် ၁၁၁၃

ဗဟိုစာတိုက်ကြီး ရန်ကုန်မြို့

15 AUG 1996

[ ၆၅ ]

## ရိုင်းသည့်အကြံအစည်

'မင်း - ပြေးလို့လွတ်မှာတဲ့လား'

နယ်စားကြီးသည် ပြောလိုက်လေ၏။ သူ့အသံတွင် မောဟိုက်သံ လုံးဝမပါချေ။ ဧည့်ခန်းထဲတွင် ထိုင်၍ပြောသလို ပြောလိုက်ခြင်း ဖြစ်သည်။

မကြာမီ ရှေ့မှပြေးနေသူသည် အစွမ်းကုန်သွား၏။ သူသည် နောက်မှ ပြေးလိုက်လာသည့် ရန်သူအား လှည့်၍ ရင်ဆိုင် လိုက်သည်။

နယ်စားကြီးသည် ထိုလူနှင့်မျက်နှာချင်းဆိုင် ရပ်လိုက်၏။ ထိုသူသည် ဝတ်ရုံနက်ကြီးကို ခြုံထားသည်သာမက မျက်နှာကိုလည်း အနက်ရောင်မျက်နှာဖုံး စွပ်ထားသည်။

နယ်စားကြီးက....

'မင်းဘယ်သူလဲ'

ထိုသူက မပြောချေ။

နယ်စားကြီးက ဆက်ပြောသည်။

'မင်း ငါ့သမီးကို အောက်ချလိုက်ပါ၊ နောက်ပြီး မင်း နောက်ကို ဆုတ်ရပ်လိုက်'

နယ်စားကြီး၏အသံမှာ အမိန့်သံဖြစ်၏။ သို့သော် ဓနိသူသည် နယ်စားကြီး၏အမိန့်ကို မနာခံချေ။ သို့သော် စကားလည်း ဘာမှ ပြန်မပြောချေ။

ထိုစဉ် သူ့အားမှ အသံတစ်သံကို ကြားလိုက်ရသဖြင့် လှည့်ကြည့်မိသည်။ တေးရှိ သစ်ပင် အကာအကွယ်မှ ပြေးထွက်လာသော လူတစ်ယောက်ကို တွေ့ရသည်။

ထိုသူသည်လည်း အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ပြီး အနက်ရောင်မျက်နှာဖုံးကို စွပ်ထားသည်။

ထိုလူ၏မျက်လုံးများ တလက်လက် တောက်ပနေသည်ကို နယ်စားကြီး တွေ့မြင်ရလေ၏။ သူ့ကိုလက်နက်ပုန်းနှင့် ပစ်သူမှာ ထိုလူသာ ဖြစ်ရမည်ကို နယ်စားကြီး သိလိုက်မိလေ၏။

ဒုတိယလူသည် နယ်စားတို့နှင့် ဖိုခုံလောက်ဆိုင် လာရပ်လေ၏။

'မင်းတို့က ဘာသဘောနဲ့ ခုလိုလုပ်ကြတာလဲ'

နယ်စားကြီးက မေးလိုက်၏။

'သဘောကတော့ တခြားမဟုတ်ပါဘူး၊ နယ်စားကြီးကို အပြင်ခေါ်ထုတ်လာတဲ့သဘောပါပဲ'



နောက်မှ ရောက်လာသော ဒုတိယလူက ပြောလိုက်၏။

နယ်စားကြီးက....

'ဘာဖြစ်လို့ မင်းတို့က ငါ့ကို အပြင်ခေါ်ထုတ်တာလဲ'

'သတ်ဖို့'

ပြောသံက အေးစက်စက်နှင့်....

နယ်စားကြီးက အံ့သြဟန်မပြချေ။ သူသည် နယ်စားကြီး ဖြစ်သော်လည်း ကျော်ကြားသည့် သိုင်းသမား ဖြစ်သည် မဟုတ်ပါလား။ သူသည် သေရမည်ကို မကြောက်ချေ။

'ငါ့ကို သတ်ဖို့ဆိုရင် ဒီ့ပြင်နည်းနဲ့ ခေါ်ထုတ်ပါလား၊ ဘာဖြစ်လို့ ငါ့သမီးကို ဖမ်းရတာလဲ'

'နယ်စားကြီးရဲ့ စံအိမ်တော်ထဲမှာ နယ်စားကြီးရဲ့ တပည့်တွေ အများကြီးရှိနေတာပဲ၊ အဲဒီတော့ နယ်စားကြီးသမီးကို ဖမ်းပြီး ဘာဖြစ်လို့ ခေါ်ရတာလဲဆိုတော့ မေးစရာမလိုတော့ဘူး ထင်တယ်'

'ကောင်းပြီ၊ အခုငါလိုက်လာပြီ၊ ငါ့သမီးကို ပြန်လွှတ်ဖို့ လိုတာပေါ့၊ ငါ့သမီးကို ပြန်လွှတ်လိုက်ပါ'

'နယ်စားကြီးက အမိန့်ပေးတာလား'

'ဟုတ်တယ်၊ ငါအမိန့်ပေးနေတာပဲ'

'ပတ်ဝန်းကျင်ကိုလဲ ပြန်ဖြီးသတိထားဦးမှပေါ့၊ အခုဟာက နယ်စားကြီးရဲ့ စံတော်အိမ်ဝင်းထဲမှာ မဟုတ်တော့ဘူးလေ၊ အဲဒီတော့ အမိန့်ပေးချင်တိုင်းပေးလို့မရတော့ဘူး'

နယ်စားကြီးသည် သက်ပြင်းရှိုက်လိုက်၏၊

'ကောင်းပြီ၊ မင်းတို့က ငါ့ကိုသတ်ချင်လို့ ခေါ်ထုတ်လာတာလို့ ပြောတယ်၊ ဘာကြောင့်လဲ၊ ဘာကြောင့် သတ်ချင်ရတာလဲ၊ ဒါကိုတော့ ပြောပြနိုင်မှာပေါ့'

ဒုတိယလူက ပြောသည်။

'ကျုပ်တို့မှာ ပြောခွင့်မရှိပါဘူး'

နယ်စားကြီးမှာ အံ့အားသင့်သွား၏။

'ဟ....မင်းတို့ပြောတဲ့စကားထဲက တချို့အချက်အလက်တွေကို ကောက်လို့ရပြီ၊ မင်းတို့ကိုယ်တိုင်က ငါ့ကိုသတ်ချင်လို့ မဟုတ်ဘူးဆိုတာ ငါသိရပြီ၊ ငါ့ကိုသတ်ခိုင်းတာ တစ်ယောက်ယောက် ဖြစ်လိမ့်မယ်၊ အဲဒီတစ်ယောက်ယောက်က ဘယ်သူလဲ'

'ကျုပ်တို့ ပြောဖို့ မလိုပါဘူးဗျာ၊ အဲဒီလူကိုယ်တိုင်က နယ်စားကြီးကို သတ်မှာပါ'

'ဩော်....ငါ့ကို သူက သတ်မှာလား ဒါဖြင့် သူကော'

နယ်စားကြီးမှာ တစ်လျှောက်လုံး ဒုတိယလူ ဒုတိယလူနှင့် စကားပြောနေရာ ပထမလူကို မေးငေါ့ပြီး မေးလိုက်သည်။

'မဟုတ်ပါဘူး'

'မင်းတို့ဟာက ဘယ်လိုလဲကွ'

နယ်စားကြီးမှာ စိတ်မရှည်တော့ပေ။

ထိုစဉ်....

'ခင်ဗျားကို သူတို့က မသတ်ပါဘူး၊ ကျုပ်ကသတ်မှာဗျ၊ ခင်ဗျား သေဖို့သာပြင်ပေတော့'



သူ့နောက်ဘက်မှ စကားသံတစ်သံ ထွက်လာ၏။ ထိုအသံသည် အတွင်းအား ပြည့်ဝလှသော လူတစ်ယောက်၏ အသံဖြစ်သည်ကို နယ်စားကြီး သိရှိလိုက်သည်။

အသံသည် လိုဏ်သံဖ(?)ါနေသည်။ ဂူတစ်ခုအတွင်းမှ ပြောလိုက်သကဲ့သို့ ဖြစ်နေသည်။

နယ်စားကြီးသည် ခပ်ဖြည်းဖြည်းပင် လှည့်ကြည့်သည်။ ဤသူများကို မြန်မြန်လှည့်ကြည့်ရန် မလိုတော့ချေ။ သူတို့သည် သူ့ကိုသတ်ဖြတ်ရန် ဆုံးဖြတ်ထားပြီးလေပြီ။

ထိုအခါ လူတစ်ယောက်ကို တွေ့လာသည်။ ထိုလူသည် အနီရောင်ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထား၏။ လက်ထဲတွင် လှံရှည်ကြီးတစ်ချောင်းကို ကိုင်ထား၏။ နှုတ်ခမ်းမွေးသည် ထိုလူ၏ ထင်ရှားသောအမှတ်အသား ဖြစ်သည်။

'အလို....'

ထိုလူကိုမြင်သည်နှင့် နယ်စားကြီး လူကျူးရှိန်သည် အံ့အားသင့်သွား၏။ သူသည် ထိုလူကို သိရှိသည် မဟုတ်ပါလား။

ထိုလူသည် တစ်ချက်ခုန်လိုက်ရာ ငှက်တစ်ကောင်ကဲ့သို့ လွှားခနဲ ရောက်ရှိလာ၏။ သူသည် နယ်စားကြီး လူကျူးရှိန်ရှေ့သို့ ရောက်ရှိလာသည်။

နယ်စား လူကျူးရှိန်သည် မှင်တက်မိပြီး ငေးကြည့်နေမိလေ၏။

ရှေ့သို့ ရောက်လာသူသည် လှံကို မြေကြီး၌ ထောက်ပြီး ခန့်ခန့်ကြီး စကားပြောသည်။

'ဘယ်လိုလဲဗျ'

'ဘာကို ဘယ်လိုရမှာလဲ'

'ကျုပ်ကိုတွေ့သွားတာနဲ့ ခင်ဗျား တုန်လှုပ်သွားပြီမဟုတ်လား'

'မတုန်လှုပ်ပါဘူးဗျာ၊ ဒါပေမယ့် ကျုပ်အံ့သြသွားတာတော့ အမှန်ပဲဗျ၊ ခင်ဗျား ကျုပ်ကို ရန်လိုနေတယ် ဆိုတာတော့ ကျုပ်သိတယ်၊ ဒါပေမယ့် ဒီလောက်အထိ ရန်ငြိုးဖွဲ့ဖို့တော့ အကြောင်းမရှိဘူးလို့ ကျုပ်ထင်တယ်'

နယ်စားကြီး လူကျူးရှိန်က သူ့စိတ်ထဲ ရှိသည့်အတိုင်း ပြန်ပြောလိုက်၏။

'ခင်ဗျားက တော်တော် ဟန်ဆောင်ကောင်းတာကိုးဗျ၊ ကျုပ်က ခင်ဗျားနဲ့ ကျုပ်ရဲ့နယ်စပ်ကို ကျုပ်ရဲ့တပ်သားတွေ စေလွှတ်ခဲ့တယ်၊ ဒီအတွက် ခင်ဗျားမကျေနပ်ရင် ကျုပ်ကို တိတ်တိတ်သင်းသင်း စစ်ကြေညာပေါ့ဗျာ၊ ခင်ဗျားကလဲ စစ်တပ်တွေ လွှတ်ပေါ့၊ စစ်တပ်ချင်းတိုက်ရုံဟာပဲ၊ အခုတော့ ခင်ဗျားက လူလည်ကျတယ်၊ တောပုန်းဓားပြတွေယောင် ဆောင်တယ်၊ ကျုပ်တပ်တွေကို တိုက်တယ်၊ ကျုပ်တပ်တွေ ခံလိုက်ရတာပဲ၊ နောက်ဆုံးတိုက်ပွဲဆိုရင် ကျုပ်ရဲ့ထောင်ချီရှိတဲ့ တပ်ဖြဲ့ကို အဖျက်ဆီးခံလိုက်ရတယ်၊ ခင်ဗျားဟာ တော်တော် ကောက်ကျစ်ယုတ်မာတာပဲ'

'နယ်စားကြီး ကောင်လီဟန်'



နယ်စားကြီး လူကျူးရှိန်က အော်လိုက်၏။ အဘယ်ကြောင့်ဆိုသော် ကောင်လီဟန်သည် သူ့ခိုးက လူ လူ့ဟုအော်ဟစ်နေသောကြောင့်တည်း။

သို့သော် ကောင်လီဟန်သည် စကားကို အပြတ်ချခဲ့ချေ။ သူက ဆက်ပြောလေ၏။

'ခင်ဗျားရဲ့ နယ်စောင့်တပ်နဲ့ ကျုပ်ရဲ့နယ်စောင့်တပ်ချင်း ယှဉ်တိုက်တာကို ခင်ဗျား မလိုလားဘူး မဟုတ်လား၊ ခင်ဗျား မတိုက်ရဲဘူး မဟုတ်လား၊ အဲဒီတော့ ကျုပ်မှာ လုပ်စရာတစ်ခုပဲ ရှိတော့တယ်၊ အဲဒါက ခင်ဗျားကို သတ်ပစ်ဖို့ပဲပေါ့ မဟုတ်ဘူးလား'

'မဟုတ်ဘူး'

'ဘာမဟုတ်တာလဲ'

'ကျုပ်ဟာ ဘယ်တုန်းကမှ ကျုပ်ရဲ့တပ်သားတွေကို တောပုန်း ဓားပြ မလုပ်ခိုင်းခဲ့ဘူး၊ ကျုပ်တပ်ဟာ ကျုပ်တပ်ပေါ့'

'ဘာကြောင့် ခိုးကြောင်ခိုးဝှက် ဓားပြဂိုဏ်းလုပ်ခိုင်းရမှာလဲ၊ ခင်ဗျားတပ်တွေ ကျုပ်ရဲ့ပြည်နယ်စပ်မှာ သောင်းကျန်းနေတယ်ကြားတော့ ကျုပ်ဟာ နယ်စပ်ကို ဆောက်ခဲ့တယ်၊ ခင်ဗျားရဲ့ တပ်တွေဟာ ကျုပ်တပ်တွေကို ရှင်မဆိုင်ဝံ့ဘူးဗျ၊ ခင်ဗျားရဲ့ တပ်တွေဟာ မွန်ကျိုးပြည်နယ်ထဲကို ဝင်ပြေးကြတာပဲ'

'ခင်ဗျားတပ်တွေကို ခင်ဗျား အထင်ကြီးနေလို့လား'

'ဒီကိစ္စမှာ ကျုပ်နားမလည်တာ တစ်ခုရှိတယ် ဟုတ်လား၊ တပ်ချက်သိချင်တာက ရင်ချင်းကပ် ကျောချင်းကပ်ဖြစ်နေတဲ့

နယ်ပယ်ချင်းကို ခင်ဗျားက ဘာကြောင့် သွေးချောင်းစီးအောင် လုပ်ချင်ရတာလဲ၊ နှစ်အချက် သိချင်တာကတော့ အဲဒီတောပုန်းဓားပြတွေပဲ၊ သူတို့ဟာ ဘယ်သူတွေလဲ၊ ဘယ်သူက ဦးဆောင်နေတာလဲ၊ ဘာရည်ရွယ်ချက်နဲ့ နယ်စပ်မှာ သူတို့လာသောင်းကျန်းနေရတာလဲ၊ ဒီအချက်တွေကို ကျုပ် အထောက်တော်တွေက မတင်ပြနိုင်ခဲ့ဘူး'

လူကျူးရှိန်က အသံမြှင့်၍ ပြောလိုက်၏။

'နယ်စားကြီး ကောင်လီဟန်၊ ကျုပ်ကစစ်မက်ကိုလိုလားသူ မဟုတ်ပါဘူး၊ သွေးကိုမြင်ချင်တဲ့လူ မဟုတ်ဘူး၊ နယ်ပယ်လူထုရဲ့ အကျိုးကို သယ်ပိုးလိုသူ ဖြစ်တယ်၊ ခင်ဗျားရဲ့ တပ်တွေ ကျုပ်နယ်ထဲ ဝင်ရမ်းတာတောင် ကျုပ်ကြည့်နေခဲ့တာပဲမဟုတ်လား၊ အဲဒါ စစ်ကို ရှောင်ရှားချင်လို့ပေါ့'

လူကျူးရှိန်သည် အလေးအနက်ပြောလိုက်၏။

'အဲဒီအချက်တွေဟာ ခင်ဗျား သေသေချာချာစဉ်းစားဖို့ ကောင်းတဲ့အချက်တွေပဲ'

ကောင်လီဟန်က....

'ဟဲ ဟဲ ခင်ဗျားက အဲဒီဓားပြတွေဟာ စေ့လန့်ပြည်နယ်နဲ့ ရှီအန်ပြည်နယ်က မဖြစ်နိုင်ဘူးလို့ ဆိုလိုတာပေါ့'

ကောင်လီက မေးလိုက်၏။

လူကျူးရှိန်က....

'ကျုပ်ပြောတဲ့စကားထဲမှာ အဲဒီသဘောမျိုး လုံးဝမပါဘူးဆိုတာ ခင်ဗျားသိပါတယ်၊ ကျုပ်အနေနဲ့ ရှီအန်ပြည်နယ်ရော၊ စေ့လန်ပြည်နယ်ရော အိမ်နီးနားချင်းကောင်း ပြည်နယ်



တွေလို့ သဘောထားခဲ့ပါတယ်၊ အိမ်နီးချင်းကောင်းပြည်နယ်တွေအဖြစ် ကောင်းကောင်းမွန်မွန် ဆက်ဆံခဲ့ပါတယ်'

'ခင်ဗျားက ဝေ့လည်ကြောင်ပတ် ပြောနေတာပဲကိုး'

'ကျုပ် အမှန်အတိုင်း ပြောနေတာပဲ'

'ကျုပ်က ဆင်ကောင်ကြီးမြင်နေမှတော့ ဆင်ခြေရာရှာနေစရာ မလိုပါဘူး'

ကောင်လီဟန်သည် ဒေါသဖြင့် ပြောလိုက်လေ၏။

ထိုအခါ လူကျူးရှိန်က....

'ကျုပ် ဒီလိုပြောတာကို ခင်ဗျားက လိမ်နေတယ်လို့ထင်နေတယ် မဟုတ်လား၊ ခင်ဗျားအထင်မှန်ကြောင်း ဘယ်သူ့ကို သက်သေပြနိုင်သလဲ'

'ကျုပ်တပ်သားတွေ ပျက်စီးရတဲ့ကိစ္စမှာ....'

'ကျုပ် ရှင်းပြပြီးပြီပဲ'.

'ဒါပေမယ့် အဲဒါက အဖြေမှ မဟုတ်တာ၊ ဒီတောပုန်းဓားပြတွေဟာ မိုးပေါ်က ဆင်းလာပြီး ခင်ဗျားအတွက်တိုက်ပေးတာတော့ မဟုတ်ဘူးဆိုတာ လူတိုင်းသိကြတယ်'

'ဒါပေမယ့် အဲဒီ တောပုန်းဓားပြတွေဟာ တောပုန်းဓားပြတွေဆိုပေမယ့် မဟုတ်တာတွေ မလုပ်ဘူးဗျ၊ တောပုန်းဓားပြတွေသာဆိုတယ် ကျုပ်နယ်စပ်မှာ ဘာမှဒုက္ခမပေးဘူး၊ မဆိုင်ပေမယ့် တချို့လူရဲ့ လုပ်ရပ်တွေကို ခံပြင်းမယ့်လူတော့ ရှိတတ်တယ်ဗျ၊ ဒါပေမယ့် ဒီဓားပြတွေနဲ့ ကျုပ် ဘယ်လိုမှ မပတ်သက်ပါဘူး'

ကောင်လီဟန်သည် ခေါင်းယမ်းလိုက်၏။

‘ကျုပ်က မယုံဘူးဗျာ’

‘ကျုပ် လျှာထွက်မတတ် ရှင်းပြပေမယ့် ခင်ဗျား ဘယ်လိုမှ မယုံနိုင်ဘူးဆိုတာ ကျုပ်သိဖို့ ကောင်းနေပြီ’

လူကျုံးရှိန်က စိတ်ဓာတ်ကျစွာပြောသည်။

‘ဒီတော့ ကျုပ်အနေနဲ့ ခင်ဗျားကို သတ်လိုက်ရင် ဒီကိစ္စ ရှင်းသွားမှာပဲ’

လူကျုံးရှိန်သည် ခေတ္တမျှ စဉ်းစားပြီး....

‘ကောင်းပြီလေ၊ ခင်ဗျားက ကျုပ်ကို သတ်ချင်တယ်ဆိုရင်လဲ သတ်ပေါ့၊ ဒါပေမယ့် ဒီကိစ္စမှာ ကျုပ်သမီးနဲ့မဆိုင်ပါဘူး၊ အဲဒီတော့ ကျုပ်သမီးကို လွှတ်လိုက်ပါ၊ ဒီကိစ္စနဲ့ မပတ်သက်တဲ့သမီးကို ဒီကိစ္စအတွက် မနစ်နာစေချင်ဘူး၊ ဒီတော့ ကျုပ်သမီးကို လွှတ်ပေးလိုက်ပါ’

ကောင်လီဟန်သည် ဘာမျှမပြောဆိုဘဲ စဉ်းစားနေလေသည်။

‘ခင်ဗျားဘာကို စဉ်းစားနေတာလဲ၊ ခင်ဗျားက ကျုပ်ကို မကျေနပ်ဘူး၊ အဲဒီတော့ ကျုပ်နဲ့ပဲ ရှင်းပေါ့၊ ကျုပ်သမီးနဲ့ ဒီကိစ္စက ဘာမှ မပတ်သက်ဘူး၊ သူပါ ဝင်ရှင်းနေရတယ်ဆိုတာ အဓိပ္ပာယ်မရှိပါဘူး’

ကောင်လီဟန်က အမိန့်ပေးလိုက်၏။

‘ခင်ဗျားက ကျုပ်လက်ချုပ်ထဲမှာပါ၊ ကဲ အဲဒီ ကောင်မလေးကို လွှတ်လိုက်စမ်း’

လူဝါစင်ကို ချုပ်ကိုင်ထားသူက....



‘နယ်စားကြီး စဉ်းစားပါဦး၊ သူ့ကို လွှတ်ပေးလိုက်လို့ မဖြစ်ပါဘူး၊ သူ့အဖေ သေသွားရင် ဘယ်သူ့လက်ချက်ဆိုတာ သူသိသွားမှာပေါ့၊ သူ့အဖေသေရင် သူ့ကိုပါရှင်းပစ်သင့်ပါတယ် နယ်စားကြီး၊ စဉ်းစားပါ’

ကောင်လီဟန်၏ မျက်ခုံးများ မြင့်တက်သွားသည်။

‘ဟာ.... ဟုတ်သားပဲ’

သူသည် လွှတ်ခနဲပြောလိုက်ပြီး လူကျုံးရှိန်ဘက်သို့ လှည့်လိုက်သည်။

‘ကဲ.... ခင်ဗျားကြားတဲ့အတိုင်းပဲ၊ သူပြောတာအမှန်အကန်ပဲ၊ ဒီတော့ ခင်ဗျားမသေမှ ခင်ဗျားသမီးရဲ့ အသက်ကို ကယ်နိုင်မှာ၊ ခင်ဗျား အသက်နှစ်သက်အတွက် ကြိုးစားပေါ့တော့’

လူကျုံးရှိန်သည် အသက်ကိုပြင်းစွာ ရှူသွင်းလိုက်သည်။

‘ကောင်းပြီ၊ ကျုပ် ကြိုးစားရမှာပေါ့’

‘ရှမ်း’

သူသည် ပြောပြီးသည်နှင့် သူ့ဓားအိမ်ထဲမှဓားကို ဆွဲထုတ်လိုက်တော့သည်။

ငှက်ပါးတောင်ရောင် ပေါက်နေသောဓားမှာ လရောင်အောက်၌ လက်သွားသည်။

‘ရှမ်း’

‘ရှီး’

လူကျုံးရှိန်၏ဓားထုတ်ပုံ၊ ဝှေ့ယမ်းပုံတို့မှာလွန်စွာလျင်မြန်လှ၏။ နယ်စားကြီးသည် ဓားကို လက်ထဲ၌ ဝှေ့ယမ်းလိုက်ခြင်းသာ ဖြစ်သည်။ တိုက်ခိုက်ခြင်း မဟုတ်ပေ။

လူကျူးရှိန်သည် ခြေကိုခွဲရင်း....

'ကဲ....ခင်ဗျား ကျုပ်ကို သတ်ချင်နေတယ်မဟုတ်လား၊ကဲ သတ်ဖို့ ကြိုးစားပေတော့'

လူကျူးရှိန်သည် အလွန်အေးဆေးစွာပြောခြင်းဖြစ်သည်။ သူ့ဟန်မှာ အသတ်ခံရမည့်ဟန်မျိုးမဟုတ်၊သတ်မည့် ဟန်မျိုးဖြစ်သည်။ဤပွဲတွင် သူသာအနိုင်ရမည်ဟု သေချာနေသည့်ပုံမျိုးဖြစ်သည်။

ကောင်လီဟန်သည် မျက်မှောင်ကုတ်၍ကြည့်နေ၏။ကောင်လီဟန်သည် လှံစကြာဟု သိုင်းလောကတွင်ထင်ရှားနေသူဖြစ်သည်။

သိုင်းလောကတွင် စကြာရှင်ဟု ကျော်ကြားသော သိုင်းသမား သုံးယောက်ရှိသည်။တစ်ဦးမှာ ကောင်လီဟန်ဖြစ်၏။ နောက်တစ်ဦးမှာ လူကျူးရှိန်ဖြစ်သည်။

ဓားစကြာရှင်ဟု ကျော်ကြားနေသူဖြစ်သည်။ နောက်ထပ်တစ်ဦးမှာ လက်ဝါးစကြာရှင်ဟု ကျော်ကြားသူ ဖြစ်၏။ မြောက်ကျွန်းသိုင်းသမား ပုတ္တက်ပဲင်ဖြစ်သည်။

ယခုဓားစကြာရှင်နှင့် လှံစကြာရှင်တို့ တွေ့ကြပေတော့မည်။

ဤသူနှစ်ဦးတွင် လူကျူးရှိန်သည် ကောင်လီဟန်ထက် အသက်ဆယ်နှစ်ခန့် ကြီးသည်။အတွေ့အကြုံ ပိုများသည်။ ထို့ကြောင့် ကောင်လီဟန်သည် လူကျူးရှိန်ကို ပေါ့ပေါ့ဆဆ သဘောမထားဝံ့ပေ။ သူသည် လူကျူးရှိန်ကို ဂရုတစိုက် ၃၈
ကြည့်နေရသည်။



ဤသို့ ဂရုစိုက်ရခြင်းမှာ လူကျူးရှိန်၏ ဓားထုတ်ပုံကိုတွေ့ရ၍ ဖြစ်သည်။ လူကျူးရှိန် ဓားထုတ်ပုံမှာ လွန်စွာလျင်မြန်သည်။ဓားစကြာရှင်ဟု အမည်ခံလောက်သည်။

ကောင်လီဟန်သည် ခြေတစ်ချောင်းကို နောက်ဆုတ်လိုက်၏။ထောက်ထားသောလှံကို ရှေ့သို့ ဆန့်ထုတ်လိုက်၏။

'ပှစ်'

လှံချက်မှာ မြွေနှင့်ပစ်လိုက်သကဲ့သို့ ထင်မှတ်ရ၏။

'ဝှစ် ဝှစ် ဝှစ်'

'ဝှီး ဝှီး ဝှီး'

လှံသွားသည် စက်ဝိုင်းသဖွယ် ဝှေ့ပတ်နေသည်။

လူကျူးရှိန်သည် လက်ဝဲဘက်သို့ ရွှေ့လိုက်၏။

ထိုအခါ ကောင်လီဟန်သည် လူကျူးရှိန် ရွှေ့ရာဘက်သို့ လိုက်၍ရွှေ့သည်။သူတို့၏ အကွာအဝေး အနေအထားတို့မှာ မူလအတိုင်းပင် ဖြစ်နေသည်။

ရုတ်တရက် လူကျူးရှိန်သည် ညာဘက်သို့သုံးလေးလှမ်းမျှ ခုန်လိုက်၏။ ကောင်လီဟန်ကလည်း လူကျူးရှိန်ခုန်သကဲ့သို့ လိုက်ခုန်သည်။

ထိုအခါ လူကျူးရှိန်သည် ဘယ်ဘက်သို့တစ်လှမ်းမျှ ပြန်ရွှေ့ပြီး ပတ်ဓားတစ်ချက် သွင်းလိုက်၏။

'ရှမ်း'

အေးစိမ့်သော လေလှိုင်းတစ်ချက် ထသွား၏။ ကောင်လီဟန်သည် လှံကို ပြန်ရုပ်လိုက်သည်။လှံ ရိုးဖြင့် ရိုက်ချသည်။ လှုပ်ရှားမှုမှာ တစ်ဆက်တည်းဖြစ်ကာ လျင်မြန်လှသည်။

လူကျူးရှိန်သည်လည်း နဂါးပက်ခားချက်ဖြင့်ချောင်ခြင်း တိုက်ခြင်းကို တစ်ဆက်တည်း ပြုလုပ်လေ၏။ ထိုအခါ စိမ့်သော လေများသည် လှမ်းခြုံလာသည်။

ကောင်လီဟန်သည် စကြဲတံတိုင်း သိုင်းကွက်ဖြင့် ကာကွယ်လိုက်၏။

ထိုအခါ ကောင်လီဟန်၏ရှေ့တွင် လှည်းဘီးကြီးတစ်ခု မှတ်မှတ်လည်နေသကဲ့သို့ ဖြစ်လာ၏။ ပြင်းထန်သော လှည့်ပတ်သံကြီး ထွက်ပေါ်လာ၏။

သို့သော် လူကျူးရှိန်သည်နောက်ဆုတ်မသွားချေ။ နောက်ဆုတ်မသွားသည့်အပြင် ရှေ့သို့နှစ်လှမ်းမျှတက်ကာ လျှပ်တစ်ပြက် ဓားချက်များကို ထိုးသွင်းလေတော့၏။

ဤတိုက်ကွက်မှာ ကြေအက်စရာကောင်းလှ၏။ အဘယ်ကြောင့်ဆိုသော် လှံရှည်ကို သွက်သွက်လည်အောင် ကာကွယ်ထားသည့်ကြားမှ ဓားချက်များကို ထိုးသွင်းနေသောကြောင့် ဖြစ်သည်။

ကောင်လီဟန် လှံကို လှည့်ပတ်နေပုံမှာ ရေပက်မဝင်နိုင်ဟုထင်ရဟန်ရှိ၏။ လှည့်ပတ်မှုအရှိန်လျင်မြန်လွန်းသောကြောင့် သံပြားကြီးတစ်ခု ကာထားသကဲ့သို့ ရှိနေသည်။ သို့ရာတွင် လူကျူးရှိန် ထိုးသွင်းလိုက်သည့် ဓားချက်များသည် ကောင်လီဟန်၏ လှံရိုးနှင့် တစ်ချက်မျှမထိချေ။

လူကျူးရှိန်သည် ကောင်လီဟန်၏ လွတ်ကွက်ဟာကွက်များကို တရကြမ်း တိုက်ခိုက်နေသောအခါ ကောင်လီဟန်မှာ ထိတ်လန့်လာသည်။



ကောင်လီဟန် နောက်သို့ဆုတ်ရတော့သည်။ လူကျူးရှိန်က ဖိ၍ ထိုးခုတ် တိုက်ခိုက်လိုက်လေ၏။

လူကျူးရှိန် တိုက်ခိုက်နေသည်မှာ ဓားတစ်ချောင်းနှင့်ဖြစ်သည်။ ကောင်လီဟန် ခံစားနေရသည်မှာ ဓားနှစ်ချောင်းဖြင့် တိုက်ခိုက်နေသကဲ့သို့ ဖြစ်နေသည်။

လူကျူးရှိန်သည် ကောင်လီဟန်၏ သေကွင်းသေကွက်များကို အဆက်မပြတ် ထိုးနှက်နေရာ ကောင်လီဟန်မှာ အကာအကွယ်ကင်းမဲ့နေသကဲ့သို့ ဖြစ်နေလေသည်။

ကောင်လီဟန်မှာ စိုးရိမ်ရေမှတ်သို့ ရောက်လာသည်။ သူ အသက်ရှူရခက်သလိုလည်း ဖြစ်လာသည်။ ဤအတိုင်းသာဆိုလျှင် တစ်ချက်မထိ တစ်ချက်ထိပေတော့မည်။

ကောင်လီဟန်သည် အခြေအနေဆိုးမှ ရုန်းထွက်ရန် ဆုံးဖြတ်လိုက်သည်။

'ကျွား'

သူသည် မာန်သွင်းအော်ဟစ်ပြီး လှံရိုးဖြင့်သိမ်းရိုက်လိုက်သည်။

'ထန်'

လှံရိုးနှင့် ဓားသွားတို့ ပြင်းထန်စွာ ထိခိုက်သွား၏။ ထို့နောက် ကောင်လီဟန်မှာ နောက်သို့ ခုန်ထွက်သွား၏။

လူကျူးရှိန်မှာ နေရာတွင်ပင် ရပ်လျက်ကျန်နေ၏။ သူသည် ကောင်လီဟန်ကို အေးစက်သော မျက်လုံးများဖြင့်ကြည့်နေသည်။

နယ်စားကြီး ကောင်လီဟာန်မှာ လူကျူးရှိန်၏ ဓားချက်နှင့် ကင်းလွတ်သွားသဖြင့်ခုခံရ သက်သာသွားသည်။ သူသည် လှံ့ ရှည်တို့ ရင်ဝရှေ့တွင်ကန့်လန့်ဖြတ်ကာ လူကျူးရှိန် တိုက်လာမည်ကို စောင့်ကြည့်နေ၏။

လူကျူးရှိန် အတိုက်ရပ်သွားသည်နှင့် အေးစိမ့်သောလွှမ်းခြုံမှုသည်လည်း ပျောက်သွား၏။

ညလေအေးအေး တစ်ချက်တိုက်ခတ်သွား၏။ လူကျူးရှိန်၏ စစ်သည်ရဲမက်များ လိုက်ရှာနေကြသည့်အသံများသာ ဖြစ်သည်။

ထိုလူသံဆူသံများက ကောင်လီ န်ကိုသတိပေးလိုက်သလို ရှိသည်။

လူကျူးရှိန်၏ စစ်သည်ရဲမက်များရောက်လာလျှင် သူ့အကြံပျက်စီးရပေတော့မည်။

သူသည် ဝါရင့်သိုင်းသမားကြီးဖြစ်သည်၊ အကွက် လေးငါးဆယ်မျှ တိုက်လိုက်ရုံမျှဖြင့် မည်သူ့ကိုနိုင်မည်၊ မည်သူ့ကို ရှုံးမည်ကို သိရှိသည်၊ ယခု လူကျူးရှိန်ကို သူမနိုင်တော့ပေ။ တစ်ယောက်ချင်းသာ ဆက်လက် တိုက်ခိုက်နေပါက မကြာမီ သူရှုံးနိမ့်တော့မည်ဖြစ်သည်။

နယ်စားကြီး၏ ဓားကွက်များက ကောင်းလှသည်။ လှံ့စကြာရှင်ထက် ဓားစကြာရှင်က ပို၍အစွမ်းထက်ကြောင်း ကောင်လီဟာန် သိသွားလေပြီ။



နယ်စားကြီးကောင်လီဟာန်သည် ဒုတိယမြောက်ရောက်လာသူကို လှမ်းကြည့်လိုက်၏၊ ဒုတိယမြောက် ရောက်လာသူကလည်း နယ်စားကြီး ကောင်လီဟာန်ကို ကြည့်သည်။

သူခိုးအချင်းချင်းကြည့်သော အကြည့်မျိုးဖြစ်သည်။

'နယ်စားကြီး'

ဒုတိယမြောက်လူက အသံပြုလိုက်၏။

'အေး'

ကောင်လီဟာန်ကလည်း အသံပြုလိုက်သည်။

နယ်စားကြီးကောင်လီဟာန်က မည်သို့သော အကြည့်မျိုးဖြင့် ကြည့်သည်၊ သူ့တပည့်က မည်သည့် ရည်ရွယ်ချက်ဖြင့် အသံပြုသည်ကို နယ်စားကြီး လူကျူးရှိန် သိရှိပြီးဖြစ်သည်။

သူတို့နှစ်ယောက်သည် သူ၏စစ်သည်ရဲမက်များမလာမီတွင် ဝိုင်းဝန်းတိုက်ခိုက်ကြပေတော့မည်။ ဤသည်မှာ သိုင်းသမားကောင်း မပီသသော အပြုအမူပင်ဖြစ်သည်။

သိုင်းသမားကောင်းတို့ မည်သည်မှာ မည်သည့်အခါမှ အုပ်စုနှင့် ဝိုင်းမတိုက်ချေ။ နိုင်လျှင်လည်း အေးအေးဆေးဆေး ခံယူပြီး ရှုံးလျှင်လည်း အပြုံးမပျက်ခံယူနိုင်စွမ်းရှိကြသည်။

နယ်စားကြီး လူကျူးရှိန်သည် ကောင်လီဟာန်ကိုမတိုက်ဘဲ ရှောင်ထွက်သွားလျှင် ရနိုင်စွမ်းရှိသည်။ သို့သော် သူရှောင်ထွက်သွား၍ မဖြစ်ချေ။ သမီးဖြစ်သူမှာ ကောင်လီဟာန်တို့၏ လက်တွင်း၌ ရှိနေသည်မဟုတ်ပါလား။

နယ်စားကြီး လူကျူးရှိန်သည် ဆုံးဖြတ်ချက်ချလိုက်၏။ သမီးဖြစ်သူကို သူကယ်တင်ရမည်။ ထိုဆုံးဖြတ်ချက်အတိုင်း သူသည် သမီးဖြစ်သူအား ဖမ်းဆီးထားသည့် ပထမလူဆီသို့ ခုန်ဝင်သွားသည်။ လှစ်ခနဲပခုံးကို လှမ်း သည်။

လူဝါစင်အား ဖမ်းထားသူမှာ ကိုယ်ခံပညာတွင် များစွာ အဆင့်မြင့်သူဖြစ်၏။ သို့သော် သူက နယ်စားကြီးခုန်ဝင်လာမည်ဟု မထင်ပေ။ ထို့ကြောင့် ခုန်ရှောင်သော်လည်း အနည်းငယ် နှေးကွေးသွားသည်။ သူ၏ မျက်နှာဖုံးကို ဖမ်းချွတ်မိသွား၏။

'ဪ....တိမ်ပျံလွှား ဖူရှာပန်းပါလား'

နယ်စားကြီးလူကျူးရှိန်သည် အံ့အားသင့်ကာ ပြောလိုက်လေ၏။ လူက အံ့အားသင့်သော်လည်း လက်ကတော့ မနှေးပေ။ ဖူရှာပန်း၏ ဝမ်းဗိုက်ဆီသို့ ဓားကိုထိုးသွင်းလိုက်၏။

ဖူရှာပန်းကား အလွန်လျင်သူ ဖြစ်၏။ သိုင်းလောက၌လည်း ကောက်ကျစ်သူအဖြစ် ထင်ရှားသည်။ သူသည် လူကျူးရှိန်က ဓားဖြင့် ထိုးလိုက်သည့်အခါ ပခုံးတွင်ထမ်းထားသည့် လူဝါစင်နှင့် ကာလိုက်သည်။

နယ်စားကြီးလူကျူးရှိန်မှာ သမီးဖြစ်သူကို ဒိုင်းသဖွယ် ကာလာသဖြင့် သူ့ဓားကို ရုပ်သိမ်းလိုက်ရသည်။

ထိုအခိုက်....

ကျွား'

'ဟိုင်း'



နယ်စားကြီး ကောင်လီဟန်နှင့် ဒုတိယမျက်နှာဖုံးစွပ်တို့မှာ နယ်စားကြီး လူကျူးရှိန်ကို ဝင်ရောက်တိုက်ခိုက်ကြလေ၏။

နယ်စားကြီးကလည်း လျင်သည်။ သူသည် ခုန်လိုက်ပြီး သူ့ကိုယ်တွင် ဓားစကြာဝန်းရံပတ်လိုက်သည်။ သုံးယောက်စလုံး လေထဲတွင် ရင်ဆိုင်မိကြ၏။

'ထန်း'
'ခြမ်း'
'အား'
'အင့်'

ပြင်းထန်သော ထိခိုက်သံများ၊ နာကျင်စွာ အော်ဟစ်သံများ ပေါ်ထွက်လာပြီး လူသုံးယောက်စလုံး မြေပေါ်ပြန်ကျလာ၏။

'ဘုံး'

တစ်ယောက်မှာ သွေးကျဝက်ကျ ပစ်ကျသွား၏။ ထိုလူမှာ မျက်နှာဖုံးစွပ် ဒုတိယလူဖြစ်၏။ သူသည် နယ်စားကြီးလူကျူးရှိန်နှင့် နယ်စားကြီးကောင်လီဟန်တို့ကြားတွင် ပစ်ကျခြင်းဖြစ်သည်။

သူ့လက်မှာ တံတောင်ဆစ်မှပြတ်ထွက်သွားသည်။ သူသည် ကုန်းရုန်းပြီး ထရန် ကြိုးစားသော်လည်း ပြန်မထနိုင်တော့ပေ။ သွေးရူးသွေးတန်းဖြင့် အော်နေသည်။ သွေးများကား တရကြမ်း ထွက်နေသည်။ နယ်စားကြီး ကောင်လီဟန်မှာ

မျက်နှာပျက်၍ ကြည့်နေသည်။ သူ့ဘက်တော်သားတစ်ဦး သေဆုံးတော့မည် မဟုတ်ပါလား။

လဲကျနေသူသည် မကြာမီ အော်သံတိတ်သွား၏။ တစ်ချက်နှစ်ချက်မျှ အကြောဆွဲကာ အသက်ထွက်သွားသည်။

နယ်စားကြီး လူကျူးရှိန်သည်လည်း ဒဏ်ရာရသွား၏။ သို့သော် သူကတော့ လဲမကျသေးပေ။ သူသည် တိမ်ပေါ်ပျံလွှား ဖူရှာပန်းကဲ့သို့ တရွေ့ရွေ့ ချဉ်းကပ်သွားနေသည်။ နယ်စားကြီးသည် အံကြိတ်ပြီး ရွှေ့လျားနေသည်။

ဖူရှာပန်းသည် နယ်စားကြီးလူကျူးရှိန် ချဉ်းကပ်လာနေသည်ကို သိသည်။ ထို့ကြောင့် သူကလည်း တဖြည်းဖြည်း ဆုတ်ခွာနေသည်။ ထိုစဉ် စစ်သည်ရဲမက်များ၏ အော်ဟစ်သံကလည်း တဖြည်းဖြည်း နီးကပ်လာသည်။

'လိုက်ကြ....လိုက်ကြ...နီးလာပြီ'

နယ်စားကြီး ကောင်လီဟန်သည် နယ်စားကြီး လူကျူးရှိန်အား လက်နက်ပုန်းများဖြင့် ပစ်ခတ်လိုက်၏။

'ဝှီး....ဝှီး....ဝှီး'

လူကျူးရှိန်က ဓားကို စကြာပတ်ဝှေ့ယမ်းပြီး ရိုက်ထုတ်ပစ်သည်။

'ခင်ဗျားက ရင်ဆိုင်တိုက်နေတာတောင် လက်နက်ပုန်းသုံးတုန်းပဲလား'

ထို့နောက် နယ်စားကြီး ကောင်လီဟန်ထံသို့ တရကြမ်းဝင်ရောက်တိုက်ခိုက်တော့သည်။ စောစောက ဟိုက်ခိုက်သည်ထက် ပို၍ ပြင်းထန်သည်။



ကောင်လီဟန်မှာ ဆုတ်ပေးနေရသည်။ တစ်ယောက်ချင်း ယှဉ်လျှင် နယ်စားကြီး လူကျူးရှိန်ကို ကောင်လီဟန် ယှဉ်နိုင်ခြင်း မရှိသည်မှာ အမှန်ပင်ဖြစ်သည်။ ထို့ကြောင့် ကြောက်အား လန့်အားနှင့် ခုခံနေရာ လွန်စွာ ပုံပျက်ပန်းပျက် ဖြစ်နေသည်။

ထိုစဉ်....

'ဟိုမှာ....ဟိုမှာ'

'ဟုတ်ပြီ....တို့နယ်စားကြီးဘက်က ကူတိုက်ကြ'

နယ်စားကြီး လူကျူးရှိန်၏ စစ်သည်ရဲမက်များသည် အော်ဟစ်ရင်း ပြေးလာကြလေ၏။

ကောင်လီဟန်သည် အခြေအနေမဟန်တော့ပြီ သိသဖြင့် လူဝါစင်ဘက်သို့ လှည့်လိုက်၏။ ပြီးတော့ ပြေးဟု အရိပ်အခြည်ပြရန်ပင် ဖြစ်သည်။ သို့သော် သူအရိပ်အခြည်မပြမီကပင် တိမ်ပေါ်ပျံလွှား ဖူရှာပန်းသည် လူဝါစင်ကိုထမ်း၍ ပြေးလေပြီ။

ကောင်လီဟန်သည် နယ်စားကြီး လူကျူးရှိန်ကို လက်နက်ပုန်းများဖြင့် အဆက်မပြတ်ပစ်ပေါက်ပြီး တစ်ဖက်သို့ ထွက်ပြေးတော့သည်။ ချက်ချင်းလိုလိုပင် နယ်စားကြီးလူကျူးရှိန်၏ စစ်သည်ရဲမက်များ ရောက်လာလေ၏။

နယ်စားကြီးသည် နှစ်ယောက်ညှပ်တိုက်ရာမှ ရင်ဝတွင် လက်ဝါးဒဏ်ရာတစ်ချက် ရလိုက်သည်။ သူ၏နှုတ်ခမ်းမှ သွေးများစီးကျလာသည်။

'အရှင်နယ်စားကြီး'

အိမ်တော်စောင့် တပ်မှူးကြီးက စိုးရိမ်ကြီးစွာ ခေါ်လိုက်သည်။

နယ်စားကြီးသည် ခေါင်းကို မြေကြီးနှင့် ထောက်ရင်း အားတင်း၍ ရယ်သည်။

'သမီးပါသွားပြီ'

နယ်စားကြီးသည် ထိုစကားမျှကိုသာ ပြောနိုင်သည်။ နောက်ဆုံး လဲကျသွားလေ၏။ နယ်စားကြီး သတိလစ်သွားသည်။

## [ ၆၆ ]

ရန်ငြိုး ရန်စွယ်

တိမ်ပေါ်ပျံလွှားသည် လွန်စွာ ကောက်ကျစ်ရက်စက်သူ ဖြစ်သည်။ သူသည် နယ်စားကြီး ကောင်လီဟန်၏ အမှုထမ်း မဟုတ်ပေ။

သူသည် သိုင်းလောကသားတစ်ဦးသာ ဖြစ်၏။ သူကဲ့သို့ စိတ်မျိုးရှိသည့် နယ်စားကြီးက သူ့အား အခကြေးငွေပေး၍ ခေါ်လာခဲ့ခြင်း ဖြစ်သည်။

သူ့တာဝန်မှာ နယ်စားကြီး လူကျူးရှိန်၏ သမီး လူဝါစင်အား ဖမ်းဆီး ခေါ်ဆောင်ရန်ပင် ဖြစ်သည်။

သူတို့၏ မူလအစီအစဉ်မှာ နယ်စားကြီးလူကျူးရှိန်အား ဝိုင်းဝန်းလုပ်ကြံပြီး လူဝါစင်အား ဖမ်းဆီးခေါ်ဆောင်လာရန် ဖြစ်သည်။ သူတို့အစီအစဉ်မှာ ဖြစ်မလာခဲ့ပေ။

သူတို့၏ ပထမအစီအစဉ်မှာ ချောမောနေခဲ့၏။ ဥယျာဉ်ထဲတွင်ရှိသော လူဝါစင်အား သူတို့ဖမ်းဆီးခေါ်ဆောင်ရန်ပင် ဖြစ်သည်။

သူတို့၏ မူလအစီအစဉ်မှာ နယ်စားကြီးလူကျူးရှိန်အား ဝိုင်းဝန်း လုပ်ကြံပြီး လူဝါစင်အား ဖမ်းဆီးခေါ်ဆောင်ရန် ဖြစ်သည်။ သူတို့ စီစဉ်သလို ဖြစ်မလာခဲ့ပေ။

သူတို့၏ အစီအစဉ်မှာ ချောမောနေခဲ့၏။ ဥယျာဉ်ထဲတွင်ရှိသော လူဝါစင်အား သူတို့ ဖမ်းဆီးခေါ်ဆောင်နိုင်ခဲ့သည်မှာ မှန်၏။

သို့သော် နယ်စားကြီးသည် သူ့အလုပ် လုပ်ချိန်မှအပ သမီးဖြစ်သူအား အရိပ်တကြည့်ကြည့် လုပ်နေလေရာ သမီးဖြစ်သူအား ဖမ်းဆီးခေါ်ဆောင်သွားသည်ကို ကောင်းစွာ တွေ့မြင်လိုက်ရသည်။

နယ်စားကြီး လူကျူးရှိန်သည် ဖူရှာပန်းတို့ နောက်သို့ ထက်ကြပ်မကွာ လိုက်ပါနိုင်ခဲ့သည်။

ထိုအခါ သူတို့သည် ဒုတိယအစီအစဉ်ကိုအကောင်အထည်ဖော်ရန် ကြံစည်ကြတော့၏။

နယ်စားကြီး လူကျူးရှိန်ကို တစ်ယောက်ချင်း တိုက်ခိုက်သော အခါ နယ်စားကြီး ကောင်လီဟုန်သည် မနိုင်နိုင်တော့ချေ။



ထို့ကြောင့် သူတို့သည် ဝိုင်းတိုက်ကြတော့၏။ ဤသို့ ဝိုင်းတိုက်နေစဉ် အိမ်တော်စောင့် ရဲမက်များက ရောက်လာကြတော့သည်။

နယ်စားကြီး လူကျူးရှိန် လက်ဝါးချက်တစ်ချက်ထိသွားသော်လည်း ကောင်လီဟန်အား ဆက်လက်တိုက်ခိုက်နိုင်သေးသည်။

နယ်စားကြီး လူကျူးရှိန် မသေခဲ့လျှင် ဤကိစ္စမှာ ဘုရင်ကရာဇ်နားသို့ ပေါက်ကြားမည်ဖြစ်သည်။

ထို့ကြောင့် နယ်စားကြီး ကောင်လီဟန် ထွက်ပြေးရသော်လည်း အခြေအနေကောင်းနှင့် ထွက်ပြေးရသည်မဟုတ်ချေ။

ပြည်နယ်အချင်းချင်း လုပ်ကြံမှုအရေးအခင်း ဆိုသည်မှာ ရာဇဝတ်သင့်သည့် အလုပ်ပင် ဖြစ်သည်။

သူသည် ဖူရှာပန်းကို အခကြေးငွေပေး၍ ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်သည်။ ဖူရှာပန်းသည် တော်ရုံတန်ရုံ ကိစ္စများကို သေသေသပ်သပ် ဆောင်ရွက်နိုင်သည်။

ယခုကိစ္စမှာ နယ်စားကြီး လူကျူးရှိန်၏ သိုင်းပညာမြင့်မားမှုကြောင့် ထင်တိုင်းမဖြစ်ခဲ့ရ။

ဖူရှာပန်းသည် ကွေ့ကျူးပြည်နယ်တွင် လူသတ်မှု၊ မုဒိမ်းမှုများ ကျူးလွန်ခဲ့သော အောက်လမ်း သိုင်းသမား ရာဇဝတ်သား ဖြစ်သည်။

ကွေ့ကျူးပြည်နယ် နယ်စားကြီးက ဆုငွေထုတ်ထားရသူ ဖြစ်၏။

ထို့ကြောင့် သူသည် ကျွဲကျူးပြည်နယ်တွင် မနေနိုင်တော့ချေ။

သူ့အားတိတ်တဆိတ်ချောင်းမြောင်းလုပ်ကြံမည့်သူ များနေပေပြီ။ တကယ်ပင်လည်း ချောင်းမြောင်း လုပ်ကြံသူများရှိခဲ့သည်။

ကျွဲကျူးပြည်နယ် နယ်စားကြီး ပေးမည့်ဆုငွေမှာ မက်မောလောက်သဖြင့် သူ့အား လုပ်ကြံသူငါးယောက်မျှ ရှိခဲ့သည်။ သို့သော် ကံကောင်းသောက်မစွာထိုငါးယောက်၏အကြံအစည် ကောင်လီဟာန်ထံသို့ ရောက်ရှိလာခဲ့သည်။

သူသည် နယ်စားကြီး လူကျူးရှိန်နှင့် တိုက်ခိုက်မည့်ပွဲသောအခါ သူ့ခေါင်းစွပ် ကျွတ်သွားသည်။ ဖူရှာပန်း ဖြစ်ကြောင်း သိသွားသည်။

သူသည် နယ်စားကြီး၏ သမီး လူဝါစင်ကို ထမ်းပြီးပြေးခဲ့သည်။

သူသည် ပြေးရင်း ဘာလုပ်ရမည်ကိုစဉ်းစားလာခဲ့သည်။ သူဘာလုပ်ရမည်နည်း။ အချိန်မှာ သန်းခေါင်းကျော်စပြုလေပြီ။

သူ့နောက်သို့ မည်သူမျှလိုက်မလာကြောင်း သေချာသောအခါ သူ အပြေးကိုလျော့ချလိုက်သည်။ သူသည် ချက်ချင်းလိုလိုပင် အပြေးရပ်လိုက်၏။

သူသည် တောတန်းတစ်ခုသို့ ပြေးလာသော်လည်း ထိုတောတန်းမှာ သစ်ပင်များ ကျဲလှ၏။ လရောင်မှာ ကွက်တိကွက်ကျား ထိုးကျလျက်ရှိသည်။



ဖူရှာပန်းသည် ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။ အခြေအနေ စိတ်ချရသောအခါ လူဝါစင်ကို အောက်သို့ ချလိုက်သည်။

သစ်ပင်ကြီး တစ်ပင်၏ ပင်စည်တွင်မှီ၍ ချ လိုက် သောကြောင့် လူဝါစင်မှာ ခပ်လျောလျော မှီ၍ အိပ်နေသကဲ့သို့ရှိနေ၏။

သူမ၏ရှေ့တွင် ရှိနေသော မြရောင်မြက်ခင်းစိမ်း ပေါ်သို့ လရောင်ကျနေရာ လရောင်ကြောင့် မြက်ခင်းမှာ စိမ်းရင့်ရင့်ဖြစ်နေသည်။

အဖြူရောင်ပိုးဝတ်ရုံကို ဝတ်ဆင်ထားသော လူဝါစင်မှာ နတ်မိမယ်တမျှ ချောမောလှပနေသည်။

ခန္ဓာကိုယ် အမို့အမောက် အချိုင့်အဝှမ်းတို့မှာ အသက်ရှူ မှားစရာဖြစ်နေသည်။

သွေးကြောပိတ် ခံထားရသော လူဝါစင်မှာ မလှုပ်နိုင်မရှားနိုင် ဖြစ်နေသည်။

သူမ၏ခန္ဓာကိုယ်အလှကို ဖူရှာပန်းသည် တစိမ့်စိမ့်ကြည့်ပြီး ခံစားနေ၏။

လေသည် အေးစိမ့်နေ၏။ သို့သော် ဖူရှာပန်းသည် လေ၏အေးစိမ့်မှုကို မခံစားရချေ။ ရမ္မက်ခိုးများက ရိဝေနေလေသည်။

သူသည် လူဝါစင်၏ခန္ဓာကိုယ်ကိုကြည့်ပြီး ရမ္မက်သွေးများဆူပွက်နေသည်။

သူသည် ခေါင်းညိတ်လိုက်ပြီး လူဝါစင်ကို သေ့းကြ ဖွင့်ပေးလေ၏။ သူဖွင့်ပေးသည်မှာ အကြံနှင့်ဖြစ်သည်။ ဖူရှ ပန်းသည် လက်ဝါးနှင့် ရိုက်ပေးသောအခါမှ သတိရလ သည်။

လူဝါစင်သည် ဖြုန်းခနဲ သတိရလာ၏။

သူမ၏ ကိုယ်ပေါ်တွင် မှီးကြည့်နေသော ဖူရှာပန်း တွေမြင်ရသောအခါ လန့်ဖျပ်ပြီး စူးစူးဝါးဝါး အော်ဟ လေတော့၏။

ပြီးတော့ လက်က ဆောင့်တွန်းလိုက်သည်။

ဖူရှာပန်းသည် ထိုသို့ဖြစ်လာမည်ကို ကြို၍ တွက်မထား ချေ။

လူဝါစင်က ဆောင့်တွန်းလိုက်သောအခါ သူသည် ယ လက် လန်ကျသွား၏။

ဖူရှာပန်းလည်း ပက်လက်လန်အကျ လူဝါစင်လည်း ထ ပြေးတော့သည်။

သို့သော် အဘယ်မှာလျှင် လွတ်မြောက်ပါအံ့နည်း။ ဖူရှ ပန်းသည် တိမ်ပေါ်ပျံလွှားဟု အောက်လမ်း သိုင်းလော တွင် နာမည်ကြီးနေသူ မဟုတ်ပါလော။

လူဝါစင်မှာ ခြေလှမ်း ငါးလှမ်း ပြည့်အောင်ပင် မပြေ နိုင်ချေ။

ဖူရှာပန်းသည် သူ့ရှေ့သို့ ရောက်နေလေ၏။

လူဝါစင်မှာ သူ့ကိုယ်သူ အရှိန်မထိန်းနိုင်ချေ။ ဖူရှာပ ကို ဝင်တိုက်မိ၏။



ထို့နောက် ကြောက်အားလန့်အား လက်နှင့်တွန်းဖယ်ကာ တစ်ဖက်သို့ လှည့်ပြေးပြန်သည်။ သို့သော် ဖူရှာပန်းမှာ သူမရှေ့သို့ ရောက်နေပြန်တော့သည်။

လူဝါစင်မှာ ဘယ်ဘက်သို့ လှည့်ပြေးပြန်၏။ သူမရှေ့တွင် ဖူရှာပန်း ရောက်နေပြန်သည်။ ညာဘက်သို့ လှည့်ပြေးပြန်သည်။

သူမရှေ့တွင် ဖူရှာပန်း ရောက်နေပြန်သည်။ ဘယ်လိုကြည့်လိုက်....ကြည့်လိုက် ဖူရှာပန်းက ရောက်နေသည်သာ။

'အား'

လူဝါစင်သည် အော်ဟစ်ပြီး ဖူရှာပန်းကို ကုတ်ဖဲ့တော့သည်။ သို့သော် သူသည် မည်သည့်အသားကိုမျှ ထိမိကိုင်မိခြင်း မရှိပေ။ ဖူရှာပန်းက ရှောင်ထွက်သွားခြင်း ဖြစ်ပေသည်။

လူဝါစင် မျက်လုံးဖွင့်ကြည့်လိုက်၏။ ဖူရှာပန်းကို စပ်ဖြီးဖြီးနှင့် သူမတွေ့ရှိရသည်။

'ငါက ဒီလိုပျော်စရာလေးဖြစ်အောင် မင်းကို လုပ်ပေးလိုက်တာပဲ၊ မင်း ဘယ်ကိုပြေးပြေး ပြေးလို့မရပါဘူးလေ၊ မယုံဘူးလား ဒီလိုဆိုရင် ပြေးကြည့်ပါဦးလား'

ဖူရှာပန်းက လူဝါစင်၏တစ်ကိုယ်လုံးကို စူးစူးဝါးဝါး ကြည့်၍ ပြောလေ၏။

လူဝါစင်သည် သူမကိုယ်ကို ထိန်းသိမ်းလာနိုင်သည်။

'ရှင် ဘယ်သူလဲ'

သူမက မေးလိုက်သည်။

ဖူရှာပန်းက....

'ကျုပ်လား....ကျုပ် ဘယ်သူမှ မဟုတ်ပါဘူး၊ မင်းကို ဥယျာဉ်ထဲက ခေါ်လာတဲ့လူပါ'

'ရှင် ဒီလိုလုပ်လို့မရဘူး၊ ကျွန်မအဖေကို ရှင်မသိဘူးလား နယ်စားကြီးရှင့်၊ ရှင်ဒုက္ခရောက်သွားမယ်၊ ဒုက္ခမရောက်စေချင်ရင် ခုချက်ချင်း ရှင်ပြန်ပို့'

လူဝါစင်က ဆက်၍ပြောသည်။

'ရှင် ခုချက်ချင်းထွက်သွား'

ဖူရှာပန်းက တဟားးဟားနှင့် ရယ်သည်။

'ကျုပ်ထွက်သွားလို့ ဘယ်ဖြစ်မလဲ'

'ဖြစ်တယ်၊ ရှင်ထွက်သွား ရှင့်မျက်နှာကို ကျွန်မ မကြည့်ချင်ဘူး'

'မကြည့်လို့မရဘူး၊ ကျုပ်ထွက်သွားရင် ဒီတောထဲ တောင်ထဲမှာ မင်းတစ်ယောက်တည်းပဲ ဖြစ်နေမှာပေါ့၊ ဒီတော့ ကျုပ်ထွက်သွားလို့ မဖြစ်ပါဘူး'

ထိုအခါကျမှ လူဝါစင်မှာ သူမ မည်သည့်နေရာသို့ ရောက်နေကြောင်းကို သိတော့သည်။

ပထမထင်သည်မှာ သူမသည် ဥယျာဉ်နှင့် မဝေးသော အရပ်တစ်ခုခုသို့ ရောက်နေသည်ဟုထင်ပြီး ရန်တွေ့နေခြင်းဖြစ်သည်။ ယခု ဤသို့မဟုတ်မှန်း သိရလေပြီ။

သူမ ပတ်ဝန်းကျင် အခြေအနေကို ကြည့်သည်။ အခြေအနေက တောဘောင်ပုံစံမျိုး ဖြစ်နေသည်။

သူမသည် အမဲလိုက်ရင်း တောထဲ မျက်စိလည်ခဲ့ဖူးသည် မဟုတ်ပါလား။



လူဝါစင် မျက်ရည်လည်လာသည်။

ထိုအခါ ဖူရှာပန်းက....

'ဒါပေမယ့် မင်းမပူပါနဲ့ကွယ်၊ မင်းအနားမှာ ကျုပ်ရှိနေသမျှ မင်းဘာမှကြောက်ဖို့မလိုပါဘူး၊ အရာရာကို ကျုပ်တားဆီးပေးပါ့မယ်'

လူဝါစင်မှာ တကယ်တမ်းအားဖြင့် သတ္တိကြောင်လှသူ မဟုတ်ပါချေ။

'မလိုချင်ဘူး၊ ကျွန်မ ရှင့်ကိုမကြည့်ချင်ဘူး၊ ရှင်ထွက်သွားရင် ကျွန်မ ကျေနပ်ပြီ၊ ကျွန်မတစ်ယောက်တည်း ဘာကြီးပဲဖြစ်ဖြစ် ရှင်ကသာ ကျွန်မကို အန္တရာယ်ပေးနိုင်တာ'

ဖူရှာပန်းက....

'မင်း ဘာဖြစ်ဖြစ်ဆိုပြီး မင်းကို ကျုပ်က ပစ်မှမသွားနိုင်တာ၊ ကျုပ်တစ်ယောက်တည်း ထွက်မသွားနိုင်းပါနဲ့ကွယ်'

'ရှင် ဘာစကားပြောတာလဲ၊ လူလိုပြောပါ'

'ကိုယ် မေတ္တာစကားပြောတာပါ'

'ကဲ....ကရုဏာမေတ္တာထားဦး'

လူဝါစင်သည် ဒေါသထွက်လာသည်နှင့် ဖူရှာပန်းကို ပါးရိုက်လိုက်၏။

သို့သော် သူမသည် ဖူရှာပန်းကို ပါးမရိုက်မိပေ။ ၎င်းသူမ၏ လက်သာ ဖမ်းဆွဲခြင်းခံလိုက်ရသည်။

ထိုလက်ကိုလည်း ဖူရှာပန်းက ဖမ်းချုပ်ပြန်၏။

'လွှတ်နော်....လွှတ်....လွှတ်'

'ဘယ်လိုလုပ်လွှတ်ရမလဲ အချစ်ကလေးရယ်'

'ခွေးကြီး....တော်တော်ယုတ်မာတယ်၊ လွှတ်လို့ ကျွန်မ ပြောနေတယ်'

'ကျုပ်က မပေးချင်တာဆိုရင် အလွန် လိုချင်တတ်တယ်၊ မင်းကိုဘာဖြစ်လို့ အကြောဖွင့်ပေးသလဲဆိုတာ သိရဲ့လား၊ မင်း ဒဲဒီလို ရုန်းကန်လှုပ်ရှားတာကို မြင်ချင်လို့ပေါ့ အချစ်ကလေးရဲ့၊ ဒါမှ ဆွဲရလှဲရနဲ့ ပျော်စရာကောင်းတာ'

လူဝါစင်သည်, ဖူရှာပန်း၏ ပေါင်ခွဆုံသို့ ဒူးနှင့်တိုက်လိုက်၏။

ဖူရှာပန်းက ကြိုတင်သိနေသလိုပင်။ သူသည် ကျွမ်းကျင်စွာ ရှောင်တိမ်းလိုက်၏။ လူဝါစင်သည် ဆက်တိုက်ပင် အန်သည်။ ထိုကန်ချက်များက တစ်ချက်မျှမထိပေ။

'ရှင်....လွှတ်ဆိုလွှတ်နော်'

လူဝါစင်က ရှန်းကန်ရင်းမှ မေးလိုက်၏။

'အို... မလွှတ်နိုင်ပါဘူး'

ဖူရှာပန်းမှာ ရယ်စရာပင်ကောင်းနေတော့သည်။ မူသလို ပြောသည်။ ယောကျ်ားရင့်မာကြီးက မူတူတူ ပြောသောအခါ ရယ်စရာကြီးဖြစ်နေသည်။ သူသည် သူ့မျက်နှာကြီးကို လူဝါစင်အနီးသို့ တဖြည်းဖြည်းတိုးသွား၏၊

သူသည် လူဝါစင်ကို ကြောင်က ကြွက်ကို ကစားသလို ကစားနေသည်။ လူဝါစင်ထက် သူက သိုင်းပညာ အမြုတ် အသက်သာနေသည် မဟုတ်ပါလား။

'ရှင်....သေချင်ပြီနဲ့တူတယ်'



လူဝါစင်သည် လက်နှစ်ဖက်ကို ရုန်းရင်းပြောလိုက်သည်။

'သတ်ပါ....သတ်ပါ၊ အချစ်ကလေးသတ်ရင် အချိန်မရွေး သေချင်ပါတယ်'

လူဝါစင်သည် သူမ၏လက်ကို နောက်ပြန်အနေအထားသို့ ပြောင်းလိုက်၏။ သူမ၌ စိတ်အကြံရှိနေ၍ဖြစ်ပါသည်။ သူမ လက်အနေအထားပြောင်းလိုက်သောအခါ ဖူရှာပန်းသဘောကျသွားသည်။ သို့မှသာ လူဝါစင်ကို သူစိတ်ကြိုက်ဖက်နိုင်မည် မဟုတ်ပါလော။

ထိုစဉ် လူဝါစင်သည် ဖူရှာပန်း၏မျက်နှာကို နောက်စေ့နှင့် လှန်၍တိုက်၏။

'ခွပ်'

မမျှော်လင့်သော တိုက်ကွက်ဖြစ်သည်။ ဖူရှာပန်းသည် လူဝါစင်က ထိုသို့တိုက်ခိုက်မည်ဟု လုံးဝမျှော်လင့်မထားချေ။ တိုက်ကွက်က ရိုးစင်းလသည်။

သို့သော် ရာဂဝင်ပူးနေသော ယောကျ်ား တစ်ယောက်အား မိန်းမတစ်ယောက်က တိုက်ခိုက်မည်ဆိုလျှင် ဤရိုးစင်းသော တိုက်ကွက်သည် အကောင်းဆုံးပင်ဖြစ်လေ၏။ ရာဂဇော ကပ်နေသော ဖူရှာပန်းမှာ လူဝါစင်၏တိုက်ခိုက်မှုကို ခံလိုက်ရသည်။

ခွပ်ခနဲ အသံထွက်ပေါ်လာပြီးနောက် တစ်ခေါင်းလုံး မှုန်ထူသွားသည်။ နာနာရှိုးအတိုက်ခံလိုက်ရသောကြောင့် ဖူရှာပန်းမှာ မခံနိုင်အောင်ဖြစ်သွားသည်။

ဖူရှာပန်း၏ လက်သည် ပြေလျော့သွား၏။ ထိုအခါ လူစင်ဝါမှာ ရုန်းထွက်လျက် ပြေးထွက်သွားသည်။ သို့သော် လူစင်ဝါ၏တိုက်ကွက်မှာ ဝါရင့်သိုင်းသမားကြီးကို မှန်ထူသွားရုံသာ တိုက်နိုင်သည်။

လဲကျအောင် မတိုက်နိုင်ချေ။ ထို့ကြောင့် ဖူရှာပန်းသည် ချက်ချင်းလိုလိုပင် ပြေးလိုက်လာနိုင်၏။ သူမ၏ပခုံးကိုလှမ်းဆွဲခြင်း ခံလိုက်ရသည်။

'အင့်'

လူဝါစင်မှာ မြက်ခြင်းပေါ်သို့ ပက်လက်ကလေး လွင့်စဉ်ကျသွား၏။ အရှိန်နှင့်အဆွဲခံလိုက်ရခြင်းကြောင့် ရုတ်တရက် မထနိုင်ပေ။

ဖူရှာပန်းမှာ နှာခေါင်းမှ စီးကျလာသည့် သွေးများကို လက်ခုံနှင့်သုတ်ရင်း ရှေ့သို့တိုးလာသည်။ သူ၏မျက်နှာမှာ အဆီနှင့် ဝင်းပြောင်နေပြီး မျက်မှောင် ကုတ်ထားသော မျက်လုံးများက ကြောက်စရာကောင်းလှသည်။

'နင်က အသာတကြည်ဆက်ဆံလို့မှ မရဘဲကိုး'

ဖူရှာပန်းက အံကြိတ်၍ ပြောလေ၏။

လူဝါစင်က လက်နှစ်ဖက်ထောက်၍ ထိုင်လိုက်သည်။ ထိုစဉ် ဖူရှာပန်းသည် သူမ၏ရှေ့သို့ ရောက်ရှိလာလေ၏။

'နင့်ကို ငါစိတ်ကြိုက်ဆက်ဆံပြီးမှ ငါ့ခြေထောက်ကို ဖက်ပြီး တောင်းပန်စေရမယ်၊ ခွေးမ....နင်က ငါ့ကို ရိုင်းရိုင်းစိုင်းစိုင်းဆက်ဆံတော့ ၊ နင့်ကိုလဲ ငါက ရိုင်းရိုင်းစိုင်းစိုင်းဆက်ဆံရမယ်'



ဖူရှာပန်းသည် ကြိမ်းဝါးလိုက်၏။

ထိုစဉ်....

'ငါ့ရှေ့မှာ ဒီလိုဖြစ်ချင်တိုင်းဖြစ်လို့ရရိုးလားကွာ၊အဲ့ ဒီလိုဖြစ်ချင်သလို မဖြစ်စေရဘူးကွ'

တည်ငြိမ်လှသော အသံသည် ဖူရှာပန်းနောက်မှထွက်ပေါ်လာလေ၏။

ထိုအခါ ဖူရှာပန်းသည် ထိတ်လန့်သွားပြီး ဖျတ်ခနဲနောက်သို့လှည့်ကြည့်လိုက်လေ၏။ ထိုအခါ အဖြူရောင်ဝတ်ရုံကြီး တဖားဖားနှင့် အဘိုးအိုတစ်ဦးကို တွေ့လိုက်ရလေ၏။

လူဝါစင်သည် ဖူရှာပန်းကိုသာ ကြည့်နေရာ အဘိုးအိုကို ရုတ်တရက် မမြင်မိပေ။ အဘိုးအိုကို ရုတ်တရက် မြင်လိုက်ရသောအခါ သူမသည် ကြက်သေသေသွား၏။ ထို့နောက် ဝမ်းသာအားရ အော်ခေါ်လိုက်သည်။

'ဆရာကြီး'

သူမသည် မတ်တပ်ရပ်လိုက်၏။

အဘိုးအိုကား အခြားသူမဟုတ်ပေ။ ဆရာကြီးဟူထိန်လေပင်တည်း။

လူဝါစင် ဝမ်းသာအားရဖြစ်မည်ဆိုလည်း ဖြစ်လောက်စရာပင်။ သူမ၌ အားကိုးရာမဲ့နေပြီမဟုတ်ပါလား။ ဖူရှာပန်း၏ ပြုသမျှနှံရတော့မည့်ကိန်း ဆိုက်နေသည့်အချိန်၌ ဆရာကြီးဟူထိန်လေ ရောက်လာခဲ့ခြင်း မဟုတ်ပါလား။

ဖူရှာပန်းကလည်း သူ့အား အတိုးနှင့်ရက်စက်ပေတော့မည်။ အညာအတာကင်းစွာ ဆိုးယုတ်ပေတော့မည်။

ဆရာကြီးဟူထိန်လေသည် ဖြည်းညင်းစွာ မှေလျှောက်လာလေ၏။

ဖူရှာပန်းသည် ဆရာကြီးဟူထိန်လေနှင့် လူဝါစင်တို့၏ အကြားၗရပ်ရင်း ဆရာကြီးဟူထိန်လေကို တားဆီးလိုက်၏။

'ဒီကိစ္စက ခင်ဗျားနဲ့ဘာဆိုင်လို့လဲ၊ ခင်ဗျားနဲ့ ဘာမှမဆိုင်ဘူး၊ ခင်ဗျားလမ်းခင်ဗျား အေးအေးသွား'

ဆရာကြီးဟူထိန်လေက ရယ်လိုက်၏။

'မင်းဟာ အောက်တန်းကျတဲ့ သိုင်းသမားပဲ၊ မင်းလိုလူနဲ့ စကားပြောရင် ပြောတဲ့လူပါ အောက်တန်းကျသွားနိုင်တယ် မင်းကို စကားမပြောချင်ပေမယ့် တစ်ခုတော့ပြောရဦးမယ်၊ မင်းကို သတိပေးတဲ့စကားမျိုးပေါ့။

'မင်း....ဒီကလေးမကလေးနဲ့ နောင်ကို ဘယ်လိုမှ မပတ်သက်ပါစေနဲ့၊ ဒီကလေးမလေးကို ဒုက္ခပေးဖို့မကြံနဲ့၊ အဲဒါပဲ'

ဖူရှာပန်းမှာ ဆတ်ဆတ်ခါ နာကြည်းသွားသည်။ သူ့ကို အောက်တန်းစားကျသည်ဟု ပြောရသတဲ့လား။ သူကတော့ အဘယ်မျှ အထက်တန်းကျပါသနည်း။ သူသည် လက်သီးဆုပ်ရင်း ရန်တွေ့သည်။

'ခင်ဗျားပြောတိုင်း ကျုပ်ကလိုက်နာရမှာလား၊ ခင်ဗျားက ဘာကိစ္စနဲ့ ကျုပ်ကို အမိန့်ပေးရတာလဲ၊ ကျုပ်ကို ဘယ်သူမှ အမိန့်ပေးနိုင်ခွင့်မရှိဘူးဗျ'

'ငါကအမိန့်မပေးပါဘူး၊ မင်းကို သတိပေးတာပါ၊ လိုက်နာတာ မလိုက်နာတာကတော့ မင်းအလုပ်ပါ၊ လိုက်



နာရင် မင်းအဘက် ချမ်းသာရာရမယ်၊ မလိုက်နာရင် မင်းကိုယ်မင်း စီရင်သလိုဖြစ်မယ်၊ မင်းစဉ်းစားပေါ့'

ဆရာကြီးဟူထိန်လေက ခပ်အေးအေးပင်။

'ကျုပ်က ဘာမှစဉ်းစားစရာမလိုဘူး၊ ခင်ဗျားလမ်း ခင်ဗျား အေးအေးသွား၊ ကျုပ်ကိစ္စမှာ ဝင်မရှုပ်နဲ့'

'ငါက ဝင်မရှုပ်လို့မရဘူးကွ၊ ဒီမိန်းကလေးဟာ ငါ့တပည့်ရဲ့ ဇနီးပဲကွ၊ ဒါကြောင့် သူ့ကို ငါကာကွယ်စောင့်ရှောက်ရမယ်၊ ငါ့တပည့်ရဲ့ ဇနီးမဟုတ်ဘူးဆိုလဲ မင်းလုပ်ပုံမဟုတ်တော့ ငါကဝင်ပါရမှာပဲ'

'ကဲ....ပါဦးဗျာ' —

ဖူရှာပန်းသည် ငါးထောင့်ကြယ် လက်နက်ပုန်းများဖြင့် ဆရာကြီး ဟူထိန်လေအား ပစ်ခတ်လေတော့၏။

ဆရာကြီးဟူထိန်လေသည် ထိုအချိန်၌ ဖူရှာပန်းကို ဂရုမစိုက်ချေ။ ဖူရှာပန်းကို ကျေ့ပတ်သာနေသော လူဝါစင်အား လှမ်းကြည့်နေချိန်ဖြစ်၏။ ကောက်ကျစ်သော ဖူရှာပန်းသည် ဆရာကြီးလစ်ပြီထင်၍ တိုက်လိုက်ခြင်း ဖြစ်သည်။

ဆရာကြီးဟူထိန်လေနှင့် ဖူရှာပန်းတို့၏ အကွာအဝေးမှာ ဆယ်ပေခန့်သာ ကွာဝေးရာ ကျဉ်မြုနီးကပ်သော အကွာအဝေးအတွင်း ဘော်ရှိတန်ရှိသိုင်းသမားမှာ လက်နက်ပုန်းများကို မရှောင်နိုင်ချေ။

သို့သော် ဆရာကြီး ဟူထိန်လေကမူ ဖူရှာပန်းပစ်သည့် လက်နက်ပုန်းများကို လှည့်မကြည့်ဘဲ အတိုချီလက်ရှည်ကို

သိမ်း၍ ယမ်းလိုက်၏။ လက်နက်ပုန်းအားလုံးသည် အကျီ လက်ရှည်၌ ပါသွားလေ၏။

'ခြွမ်....ချွမ်'

လက်နက်ပုန်းကလေးများမှာ အသံမြည်၍ ဘေးသို့ ကျ သွား၏။

ဖူရှာပန်းသည် ဆရာကြီး၏ ပညာကို သတိမပြုမိပေ။ ဒေါသသာ ထွက်သွားသည်။

'ခင်ဗျားက ဒီလိုလား'

သူသည် ပြောပြောဆိုဆို သူ၏ဓားကို ဆွဲထုတ်လိုက်၏။

'ရွှမ်း'

သူ့ဓားသည် လရောင်အောက်၌ မှိုးပြက်ဝင်းလက်သွား၏။

'ကဲ.... ခင်ဗျား ဘယ်လောက်အစွမ်းထက်သလဲ ဆိုတာ ကြည့်ကြတာပေါ့'

သူသည် ဆရာကြီးဟူထိန်လေကို ပြေးဝင်ခုတ်လေတော့၏။

ဆရာကြီးဟူထိန်လေ၏လက်သည် လှစ်ခနဲ လှုပ်ရှားသွား၏။ ငါးထောင့်ကြယ်လက်နက်ပုန်းတစ်ခုသည် လှစ်ခနဲ ပြေးသွား၏။ သူပစ်လိုက်ပုံမှာ အလွန်လျင်မြန်လှသည်။

'ဝှစ်'

'ဝှစ်'

'အား'

ဆရာကြီး ဟူထိန်လေ ပစ်လိုက်သော ငါးထောင့်ကြယ် လက်နက်ပုန်းမှာ ဖူရှာပန်း၏ညာဘက်မျက်လုံးအား စိုက်ဝင်



သွားလေ၏။ မျက်လုံးပေါက်သွားသည်။ သွေးများ စီးကျလာသည်။

ဖူရှာပန်းမှာ ဆွဲကိုင်ထားသော ဓားကို လွှတ်ချလိုက်ပြီး မျက်နှာကို အုပ်လိုက်မိလေ၏။

'အား....အား....အား'

ဖူရှာပန်းသည် တအားအားနှင့် အော်နေ၏။ သူသည် ညာဘက်မျက်လုံးထဲ စိုက်ဝင်နေသော လက်နက်ပုန်းကို ဆွဲထုတ်လိုက်သည်။ သူသည် ယိမ်းထိုးနေလေ၏။ သူ၏မျက်နှာမှာ သွေးများဖြင့် နီရဲနေသည်။

'အဲဒါ မင်းကိုသတိပေးလိုက်တာပဲ၊ အဲဒါကို သင်ခန်းစာ မယူရင်, နောက်ဆိုရင် မင်းအသက်ပေးရလိမ့်မယ်'

ဆရာကြီးဟူထိန်လေက ပြောလိုက်၏။

သို့သော် ဖူရှာပန်းမှာ သူ့ဒဏ်ရာနှင့်သူ လုံးချာပတ်ချာလိုက်နေသည်။ ဆရာကြီးဟူထိန်လေ၏ စကားကို ကြားဟန် မတူပေ။ သူသည် နောက်လှည့်ပြီး ထွက်ပြေးတော့သည်။

'ဆရာကြီး'

လူဝါစင်က ဝမ်းသာစွာ လှမ်းခေါ်လိုက်၏။

'သမီးရဲ့ခင်ပွန်းဟာ ကွမ်တန်ပြည်နယ်ကို ထိပါးနေတဲ့ မာန်ကျူးပြည်နယ်က စစ်သည်ရဲမက်တွေကို နယ်စပ်မှာ နှိမ်နင်းနေရတယ်၊ သမီးတို့ ပြန်ဆုံဖို့ကမဝေးတော့ပါဘူး၊ အခု လောလောဆယ်တော့ သမီးဟာ ငါနဲ့လိုက်ခဲ့ရလိမ့်မယ်'

'ဖေဖေ စိတ်ပူနေလိမ့်မယ်'

လူဝါစင်က မဝံ့မရဲပြောလိုက်သည်။

၄

ထိုအခါ ဆရာကြီးဟူထိန်လေက....

'အဲဒီအတွက် ဘာမှမပူပါနဲ့၊ ငါ တာဝန်ယူပါတယ်၊ ငါသွားပြောပေးပါမယ်၊ ငါနဲ့လိုက်သွားတဲ့အတွက် သမီးရဲ့ဖေဖေ စိတ်ချမ်းသာသွားမှာပါ'

'ဟုတ်ကဲ့၊ ဒါဆိုရင်တော့ ဆရာကြီးရဲ့ အစီအမံအတိုင်းပဲ လိုက်နာပါမယ်ရှင်'

'ကဲ... ဒီလိုဆိုရင် သွားကြစို့'

ဆရာကြီး ဟူထိန်လေသည် ရှေ့မှလျှောက်သွား၏။ လူဝါစင်က နောက်မှ လိုက်သွားသည်။

[ ၆၇ ]

## လိမ်ကောက်သေသအကြံ

နတ္တဝိဂိုဏ်းချုပ်ကြီး ရဲယိဘောက်သည် တင်လှုနှတ်ဆမီးအား အပျိုစင် တိုင်မေလင်းဖြင့် ပူဇော်မည်ဟု ပြုနေခိုက် ရန်သူများက အလစ်အငိုက် ဝင်တိုက်ခဲ့ပြီးသည့် နောက်တွင် ဘုရားကျောင်းပျက်ကြီးအား အစောင့်အကြပ် တင်းကျပ်စွာ ချထားလိုက်တော့သည်။

အစောင့်အင်အားလည်း များပြားသည်။ အစောင့်များသည်လည်း ဝီရိယ.ကောင်းကောင်းဖြင့် နိုးနိုးကြားကြား စောင့်ကြရသည်။

သူတို့ ဝီရိယကောင်းကောင်း စောင့်ကြရသည် မှာ အကြောင်းမဲ့ မဟုတ်ချေ။

ဂိုဏ်းချုပ်ကြီးရဲယိတောက်သည် အမတ်ကြီးကျိုက်လောက်နှင့် ယနေ့ည တွေ့ဆုံရန်ရှိနေသောကြောင့်တည်း။

ဂိုဏ်းချုပ်ကြီး ရဲယိတောက်သည် ကျိုက်လောက်အား အခေါ် လွှတ်ထားသည်။

စောင့်ဆိုင်းရသော ကာလသည် အလွန်ရှည်ကြာသည်ဟု ထင်မှတ်ရ၏။

သူသည် အသားကင်များကို စားရင်းနှင့် စောင့်နေလေသည်။

သူငယ်အိပ်ချိန် ရောက်သောအခါ ဘုရားကျောင်း ပြင်ဖမှ အော်ဟစ်သံ စစ်မေးသံကို ကြားရလေ၏။

'ဟေ့ ....ရပ်....ဘယ်သူလဲ'

'ငါတို့ပါကွ'

'ငါတို့လို့ ပြောလို့မရဘူး၊ စကားဝှက်ကိုပြော'

'တစ်တီတူး'

'အတောင်ပါသလား'

'ခြေထောက် မိုးပေါ်ထောင်တယ်'

'ကောင်းပြီ ဝင်နိုင်ပြီ'

အစောင့်များသည် အတော်ပင် စည်းကမ်းတကျ စောင့်ကြပ်နေကြ၏။

အမတ်ကြီး ကျိုက်လောက်ကို အစောင့်များက ခေါ်ဆောင်လာ၏။

အမတ်ကြီးသည် ဂိုဏ်းချုပ်ကြီး ရဲယိတောက်ကိုတွေ့သော အခါ အရိုအသေပြုလေ၏။



ရဲယိတောက်က လက်ပြလိုက်သည်။ အစောင့်များ ပြန်ရန် လက်ပြခြင်း ဖြစ်သည်။

အစောင့်များသည် အရိုအသေပြုပြီး ပြန်လည်ထွက်ခွာသွား၏။

အမတ်ကြီးသည် ဂိုဏ်းချုပ်ကြီး ရဲယိတောက် ရှေ့၌ ရိုကျိုးစွာ ထိုင်လိုက်၏။

ဂိုဏ်းချုပ်ကြီး ရဲယိတောက်က ချောင်း တစ်ချက်ဟန့်ပြီး....

'ကျုပ်တို့ရဲ့ သေနင်္ဂဗျူဟာတွေဟာ အခြေအနေတွေနဲ့ မကိုက်ညီတော့ဘူး အမတ်ကြီးရဲ့၊ ဒီတော့ ကျုပ်တို့ရဲ့ သေနင်္ဂဗျူဟာတွေကို ပြင်မှဖြစ်တော့မယ်'

အမတ်ကြီးက....

'ဆက်လက် အမိန့်ရှိပါ ဂိုဏ်းချုပ်ကြီး'

'ခင်ဗျားကို အကြံပေးထားတဲ့ သမားတော်ကြီး ယန်ရှေးဟုန်ရဲ့ သေနင်္ဂဗျူဟာက နယ်သူနယ်သားတွေနဲ့ နယ်စားကွဲဖို့ တိုက်ပေးတဲ့နည်းပဲ၊ အခု အဲဒီနည်းက တော်တော် အလုပ်လုပ်နေပြီ၊ နယ်သူနယ်သားတွေက နယ်စားကြီးကို မုန်းနေပြီ၊ နယ်လူထုရဲ့ အခြေအနေဟာ မီးပြင်းတိုက်ထားသလို ဖြစ်နေပြီ၊ အဲဒီအထဲမှာ မင်းခစားဖြစ်တဲ့ ခင်ဗျား ကိုယ်တိုင် လဲ နယ်သူနယ်သားတွေရဲ့ အမုန်းခံရတဲ့အထဲမှာ ပါနေပြီ မဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ'

‘ကျုပ်တို့ အဓိကလုပ်ချင်တာက ခင်ဗျားရဲ့သား ကျော်ဟန်စင်ကို နယ်စားဖြစ်စေဖို့ပဲ၊ ဒီအတွက် သက်ရှိနယ်စား ချူးချိုင်ယီ ပြုတ်ကျသွားအောင် မြို့စားကြီး တန်စင်ပိုရဲ့ သမီး တန်မင်ယူကို အဓမ္မ သိမ်းပိုက်ဖို့ ကျုပ်တို့ ကြံဆောင်ခဲ့ကြတယ် မဟုတ်လား၊ ဒါမှပဋိပက္ခဖြစ်မှာကိုး’

‘ဒါလဲ မှန်ပါတယ်’

‘အခုခက်တာက မြင်းတပ်မှူး အင်ကာဟိန်နဲ့ ရာထူးအထုတ်ခံခဲ့ရတဲ့ကိစ္စ၊ သူက တန်မင်ယူကိုခေါ်ပြီး ထွက်ပြေးသွားတော့ ကျုပ်တို့ ခက်ကုန်တာပေါ့၊ မြင်းတပ်မှူး အင်ကာဟိန်နဲ့ တန်မင်ယူ ချစ်ကြိုက်ကြတာကို ကျုပ်တို့မှ မသိတာဘဲ၊ ကျုပ်တို့ ညံ့တာပဲ’

‘ဒါကတော့ တစ်မြို့လုံးသိတဲ့ကိစ္စပါ၊ သူတို့စေ့စပ်ထားကြတာကို တစ်မြို့လုံးက သိကြတာပဲ’

‘ထားပါ အခု ကျုပ်တို့အနေနဲ့သူတို့ကို လိုက်ရှာချင်တယ် ဆိုပါတော့ ဘယ်မှာရှာမလဲ၊ ရှာရမယ့်နေရာကိုတောင် မသိတော့ဘူး’

အမတ်ကြီး ကျိုက်လောက်လည်း ဘယ်မှာရှာရမည်မှန်း မသိပေ။

ဂိုဏ်းချုပ်ကြီး ရဲယီတောက်က ဆက်ပြောသည်။

‘ဒီအခြေအနေမှာ ခင်ဗျားတို့အကြံပေးနေတဲ့ သမားတော်ကြီး ယန်ရွှေးဟုန်က ဘာဆက်လုပ်ရမယ်လို့ အကြံပေးသလဲဗျ’

အမတ်ကြီးမှာ ခန္ဓာကိုယ်ကိုပြင်ထိုင်ရင်း....



‘သမားတော်ကြီး မရှိဘူးခင်ဗျ’

‘ဘယ်ကို သွားသလဲ’

‘ခရီးထွက်နေပါတယ်’

‘သူသွားတဲ့နေရာကိုတော့ သိမှာပေါ့’

‘မသိဘူးခင်ဗျ၊ သွားမယ့်နေရာကိုလဲ အသိမပေးခဲ့ပါဘူး၊ အဲဒါ ခက်တာပဲ၊ အကြံပေးနေတဲ့လူ ပျောက်သွားတော့ ခက်နေတာပေါ့၊ ကဲ.... ခင်ဗျား အခုဘာလုပ်မယ်လို့ စိတ်ကူးထားသလဲ’

ရဲယီတောက်သည် သူ၏ ရှုပ်ထွေးပွေလိမ်နေသော ဆံပင်များကို ကုတ်ကာ မေးလိုက်၏။

‘မရှိသေးပါဘူးခင်ဗျာ အခြေအနေတွေက အလွန် ရှုပ်ထွေးလာတဲ့ အခြေအနေမှာ ရှိနေပါတယ်၊ နယ်မြေဒေသ တစ်ခုလုံးကလဲ ထိန်းသိမ်းမရအောင် ဆူပွက်နေတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင်ဖြစ်နေပါတယ် ဂိုဏ်းချုပ်ကြီး’

အမှန်ပင် စိတ်ရှုပ်ထွေးစရာပင်။

ဂိုဏ်းချုပ်ကြီး ရဲယီတောက်သည် အမတ်ကြီး၏ အခြေအနေကို စောင့်ကြည့်နေ၏။ အမတ်ကြီး စိတ်ရှုပ်နေသည်ကို သူသိသည်။

‘အဲဒီတော့ ကျုပ်တို့အနေနဲ့ဒီအခြေအနေကောင်းကို လက်လွှတ်ခံလို့ မဖြစ်ဘူး၊ ခင်ဗျားရဲ့ အကြံပေးသမားတော်ကြီးကို စောင့်ဖို့ဆိုတာလဲ သူက ဘယ်ကိုသွားလို့ ဘယ်ကိုလာနေတဲ့

လူမှန်းလဲမသိဘူး၊ ဒီတော့ အခြေအနေကောင်းကြုံနေတုန်း ကျုပ်ပဲ အကြံပေးရတော့မှာပဲ'

'အမိန့်ရှိပါခင်ဗျာ....အမိန့်ရှိပါ၊ ကျွန်တော် ဂိုဏ်းချုပ်ကြီးကို ဘယ်လောက် လေးစားရိုသေတယ်ဆိုတာ ဂိုဏ်းချုပ်ကြီး အသိပါပဲ'

'ကောင်းပြီ၊ ဒီလိုဆိုရင် ကျုပ်ပြောမယ်၊ ခုအခြေအနေမှာ နယ်စားဆိုဘာကို ဘယ်သူကမှ တန်ဖိုးမထားကြတော့ဘူးဗျ'

'ဒါတော့ မှန်ပါတယ်'

'အခု နယ်စားရဲ့စံအိမ်တော်မှာရှိတဲ့ အစောင့်အကြပ်ဆိုတာလဲ လျော့ရိလျော့ရဲချည်းပဲ၊ ဒီအချိန်မှာ နယ်စားကို လုပ်ကြံဖို့ အကောင်းဆုံးအချိန်ပဲ၊ နယ်စားကို ခင်ဗျား လုပ်ကြံတိုက်ခိုက်ရင် ခင်ဗျားလုပ်ကြံတယ်လို့ဘယ်သူမှထင်မှာမဟုတ်ဘူး'

'ကျွန်တော်လုပ်ကြံတယ်လို့မထင်ရင်ဘယ်သူ လုပ်ကြံတယ်လို့ ထင်မှာလဲ'

'ခင်ဗျားကို ဘယ်သူက ထင်မှာလဲ၊ ထင်ချင်းထင်ရင် ရာထူးက အထုတ်ခံရတဲ့ မြင်းတပ်မှူးအင်ကာဟိန်ကို ထင်မှာပေါ့ဗျာ၊ ခင်ဗျားက နယ်စားကြီးနဲ့ အဆင်ပြေနေတဲ့လူပဲ၊ ခင်ဗျားအတွက် သိပ်ကောင်းတဲ့ အခြေအနေပါ၊ နယ်စားကို လုပ်ကြံတာဟာ ခင်ဗျားသားကို နယ်စားအဖြစ် တင်ချင်လို့ လုပ်ကြံတယ်လို့ ဘယ်သူက ထင်တော့မှာလဲ'

'ဒီတော့ ကျွန်တော် ဘာလုပ်ရမလဲ'



'ခင်ဗျား နယ်စားကြီးကို လုပ်ကြံလိုက်လေ၊ အခုအပတ်အတွင်းမှာပဲ လုပ်ကြံလိုက်၊ နယ်စားကြီးသေသွားရင် အုပ်မနိုင် ထိန်းမရ အခြေအနေမျိုး ဖြစ်မှာစိုးလို့ ခင်ဗျားသားကို နယ်စားရာထူးမှာ ခန့်ထားလိုက်ရတယ်လို့ ကြေညာလိုက်ပေါ့'

အမတ်ကြီးသည် ငြိမ်သက်စွာ နားထောင်နေ၏။

အတန်ကြာမှ အမတ်ကြီးက....

'ဂိုဏ်းချုပ်ကြီး အကြံပေးတာ ကောင်းတော့ကောင်းပါတယ်၊ ဒါပေမယ့်....'

ဂိုဏ်းချုပ်ကြီးက ဆက်မေးသည်။

'ဒါပေမယ့် ဘာဖြစ်သလဲ အမတ်ကြီး'

'တပ်မှူးကြီး လီယူလူ ရှိနေပါတယ် ဂိုဏ်းချုပ်ကြီး၊ ဒီတပ်မှူးကြီးဟာ သွက်လက်ဖျတ်လတ်ပြီး အကွက်မြင်တဲ့ တပ်မှူးကြီးတော့ မဟုတ်ပါဘူး၊ ခပ်ထုံထုံပါ၊ ဒါပေမယ့် အစဉ်အဆက်အားဖြင့်တော့ နယ်စား မျိုးရိုးအပေါ်မှာ အင်မတန် သစ္စာရှိတဲ့လူ ဖြစ်ပါတယ်၊ သူက နယ်စောင့်တပ်အပေါ်မှာ ဩဇာအာဏာလဲ တော်တော်ညောင်းတော့ နယ်စားကြီးလုပ်ကြံခံရတဲ့အချိန်မှာ သူရှိနေရင် ကျွန်တော် လုပ်ချင်တိုင်းလုပ်ဖို့ အခက်အခဲရှိနိုင်ပါတယ်'

အမတ်ကြီးက ရှင်းပြသည်။

ထိုအခါ ဂိုဏ်းချုပ်ကြီးက အမတ်ကြီးအား သေချာစွာကြည့်သည်။

'တပ်မှူးကြီးလိပ်မှုလွှ ထုံဘယ်ဆိုတာထက် အမတ်ကြီး က ပို့ထုံနေတာကိုး၊ ဒီကိစ္စက မခက်ပါဘူး လွယ်လွယ်ကလေး ပါ၊ ခင်ဗျားက လွယ်တာကို ခက်အောင် တွေးနေတယ်၊ အဲဒီတပ်မှူးကြီးကို နယ်စားကြီး မလုပ်ကြံခင် ရှုပ်ထွေး နေတဲ့ နယ်စပ်ကို ပို့လိုက်ပေါ့'

အမတ်ကြီးသည် ခေါင်းယောင်သွားသည်။

ရဲယံတောက်က ဆက်ပြောသည်။

'မာန်ချိုးပြည်နယ်နဲ့ ကွမ်ဘန်ပြည်နယ် နယ်စပ်ဒေသ မျိုးလို နေရာမျိုးပေါ့၊ အဲဒီလိုဆိုရင် နယ်စားလုပ်ကြံခံရတာ ကို အဲဒီတပ်မှူးကြီးနောက်ကျမှ သတင်းရမှာပေါ့ မဟုတ် လား'

'ဟုတ်...ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး၊ ကျွန်တော် ခုမှပဲ အလင်းရောင်ရပါတော့တယ်'

အမတ်ကြီးက ဝမ်းသာအားရ ပြောလေသည်။

'ကဲ...ဒီတော့ ခင်ဗျားတကယ် စိတ်ချယုံကြည်ရတဲ့ လူယုံ တွေနဲ့ ကြံစည်ပေတော့၊ ဒီကိစ္စ ဘယ်လိုကြံစည်ရမယ်ဆိုတာ ကျုပ်အသေးစိတ် ရှင်းပြနေဖို့လိုတော့မယ် မထင်ဘူး၊ ဒီ လုပ်ကြံမှုဟာ ခင်ဗျားနဲ့ မပတ်သက်ဘူးလို့ အထင်ခံရလေ ကောင်းလေပဲ၊ ဒါကြောင့် သတိထားပြီး လုပ်ပေတော့'

'ကောင်းပါပြီ ကျေးဇူးကြီးလှပါတယ်'

'ကဲ....ကျုပ်ပြောစရာစကားလဲ ကုန်ပါပြီ၊ ခင်ဗျားပြန်နိုင် ပါပြီ'

ရဲယံတောက်အား အမတ်ကြီးသည် အရိုအသေပြု၏။



ထို့နောက် တဖြည်းဖြည်းနောက်ဆုတ်သွားသည်။ ရဲယံ တောက်သည် တွေဝေငေးမောနေသည်။ သူ့၌ စဉ်းစား စရာများ ရှိနေသည်။

ရဲယံတောက်က ခေါ်လိုက်သည်။

'အိစမ်း'

အစောင့်ဂိုဏ်းသား တစ်ယောက် ရောက်လာသည်။

'သမားတော်ကြီး ယန်ရွှေးဟုန်ရဲ့နောက်ကို လိုက်သွား တဲ့ကောင်တွေ ရောက်ပြီလား'

'ရောက်မလာသေးပါဘူး ဂိုဏ်းချုပ်ကြီး၊ ဒီလူတွေကို သေသေချာချာ တာဝန်ပေးလိုက်ပါတယ်၊ သမားတော်ကြီး ယန်ရွှေးဟုန်ရဲ့နောက်ကို သေသေချာချာလိုက်ဖို့၊ အခုဥစ္စာက သမားတော်ကြီးဟာ ဝေးဝေးလံလံကို ခရီးသွားနေလို့ သူတို့ပြန်မရောက်တာ ဖြစ်ပါလိမ့်မယ်'

'ကောင်းပြီ ဒီကောင်တွေ ပြန်ရောက်ရင် ငါ့ဆီ ခေါ်ခဲ့'

'အမိန့်အတိုင်းပါ ဂိုဏ်းချုပ်ကြီး'

'ဒါပဲ သွားတော့'

ရဲယံတောက်သည် မျက်မှောင်ကုတ်ပြီး စဉ်းစားနေ တော့သည်။

[ ၆၈ ]

### နယ်စားကြီး၏တစ်ညတာ

ရှိအန်ပြည်နယ်၏ နယ်စားအလုပ်မှာ အလွန်သက်သာပေါ့ပါးလှသည်။ သူ့အလုပ်မှာ တစ်နေကုန် ပျော်ရွှင်စွာ အချိန်ကုန်ခရးပင် ဖြစ်သည်။

သူသည် ဆူပွက်လှုပ်ရှားနေသော ရှိအန်ပြည်နယ်အား အမတ်ကြီးကျိုကဲလောက်နှင့် တပ်မှူးကြီး လီယူလူတို့၏ လက်ထဲသို့ လွှဲအပ်ကာ အပျော်အပါးတွင်သာ ယစ်မူးနေ၏။

အဓိကကျသူမှာ ကျိုကဲလောက်ပင် ဖြစ်သည်။

အမတ်ကြီးသည် ရဲယာဝိတောက် အကြံပေးသည့်အတိုင်း လီယူလူ၏ စစ်သည်ရဲမက်တစ်ထောင်ကျော်အား နယ်စပ်ဒေသသို့ ပို့လွှတ်လိုက်သည်။ ထိုသို့ပို့လွှတ်သည့်အကြောင်းကိုပင် နယ်စားကြီးမသိခဲ့ချေ။

စီကွမ်မြို့တော်မှ လီယူလူ ထွက်သွားသည်မှာ လေးရက်ရှိလေပြီ။

ကျိုကဲလောက်သည် သူနှင့်တိတ်တဆိတ် တိုင်ပင်ညှိနှိုင်းထားသော မြို့စားများအား လဆန်းတစ်ရက်နေ့တွင် စီကွမ်မြို့တော်သို့ အရောက်လာကြရန် စေတမန်များ စေလွှတ်ဆင့်ခေါ်ထားသည်။

ကျိုကဲလောက်သည် လကွယ်ညတွင် ချူးချိုင်ယီအား လုပ်ကြံရန် အသင့်စီမံထားသည်။ လကွယ်နေ့ညမှာ လီယူလူ ထွက်သွားပြီး ခြောက်ရက်ကြာသောနေ့ ဖြစ်သည်။

လကွယ်နေ့ နံနက်တွင် ကျိုကဲလောက်သည် စီကွမ်မြို့တော်တွင် အလွန်ရှားပါးသော ပုစွန်တုတ်ကြီးများနှင့် ငါးဥများကို အထူးစီမံ၍ချက်ပြုတ်ကာ နယ်စားကြီးထံ အပို့လွှတ်လိုက်သည်။

အပျော်အပါး၊ အစားအသောက် အလွန်မက်မောသော နယ်စားကြီးမှာ အလွန်သဘောကျသွားသည်။

'ကဲ....စားတော်ကဲတွေ၊ အမတ်ကြီးပို့လိုက်တဲ့ ဟင်းလျာတွေ ပြင်စမ်း'

စားတော်ကဲများကလည်း ခေါင်းတော်ညိတ်စိတ်တော်သိရလေသည်။ နှစ်ချို့ပန်းတစ်ရာ အရက်အိုးကြီးကိုပါ



ပြင်ဆင်ကြရသည်။ နယ်စားကြီးသည် အရက်ကောင်းအစားကောင်းကို နှစ်ခြိုက်သည် မဟုတ်ပါလော။

နံနက်မှ စတင်စားသောက်လေရာ အရက်အိုးကြီးသည်လည်း ပြောင်စင်သွားလေသည်။ နယ်စားကြီးသည်လည်း နေ့လယ်၌ အမူးလွန်ပြီး အိပ်ပျော်သွားသည်။

ညနေစောင်းသောအခါ နယ်စားကြီးပြန်နိုးလာ၏။ အရက်ရှိန် ကျန်နေသေးသည်။

'ကဲ....ဟေ့ ပန်းတစ်ရာအရက်အိုး ထပ်ပေးစမ်း'

စားတော်ကဲများသည် ပန်းတစ်ရာအရက်အိုး တစ်အိုးကို ထပ်ထုတ်ပေးရ၏။

နယ်စားကြီးသည် အရက်ကို ထပ်သောက်ပြန်၏။ နယ်စားကြီးသည် အရက်များကို အလွန်တစ်ရာ သောက်သူဖြစ်ရာ တော်ရုံတန်ရုံအရက်သည် နယ်စားကြီးကို မမူးစေနိုင်ပေ။

ပန်းတစ်ရာအရက်ကို အတော်များများသောက်မှသာ မူးသွားတတ်သည်။ ယခုလည်း ပန်းတစ်ရာအရက်ကို အများအပြား သောက်နေပြန်လေပြီ။

ဤသို့ဖြင့် ညမှောင်ရီပျိုးစအချိန်သို့ ဆိုက်ရောက်လာလေသည်။

စံတော်အိမ်တွင် အမြဲတမ်းပြုလေ့ရှိသော ထုံးစံတစ်ခုမှာ ကချေသည်များနှင့် ဂီတပညာရှင်များက ညဘက်တွင် တီးမှုတ် သီဆိုဖြေဖျော်တင်ကြသည်။

ထိုသို့ သီဆိုတီးမှုတ် ဖြေဖျော်သည်ကို နယ်စားကြီးသည် အပျော်မယားများ ပတ်လည်ရံလျက် ကြည့်ရှုနေတတ်၏။

ထိုညဦးတွင် အပျော်မယားများ ပတ်လည်ရံလျက် ကြည့်ရှုနေ၏။ ထိုစဉ် သူသည် ကချေသည်မလေးတစ်ဦး၏အလှတွင် ယစ်မူးသွားမိပြန်၏။

'ကဲ... မင်းတို့တစ်တွေ သွားအိပ်ချေတော့၊ ငါ တစ်ယောက်တည်း ဒီကပွဲကို ဆက်ကြည့်မယ်'

နယ်စားကြီးသည် အပျော်မယားများအား ပြန်လွှတ်လိုက်မိ၏။ အပျော်မယားများ ပြန်သွားသောအခါတွင်ဘဏ္ဍာစိုးကြီးအား လှမ်းခေါ်ပြီး တီးတိုးစကား ပြောကြားသည်။

ဘဏ္ဍာစိုးကြီးမှာ ခေါင်းတညိတ်ညိတ် ဖြစ်နေ၏။

ဘဏ္ဍာစိုးကြီး ထွက်ခွာသွားလေ၏။ မကြာမီ တီးမှုတ် ဖျော်ဖြေမှုသည် ထုံးစံအတိုင်း မဟုတ်ဘဲ စောစီးစွာ ပြီးစီးသွားသည်။

သို့သော် ပြန်သွားကြသောတီးမှုတ်ဖျော်ဖြေသူများထဲတွင် ယခုမှ အသစ်ပါလာသော ကချေသည်ကလေး ပါမသွားခဲ့ချေ။

ကချေသည်မကလေးသည် အသစ်ဖြစ်သည့် အားလျော်စွာ က,ရာဦလည်း သိပ်မကျွမ်းကျင်ပါ။ သို့သော် ငယ်၍ လှတော့လှသည်။ အညာအခရာများကလည်း ကောင်းသည်။ ဤသို့ဖြင့် ကချေသည်မကလေးသည် စံအိမ်တော်ကြီး၌ ကျန်ရစ်ခဲ့၏။

ဖျော်ဖြေသူများပြန်သွားသောအခါ ဘဏ္ဍာစိုးကြီးသည် နယ်စားကြီးထံသို့ ပြန်ရောက်လာလေ၏။

ထိုအချိန်၌နယ်စားကြီးသည် ပန်းတစ်ရာအရက်ကိုသောက်နေဆဲ ဖြစ်သည်။ သူသည် မူးယစ်စပြုနေလေပြီ။



သို့သော် အရက်ချည်း မဟုတ်ချေ။ အားဆေးများ၊ အထူးစီမံထားသော ဆေးများ ရောနှောသောက်နေခြင်း ဖြစ်သည်။

'ဘယ့်နှယ်လဲ'

နယ်စားကြီးသည် အရက်ခွက်ကို စားပွဲပေါ်တင်ပြီး ဘဏ္ဍာစိုးကို မေးလိုက်၏။

ဘဏ္ဍာစိုးသည် ခေါင်းငုံ့ပြီးဖြေသည်။

'အဆင်ပြေပါတယ်၊ အိပ်ဆောင်ထဲမှာထားခဲ့ပါပြီ၊ အဆင်သင့်ပါပဲ'

'အေး... ကောင်းတယ်'

'အပေါ်ထပ် အိပ်ဆောင်မှာပါ'

'ငါ ဘယ်သူ့ကိုမှ မတွေ့ချင်ဘူးနော်'

'ကျွန်တော်မျိုး စီစဉ်ထားခဲ့ပါတယ်'

ဘဏ္ဍာစိုးကြီးသည် ယခုတစ်ကြိမ်သာ ဤသို့စီစဉ်ခဲ့ရသည် မဟုတ်ချေ။ အကြိမ်များစွာ စီစဉ်ခဲ့ပြီးဖြစ်သည်။ အတွေ့အကြုံများစွာရှိပြီး ဖြစ်သည်။

နယ်စားကြီးက ပြုံး၍ ခေါင်းညိတ်သည်။

'အေး.... မင်းကို ဒါကြောင့် ငါက လက်မလွှတ်နိုင်တာ၊ မင်းက ငါ့အလိုကို သိပြီးသား၊ ငါ ဒီအခန်းထဲက ထွက်သွားပြီးရင် အားလုံး မင်းသဘောပဲ၊ တချို့ကောင်မတွေကိုလဲ မင်းစိတ်ကြိုက်သုံးနိုင်တယ်'

'ကျေးဇူးကြီးလှပါတယ် အရှင်'

'နောက်ပြီး မင်းကို လက်စွပ်တစ်ကွင်း ဆုချရဦးမယ်၊ ကဲ ရော့....ဒီလက်စွပ်ဟာ ပတ္တမြားလက်စွပ်ကွ'

'ကျေးဇူးကြီးလှပါတယ် အရှင်'

ဘဏ္ဍာစိုးကြီးသည် လက်စွပ်ကို ခံယူရင်း နယ်စားကြီးကို ကျေးဇူးတင်စကား ပြောလိုက်၏။

နယ်စားသည်ဒယီးဒယိုင်ဖြင့်မတ်တတ်ရပ်လေ၏။ ထိုအခါ ဘဏ္ဍာစိုးက နယ်စားကို ထိန်းမတ်ပေးရသည်။ ထိုအခါမှသာ နယ်စားသည် မတ်တတ်ရပ်နိုင်တော့၏။

'ငါမမူးပါဘူးကွ၊ ငါ့ကိုယ်ငါ ထိန်းနိုင်ပါတယ်'

ဘဏ္ဍာစိုးသည် နယ်စားကြီးကို လွှတ်ပေးလိုက်ရ၏။

နယ်စားကြီးသည် ဒယီးဒယိုင်ဖြင့် ထွက်သွား၏။

'ငါ အပေါ်ထပ် အဆောင်ကို သွားတော့မယ်၊ မင်းအစစ အရာရာ စီစဉ်ပြီးသားနော်'

'အရှင့်စိတ်ကြိုက် စီစဉ်ထားပြီးသားပါ'

'ကဲ....ငါ သွားမယ်'

'ကျွန်တော်မျိုး လိုက်ပို့ရဦးမှာလား အရှင်'

'ဘာလဲကွ၊ မင်းက ငါ့ကို မျက်စိလည်မှာ စိုးလို့လား၊ ဒီ စံအိမ်ကြီးမှာ ငါ ငယ်ငယ်ကတည်းက နေခဲ့တာပါကွ၊ မျက်စိ မလည်ပါဘူး၊ ဟား ဟား ဟား'

နယ်စားကြီးသည် သူ့စကားသူ အလွန်သဘောကျသွားသည်။

တဟားဟားနှင့် ရယ်မော၏။



ထို့နောက် အပေါ်ထပ်သို့ ဒယီးဒယိုင်ဖြင့် တက်သွားတော့၏။

ဘဏ္ဍာစိုးသည် နယ်စားကြီး၏ ကျောပြင်ကို ငေးကြည့်နေမိလေ၏။

၂၁၃၅၅

[ ၆၃ ]

## အိပ်ခန်းဆောင်

အပေါ်ထပ်၌ အခန်းကျယ်ကြီးများရှိ၏။ အခန်းများမှာ အိပ်ခန်းချည်းသာဖြစ်သည်။ ထိုအိပ်ခန်းများထဲမှ အဆောင်ခန်း တစ်ခုထဲ၌ ကချေသည်မကလေးသည် ရောက်ရှိနေလေသည်။

ကချေသည်မလေးသည် အိပ်ခန်းဆောင်အား လေ့လာသည်၊ သူမသည် ပြတင်းပေါက်အား ကြည့်ရှုသည်။ ပြတင်းပေါက်သည် ဖွင့်၍ရ၏။ ထိုအခါ ပြတင်းပေါက်ကိုဖွင့်သည်။ သူမသည် မီးအိမ်ကိုယူသည်။ သူမဘာလုပ်မည်နည်း။

သူမသည် ပြတင်းပေါက်ရှေ့၌ ရပ်လိုက်၏။ ထို့နောက် မီးအိမ်ကို သုံးကြိမ်သုံးခါဝှေ့ယမ်းပြ၏။ သူမသည် မီးအိမ်ကို ဝှေ့ယမ်းပြီးနောက် မီးအိမ်ကို သူ့နေရာ၌ ပြန်ချိတ်လိုက်သည်။

ထို့နောက်ပြတင်းပေါက်ကို ပြန်ပိတ်လိုက်၏။ မီးအိမ်မှ မီးစာကိုလည်း နှိမ့်လိုက်၏။ ထိုအခါ မီးအလင်းရောင်သည် မှိန်ဖျော့သွား၏။

ထိုအခိုက် အခန်းဘေး စကြံလမ်းမှ လေးလေးမှန်မှန် နင်းလာသော ခြေသံကိုကြားလိုက်ရသည်။ ထိုအခါ ကချေသည်မကလေးသည် ကြောက်ရွံ့သည့်ဟန်ဖြင့် ခုတင်ခြေရင်းနားသို့ ကပ်နေတော့သည်။

လေးလေးမှန်မှန်လာသော ခြေသံသည် အိပ်ခန်းဆောင် တံခါးရှေ့သို့ ရောက်သောအခါ ရပ်တန့်သွား၏။

'ကျွိ...'

အခန်းတံခါးသည် ပွင့်သွား၏။

ဝှဖီးတုတ်ခိုင်လှသော ခန္ဓာကိုယ်ကြီးသည် တံခါးဝ၌ ရပ်လာလေ၏။

နယ်စားကြီးသည် ရီဝေနေသော မျက်လုံးများဖြင့် အခန်းထဲသို့ လှမ်းကြည့်လိုက်လေ၏။ ထိုအခါ ခုတင်ခြေရင်းတွင် ကြောက်ရွံ့စွာ ရပ်နေရှာသည့် ကချေသည် မလေးကို မြင်လိုက်ရသည်။

နယ်စားကြီးအလွန်ပျော်သွားသည်။

'ဟေး....မင်း ဘာဖြစ်နေတာလဲ'





ကချေသည်မလေးမှာ နောက်ဆုတ် သွားသည်။

'မင်းကို ဒီလိုရပ်စောင့်နေရမယ်လို့ ကျုပ်ဘဏ္ဍာစိုးကြီးကများ မှာသွားသလား'

ကချေသည်မကလေးမှ ဘာမှ နိုင်ပြောပေ။ တဖြည်းဖြည်းသာ နောက်ဆုတ်နေသည်။ နောက်ဆုံး နောက်ဆုတ် မရသောအခါ ရပ်သွားသည်။

ဤအမူအရာကို ကြည့်ကာ နယ်စားကြီး လွန်စွာသဘောကျသွား၏။ သူ့ကိုပွတ်သပ်ကျီစယ်ကြသော မိန်းမများနှင့်သာ ထိတွေ့နေရသဖြင့် သူ့ကို ကြောက်ရွံ့နေသော ကချေသည် မိန်းကလေးကို လွန်စွာသဘော ကျနေသည်။

သူသည် အခန်းတွင်းသို့ ငင်လာ၏။ အရက်ကို အလွန်အကျွံ သောက်ထားသဖြင့် ဒယီးဒယိုင်ဖြင့် မူးနေလေတော့သည်။

သူသည် တံခါးကို ပိတ်လိုက်၏။ မင်း ဘယ်ကိုမှမပြေးနိုင်ပါဆိုသည့် သဘောပင်။ သူသည်အခန်းတွင်းသို့ ဝင်လာသည်။ ခုတင်ပေါ် ထိုင်လိုက်သည်။

'ငါ့ဘဏ္ဍာစိုးကြီးက အလိုက်မသိတတ်ဘူး၊ မိန်းကလေး စောင့်နေရတာကြာပြီလို့ ငါ့ကို အမြန်ဆုံး ပြောသင့်တယ်၊ သူကမပြောတော့ မင်းစောင့်နေရတော့တာပေါ့၊ မိန်းကလေး ခြေသလုံးတွေ တောင့်နေပြီလား၊ ကဲ....လာပါ ထိုင်ပါဦး'

ကချေသည်မလေးသည် မျက်လွှာ အောက်ချ ထား၏။ သူသည် မျက်လုံးကို တစ်ချက်လှန်ကြည့်သည်။ ထို့နောက်

မျက်လွှာချသွားပြန်သည်။ သို့သော် ခုတင်ပေါ်သို့လာ၍ မထိုင်ချေ။

'မင်းကို ငါအခုမှ တွေ့ရတာနော်၊ အဲ့ဒါ ဘဏ္ဍာစိုးကြီး ညွှံတာ၊ ဒီလောက်အကတော်တဲ့ မိန်းကလေး၊ ဒီလောက် စွဲမက်ဖွယ်ကောင်းတဲ့ မိန်းကလေးကို အခုမှ သူကတွေ့သတဲ့လား၊ အလျင်က သူ ဘယ်ချောင်မှာ သွားအိပ်နေသလဲ မသိဘူး'

နယ်စားကြီးသည် ကချေသည်မကလေးအနီးသို့ တိုးကပ်လိုက်၏။ ထို့နောက် ကချေသည် မကလေးကို လှမ်းဆွဲ၏။ ကချေသည်မကလေးသည် ရှောင်တိမ်းခြင်း မပြုချေ။

သို့သော် ဆွဲယူသည့်ဘက်သို့တော့မလိုက်ချေ။ အနည်းငယ် တင်းခံနေသည်။ နယ်စားကြီးက ရယ်လိုက်၏။

'အင်း ငါ့ဆီကို အခုမှရောက်တော့ ငါ့သဘောကို ဘယ်နားလည်ဦးမလဲ၊ ငါက မိန်းကလေးတစ်ဦးကို မြတ်နိုးမိပြီဆိုရင် အတိုင်းအဆ မထားဘူး၊ ငါမြတ်နိုးမိတဲ့မိန်းကလေးဟာ အလျှံပယ် ဝတ်စားဆင်ယင် ရတော့တာပဲ'

သူသည် ပြောရင်း မိန်းကလေးကို သူ့ရင်ခွင်ထဲသို့ ဆွဲချလိုက်၏။

မိန်းကလေးသည် မမျှော်လင့်ဘဲ ဆွဲချလိုက်ခြင်း ဖြစ်၍ နယ်စားကြီး၏ ရင်ခွင်ထဲ ပြိုကျလာသည်။ သူမ၏ တောင့်တင်းမှုမှာ အချည်းအနှီးဖြစ်သွားသည်။

နယ်စားကြီးက ဆီးကြို၍ ပွေ့ဖက်လိုက်သည်။ နယ်စားကြီးသည် ဤကိစ္စများ၌ ကျွမ်းကျင်ပြီးဖြစ်သည်။ သူ့မျက်နှာသည် ပြုံးနေ၏။



သို့သော် ပြုံးနေသည့် မျက်နှာသည် တစ်မျိုးဖြစ်သည်။ နယ်စားကြီးသည် ဘဝင်မကျစရာတို့ကို တွေ့သွားသည့်ပုံမျိုး ဖြစ်သည်။

နယ်စားကြီး၏ ရင်ခွင်ထဲသို့ရောက်သွားသည့်ကချေသည် မကလေးသည် နယ်စားကြီး၏ သံသယကို ရိပ်စားမိသွားသည့်အလား တစ်စုံတစ်ခုလှုပ်ရှားလိုက်သည်။

'အင်း'

နယ်စားကြီးထံမှ ညည်းသံကြီးထွက်လာသည်။ နယ်စားကြီးသည် ဖက်ထားသော ကချေသည်မလေးအား တွန်းထုတ်လိုက်သည်။

'သွား'

နုနယ်ပျော့ပျောင်းသည်ဟု ထင်ရသော မိန်းကလေးသည် တွန်းလိုက်သည့်အခါ လဲ့ကျမသွားချေ။ သူကိုယ်သူထိန်းနိုင်သည်။

နယ်စားကြီးသည် ကြောက်ရွံ့နာကျင်သော မျက်လုံးပြူးကြီးများနှင့်ကြည့်ရင်း မိန်းကလေးကို လက်ညှိုးထိုး၍ ပြောလေ၏။

'မင်း....မင်း....မင်း'

သူသည် စကားကိုဆုံးအောင် မပြောနိုင်ပေ။ သူ့မျက်လုံးများသည် ကချေသည်မလေး၏ မျက်နှာကို မကြည့်တော့ဘဲ ကချေသည်မလေး၏ လက်ထဲမှ သွေးစွန်းနေသည့်ဓားပေါ်သို့ ရောက်သွား၏။

ကချေသည်မလေးသည် ဦးခေါင်းကိုညွတ်၍ အရိုအသေပေးလိုက်၏။ သူမသည် သူမ၏မျက်နှာအုပ်ထားသည့်မျက်နှာဖုံးကို ဆွဲခွာချလိုက်သည်။

နယ်စားကြီးမှာ နှာချွန်သည့် မျက်လုံး၊ အံ့ဩသည့်မျက်လုံးများဖြင့် ကြည့်နေ၏။

'ခွင့်လွှတ်ပါ ကျွန်တော် ကျင့်ရှာပါ'

နယ်စားကြီးမှာ အံ့အားသင့်လွန်းသဖြင့် စကားပင်မပြောနိုင်ချေ။

'မင်း...မင်း...ကျင့်...ကျ...ရှာ'

နယ်စားကြီးသည် ထိုမျှသာ ပြောနိုင်သည်။ သူသည် ခုတင်ပေါ်မှ ရှေ့သို့ စိုက်ကာလဲကျသွား၏။ ကြမ်းပြင်သို့ကျသွားသည်။ သူသည် အသက်ပျောက်သွားလေ၏။

ကချေသည် အဖြစ် ဟန်ဆောင်ထားသော ကျင့်ရှာသည် သူ့ဓားကို သူအလွန်စိတ်ချယုံကြည်၏၊ ထို့ကြောင့် နယ်စားကြီး၊ သေမသေကိုပင် စစ်ဆေးကြည့်မနေတော့ချေ။

သူသည် ဖြတ်လျှောက်လာ၏။ နယ်စားကြီး၏ ကိုယ်ပေါ်သို့လှမ်းကျော်လာသည်။ နယ်စားကြီးကား မလှုပ်တော့ချေ။ ဓားတစ်ချက်တည်းနှင့် အသက်ထွက်သွားချေပြီ။

သူသည် ပြတင်းပေါက်ရှိရာသို့ ဖြတ်လျှောက်လာခြင်းဖြစ်သည်။ သူသည် ပြတင်းပေါက်ကို ဖွင့်လိုက်သည်။

ထိုအခါ အတော်ဝေးကွာသော စံအိမ်တော် အိမ်အရှေ့ဘက်ဆီမှ မီးတောက်များ မြင်လိုက်ရသည်။ သူအချက်ပြ



သည်ကို တစ်ဖက်ရှိ သူ့လူများက မြင်ပြီဖြစ်ကြောင်း သူသိလိုက်သည်။

ကျင့်ရှာသည် ကြိုးခွေကိုယူလိုက်၏။ သည်ကြိုးခွေကို သူတမင်ယူလာခြင်းဖြစ်သည်။ သူအသုံးချရန်ရှိသည် မဟုတ်ပါလော။

သူသည် ပြတင်းပေါက်တံခါးမကြီးကို ချလိုက်၏။ စံတော်အိမ်တစ်ခုလုံး ငြိမ်သက်နေသည်။ ထို့နောက် သူသည် လူပါ ဆင်းသက်လိုက်သည်။ သစ်ခွပျိုးခင်းရှိရာဘက်သို့ ခပ်သွက်သွက် ပြေးသည်။

တစ်ဦးတစ်ယောက်သည် ထိုနေရာတွင် စောင့်နေသည် မဟုတ်ပါလော။ သူသည် အမှောင်ထဲ၌ ရပ်စောင့်နေသော ထိုလူဆီသို့ ရောက်သွား၏။ ရောက်ရှိနေသူကား အမတ်ကြီး ကျိုက်လောက်ပေတည်း။

အမတ်ကြီးသည် တိုးတိုးမေးလိုက်၏။

'ဘယ့်နှယ်လဲ'

ကျင့်ရှာက ခိုင်မာစွာ ပြောလိုက်၏။

'မပူပါနဲ့ အမတ်ကြီး၊ အောင်မြင်စွာ လုပ်ကြံခဲ့ပါပြီ အမတ်ကြီး'

ကျင့်ရှာအသံက ဂုဏ်ယူလံပါနေ၏။ ဂုဏ်လည်းယူလောက်စရာပင်။ ပြည်နယ်၏ ကြီးအကဲကို သူလုပ်ကြံနိုင်ခဲ့ပြီမဟုတ်ပါလော။

'သေချာရဲ့လား'

'သေချာပါတယ်ခင်ဗျာ၊ ခုနက တစ်ချက်တည်းနဲ့ နှလုံးသား တည့်တည့်ကိုဝင်သွားတာပါ၊ သူစကားကိုတောင် ဆုံးအောင်မပြောနိုင်ပါဘူး၊ တစ်ချက်တည်းနဲ့ ကြမ်းပြင်ပေါ် ကျသွားတာပါ၊ အဲဒီတစ်ချက်တည်းနဲ့သေသွားတာပါပဲ'

'ငါက မင်းရှုပ်ဖျက်တာကို မပိရိဘူးလို့တောင် ထင်နေတာ'

'ကျွန်တော်ကိုယ်တိုင် ရုပ်ဖျက်တာမဟုတ်ပါဘူး၊ ပညာရှင်ကိုယ်တိုင် ရုပ်ဖျက်ပေးတာပါ၊ ဘယ်မပိရိဘဲ ရှိလိမ့်မလဲ၊ နယ်စားကြီးဟာ နည်းနည်းမှ မရိပ်မိပါဘူး'

'အင်း....မင်းတော်တယ်'

အမတ်ကြီးသည် အထုပ်ကြီး တစ်ထုပ်ကို အောက်သို့ချလိုက်၏။

'ဒီမှာ မင်းအဝတ်အစားတွေ၊ ဒါတွေ ပြန်လဲဝတ်ဖို့ ငါယူလာတာ၊ ကဲ....အဲဒီ ကချေသည် အဝတ်အစားတွေကို မြန်မြန်လဲလိုက်ဦး၊ ဒါကြီးတွေကို အစောင့်တွေ မြင်သွားလို့မဖြစ်ဘူးကွ'

'ဟုတ်ကဲ့ပါ အမတ်ကြီး'

ကျော့ရှာသည် အဝတ်အစားများကို လျှင်မြန်စွာ လဲလှယ်ဝတ်ဆင်တော့သည်။

'ကျွန်တော် ရုပ်ဖျက်တာကို ဘယ်လူမှ မရိပ်မိပါဘူး၊ ဒါပေမယ့် နယ်စားကြီးဟာ ပါးတော့ပါးတယ်၊ သူ ဆွဲဖက်လိုက်တာနဲ့ ကျွန်တော်ဟာ မိန်းမ မဟုတ်ဘူးဆိုတာ



သူသိသွားတယ်၊ ဒါနဲ့ ကျွန်တော်လဲ အချိန်မဆွဲနိုင်တော့ဘူး၊ ထိုးတည့်လိုက်ရတာပဲ'

'အင်း'

'ထိချက်ကတော့ တကယ်ပီပြင်တယ် နှလုံးသားတည့်တည့်ကိုပဲ၊ လူသတ်တဲ့ အတွေ့အကြုံဟာ တကယ်တော့ မဆန်းပါဘူး၊ ကျွန်တော်သတ်တဲ့လူတိုင်း နှလုံးသားကိုထိပြီး သေကြတာပဲ၊ အခု နယ်စားကြီးကျတော့ နှလုံးသားကို မထိရင်လဲ ကျွန်တော် မပူပါဘူး'

'ဘာဖြစ်လို့လဲ'

'ကျွန်တော့်ရဲ့ဓားမှာ အဆိပ်လူးထားလို့လေ၊ ကျွန်တော်က သေချာအောင်လုပ်ထားတာပ့ါ၊ သူ ကျွန်တော့်နာမည်ကို ခေါ်ရင်း အသက်ထွက်သွားတာပဲ'

'မင်းက မင်းရဲ့ မူလရုပ်ကို ပြလိုက်လို့လား'

'မပူပါနဲ့ အမတ်ကြီး သူသေသွားပါပြီ၊ သေသွားမယ့် လူစိတ်ချမ်းသာစေဖို့ ကျွန်တော့်ရုပ်ကို ပြလိုက်တာပါ'

'အင်း'

အမတ်ကြီးသည် ရှေ့သို့တိုးလာ၏။ ကျော့ရှာသည် အမတ်ကြီး ရှေ့တိုးလာသည်ကို သတိမပြုမိချေ။

'ကျွန်တော့်တာဝန်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်တာကို ကျွန်တော် သိပ်ဝမ်းသာတာပဲ'

'အေးပေါ့....မင်း သိပ်တော်ပါတယ်'

'စွပ်'

'အင့်

အမတ်ကြီးသည် ဓားမြှောင်ဖြင့် ပင့်ထိုးလိုက်ရာ ကျှင့်ရှာမှာ မည်သို့မျှ မျှော်လင့်မထားသဖြင့် အမတ်ကြီးအား မယုံနိုင်သော မျက်လုံးများဖြင့် ကြည့်လိုက်၏။ သူသည် ချက်ချင်းပင် ဒူးညွတ်ကျသွား၏။

အမတ်ကြီးသည် ဓားကို ချက်ချင်း ပြန်မနုတ်ချေ။ ပို၍ သေချာသွားအောင် ဓားမြှောင်ကို မွှေလိုက်သည်။

'အား...အား'

ကျှင့်ရှာသည် သူ့ဝမ်းဗိုက်ကို သူဖိလိုက်သည်။ အမတ်ကြီး၏ လက်ကို ယောင်ယမ်းဆုပ်ကိုင်လိုက်သည်။

သူ့ ဝမ်းဗိုက်ဆီမှ နီရဲနေသောသွေးများက စီးကျနေလေသည်။

ကျှင့်ရှာသည် စကားပြောရန် ကြိုးစားပါသေးသည်။ သို့သော် သူလုံးဝ မပြောနိုင်ချေ။ မှောက်လျက် လဲကျသွားသည်။

သူသည် အသက် ထွက်သွား၏။ သူ ယုံကြည်အားထားသော အမတ်ကြီးက သူ့အား အဆုံးစီရင်သွားခဲ့ပြီ။

ယုတ်မာသောလောက၌ မည်သူမျှ မယုံရချေ။ ယုံမှတ်သူသည် ယုံမှားသူသာ ဖြစ်ရပေမည်။

[ ၃၀ ]

လုပ်ကြံခြင်း

အမတ်ကြီးသည် ကျှင့်ရှာ ချွတ်ထားသည့် ကချေသည် အဝတ်အစားအားလုံးကို စုသိမ်းလိုက်၏။ သူသည် ဤအဝတ်အစားများကို အိမ်တော်စောင့် စစ်သည်ရဲမက်များ မတွေ့စေလိုပေ။

'မင်းဟာ အလွန့်အလွန်ကို တော်ပါတယ်၊ အင်မတန်လဲ စေ့စပ်သေချာတယ်၊ ဒါပေမယ့် ဒီကိစ္စမျိုးကို ငါ ဘယ်သူ့ကိုမှ စိတ်မချနိုင်ဘူးကွ၊ မင်းဟာ ငါ့တပည့် အရင်းကြီးပါ၊ ငါ့တပည့်အရင်းလဲ စိတ်မချနိုင်ဘူး၊ ငါ့ကို ခွင့်လွှတ်ပေတော့'

အမတ်ကြီးသည် ထိုစကားကို တိုးတိုးလေး ပြောသည်။ သူသည် ကျောင့်ရှာ၏ အလောင်းကို ခြေနှင့် ထိုးကော်ကြည့်လေ၏။

ကျောင့်ရှာကား တကယ်တမ်း သေဆုံးသွားလေပြီ။

အမတ်ကြီးသည် နယ်စားကြီးက သူ့အတွက် သတ်မှတ်ပေးထားသော အခန်းဆီသို့ ခပ်သုတ်သုတ် ပြန်လာလေသည်။

အမတ်ကြီးသည် သူ့အခန်းဆီသို့ ရောက်လာသောအခါ ကျောင့်ရှာ၏ ကချေသည် အဝတ်အစားများကို လုံခြုံစွာ သိမ်းဆည်းလိုက်သည်။ ထိုအခန်းကလေးကိုလည်း သော့ခတ်လိုက်သည်။

စံတော်အိမ်ကြီး၏ အရှေ့ဘက်နှင့် မီးတောက်မီးလျှံများကို ကျောင့်ရှာ မသေမီက မြင်ခဲ့၏။ သူ့ကို အချက်ပေးသည်ဟု ထင်ခဲ့၏။

သို့သော် သူက အထင်မှားခဲ့ခြင်းသာဖြစ်၏။ အမှန်တကယ်မှာ နတ်ကွန်း မီးလောင်နေခြင်းသာ ဖြစ်၏။

ထိုမီးလောင်မှုကို အိမ်တော်စောင့် စစ်သည်ရဲမက်များ တွေ့မြင်သွားသည်။ သူတို့သည် ပြေးလွှားအော်ဟစ်နေကြလေသည်။

သို့သော် သူတို့သည် ထိုမီးကို မငြိမ်းသတ်နိုင်သေးချေ။ အမိန့်ပေးနိုင်သူကို ရှာဖွေရပေဦးမည်။

သူတို့သည် အမတ်ကြီး၏ အခန်းရှေ့သို့ စုပြုံရောက်ရှိလေသည်။



'အမတ်ကြီး....အမတ်ကြီး'

ရဲမက်များသည် အမတ်ကြီး၏ တံခါးကို ခေါက်ကြလေသည်။

အမတ်ကြီး မအိပ်နိုင်ချေ။ ရဲမက်များ၏အသံကို ကောင်းစွာ ကြားနေရသည်။

'ဟေ့....ဘာတွေအော်နေတာလဲကွ'

သူသည် အသံပြုရင်း ချက်ချင်းထလာပြီး တံခါးဆီသို့ လျှောက်သွားကာ တံခါးကို ဆွဲဖွင့်လိုက်၏။

'ဟေ့....ဘာဖြစ်နေတာလဲ၊ အပြင်မှာလဲ ဆူလို့ညံလို့ပါလား၊ ပြေးကြလွှားကြနဲ့ ဘာများဖြစ်နေတာလဲ'

'စံအိမ်တော် အရှေ့ဘက်နတ်ကွန်းကို မီးလောင်နေပါတယ် အမတ်ကြီး၊ ကျွန်တော်တို့ အဲ့ဒါကို သွားပြီးငြိမ်းသတ်ကြမလို့ပါ၊ အမတ်ကြီးရဲ့ အမိန့်ကို လာယူတာပါ'

'ဟာ....'

'အဲ့ဒါ....အဲ့ဒါ'

အမတ်ကြီးသည် ဟာခနဲအော်ပြီး သူ့နားထင်နှစ်ဖက်ကို လက်ဖြင့်ဖိလိုက်၏။ ယိုင်လဲကျမလိုဖြစ်သွားသည်။ ထိုအခါ အစောင့်ရဲမက်များက အမတ်ကြီးကိုပြေး၍ ထိန်းပေးကြသည်။

'ဆိုးလိုက်တဲ့ အတိတ်နိမိတ်တွေပါလား'

'အမတ်ကြီးသတိထားပါ'

အမတ်ကြီးက ညည်းလိုက်သည်။

'ဒါ...ဒါ တယ်နည်းနဲ့မှ ရိုးရိုးသားသား လောင်တာ မဖြစ်နိုင်ဘူး'

အမတ်ကြီးသည် နားထင်ပေါ်မှ လက်ကို အောက်သို့ချလိုက်၏။ သူသည် သူ့အား ဖေးမထားသည့် ရဲမက်များကို အသာတွန်းဖယ်လိုက်၏။

'မင်းတို့သွားငြိမ်းကြပါ၊ မီးကို မငြိမ်းရင် အကုန်လုံး လောင်မှာပေါ့၊ ဒါပေမယ့်...'

'ဒါပေမယ့် ဘာဖြစ်သလဲ အမတ်ကြီး'

'မင်းတို့သွားရင် အစောင့်တွေရဲ့ သုံးပုံတစ်ပုံထက် ပိုမသွားစေနဲ့၊ သုံးပုံတစ်ပုံလောက်သွား မီးသတ်၊ ကျန်တဲ့လူတွေက အိမ်တော်ကို စောင့်ရှောက်ကြ၊ ဒီကိစ္စမျိုးဟာ ဖြစ်ရိုးဖြစ်စဉ်ကိစ္စမျိုး မဟုတ်ဘူးဆိုတာ သွေးသောက်ကြီး လဲ သိမှာပဲ၊ အဲ့ဒီတော့ သတိထားပါ'

'ဟုတ်ကဲ့၊ ကျွန်တော်တို့ နားလည်ပါတယ်'

သွေးသောက်ကြီးက ပြောလိုက်၏။

'ကဲ...ကဲ...သွားကြ သွားကြ'

သွေးသောက်ကြီးသည် အမတ်ကြီးကိုအရိုအသေပြုပြီး ထွက်သွား၏။ သူ့နောက်၌ စစ်သည်ရဲမက်များ ပါသွားသည်။ အမတ်ကြီးသည် သူတို့၏ ကျောပြင်ကို ငေးကြည့်နေလေ၏။

ဤသို့ဖြင့် တစ်ညတာ ကုန်ဆုံးသွားခဲ့လေ၏။

နောက်တစ်နေ့တွင် နယ်စားကြီး လုပ်ကြံခံရသော သတင်းမှာ ဖုံးမနိုင်ဖိမရ ပျံ့လွင့်ထွက်လာ၏။



စိကွမ်မြို့သူမြို့သားများသည် စည်းစိမ်ခံပျော်ပါးနေသော နယ်စားကြီးအား မကြည်ညိုကြချေ။ လေးလည်း မလေးစားချေ။ ပဒေသရာဇ်နယ်စားကြီး တစ်ယောက် ဖြစ်သဖြင့် ကြောက်ရွံ့၍သာ ငြိမ်ခံနေကြခြင်း ဖြစ်သည်။

သို့သော် နယ်စားကြီး၏ မျိုးရိုးက ရှိသေးသည်။ ထိုမျိုးရိုးကို နှစ်ပေါင်းများစွာ အုပ်စိုးလာသဖြင့် အသွေးထဲ အသားထဲက ထိုမျိုးရိုးကို ကြောက်ရွံ့သောစိတ်က ရှိနေသေးသည်။

ထို့ကြောင့် နယ်စားကြီး မည်သို့သေဆုံးရသည်ကို သိရှိလိုသော မြို့သူမြို့သား မြောက်မြားစွာသည် နယ်စားကြီး၏ စံအိမ်တော်ရှေ့သို့ စုဝေးရောက်ရှိလာကြလေ၏။

ထိုအချိန်တွင် စံအိမ်တော်ဝင်းအတွင်းရှိ ခန်းမဆောင်ကြီးထဲ၌ အစည်းအဝေးတစ်ရပ် ကျင်းပနေသည်။

အစည်းအဝေးကြီးတစ်ရပ်ကျင်းပနေသည် ဆိုခြင်းထက် နယ်စားကြီး လုပ်ကြံခံရခြင်းအတွက်အိမ်တော်စောင့် စစ်သည်ရဲမက်များကို စစ်မေးနေသည်ဆိုခြင်းက ပိုမှန် ပေလိမ့်မည်။

အစောင့်စစ်သည် ရဲမက်များမှာ အားလုံး အစစ်ဆေးခံကြရသည်။ သို့သော် အစစ်ဆေးခံသည့်ရဲမက်တော်အားလုံး နယ်စားကြီး လုပ်ကြံခံရသည့် အကြောင်းကို ရေရေရာရာ အစစ်ခံနိုင်သူ မရှိချေ။

ထိုအထဲတွင် ရဲမက်တော် သွေးသောက်ကြီး၏ အစစ်ခံချက်မှာ အပြည့်စုံဆုံး ဖြစ်သည်။

'အဲဒီကိစ္စမှာ ကျွန်တော်တို့ ပေါ့လျော့ဘယ်ဆိုတာ လုံးဝ မဖြစ်နိုင်ပါဘူး၊ တာဝန် ကျသူတွေဟာလဲ ကိုယ်စီကိုယ်စီ တာဝန်ကျေကြပါတယ်၊ ရန်သူ ဝင်ရောက် လာ တာ ကို လဲ လုံးဝမတွေ့ကြရပါဘူး၊ ကျွန်တော်တို့ စံအိမ်တော် ဝင်း အတွင်းမှာ အစောင့်ကင်းတဲ အားလုံးငါးခုရှိပါတယ်၊ အဲဒီ ကင်းစခန်းတွေမှာ စစ်သည်ရဲမက် အုံးယောက်စီ ထားပါ တယ်'

သွေးသောက်ကြီးသည် တံတွေတစ်ချက်မျိုချလိုက်၏။

'တံခါးမကြီးမှာ ကျွန်ဘော်အပါအဝင် ရဲမက် ဆယ် နှစ် ဦး ရှိပါတယ်၊ ကျွန်တော်တို့ တာဝန်နဲ့ဝတ္တရား ရှိတဲ့အတိုင်း ကြပ်ကြပ်မတ်မဘ် စောင့်ရှောက် ကြပါတယ်၊ ကျွန်တော့် တာဝန်က ကင်းစခန်းငါးခုကိုလဲ လှည့်ပတ် စစ် ဆေး ရ ပါ တယ်၊ ကင်းစခန်းတွေရဲ ထူးခြားတဲ့ သတင်းကိုလဲ ရယူရ ပါတယ်၊ ညကတော့ ဘာမှထူးခြားတဲ့သတင်းကို မရပါဘူး'

စစ်ဆေးနေကြသော မှူးစားကြီးများနှင့် အမတ်ကြီးကျိုကဲလောက်တို့သည် အစစ်ခံနေသော သွေးသောက်ကြီး၏ စကားများကို ခေါင်းတညိတ်ညိတ် နားထောင်နေကြ၏။

'ညက ထူးခြားတဲ့သတင်းတော့ ဘာမှမရပါဘူး၊ ဒါပေမယ့် ထူးခြားတဲ့အဖြစ်တစ်ရပ်ကိုတော့ ကြုံတွေ့ကြရပါတယ်၊ ထူးခြားတဲ့ဖြစ်ရပ်ကတော့ သူငယ်အိပ်ချိန်လောက်မှာ စံတော်အိမ်ရဲ့ အရှေ့ဘက်ကိုက်ငါးရာအကွာမှာရှိတဲ့ နတ်ကွန်းကို မီးလောင်တာပါပဲ'

မှူးစားကြီးများမှာ အံ့ဩသွားသည်။



သွေးသောက်ကြီးက ဆက်၍ ပြောသည်။

'အဲဒီအချိန်မှာ ကျွန့်ဘော်ဟာ ဝင်းတံခါးက ကင်း စခန်းမှာရှိပါတယ်၊ ကျွန်တော်တို့ရှိနေတဲ့ ကင်းစခန်းက မီးလောင်တဲ့နေရာကို မမြင်နိုင်ပါဘူး၊ မြင်ရတဲ့ ကင်းစခန်း က ရဲမက်တော်တစ်ယောက်ပြေးလာပြီး ကျွန်တော့်ကိုသတင်း ပို့ပါတယ်၊ ဒီတော့ ဒီမီးသတ်ဖို့ အမိန့်လိုပါတယ်၊အမတ်ကြီး ကျိုကဲလောက်ကို သွားပြီးသတင်းပို့ပါတယ်'

မှူးစားကြီးတစ်ဦးက မေးသည်။

'အဲ့ဒီအချိန့်မှာ အမတ်ကြီးအိပ်နေပြီပေါ့ ဟုတ်လား'

'ဟင့်အင်း....မအိပ်သေးပါဘူးခင်ဗျာ၊ အမတ်ကြီးဘာ လုပ်နေတယ်ဆိုတာတော့ မသိပါဘူး၊ ကျွန်တော့် စိတ်ထင် တော့ စာရင်းတွေ စစ်နေတယ်လို့ ထင်ပါတယ်၊ ကျွန်တော်က မီးလောင်တဲ့အကြောင်း ပြောပြတော့ ဒါဟာ ဖြစ်ရိုးဖြစ်စဉ် မဟုတ်တဲ့အကြောင်း ပြောပါတယ်'

'မီးငြိမ်းသတ်ဖို့ အစောင့်အကုန်လုံး သွားဖို့မလိုဘဲ အကြောင်း၊ အစောင့်သုံးပုံတစ်ပုံသာသွားပြီး မီးငြိမ်းသတ်ဖို့ အကြောင်းပြောပါတယ်'

'အဲဒါနဲ့ သွေးသောက်ကြီးဟာ အဲ့ဒီမီးလောင်တဲ့နေရာ ကို ပြေးတာပဲလား၊မီးလောင်တာကို သွားငြိမ်းသတ်သလား'

'ဟုတ်ပါတယ်ခင်ဗျာ၊ ငြိမ်းသတ်ပါတယ်'

'အဲဒီအချိန်မှာ ကင်းစခန်းတွေမှာ. အစောင့်တွေ နိုးနိုး ကြားကြားရှိနေရဲလား'

'ရှိပါတယ်၊ အားလုံးက မီးလောင်တဲ့အကြောင်း သိနေကြတော့ နိုးနိုးကြားကြားဖြစ်နေကြတာပေါ့၊ ကျွန်တော် မီးလောင်ရာကိုမသွားခင် စခန်းတွေအားလုံးကို လှည့်စစ်ဆေးပါတယ်၊ အမတ်ကြီးပြောတဲ့စကားကို ပြောပါတယ်၊ အားလုံး သတိထားဖို့ သတိပေးပြီး စစ်သည်သုံးပုံတစ်ပုံကိုခေါ်ပြီး ကျွန်တော် မီးငြိမ်းသတ်ဖို့ထွက်ခဲ့ပါတယ်'

'သွေးသောက်ကြီး ဆက်သာပြောပါ၊ စကားကိုရပ်ရပ်မထားပါနဲ့'

မှူးစားကြီးတစ်ဦးက စိတ်မရှည်သလိုပြောသည်။

သွေးသောက်ကြီးက ထိုမှူးစားကြီးကို ကြည့်လိုက်သည်။

'မဟုတ်ပါဘူးခင်ဗျာ၊ မှူးစားကြီးတွေ ရှုတ်တရက် ဝင်မေးရင် ဝင်မေးနိုင်အောင် ကျွန်တော်က ဆိုင်းပြီးဖြေနေတာပါ၊ မှူးစားကြီးတွေ သိချင်တယ်ဆိုရင်လဲ ကျွန်တော် တောက်လျှောက် ဖြေရတော့မှာပေါ့။

'ကျွန်တော်တို့ နတ်ကွန်းဆီရောက်တော့ နတ်ကွန်းတစ်ခုလုံးဟာ မီးတောက်ကြီးက ဖုံးလွှမ်း ဝါးမျိုနေပါပြီ၊ မီးတောက်အရှိန်ကလဲ ဘော်တော်ကောင်းပါတယ်၊ နတ်ကွန်းမှာ တော်တော်ကြီးပါတယ်၊ ဘယ်က စလောင်တယ်ဆိုတာတော့ ကျွန်တော်တို့ မသိပါဘူး။

'အမှေးတိုင် ဖယောင်းတိုင်တို့က စလောင်တာတော့ မဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဖယောင်းတိုင် 'အမွှေးတိုင်တွေက အလွန်ကြီးမားတဲ့ စဉ့်အိုးကြီးတွေထဲမှာထွန်း





ထားတာပဲ၊ ဒါကို ကျွန်တော်တို့ အလျင်ကတည်းက သိပါတယ်'

သူသည် တံတွေးတစ်ချက် မျိုချလိုက်ပြီး....

'ကျွန်တော်ထင်တာတော့ တစ်ယောက်ယောက်က မီးရှို့လိုက်တာလို့ ထင်တာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ရောက်တော့ မီးကအစွမ်းကုန်လောင်နေပြီကိုး၊ တော်ရုံတန်ရုံ မီးလောင်တာဆိုရင်တော့ ကျွန်တော်တို့ ငြိမ်းသတ်နိုင်မှာပါ၊ ဒါပေမယ့် အခုလောင်တာက တဟုန်းဟုန်း ထနေတော့ ရေရှားဘာရှားနဲ့ ကျွန်တော်တို့ ထိုင်ကြည့်နေရတာပဲ'

မှူးစားကြီးတစ်ယောက်က ဝင်မေးသည်။

'နေပါဦး ကျုပ်မေးစမ်းပါဦးမယ်'

'မေးပါ....မေးပါ'

'မင်းတို့ သွားတာနဲ့ စံအိမ်တော်ဝင်းအတွင်းကိုပြန်ရောက်တာ ဘယ်လောက်ကြာသလဲ၊ အချိန်ဘယ်လောက် ကွာဝေးသလဲ'

သွေးသောက်ကြီးသည် စဉ်းစား၍ ဖြေသည်။

'အကြာဆုံး ထမင်းအိုးတစ်လုံးကျက်လောက်ပါပဲ'

'မင်းတို့ စံအိမ်တော်ဝင်းထဲပြန်ရောက်လာတော့ ဘယ်လိုကြုံတွေ့ရသလဲ'

'ဝင်းတံခါးကင်းစခန်းမှာ အမတ်ကြီးကိုယ်တိုင် ရောက်နေပါတယ်၊ လှည့်ကင်းတွေကို အမတ်ကြီးက ဝင်ပြီး ကြီးကြပ်ပေးနေပါတယ်၊ ကျွန်တော်ရောက်တော့ အမတ်ကြီးကို

သွားရောက်သကင်းပို့ပါတယ်၊ နတ်ကွန်း မီးလောင်သွားပြီ ဖြစ်တဲ့အကြောင်း သတင်းပို့ခြင်း ဖြစ်ပါတယ်။

'အမတ်ကြီးဟာ နယ်စားကြီးသိရင် ဘယ်လိုမှ စိတ်ကောင်းနိုင်မှာမဟုတ်ဘူးလို့ ပြောပါတယ်၊ ဒီကိစ္စကို နယ်စားကြီးကို မပြောပြရင်လဲ ကောင်းမှာမဟုတ်ဘူးလို့ ပြောရှာပါတယ်'

'ဒီနောက်တော့ နယ်စားကြီးကို သွားပြောသလား'

'သွားပါတယ်၊ ကျွန်တော့်ကို ခေါ်ပါတယ်၊ နယ်စားကြီးဆီအသွားမှာ ဘဏ္ဍာစိုးကြီးနဲ့တွေ့ပါတယ်၊ ဘဏ္ဍာစိုးကြီးက နယ်စားကြီးဟာ သူ့အိပ်ခန်းမှာ အိပ်စက်နေပြီ ဖြစ်ပါတယ်တဲ့၊ အခုသွားနှိုးရင်လဲ ဘယ်လိုမှနိုးမှာမဟုတ်တဲ့ အကြောင်း ပြောပါတယ်၊ မနက်မိုးလင်းမှ သူ ပြောပေးမယ်လို့လဲ ပြောပါတယ်'

'ဒီတော့...'

'ဘဏ္ဍာစိုးကြီးက ကျွန်တော်တို့ကို နယ်စားကြီးနဲ့ တွေ့ခွင့်မပေးတဲ့အတွက် ကျွန်တော်တို့ ပြန်လာခဲ့ကြပါတယ်၊ ကျွန်တော်တို့ဆိုတဲ့ အမတ်ကြီးနဲ့ကျွန်တော်ပါ'

'နယ်စားကြီး လုပ်ကြံခံရတယ်ဆိုတာ ဘယ်တော့မှ သိတာလဲ'

မြို့စားကြီးတစ်ဦးက ဝင်မေးသည်။

'သွေးသောက်ကြီးက....

'မနက်မိုးလင်းမှခင်ဗျ'

'အဲဒီအချိန်မှာ မင်းက အိပ်နေတယ်ဆို'



'မှန်ပါတယ် ကျွန်တော်အိပ်ဖေါ်တယ်၊ အိပ်တယ်ဆိုတာက ကျွန်တော်တို့ ကင်းတာဝန် ပြီးသွားလို့ပါ၊ ကျွန်တော်တို့ ကင်းတာဝန် ပြီးဆုံးချိန်က အရုဏ်တက်ချိန်ပါ'

'ဘယ်လိုသိတယ်ဆိုတာ ပြောပြပါဦး'

'ကျွန်တော်တို့နဲ့ ကင်းလဲလိုက်တဲ့အဖွဲ့က တပ်သား နှစ်ယောက်ဟာ ပြေးလာပြီးကျွန်တော့်ကိုသတင်းပေးပါတယ်၊ နယ်စားကြီးရဲ့စံတော်အိမ်ပြတင်းပေါက်ဟာပွင့်နေပြီး၊ အဲဒီက ကြိုးတစ်ချောင်း ကျနေတယ်လို့ သတင်းလာပို့ပါတယ်'

'အင်း....ဆက်ပြောပါဦး'

'အဲဒီစစ်သည်ရဲမက်နှစ်ယောက်က ဒီလိုပြောတာကြောင့် အကြောင်းရှိပါတယ်၊ စံအိမ်တော်ရဲ့ ငါးကိုက်အတွင်း ကျွန်တော်တို့ စစ်သည်ရဲမက် အကြပ်သွေးသောက်တွေ ကပ်ခွင့် ကင်းလှည့်ခွင့် မရှိပါဘူး၊ ဒီငါးကိုက်အတွင်းမှာ နယ်စားကြီးနဲ့ အမတ်ကြီးကိုယ်တိုင် ယုံကြည်စိတ်ချစွာ တာဝန်ပေးအပ်ထားတဲ့ စစ်သည်ရဲမက်တွေကသာ ကင်းလှည့်ခွင့်၊ စစ်ဆေးခွင့် ရှိပါတယ်၊ ကျွန်တော်ရဲ့ ရဲမက်နှစ်ယောက်ဟာ အဲဒီစည်းကမ်းကြောင့် ပြတင်းပေါက်က ကြိုးတစ်ချောင်း ကျနေတာလို့ မသင်္ကာမှုနှင့်သိလျက်နဲ့ ကျွန်တော်တို့ကို လာနိုးကြတာပါ၊ သူတို့မှာ သွားရောက်စစ်ဆေးခွင့် မရှိပါဘူး ခင်ဗျာ'

'ဒီတော့ မင်းက ဘာလုပ်သလဲ'

'ဒီတော့ ကျွန်တော်ဘာလုပ်ရမှာလဲ၊ ကျွန်တော့်ကို အမိန့်ပေးနိုင်တဲ့လူကို သွားသတင်းပို့ရတာပေါ့၊ ကျွန်တော်ဟာ အမတ်ကြီးရဲ့အခန်းကို သွားပါတယ် ခင်ဗျာ'

'တွေ့သလား'

'အမတ်ကြီးရဲ့ အခန်းတံခါးဟာ ပွင့်နေပါတယ်၊ ကျွန်တော်ထင်တာ အမတ်ကြီးနိုးနေပြီလို့ ထင်ပါတယ်၊ တကယ်တော့ ကျွန်တော်ထင်တာဟာ မှားနေတာပါ၊ အမတ်ကြီးဟာ စားပွဲပေါ်မှာ ခေါင်းတင်ပြီး အိပ်ပျော်နေတာပါ၊ အမတ်ကြီးဟာ အခွန်စာရင်းတွေကို ရှင်းလင်းနေတာကိုး ခင်ဗျ'

'မင်းက ဘယ်လိုလုပ်သိသလဲ'

'ကျွန်တော်က စားပွဲပေါ်က စာရွက် စာတမ်းတွေကို ကြည့်မိတာပါ၊ အခွန်စာရင်းတွေဆိုတာ ကျွန်တော် သိပါတယ်'

သူသည် အမတ်ကြီးကျိုကဲလောက်ကို ကြည့်လိုက်လေသည်။

အမတ်ကြီးက....

'ကျုပ်ဟာ အခွန်တော်စာရင်းတွေကို စစ်ဆေးနေတာပါ ဘယ်လိုကနေဘယ်လို အိပ်ပျော်သွားမှန်းမသိပါဘူးခင်ဗျာ၊ သွေးသောက်ကြီးလာနှိုးမှ နိုးပါတော့တယ်၊ အလုပ်လုပ်ရင်း အိပ်ပျော်တာဟာ အမှန်တော့ ရှက်စရာပါ'

ကျိုကဲလောက်က သူအိပ်ပျော်ခဲ့မိသည့်အဖြစ်ကို အပြစ်သဖွယ် ဝန်ခံလိုက်၏။



မြို့စားကြီးတစ်ဦးက....

'အင်း....ကျုပ်ထင်တာ မှားသွားပြီပေါ့ဗျာ'

အမတ်ကြီးက အံ့အားသင့်သွားသည်။

'ဘယ်လိုများ ထင်ထားလို့လဲ ဗျာ'

'ကျုပ်တို့က အမတ်ကြီးကို နယ်စားကြီးအနားမှာနေပြီး အခန့်သား စည်းစိမ်ခံစားနေတယ်လို့ ထင်နေတာ၊ အခုတော့ နယ်စားကြီးက စည်းစိမ်ခံစားနေပြီး အမတ်ကြီးက အလုပ်တွေ ကုန်းလုပ်နေရတာကိုး၊ ရှိအန်ပြည်နယ်ရဲ့ အရေးကို အမတ်ကြီးခေါင်းထဲမှာ ထည့်ထားတာကို သိရလို့ အမတ်ကြီးကို ကျေးဇူးတင်ပါတယ်၊ အင်း.... ဒီလိုအလုပ်လုပ်ရင်းနဲ့ အမတ်ကြီး မိုးလင်းခဲ့ပေါင်း ဘယ်လောက် များနေပြီလဲ'

မြို့စားကြီးတစ်ဦးက အလွန်လေးစားစွာ ဝင်ပြောလိုက်သည်။

'ဒီလိုပါပဲဗျာ၊ ဒါက တစ်ခါတစ်ရံပါ'

အမတ်ကြီးက နှိမ့်ချစွာ ပြောလေသည်။

ပထမပြောကြားသည့် မြို့စားကြီးက....

'ကဲ....သွေးသောက်ကြီး၊ မင်းပြောတဲ့ စကားကို ဆုံးအောင်ပြောပါဦး'

ထိုအခါသွေးသောက်ကြီးက ဆက်ပြောသည်။

'အမတ်ကြီးကို ချက်ချင်း ကျွန်တော် နှိုးတာပါပဲ၊ အမတ်ကြီးလဲ နိုးလာပါတယ်၊ ကျွန်တော်က အိပ်ခန်းပြတင်းပေါက်မှာ ကြိုးတစ်ချောင်း ကျနေတဲ့အကြောင်း

ပြောလိုက်တော့ နယ်စားကြီးဟာ မျက်လုံးပြူးမျက်ဆန်ပြူးနဲ့ ကလိုက်လာသောဝဲခင်ဗျာ၊ ကျွန်တော်တို့လဲ နယ်စားကြီးရဲ့ စံတော်အိမ်ဆီ လိုက်လာကာပါပဲ'

သွေးသောက်ကြီးက ဆက်ပြောသည်။

'ကျွန်တော်တို့ စံတော်အိမ်တံခါးကို ခေါက်လိုက်တော့ တံခါးက စေ့ရုံပဲ စေ့ထားတာကို တွေ့ရပါတယ်၊ အမတ်ကြီးက တွန်းဖွင့်ဝင်လိုက်တော့ ဧည့်ခန်းထဲမှာဘဏ္ဍာစိုးကြီး အိပ်ပျော်နေတာကို တွေ့ရပါတယ်၊ ဘဏ္ဍာစိုးကြီးဟာ အတော်အိပ်မောကျနေရှာပါတယ်၊ ကျွန်တော်တို့ အတော်ကိုနှိုးယူရပါတယ်၊ အမတ်ကြီး အပေါ်ထပ်က ကြိုးတစ်ချောင်း တန်းလန်းကျနေတယ်၊ သူခိုးတစ်ယောက်ယောက် ဝင်ခိုးပြီလို့ ထင်တဲ့အကြောင်းပြောလိုက်တော့ တစ်ခါတည်း အပေါ်ထပ်ကို တက်ခဲ့ပြီးတာပဲ'

မှူးစားတစ်ယောက်က မေးသည်။

'အမတ်ကြီးနဲ့ မင်းတက်မလိုက်သွားဘူးလား'

'လိုက်မသွားပါဘူး၊ ကျွန်တော်တို့ အောက်ထပ်မှာ ကျန်နေရစ်ပါတယ်'

'ဧည့်ခန်းထဲမှာပေါ့'

'မှန်ပါတယ်၊ ကျွန်တော့်အနေနဲ့ စံတော်အိမ်ထဲအထိ ဝင်လိုက်လာနိုင်ခွင့်ရှိတာဟာ အမတ်ကြီး ပါလာလို့ပါ၊ အမတ်ကြီးသာ မပါရင် ကျွန်တော်ဟာ စံအိမ်တော်ရဲ့ ဝါးကိုက်ပတ်ဝန်းကျင်ကို မဝင်နိုင်ပါဘူး'

'မင်း စံတော်အိမ်ထဲ မရောက်ဖူးဘူးလား'



'ရောက်ဖူးပါတယ်၊ အဲဒီလိုတာဝန်ရှိသူတွေ ပါလာရင် ရောက်တတ်ပါတယ်၊ ဒါပေမယ့် အပေါ်ထပ်ကိုတော့ တစ်ခါမျှ မရောက်ဖူးပါဘူး'

အမတ်ကြီးက ဝင်ထောက်သည်။

'ဟုတ်တယ်ဗျ၊ ဒီဝင်းထဲက အကြပ်သွေးသောက်တွေ တစ်ယောက်မျှ အပေါ်ထပ် မရောက်ဖူးဘူးလို့ ကျုပ် ယူဆတယ်'

သွေးသောက်ကြီးက ဆက်ပြောသည်။

'ဘဏ္ဍာစိုးကြီးဟာ အဲဒီအပေါ်ထပ်ကို တက်သွားပြီး နယ်စားကြီးကို အတွင်းတံခါးဟာ ပိတ်ထားကြောင်း ခေါ်လို့လဲမရကြောင်း ပြောပါတယ်၊ အမတ်ကြီးတက်လိုက်ပြီး နယ်စားကြီးကို နှိုးပေးပါလို့ ဘဏ္ဍာစိုးကြီးက တောင်းပန်ပါတယ်'

'ဒါနဲ့ အမတ်ကြီးက တက်လိုက်သွားရောလား'

'အမတ်ကြီးက လိုက်သွားမှ ဖြစ်မယ်လို့ပြောပါတယ်၊ ကိစ္စကတော့ အရေးကြီးနေပြီ သွေးသောက်ကြီးပါ လိုက်ခဲ့လို့ ပြောပါတယ်၊ ဒါနဲ့အမတ်ကြီးရယ်၊ ကျွန်တော်ရယ်၊ ဘဏ္ဍာစိုးကြီးရယ် သုံးယောက်သား အပေါ်ထပ်ကို တက်လိုက်သွားပါတယ်၊ အပေါ်ထပ်ရောက်တော့ ဘဏ္ဍာစိုးကြီးပြောတဲ့အတိုင်း နယ်စားကြီးရဲ့ အခန်းတံခါးကို အပြင်က ဖွင့်လို့မရပါဘူး၊ အတွင်းကနေ ပိတ်ထားပါတယ်။ အမတ်ကြီးဟာ အတော့်ကို နှိုးပါတယ်၊ နယ်စားကြီးအနေနဲ့ဘယ်နည်းနဲ့မှ ဒီလောက်အိပ်ပျော်စရာအကြောင်း

မရှိလို့ တွက်ဆပြီး အမတ်ကြီးဟာ ကျွန်တော်နဲ့ ဘဏ္ဍာစိုးကြီးကို တံခါး ဖျက်ခိုင်းပါတယ်၊ ကျွန်တော်နဲ့ဘဏ္ဍာစိုးကြီးနှစ်ယောက် တံခါးကို ရိုက်ဖျက်ကြတာပါ’

သွေးသောက်ကြီးသည် သက်ပြင်းရှိုက်သည်။

‘တံခါးလဲပွင့်သွားရော အိပ်ဆောင်အတွင်းမှာ မှောက်နေတဲ့ နယ်စားကြီးကို တွေ့ရတော့တာပဲ၊ ဒါနဲ့အမတ်ကြီးလဲ စိုးရိမ်တကြီးနဲ့ ပြေးပွေ့တာပဲ၊ ဒါပေမယ့် နယ်စားကြီးဟာ အသက်မရှိတော့ပါဘူး၊ ဒါနဲ့ကျွန်တော်တို့လဲ အခန်းကို စစ်ဆေးကြပါတယ်၊စစ်ဆေးကြည့်လိုက်တော့ ဘယ်ဘက်ရင်အုံမှာ စူးဝင်နေတဲ့ ဓားဒဏ်ရာတစ်ချက် တွေ့ပါတယ်။

‘အမတ်ကြီးဟာ ချက်ချင်းပဲ သမားတော်ကြီးကို ခေါ်ပါတယ်၊ ပြပါတယ်၊ သမားတော်ဟာ ချက်ချင်းစစ်ဆေးပါတယ်၊ ဓားချက်က တစ်ချက်တည်းဆိုပေမယ့် နှလုံးကို ထိအောင် ထိုးနိုင်တဲ့အတွက် ဓားချက် တစ်ချက်တည်းကပဲ သေနိုင်ပါတယ်တဲ့။

‘နောက်ပြီး ဓားဟာ အင်မတန် ပြင်းထန်တဲ့ အဆိပ်ကို သုတ်လိမ်းထားလို့ နယ်စားကြီးဟာ ဓားဒဏ်ရာနဲ့ မသေတောင် အဆိပ်ဒဏ်ရာနဲ့ သေနိုင်တယ်လို့ ပြောပါတယ်’

မှူးစားကြီးတစ်ဦးက....

‘နယ်စားကြီးကို လုပ်ကြံခဲ့တဲ့ လူသတ်သမားဟာ ဘယ်ပုံဘယ်နည်းနဲ့ အိပ်ခန်းဆောင်ထဲ ဝင်ရောက်ပြီး နယ်စားကြီးကို လုပ်ကြံနိုင်သလဲဆိုတာကိုသာပြောပါ၊ အောက်မှာကလဲ မင်း



တို့ ဝိုင်းဝိုင်းလည်အောင် စောင့်ကြပ်နေကြတာ မဟုတ်လား’

အခြား မှူးစားတစ်ဦးက....

‘ဒါတင်ဘယ်ကမလဲ ဒီအစောင့်အကြပ်တွေ ကြားထဲက ဒီလုပ်ကြံတဲ့လူ လွတ်အောင် ထွက်သွားနိုင်တာကလဲ ထူးခြားနေတာပေါ့၊ အဲဒါတွေ ဘယ်လိုအဆက်အစပ် ရှိတယ်ဆိုတာကိုသာ ပြောပြပါ’

သွေးသောက်ကြီးက....

‘လူသတ်သမားဟာ တစ်ကိုယ်တော် ဖြစ်ဖို့များပါတယ်၊ ဘယ်လိုနည်းနဲ့ အိပ်ခန်းဆောင်ထဲကို ရောက်သွားသလဲဆိုတာတော့ ကျွန်တော်တို့လဲ နားမလည်နိုင်အောင် ဖြစ်ရပါတယ်၊ လူသတ်သမားဟာ နယ်စားကြီးကို လုပ်ကြံတဲ့ နောက် ပြတင်းပေါက်က ကြိုးနဲ့ ခိုဆင်းသွားတယ်ဆိုတာတော့ ကျွန်တော်တို့ သိပါတယ်။

‘ဒါပေမယ့် ခက်တာက ဒီ လူသတ်သမားကို ဘယ်အစောင့်ကမှ မတွေ့ခဲ့တာပါဘဲ၊ ဒါပေမယ့် ဒီလူသတ်သမားဟာ တပ်ဖိုလ် ကျင့်ရွာကိုတော့ တွေ့သွားပုံရတယ်၊ တပ်ဖိုလ်ကျင့်ရွာလဲ အသတ်ခံလိုက်ရပါတယ်’

‘တပ်ဖိုလ်ကျင့်ရွာ အသတ်ခံရတာ ဘယ်မှာလဲ’

‘ဥယျာဉ်ထဲမှာပါ’

‘ဥယျာဉ်ထဲကို သွားဖို့ သူ့မှာအခွင့်ရှိသလား’

‘တာဝန်အရ တပ်ဖိုလ်ကျင့်ရွာဟာ အမတ်ကြီးရဲ့ လုံခြုံရေး တာဝန်ကို ယူရတဲ့လူ ဖြစ်ပါတယ်၊ စံတော်အိမ် ခြံဝင်း

လုံခြုံရေးနဲ့ သက်ဆိုင်သူမဟုတ်ပါဘူး၊ ဒါပေမယ့် ပြည်နယ်ရဲ့ အခြေအနေ ဆိုးရွားနေလို့ အမတ်ကြီး စံတော်အိမ်ဝင်းထဲ လာနေတော့ သူလဲ ခြံဝင်းထဲကို ရောက်လာတာပေါ့။

'သူဟာ အမတ်ကြီးသွားတဲ့နေရာကို တကောက်ကောက်လိုက်နိုင်ခွင့်ရှိတော့ သူ့ကို ဘယ်မသွားရဘူး၊ ဘယ်မလာရဘူးလို့ ပြောနိုင်ခွင့် မရှိပါဘူး'

'အေး….ဒီလိုဆိုရင်တော့ တပ်ဗိုလ်ကျင့်ရှာဟာ စံတော်အိမ်ခြံဝင်းထဲ ဝင်နိုင်ခွင့် ရှိတာပေါ့'

'ယေဘုယျတော့ ရှိတယ်လို့ပဲ ပြောရမှာ ဖြစ်ပါတယ်၊ ကျွန်တော့ စိတ်ထင် ကျင့်ရှာဟာ လူသတ်သမားကို မသက်သာဖြစ်ပြီး တားဆီးပါလိမ့်မယ်၊ လူသတ်သမားဟာ အစကတည်းက အပြတ်ရှင်းဖို့ ကြံထားတဲ့လူဆိုတော့ သူ့ကို တားတားတစ်ခါတည်း အပြတ်ရှင်းလိုက်တာနဲ့ တူတာပါပဲ'

'လူသတ်သမားနှစ်ယောက် လာတာဖြစ်နိုင်တယ်၊ အောက်က စောင့်နေတဲ့ လူသတ်သမားက သတ်သွားတာလဲ ဖြစ်နိုင်တာပဲ'

မှူးစားကြီး တစ်ယောက်က ဝင်၍ ထင်မြင်ချက်ပေးလေသည်။

သွေးသောက်ကြီးက….

'ဒါလဲ ဖြစ်နိုင်တာပါပဲ၊ ဒါပေမယ့် လူသတ်သမားကို ကျွန်တော်တို့ အစောင့်တွေက လုံးဝမတွေ့လိုက်ရတာကတော့ ထူးဆန်းနေပါတယ်'



'ကဲ….သွေးသောက်ကြီးကတော့ တော်ပါပြီ၊ လူသတ်သမား စံတော်အိမ်ထဲကို ဘယ်လိုဝင်ရောက်နိုင်သလဲ ဆိုတာ ခန့်မှန်းနိုင်ဖို့ ဘဏ္ဍာစိုးကြီးကို စစ်ဆေးကြစို့'

သူတို့သည် ဘဏ္ဍာစိုးကြီးကို ခေါ်ယူ၍ စစ်မေးကြလေသည်။

## [ ၇၀ ]

### အဖြစ်မှန် လျှို့ဝှက်ချက်

မြို့စားကြီး ငါးဦး၏ ထောက်ခံမှုဖြင့် အမတ်ကြီးကို ကျိုက်လောက်၏ သားဖြစ်သူ ကျီဟန်စင်ကို နယ်စားကြီး အဖြစ် ရွေးချယ်တင်မြှောက်လိုက်ကြသည်။

ဤသတင်းကို ထုတ်ပြန်လိုက်သောအခါတွင် စီကွမ်မြို့တော် အတွင်းတွင် မကျေနပ်သူများ ရှိကြလေ၏။ ဘုရင်ကေရာဇ် ၏ အမိန့်တော်ကို ဆန့်ကျင်ပြီး ဤသို့လုပ်နိုင်ခွင့် ရှိသလောဟု စောကြောနေကြ၏။

တကယ်တော့ နေပြည်တော်ကလည်း ပြည်နယ်များ တစ်ခိုလ် တစ်မင်း လုပ်နေသည်ကို မစိုးမိုး မအုပ်ချုပ်နိုင်ပေ။

ဤသို့ဖြင့် ကောရှင်၏ ဩဇာအာဏာမှာ မစူးရှတဲ့ ဖြစ်နေသည်။

နယ်ပယ်ဒေသအတွင်းရှိ အများစုကတော့ ဆူပူနေသော အခြေအနေအရ အားကိုးရာ ရှာခြင်းဖြစ်သည်ဟု တွက်ဆပြီး ကျေနပ်လက်ခံကြရသည်။

ကိုယ့်ဘာသာပင် ဘယ်ပြေးရမည်မှန်း မသိသော အခြေအနေ၌ နယ်စားအုပ်စိုးမှုကိစ္စကို အသေအချာ ဆန်းစစ်မနေနိုင်ကြချေ။

မြို့စားများနှင့် အမတ်ကြီးတို့ အဖွဲ့သည် ကျိုဟန်စင်အား နယ်စားအဖြစ် ရွေးကောက်တင်မြှောက်လိုက်ခြင်းကို ကြေညာသော်လည်း နယ်စားကြီး လုပ်ကြံခံရခြင်းကိုတော့ အသေးစိတ်မကြေညာပေ။ အသေးစိတ် ကြေညာပါက မကျေနပ်သူများ ပွားများလာမည်ကို မလိုလား၍ ဖြစ်ပေသည်။

သူတို့သည် သွေးသောက်ကြီးကို စစ်ဆေးပြီးသောအခါ ဘဏ္ဍာစိုးကြီးကို စစ်ဆေးကြသည်။ ထိုအခါ ဘဏ္ဍာစိုးကြီးက သူ့အမတ်ကြီးကိုပြောမပြသေးသော ကချေသည်မလေး ဇာတ်ကြောင်းကို ပြောပြလေ၏။

ထိုအခါ အားလုံးသည် နယ်စားကြီးကို ကချေသည်မလေးကသာ သတ်ကြောင်း သိရှိသွားကြလေတော့၏။ ကချေသည်မလေးသည်လည်း ပျောက်ဆုံးနေသည်မဟုတ်ပါလော။

သို့သော် ဤသတင်းကို သူတို့မထုတ်ပြန်ကြချေ။ ထုတ်ပြန်လျှင် နယ်စား၏ဂုဏ်သိက္ခာကျဆင်းသွားမည်မဟုတ်ပါလော။



သေဆုံးသွားသူတစ်ဦးအဖို့ ဂုဏ်သိက္ခာထပ်ကျရလျှင်မကောင်းတော့ပေ။

သို့ရာတွင် စစ်ဆေးသောအဖွဲ့သည် တရားခံ အစစ်အမှန် မိနိုင်ရေးအတွက် ကချေသည်များကို ဖမ်းဆီး စစ်ဆေးရန် စီမံကြတော့သည်။

ဤတွင် ကချေသည် ဝန်အိရှာသည် ပထမဆုံး ကပ်ဆိုက်သူ ဖြစ်လေတော့၏။ ကချေသည် ဝန်အိရှာသည် နယ်စားကြီးနှင့် အဆက်အသွယ်ရှိသော ကချေသည်မပင် မဟုတ်ပါလော။ နယ်စားကြီးနှင့် အဆက်အသွယ်ရှိသော ကချေသည် များမှာ များစွာရှိသော်လည်း အခြားကချေသည်များသည် ဝန်အိရှာလောက် အဆက်အသွယ်မများချေ။

'ကဲ....ကချေသည် ဝန်အိရှာကို ဖမ်းရမယ်၊ တပ်စုတစ်စု ဆိုရင် ရပြီ၊ သွားပေတော့'

တစ်မှူးတစ်ဦးက တပ်ဗိုလ်ကလေးတစ်ယောက်ကို အမိန့်ပေးသည်။ တပ်ဗိုလ်ကလေးသည် ဝန်အိရှာကို ဖမ်းဆီးရန် တပ်စုတစ်စုကို ဦးဆောင်ပြီး သွားရောက်သည်။

'ကဲ ...ဝန်အိရှာ ဘယ်မှာလဲဟေ'

တပ်ဗိုလ်ကလေးက ဝန်အိရှာ၏အိမ်ကို ဝိုင်းစေပြီး အိမ်ပေါ် တက်ရောက်ပြီး အော်ဟစ်မေးလိုက်သည်။ သို့သော် ဝန်အိရှာကို အရိပ်အယောင်မျှပင် မမြင်ရတော့ချေ။

ဝန်အိရှာကား သူ၏အခြွေအရံများနှင့် စံကျွမ်းမြို့တော် အတွင်းမှ မြေလျှိုးမိုးပျံ၍ ထွက်ခွာသွားသကဲ့သို့ လုံးဝ ပျောက်ကွယ်သွားလေ၏။

ကချေသည်မလေး ဝန်အိရှာကား မည်သူနည်း။ ကချေသည်မလေး ဝန်အိရှာမှာ အခြားသူမဟုတ်ချေ။ တိုင်မင်လီ၏ ချစ်ဇနီး မေစင်ကွမ်ပင် ဖြစ်လေတော့၏။

တိုင်မင်လီထွက်ပြေးသွားပြီးနောက် မေစင်ကွမ်နှင့် တိုင်မင်လီ၏နှမတို့သည် အမတ်ကြီး၏အဖမ်းအဆီးကိုခံခဲ့ရ၏။ သို့ရာတွင် သူတို့ကို သည်အတိုင်း လွှတ်ထားသည် မဟုတ်ပါချေ။

စွန်းလွန်တစ်ဂိုဏ်းလုံးသည် မေစင်ကွမ်တို့ကို စောင့်ကြည့်နေသည်သာ ဖြစ်ပါ၏။ မေစင်ကွန်တို့ကို ဖမ်းသွားပြီးနောက် ဂိုဏ်းချုပ်ကြီး စူရှန်ကျန်းက သူ၏ဂိုဏ်းသားများကို စေလွှတ်၍ ကယ်တင်စေခဲ့သည်။

ဂိုဏ်းချုပ်ကြီး စူရှန်ကျန်းနှင့် ဆရာကြီးဟူထိန်လေတို့သည် တိုင်မင်လီလုပ်စရာရှိသည်ကို နောက်ဆံမတင်းဘဲ လုပ်စေရန် မေစင်ကွမ်သေဆုံးသွားပြီဟု ပြောဆိုထားခဲ့ကြသည်။ အစီကတာဝန်ခံ၍ ပြောကြားသူမှာ ဆရာကြီး ဟူထိန်လေ ဖြစ်သည်။

ဆရာကြီးဟူထိန်လေက သူ့ဇနီးသေဆုံးသွားပြီဟု ပြောသောအခါ တိုင်မင်လီမှာ လွန်စွာထိခိုက်သွားခဲ့၏။ ဆရာကြီးဟူထိန်လေက လွမ်းစရာများကို ပြည်နယ်သူ ပြည်နယ်သားများ၏ ဒုက္ခများနှင့်ယှဉ်ပြကာ နာကြည်းစရာများအဖြစ်သွေးထိုးလှုံ့ဆော်လျက် တိုင်မင်လီအား ပို၍ အလုပ် လုပ်စေလိုက်သည်။

တိုင်မင်လီသည် သက်စွန့်ကြိုးပမ်း အမှုထမ်းသည်။ ၎င်းတွင် လူဝါစင်နှင့်တွေ့ပြီး ငြိသွားတော့သည်။ ၎င်းတွင်





ဆရာကြီးဟူထိန်လေသည် အခြေအနေအရပ်ရပ်ကို ချိန်ဆ စဉ်းစားပြီး တိုင်မင်လီနှင့်လူဝါစင်ကို လက်ထပ်ပေးလိုက်ရသည်။

သို့သော် အချိန်မကျဘဲ ၎င်းကိစ္စ မပေါ်ပေါက်စေရန် လူဝါစင်အား လျှို့ဝှက်ထားပါမည်ဟူသော ကတိကို တောင်းထားခဲ့၏။ လူဝါစင်ကလည်း ကတိပေးထားသဖြင့် ၎င်းကိစ္စမှာ လောလောဆယ် အေးချမ်းနေသည်။

စွန်းလွန်ဂိုဏ်းချုပ်ကြီး စူရှန်ကျန်းနှင့် ဆရာကြီး ဟူထိန်လေတို့သည် မေစင်ကွမ်ကို ကချေသည်မလေး မေစင်ကွမ်အဖြစ် အသွင်ပြောင်းပြီး စီကွမ်မြို့တွင်းသို့ အခြေချပေးခဲ့ကြ၏။

ခေါင်းဆောင်ကြီးများက မေစင်ကွမ်အား ကချေသည်မလေး ဝန်အိရှာအဖြစ် ဟန်ဆောင်စေခဲ့သည်။ အစီကအချက်မှာ မေစင်ကွမ်သည် အိမ်ထောင်သည် ဖြစ်နေခြင်းကြောင့် ဖြစ်သည်။

အိမ်ထောင်သည်ဖြစ်နေသဖြင့်ယောကျ်ားများအကြောင်းကို အပျိုစင်မိန်းကလေးများထက် သိရှိပေသည်။ ထို့ပြင် မေစင်ကွမ်သည် ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းပညာရပ်များကို နဂိုကတည်းကပင် တတ်ကျွမ်းထားရာ ကချေသည်အဖြစ် ဟန်ဆောင်ရန် အခြေခံကောင်းရှိခဲ့သည်။

ထိုမျှသာ မဟုတ်သေးပေ။ မေစင်ကွမ်သည် သိုင်းပညာအဆင့်အတန်းမြင့်သူ ဖြစ်၏။ ထို့ကြောင့် သူ့ကိုယ်သူလည်း ကာကွယ်နိုင်သူ ဖြစ်သည်။ ပါးနပ်သော အရည်အချင်း

ကလည်းရှိနေရာ ဝန်အိရှာအဖြစ် ဟန်ဆောင်ရန် အကောင်းဆုံး ဖြစ်နေတော့သည်။

ထို့ကြောင့်လည်း သူမသည် ကချေသည် ဝန်အိရှာ၏ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်။ စီကွမ်မြို့၌ အကြီးဆုံးရာထူးရှိသူများမှာ နယ်စားကြီးနှင့် အမတ်ကြီး ကျိုကဲလောက်တို့ပင်။ သူမသည် ရာထူးအကြီးဆုံး နယ်စားကြီးနှင့် အမတ်ကြီးတို့ထံမှ ရသမျှသတင်းကို နှိုက်ယူခဲ့၏။

ယခုမူကား ဝန်အိရှာအနေဖြင့် စီကွမ်မြို့၌ ဆက်လက်နေထိုင်ရန် မဖြစ်တော့ချေ။ သူမအား ဖမ်းဆီး စစ်ဆေးတော့မည်ကို ကြိုတင်သတင်းရရှိထားသော မေစင်ကွမ်သည် သူ၏အခြွေအရံ မိန်းကလေးများကို ခေါ်ကာ ဇော့စီးစွာ ထွက်ခွာသွားခဲ့၏။

သူမသည် တစ်ဦးတည်း လှုပ်ရှားနေသူမဟုတ်ပေ။စွန်းလွန်ဂိုဏ်းချုပ်ကြီး စူရှန်ကျန်းနှင့် ဆရာကြီး ဟူထိန်လေတို့နှင့် အဆက်အသွယ်ရှိပြီး ခေါင်းဆောင်ကြီးများက ညွှန်ကြားသည့်အတိုင်း လှုပ်ရှားနေသူ ဖြစ်ပေသည်။ အထူးသဖြင့် ဆရာကြီး ဟူထိန်လေသည် သူမအား အထူးညွှန်ကြားခဲ့သူဖြစ်သည်။

အရေးကြုံသည့်အခါတိုင်း သူမ မည်သည့်နေရာသို့ သွားရမည်ကို ဆရာကြီး ဟူထိန်လေက သူမကို ညွှန်ကြားခဲ့ပြီး ဖြစ်သည်။

သူမအား စစ်သင်္ချေမက်များက လာရောက်ဖမ်းဆီးသော အချိန်တွင် သူမနှင့် အခြွေအရံများသည် မိုစန်းတောင်ပေါ်



တွင်ရှိသော စွန်းလွန်ကျောင်းတော်ကြီးသို့ ပြန်လည်ရောက်ရှိနေကြ၏။

ထိုကျောင်းတော်ကြီးတွင် သမားတော်ကြီး ယန်ရှေးဟုန်လည်း ရောက်ရှိနေသည်။ထိုသမားတော်ကြီးကို အားလုံးက သိရှိကြပေသည်။

ကပ်ရောဂါကျရောက်နေသည့် စီကွမ်မြို့တစ်မြို့လုံးကို ကယ်တင်ခဲ့သော သမားတော်ကြီးပေတည်း။

သို့သော် ထိုသမားတော်ကြီးသည်ယန်ရှေးဟုန်၏ပုံသဏ္ဌာန် အသွင် မဟုတ်တော့ပေ။ဆရာကြီး ဟူထိန်လေဖြစ်နေပေသည်။ သမားတော်ကြီး ယန်ရှေးဟုန်သည် ဆရာကြီးဟူထိန်လေပေတည်း။

ဆရာကြီး ဟူထိန်လေသည် အလွန်အလုပ်များသူဖြစ်၏။ မေစင်ကွမ်ကို ကချေသည်မလေး ဝန်အိရှာအဖြစ် ရုပ်ပြောင်းပြီး နယ်စားကြီးအမတ်ကြီးတို့ထံမှ ရသမျှသတင်း နှိုက်ယူစေသကဲ့သို့ သူသည်လည်း သမားတော်ကြီးယန်ရှေးဟုန်အဖြစ် ရုပ်ပြောင်းပြီး အမတ်ကြီးအား သူဖြစ်စေချင်သည့် အကြံများကို အကြံပေးခဲ့ပေသည်။

အမတ်ကြီးကလည်း ယုံယုံကြည်ကြည် လိုက်လုပ်သဖြင့် သူ့အဖို့ အလွန်ဟန်ကျနေခဲ့လေ၏။

ဟူထိန်လေသည် လူဝါစင်ကို တိမ်ပေါ်ပျံလွှားတည်းဟူသော လူယုတ်မာ၏ လက်မှ ကယ်တင်ခဲ့ပြီး ယခုမှ ပြန်ရောက်လာခြင်း ဖြစ်သည်။

သူ ပြန်လာခဲ့သောခရီးမှာ မနီးလှပေ။ သို့သော် ဟူထိန်လေသည် စွန်းလွန် ကျောင်းတော်ကြီးကိုကား ဗဟိုစခန်းအဖြစ် သတ်မှတ်ထားသဖြင့် အမြဲတမ်း ပြန်လာခဲ့ရသည်။

သူ ယခု ပြန်လာခဲ့ရာတွင် လူဝါစင်၂ါရှိလာသဖြင့် မေစင်ကွမ်နှင့် လူဝါစင်တို့မှာ တွေ့ရှိသွားကြသည်။ သို့သော်သူတို့နှစ်ယောက်စလုံး လူတစ်ယောက်တည်း၏ ဇနီးများ ဖြစ်နေသည်ကို မသိကြချေ။

သို့ငြားသော်လည်း သူတို့နှစ်ဦးမှာမြင်မြင်ချင်းညီမအရင်းကဲ့သို့ ချစ်ခင်မိကြသည်။ ထို့ကြောင့် အဖြစ်မှန်ကို သိရှိထားသည့် ဂိုဏ်းချုပ်ကြီး စူရှန်ကျန်းနှင့် ဟူထိန်လေတို့သည်ကျိတ်၍ သက်ပြင်းချကြရသည်။

ဟူထိန်လေမှာ ကျောင်းတော်၌ အေးအေးဆေးဆေးမနေနိုင်ရှာပေ။

သူသည် မေစင်ကွမ်နှင့် လူဝါစင်တို့အားသိုင်းပညာတက်ပေးရန် ဂိုဏ်းချုပ်ကြီး စူရှန်ကျန်းထံသို့ အပ်နှံပြီးခရီးပြန်ထွက်သွားတော့သည်။

[ ၃၂ ]

နယ်စပ်မြို့

နယ်စပ်တွင် မာန်ကျူးပြည်နယ်က စိုးမိုးနိုင်ရန် တပ်မှူးဟောင်ချင်းယူ ဦးဆောင်သော တပ်ကြီးကို စေလွှတ်ခဲ့သည်။

ဟောင်ချင်းယူသည် အတွေ့အကြုံများသူဖြစ်၏။ သို့သော် အရည်အချင်းမရှိသောတပ်ဗိုလ်ကလေးတစ်ဦးကိုရှေ့ပြေးတပ်အဖြစ်စေလွှတ်ခဲ့သဖြင့်သူဦးဆောင်ခဲ့သောတပ်မကြီးမှာပြိုကွဲပျက်စီး ခဲ့ရသည်။

ထို့ကြောင့် မာန်ကျိုးနယ်မှတပ်များသည် နယ်ခြားဒေသ၌ ကျူးကျော်ခြင်း၊ တိုက်ခိုက်ခြင်း၊စွက်ဖက်ခြင်းတို့မရှိတော့ချေ။

ထိုအခြေအနေ အရပ်ရပ်ကို တိုင်မင်လီက ကွမ်တန်နယ်စပ်တောကြီးထဲ၌ ရှိနေသော တန်ရာပင်းထံသို့အကြောင်းကြားလိုက်လေ၏။

သူ အကြောင်းကြားပြီး မကြာမီ တန်ရာပင်းထံမှလည်း သူ့အခြေအနေကို ပြန်လည် အကြောင်းကြားလာလေ၏။

တန်ရာပင်း ပေးပို့သည့် သတင်းတွင် ဟူထိန်လေသည် သူ့စခန်းသို့ ရောက်ရှိလာကြောင်း၊ ဟူထိန်လေက တိုင်မင်လီအား မာန်ကျိုးနယ်စပ်တွင်ပင် တပ်စွဲထားလိုကြောင်း၊ မာန်ကျိုးနယ်စပ်တွင် တပ်စွဲထားချိန်တွင် အတွင်းပိုင်းသို့ ထိုးဖောက်ပြီး နယ်စား ကောင်လီဟန်၏ လှုပ်ရှားမှုများကို ထောက်လှမ်းရန် လိုကြောင်းကိုပြောဆို အကြောင်းကြားသည်။

တန်ရာပင်းသည် သူ့ ကိုယ်ရေးကိုယ်တာများကိုလည်း အကြောင်းကြားသည်။ သူ့ကိုယ်ရေးကိုယ်တာဆိုသော်လည်း သူ့ညီမအကြောင်းသာ ဖြစ်သည်။

သူ့ညီမဖြစ်သူ တန်မင်ယုနှင့် မြင်းတပ်မှူးအင်ကာဟိန်တို့သည် သူ့ထံသို့ ရောက်ရှိပူးပေါင်းနေကြကြောင်းနှင့် စိကွမ်မြို့ အခြေအနေမှာ လွန်စွာ ဆိုးရွားနေကြောင်းတို့ကို ရေးသား အကြောင်းကြားခဲ့ပေ၏။



ဤသို့ အကျိုးအကြောင်းကို သိရသောအခါ တိုင်မင်လီသည် ထိုအကြောင်းချက်အတိုင်း ဆောင်ရွက်ရန် ပြင်ဆင်ရတော့၏။ ထိုအစီအစဉ်မှာ မာန်ကျိုးပြည်နယ်အတွင်းပိုင်းသို့ နက်နက်ရှိုင်ရှိုင်း ထောက်လှမ်းရန်ပင် ဖြစ်တော့သည်။

နယ်စပ်၌ လှုပ်ရှားနေသောသူ၏တောပုန်းအဖွဲ့ကိုလည်း ဆက်လက်လှုပ်ရှားနေမည်ဖြစ်ရာ သူသည် ဆက်လက်လှုပ်ရှားနေစေရန် စီစဉ်ဆောင်ရွက်ရတော့သည်။ သူကမူ မာန်ကျိုးအတွင်းပိုင်းသို့ ထွက်ခွာရမည်ဖြစ်၍ နောက်ပိုင်း အစီအစဉ်ကျနရန် လိုအပ်ပေသည်။

မှာကြားစရာရှိသည်များကို မှာကြား၊ စီစဉ်စရာရှိသည်များကို စီစဉ်ပြီးနောက် တိုင်မင်လီသည် ဟန်ကျိုးပြည်နယ်အတွင်းပိုင်းသို့ ခရီးထွက်ခွာလာခဲ့လေ၏။ ဟန်စန်ဆိုသောဒေသသို့ ရောက်ရှိလာသည်။

ဟန်စန်ဆိုသော မြို့ကလေးမှာ အတွင်းပိုင်းမြို့ကလေးမဟုတ်ပေ။ ကုန်းအဖျားကျသော မြို့ကလေးဖြစ်သည်။ နယ်စပ် ဒေသနှင့် သိပ်မကွာဝေးလှချေ။

ကွမ်တန်ပြည်နယ်နယ်ခြားနှင့်မူ အတော်ကလေးကွာလှမ်းသည်။ကွမ်တန်ပြည်နယ်နယ်စပ်ဒေသနှင့်ဆိုလျှင် တောင်များ၊ တောများ ကွာခြားသည်။ နယ်စပ်ဒေသနှင့် နီးစပ်သောဒေသဖြစ်၍ အုပ်ချုပ်ရေးလည်း မပေါက်ရောက်လှချေ။

ထို့ကြောင့် ထိုမြို့မှာ ဥပဒေကိုမလေးစားလှပေ။ လူဆိုးလူမိုက်များလည်း ပေါလှသည်။ မြို့လုံးလိုလို လူဆိုးလူမိုက်လူရမ်းကားများ ပြည့်နှက်နေရာ လူကောင်းဆို၍ တစ်

ယောက် တလေမျှပင်ရှိမှရှိပါသေး၏လောဟု တွေးဖွယ်ရာပင် ဖြစ်နေသည်။

တိုင်မင်လီသည် ထိုဟန်စန်မြို့ကလေးသို့ညမိုင်းတွင် ရောက်ရှိလာ၏။

တစ်မြို့လုံးမှာ တပ်မှူးကြီး ဟောင်ချင်းယူ၏ တပ်ဖွဲ့ကြီး တိုက်ခိုက်ဖျက်ဆီးခံရကြောင်း အုတ်အော်သောင်းနင်း ဖြစ်နေသည်။

ချဲ့ကားသော သတင်းများသည်ကောလာဟလများ ပုံးလွှမ်းနေသည်။ ဘောပုန်းခါးပြများသည် ဟန်စန်မြို့ကို ဝင်ရောက်စီးနင်း တိုက်ခိုက်မည်ဟူ၍လည်း သတင်းဖြစ်နေသည်။

သို့သော် လူများစုမှာ ထိုသတင်းကို ဂရုမစိုက်ချေ။ သူတို့လုပ်ရမည့်အလုပ်လောက် အရေးထားရမည့်အလုပ်ဟု ယူဆပုံ မရချေ။ သွားမြဲလာမြဲ ဆက်လက် လှုပ်ရှားနေသည်။ ကောလာဟလများကိုပြောဆိုကြသော်လည်း ထိုသတင်းများကြောင့် မည်သို့တုန်လှုပ်မှုမျှမပြကြချေ။

တိုင်မင်လီသည် ယခင်က ထိုမြို့ကလေးသို့ တစ်ကြိမ်မျှ မရောက်ဖူးချေ။ သို့သော် လူစိမ်းသူစိမ်း တစ်ဦးကဲ့သို့ သူမသွားချေ။ ရောက်ဖူး နေထိုင်ဖူးသူကဲ့သို့ သွားလာနေပေသည်။

သူ့တွင် ခရီးဆောင်အိတ်တစ်လုံးနှင့်ဓားတစ်ချောင်းသာပါရှိသည်။ ခရီးဆောင်အိတ်မှာလည်း သားသားနားနား မရှိချေ။ စုတ်ပြတ်နေသည်။ သူ့ပုံစံမှာ အများသူငါနှင့် ကွဲပြားခြားနားသော ပုံစံမရှိချေ။



ဤအရပ်ကား နယ်စပ်ဒေသနှင့် နီးသောအရပ်ဖြစ်သည်။ လူတစ်ဦးလျှင် ဓားရှည်တစ်ချောင်း၊ သို့မဟုတ် ဓားမြှောင်တစ်ချောင်းတော့ ပါစမြဲဖြစ်သည်။

သို့မဟုတ် အခြားလက်နက် တစ်ခုခုတော့ ပါစမြဲ ဖြစ်သည်။ ဤသည်မှာ သူတစ်ပါးကို ကျူးလွန်စော်ကားရန် မဟုတ်ချေ။ ကိုယ့်ကိုကိုယ် ကာကွယ်ရန်သာ ဖြစ်သည်။

တိုင်မင်လီသည် ခေါင်းငုံ့၍ မသိမသာ ကြည့်လာသည်။ သူသည် တည်းခိုခန်းနှင့် စားသောက်ဆိုင် တွဲထားသော ဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်လာ၏။

ထိုစားသောက်ဆိုင်မှာ ထိုမြို့တွင် အတော်နာမည်ကြီးပုံရသည်။ လူများစွာပင်ဝင်ထွက်နေသည်။ နယ်စပ်မြို့ကလေးတွင် ဤလိုဆိုင်မျိုးရှိသည်မှာ ထူးဆန်းလှ၏။ သာမန်အားဖြင့် ဆိုင်ငယ်များသာ ရှိတတ်ပေသည်။

ဤမျှ လူဝင်လူထွက်များသော ဆိုင်မှာ သတင်းစုံ ရရှိတတ်သည်။ သူသည် ဆုံးဖြတ်ချ ချက်ာ ဆိုင်ထဲသို့ဝင်လေတော့၏။

စားသောက်ခန်းမှာ ကျယ်ဝန်းလှသည် မဟုတ်ချေ။ အလျားဝေနှစ်ဆယ်နှင့် အနံဆယ့်ငါးပေခန့်မျှသာ ရှိလိမ့်မည်။ သို့သော် ဆိုင်တွင်ခင်းကျင်းမှု ပြုလုပ်သည့်လူမှာ အတော်ပင် ကျွမ်းကျင်ပုံ ရသည်။ ရှိသည့်အခန်းထက် ကျယ်သည်ဟုထင်ရအောင် ပြင်ဆင်ခင်းကျင်းထားသည်။

စားသောက်နေသူများမှာ သားနားခြင်းမရှိသော်လည်း ခန်းလုံးပြည့်ပင် စားသောက်နေကြသည်။

စားပွဲထိုးများသည် လျင်လှ၏။ သွက်လက်လှသည်။ ဤမျှ လူများသော်လည်း ညှော်ခံမှု မလစ်ဟင်းချေ။ တိုင်မင်လီ ကိုလည်း အခန်းထောင့်တစ်ခုတွင် နေရာချထားပေးသည်။

တိုင်မင်လီမှာ ခရီးပန်းလာသည်မှန်သော်လည်း အရက် သောက်ချင်စိတ်မရှိပေ။ အရက်သောက်လျှင် ကိုယ်စိတ်လန်း ဆန်းလာသည်ဟုလည်း သူမယုံကြည်ချေ။ ထို့ကြောင့် စား ကောင်းသောက်ဖွယ်များကိုသာ မှာကြားလေ၏။

လာရောက် စားသောက်သူများမှာ လူမျိုးစုံ၊ အသွင်မျိုး စုံဖြစ်သည်။ အားလုံး မည်သူမျှ ငွေကြေး ခြိုးခြံခြင်းမရှိ ကြပေ။ စားချင်သောက်ချင်သည့် အစားအသောက် မှန်သမျှ အားလုံး မှာကြားစားသောက်ကြသည်။

အချို့ ဝိုင်းများမှာ အတော်ပင် မူးနေကြလေပြီ၊ ထို့ကြောင့် မူးမူးရူးရူးဖြင့် ကျယ်လောင် ကျယ်လောင်ပြော နေကြပြီး အချို့မှာ ခပ်တိုးတိုး ပြောဆိုနေကြ၏။ တိုးတိုး ပြောသူများမှာ မမူးသူများဖြစ်ကြသည်။

တိုင်မင်လီသည် သူတစ်ပါးနယ်တဲသို့ရောက်နေပြီး ရန်သူ နယ်ပယ်ထဲ၌ စုံစမ်းထောက်လှမ်းရမည်ဖြစ်ရာ မျက်စိကိုဖွင့် နားကိုစွင့်ထားလေ၏။

သူ၏မျက်လုံးများကလည်း တစ်ချက်တစ်ချက် ဝေ့ကြည့် သည်။ ကျီးကန်းတောင်းမှောက်ပုံစုံမျိုးမဖြစ်စေရန် ဂရုစိုက် ရသည်။ သို့မှသာ သူ့ကိုလူစိမ်းဟု မည်သူမျှ မထင်ကြမည် မဟုတ်ပါလော။

'ဟော'



သူသည် အာမေဋိတ်သံကို စိတ်တွင်းမှသာ ရေရွတ်မိ၏။ အဘယ်ကြောင့်ဆိုသော် အချို့ဝိုင်းမှလူများမှာ သူ့လိုပင် တစ်ဆိုင်လုံး အကဲခတ်နေကြသောကြောင့်တည်း။

ထိုလူများသည် သူ့ထက်ပင် ကဲသေးသည်။ သူက မသိ မသာအကဲခတ်ခြင်းဖြစ်သည်။ ထိုသူများကတော့ အားမနာ ပါးမနာအကဲခတ်နေသည်။

ထိုဝိုင်းမှာ ခေါင်းရင်းဘက်တွင် အချက်အချာကျသော ဝိုင်းဖြစ်၏။ ထိုဝိုင်းမှလူများသည် တိုးတိုးလည်းမပြော ကျယ် လောင် ကျယ်လောင်လည်း မပြောချေ။

တိတ်ဆိတ်စွာထိုင်ပြီး လူများကို အကဲခတ်နေခြင်းဖြစ် သည်။ တိတ်ဆိတ်နေခြင်းကပင် ထိုဝိုင်းကို တိုင်မင်လီ သတိပြု မိစေခြင်းဖြစ်သည်။

သူတို့သည် စကားမပြောဘဲ အရက်နှင့် ဟင်းလျာများကို စားသောက်နေကြသည်။ သို့သော် မျက်လုံးများကတော့ အလွတ်မပေးပေ။ အားလုံးကို အကဲခတ်နေသည်။

တစ်ခါတစ်ရံ တိုင်မင်လီဘက်ပါ မျက်လုံးအကြည့်များ ရောက်လာသဖြင့် တိုင်မင်လီသည် ခေါင်းငုံ့ပြီး အစာစား လိုက်ရလေ၏။

တိုင်မင်လီသည် ထိုဝိုင်းကို အကဲခတ်ကြည့်လိုက်၏။ ထိုဝိုင်း တွင် လူငါးယောက် ထိုင်နေသည်။ ထိုငါးယောက်တွင် နှုတ်ခမ်းမွေးနှင့်လူသည် ခေါင်းဆောင်ဖြစ်ပုံရသည်။

အဘယ်ကြောင့်ဆိုသော် ထိုလူထွားကြီးမှာ အသက်ငါးဆယ်ခန့်ရှိပြီး မျက်လုံးအကြည့်များက စူးရှလှသောကြောင့် ဖြစ်သည်။

ထိုအချက်ကြောင့် ထိုလူကြီးခေါင်းဆောင် ဖြစ်မည်ဟု သတ်မှတ်ခြင်းမဟုတ်ပေ။ ထိုလူ းသည် ချည်ကြမ်းဝတ်စုံကို ဝတ်ဆင်ထားသည်။ ချည်ကြမ်းဝတ်စုံ ဝတ်ဆင်ထားသဖြင့် ထိုလူကြီးကို အထင်မသေးနိုင်ပေ။

ထိုလူကြီး၏ စားသောက်ပုံနှင့် အမြဲတမ်း ညွှန်ကြားပေးနေခြင်းသည်သူတစ်ဦးဟန် ပေါက်နေခြင်းကြောင့် ခေါင်းဆောင် ဖြစ်မည်ဟု သူဆုံးဖြတ်ခြင်းဖြစ်သည်။

ထိုလူစုသည် နယ်စပ်နှင့်နီးသောမြို့၌ ကလေကချေ ဂျပိုးသူခိုးပုံစံ ပေါက်နေသူများ မဟုတ်ကြပေ။ တစ်စုံတစ်ခုကို ကူးသန်းရောင်းဝယ်နေသည့် ကုန်သည်များပုံ ပေါက်နေကြသည်။ ကုန်သည်ပုံ ဟန်ဆောင်ထားသူများဖြစ်သည်။

သူတို့တွင် လက်နက်များလည်းပါသည်။ ဤဒေသတွင် လူတိုင်း လက်နက်ကိုင်ဆောင်ကြသဖြင့် မထူးဆန်းဟုဆိုသော်လည်း ခေါင်းဆောင်ကြီး၏ လက်နက်မှာ အများနှင့်မတူ တစ်မူထူးခြားနေသည်။

ဤဒေသတွင် အများအားဖြင့် ကိုင်ဆောင်ကြသည်မှာ ဆောင်မောင်း ဖြစ်သည်။ အချို့က ဓားမြှောင်များ ကိုင်ကြသည်။ အများသူငါကိုင်ကြသည်မှာဆောင်မောင်းသာဖြစ်သည်။

ခေါင်းဆောင်လူထွားကြီးကိုင်သည့် လက်နက်မှာ ပုဆိန်ကြီးဖြစ်သည်။ ပုဆိန်ကို လူတိုင်းမကိုင်ချေ။ သိုင်းသမား



အချို့ပင် မကိုင်ချေ။ ပုဆိန်ကိုင်သူသည် အင်အား အဆမတန် ကြီးမားမှသာ အဆင်ပြေသည်။

ကျန်လူများသည်လည်း ဓားလက်နက်များကိုသာ အသီးသီး ကိုင်ဆောင်ထားကြသည်။

ခေါင်းဆောင် လူထွားကြီး၏ ညာဘက်နားထင်၌အမာရွတ်ကြီးတစ်ခု ရှိနေခြင်းကြောင့် ဤသူသည် တိုက်ပွဲအတွေ့အကြုံရှိသူ တစ်ဦးဖြစ်သည်ဟု တိုင်မင်လီသည် မြို့သားတစ်ဦးဖြစ်သည်ဟု တိုင်မင်လီ ဆုံးဖြတ်မိ၏။ သူ၏ တပည့်များများမှာလည်း အတွေ့အကြုံရှိသူများ ဖြစ်သည်ဟု ယူဆမိသည်။

တိုင်မင်လီသည် မြို့သားတစ်ဦးပမာ စိတ်လွတ်ကိုယ်လွတ် လှုပ်ရှားနေသဖြင့် သူ့အား မည်သူမျှ သံသယမဖြစ်ကြချေ။ သူ စားသောက်နေစဉ် မည်သည့် အနှောင့်အယှက်မျှ မတွေ့ရချေ။

တိုင်မင်လီသည် ကြားရသမျှကို နားစွင့်ရင်း အစားအသောက်များကို အေးအေးဆေးဆေးပင် စားသောက်နေသည်။

စားသောက်ခန်းအတွင်း လူအများ ပြောဆိုနေကြသည့် အကြောင်းမှာ ဟောင်ချင်းယူ၏တပ်ကြီးပျက်စီးပုံအကြောင်းနှင့် ရှီအန်ပြည်နယ်မှ နယ်စားကြီး ချူချင်းယိုလုပ်ကြံခံရပုံ အကြောင်းပင် ဖြစ်သည်။

ဟောင်းချင်းယူ လုပ်ကြံခံရပုံမှာတိုင်မင်လီအတွက်အဆန်း မဟုတ်ချေ။ ဟောင်ချင်းယူကို သူ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ရှုံ့အန်ပြည်နယ်တွင် နယ်စားကြီး လုပ်ကြံခံရသည့်သတင်းမှာမူ သတင်းထူးဖြစ်သည်။ သူသည် ထိုသတင်းကို မသိချေ။ ထိုသတင်းကို မည်သူကမျှလည်း ပို့မပေးခဲ့ချေ။

သတင်းကို ပြောကြားသူများမှာ နောက်ဆက်တွဲ သတင်းကိုပင် ပြောကြားနေကြသေး၏။ နယ်စားအသစ်ကို ရွေးချယ်တင်မြှောက်ကြသည့် သတင်းပေတည်း။ နယ်စားအသစ်မှာ ကျိုဟန်စင်ဆိုသူ ဖြစ်သည်။

ထိုသတင်းကို ကြားသောအခါ တိုင်မင်လီမှာ လွန်စွာစိတ်ဝင်စားသွားသည်။ ထို့ကြောင့် သူသည် ပိုနားစွင့်လိုက်သည်။

'အဲဒီ ကျိုဟန်စင်ဆိုတဲ့လူက ဘယ်သူလဲကွ'

'ကျိုဟန်စင်ရဲ့အဖေက အမတ်ကြီးတစ်ဦးတဲ့ကွ'

'ကေရာင်ကြီးခန့်တာမဟုတ်ဘဲနဲ့ဒီလိုရွေးချယ်တင်မြှောက်လို့ ရမတဲ့သားကွာ'

'ဟာ....ကေရာင်ကြီးက နာမည်သာ ရှိတာကွ၊ ပြည်နယ်တွေက အကွဲကွဲအပြားပြားဖြစ်ပြီး လုပ်ချင်ရာလုပ်နေကြတာ၊ နေပြည်တော် အင်အားချည့်နဲ့တော့လဲ ဒီလိုဖြစ်တာပေါ့ကွ'

'ဒါနဲ့နေပါဦး၊ ကျိုဟန်စင်ရဲ့ အဖေက ဘယ်ကအမတ်ကြီးလဲ'

'စေ့လန်ပြည်နယ်က အမတ်ချုပ်ကြီးလို့ ပြောကြတာပဲ၊ အင်မတန်တော်တယ်ဆိုပဲ၊ အရည်အချင်းရှိလို့လဲ အမတ်ချုပ်ကြီး ဖြစ်နေတာပေါ့ကွာ'



'ဒါပေါ့ကွာ....ဒီအဖေဟာ တော်ရုံတန်ရုံ အဖေမဟုတ်ဘူးကွ၊ သားဖြစ်သူ နယ်စားတက်ဖြစ်တာကို ကြည့်ပါလား၊ မြို့စားတွေ ထောက်ခံကြတာကိုကြည့် တကယ်တော်တဲ့ အဖေကွ'

'ဒါနဲ့ နေစမ်းပါဦး၊ သတင်းတစ်ခုကြားတာကို မေးပါရစေဦး'

'ဘာသတင်းကြားတာလဲ'

'အဲဒီ စေ့လန်ပြည်နယ်က တပ်မှူးချုပ်ချူမင်ဖုန်းဆိုဘာသူ့တပ်နဲ့ ကွမ်တန်နယ်စပ်ကို ထွက်လာတယ်ဆို'

'ဟုတ်လား၊ ငါတော့ မကြားမိပါဘူး'

'အေးလေ....ငါကြားတာ ပြောတာ၊ ဟုတ်ချင်မှလဲ ဟုတ်မှာပါ၊ ဟော့....အရက်အိုးကြီးတစ်လုံး ယူခဲ့စမ်း၊ မြန်မြန်ယူခဲ့ ဟေ့....စကားပြောလို့ ကောင်းနေတာ၊ အရက်ပြတ်သွားရင် မကောင်းဘူး၊ အရက်ကလေး တစွတ်စွတ်နဲ့မှ စကားပြောလို့ ကောင်းတာ'

'ဆက်ပြောပါဦးကွာ၊ မင်းပြောတဲ့စကားဟာ ထူးဆန်းတယ်ကွ၊ ဘယ်က ကြားလာတာလဲ'

'ဒီလိုပဲ ပြောနေကြတာပဲကွာ'

'ငါ့စိတ်ထင်တော့ ဒီသတင်းဟာ ဖြစ်နိုင်ခြေ နည်းပေမယ့် ဖြစ်နိုင်တယ်လို့ ငါထင်တယ်၊ ကွမ်တန်ပြည်နယ်ကို ကျူးကျော်ဖို့အတွက် ထွက်လာတာ ဖြစ်နိုင်ပါတယ်'

'ဟား ဟား ဟား ဒါကို ငါ ဗေဒင်ဟောလိုက်မယ်၊ တို့ပြည်နယ်က တပ်မှူးကြီး ဘာဖြစ်သွားတယ် ဆိုတာကို သိတယ်မဟုတ်လား၊ တပ်မှူးချုပ် ချူမင်ဖုန်းလဲ ဒီလိုပဲ ဖြစ်

မှာပေါ့ကွာ၊ကွမ်တန်ကို တောပုန်းမ်ားပြတွေ စောင့်ရှောက်နေတယ်တဲ့ကွ၊ဒီဓားပြတွေကတော့ တကယ့်ဓားပြတွေပဲဟေ့၊ ပြည်နယ်စောင့်တပ်ကိုတောင် တိုက်နိုင်သတဲ့၊အံ့ရောကွာ'

'ဟေ့ဟေ့....တော်တော်....မင်းစကားက ရာဇဝတ်ဘေးနဲ့ နီးတယ်ကွ'

'ဟာ....ဒါကနယ်စပ်မြို့ပါကွာ၊ပြည်နယ်မြို့တော်မဟုတ်ပါဘူး၊ဒီလောက်လဲ ကြောက်မနေပါနဲ့'

ပြောနေကြသော သတင်းများမှာ စုံလင်လှသည်။ အချို့က ကွမ်တန်ပြည်နယ်ဘက်သို့ ကုန်ကူးသွားရန် ပြောနေကြသည်။

အချို့က ရှမ်အန်ပြည်နယ်သို့ ကုန်ကူးသွားရန် ပြောနေကြသည်။

အချို့က ကန့်ကွက်ကြသည်။ ရှမ်အန်ပြည်နယ်၌ အခြေအနေ မကောင်းကြောင်း ပြောကြသည်။

တိုင်မင်လီသည် ထိုစကားများကို နားထောင်ရင်း စားသောက်၍ ပြီးစီးသွားသည်။ သူသည် စားပွဲထိုးလေးကို ခေါ်လိုက်သည်။

'ဟေ့ကောင်လေး...ငါစားသောက်တာ ဘယ်လောက်ကျသလဲ၊ တွက်စမ်း'

စားပွဲထိုးကလေးက ကျသင့်ငွေကိုတွက်ချက်ပြီး ပြောကြားသည်။

တိုင်မင်လီကလည်း ကျသင့်ငွေကို ရှင်းပေးလိုက်သည်။ ထို့နောက် စားသောက်ဆိုင်ခန်းထဲမှ ထွက်ခွာခဲ့လေ၏။



ဆိုင်ထဲမှအထွက်တွင်တော့ တိုင်မင်လီ သတိမပြုမိပေ။ ဆိုင်တွင် လူဝင်လူထွက် ရှုပ်နေသည် မဟုတ်ပါလော။

တိုင်မင်လီ၏ နောက်သို့ လူသုံးယောက် လိုက်လာလေသည်။

ထိုလူသုံးယောက်မှာ စားသောက်ဆိုင်ထဲမှ လူသုံးယောက်ပင်။ ထိုလူသုံးယောက်မှာ အကဲခတ်ကောင်းလှသဖြင့် ထက်ထက် မြက်မြက် အကဲခတ်တတ်သူ တိုင်မင်လီပင် မသိခဲ့ချေ။

ထိုသူသုံးယောက်သည် တစ်ချိန်လုံး တိုင်မင်လီကို စောင့်ကြည့်ခဲ့ကြ၏။

ထိုသုံးယောက်မှာ အခြားသူများ မဟုတ်ချေ။ နတ္တဂိုဏ်းချုပ်ကြီး ရဲယိတောက်နှင့် အမတ်ကြီးတို့၏ လူများသာတည်း။

သူတို့သည် သမားတော် ယန်ရှေးဟုန်၏နောက်သို့ လိုက်လံစုံစမ်းခဲ့သူများ ဖြစ်၏။

သူတို့ကို ဂိုဏ်းချုပ်ကြီး ရဲယိတောက်က သမားတော်ယန်ရှေးဟုန်အား လိုက်လံစုံစမ်းရန် တာဝန် ပေးခဲ့သည်။ သမားတော်ကြီး ယန်ရှေးဟုန်မှာ ဆရာကြီး ဟူထိန်လေဖြစ်၏။

ဟူထိန်လေမှာ အလွန်လျင်သူဖြစ်ရာ လိုက်လံစုံစမ်းသူများမှာ တစ်ခဏမျှသာ စုံစမ်းနိုင်ပြီး မကြာမီ ခြေရာပျောက်သွားလေတော့၏။

ထို့ကြောင့် အပြစ်ပေးခံရမည်ကို ကြောက်ပြီး နယ်ခြားဒေသ၌ သမားတော် ယန်ရှေးဟုန်ကို တွေ့လိုတွေ့ငြား လိုက်လံစုံစမ်းနေခြင်း ဖြစ်သည်။

ဤသူများမှာ ထိပ်တန်းထောက်လှမ်းရေး သမားများအဖြစ် သတ်မှတ်ခံရသူများဖြစ်သည်။

သူတို့သည် တိုင်မင်လီကို ကောင်းစွာ တွေ့ခဲ့ဖူး သူများဖြစ်သည်။

ထိုအချိန်က သူတို့သည် နယ်စား၏ ခန်းမဆောင်ထဲရှိနေခဲ့ကြသည်။ ထိုအချိန်တွင် တိုင်မင်လီသည် နယ်စားကို ဂါရဝပြုရန် ခန်းမထဲဝင်လာခဲ့ချိန် ဖြစ်သည်။

သူ အနောက်မြောက်ဒေသ ရှေလွင်ပြင်မှ ပြန်လာခဲ့ပြီးချိန် ဖြစ်သည်။ စွန်းလွန်ဂိုဏ်းချုပ် စူရှန်ကျန်းကို ဂါရဝပြုပြီး နယ်စားကို ဝင်ရောက် ဂါရဝပြုချိန် ဖြစ်သည်။

တိုင်မင်လီသည် အမတ်ကြီးနှင့် မချေမငံဖြစ်ကာ ခန်းမကြီးထဲ တိုက်ခိုက်ထွက်ခွာသွားစဉ် ထိုထောက်လှမ်းသူ သုံးဦးလည်း ထိုခန်းမထဲ၌ ရှိနေခဲ့သည်။

ထိုအကြောင်းကြောင့် သူတို့သည် တိုင်မင်လီကို အသေအချာ မှတ်မိကြသည်။

သူတို့သည် တိုင်မင်လီကို အသေအချာ စောင့်ကြည့်ပြီးမှ တိုင်မင်လီနောက်သို့ မယောင်မလည် လိုက်လာကြခြင်း ဖြစ်သည်။

ငါးယောက်စိုင်းမှ လူများကား ဆိုင်ထဲ၌ ကျန်ရစ်ခဲ့ကြသည်။



တိုင်မင်လီသည် ထိုသူသုံးယောက်ကို သတိမပြုမိဘဲ ဆက်လက် လျှောက်လာခဲ့သည်။ သူသည် လျှောက်ရင်း တွေးနေသည်။

သူတွေးနေသည်မှာ ဤမြို့ကလေးတွင် တစ်ညတာ တည်းခိုလိုက်လျှင် ကောင်းမည်လော၊ ညတွင်းချင်း ခရီးဆက်လျှင် ကောင်းမည်လောဟု တွေးနေခြင်းဖြစ်သည်။

သူသည် စဉ်းစားကြည့်သည်။ အတွင်းပိုင်းသို့ရောက်လျှင် အခြေအနေကို ကြည့်ရှုစုံစမ်းနေရဦးမည် ဖြစ်သည်။ နေရာတကာ၌ လောနေစရာ မလိုဟု ဆုံးဖြတ်သည်။

ထိုစဉ် နောက်မှလိုက်လာသော လူသုံးယောက် အနက်မှ တစ်ယောက်သည် တိုင်မင်လီကို အမီလိုက်လာသည်။

တိုင်မင်လီမှာ သူ့နောက်သို့ လူတစ်ယောက် လိုက်လာသောအခါ သတိထားသွားသည်။ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

'ညီ....ညီလေး'

အနားကပ်လာသူက ခေါ်လိုက်၏။

တိုင်မင်လီ မထူးချေ။ သူ့ကိုခေါ်မှန်း သိသော်လည်း တမင်မထူးခြင်း ဖြစ်သည်။ ရန်သူနယ်မြေ၌ အစစ အရာရာ သတိထားရမည် မဟုတ်ပါလော။

ထိုလူသည် တိုင်မင်လီ အနီးသို့ကပ်လာ၏။

'အစ်ကိုက ညီလေးကို မေးစရာရှိလို့ပါ'

မေးပါ ကျုပ် ဘာကူညီရမလဲ'

တိုင်မင်လီက သတိနှင့် ဖြေသည်။

'ကူညီဖို့မဟုတ်ပါဘူး၊ အစ်ကိုကြီးက ရှိအန်ပြည်နယ်ကပါ'

'အဲဒါ ဘာဖြစ်သလဲ'

'ဟိုဆိုင်ထဲမှာကတည်းက ညီလေးကို မေးမလို့ပါ၊ မသင့်သေးဘူးထင်လို့ မမေးတာပါ၊ ညီလေးထွက်သွားတော့မှ နောက်က ထွက်လိုက်ပြီး မေးတာပါ'

'ပြောပါခင်ဗျာ ဘာမေးချင်သလဲ'

ထိုလူသည် ဘေးဘီကိုကြည့်လျက် အသံကို နှိမ့်ချလိုက်သည်။

'ညီလေးက ရှိအန်ပြည်နယ်ကပဲ မဟုတ်လား'

'ခင်ဗျားက ကျုပ်ကို ရှိအန်ပြည်နယ်သားလို့ ဘာလို့ထင်ရတာလဲ'

တိုင်မင်လီက ခပ်သန်သန် ပြန်မေးလိုက်၏။

လူစိမ်းက....

'စိတ်မရှိပါနဲ့ညီလေးရယ်၊ အစ်ကိုက စီကွမ်မြို့သားပါ၊ အစ်ကိုက ညီလေးကို စီကွမ်မြို့မှာ မြင်ဖူးပါတယ်'

တိုင်မင်လီ အံ့ကြောများ တင်းခေါက်သွားသည်။

'ပြောပါ ဘယ်မှာတွေ့ဖူးကာလဲ'

'နယ်စားကြီးရဲ့ အစည်းအဝေး ခန်းမဆောင်ထဲမှာပါ၊ နယ်စားကြီးနဲ့အမတ်ကြီးကို ညီလေးစိန့်ခေါ်ပြီး ထွက်ပြေးသွားတာ အစ်ကိုတို့ တွေ့ဖူးပါတယ်၊ အဲဒါ ညီလေးပဲမဟုတ်လား၊ အဲဒီအချိန်တုန်းက အစ်ကိုကြီး အဲဒီအခန်းထဲမှာရှိနေပါတယ်'



တိုင်မင်လီသည် လူစိမ်းကို သေချာစွာ အကဲခတ်လေ၏။ သည်လူ ဘာပြောချင်သနည်း။

'နေဒင်ကြီး လူမှားနေပါပြီဗျာ၊ ကျုပ်က စီကွမ်မြို့ဆိုတာ ကြားဖူးရုံကြားဖူးတာပါ၊ တစ်ခါမှ မရောက်ဖူးပါဘူး'

ထိုအခါ လူစိမ်းသည် အသံကိုပို၍နှိမ့်ချလိုက်၏။ ဘေးဘီကိုလည်း အကဲခတ်သည်။ ညဖြစ်၍ သူ့တို့ကို မည်သူကမျှ ကြည့်မနေချေ။

'ညီလေး ဘာဖြစ်လို့ ဒီလိုပြောတယ်ဆိုတာ အစ်ကိုကြီး နားလည်ပါတယ်၊ ဒါပေမယ့် အစ်ကိုကြီးအကြောင်းကို ပြောပါရစေဦး၊ ကျေးဇူးပြု၍ နားထောင်ပါကွာ'

'ကဲ....ပြောပါ၊ ကျုပ်မှာ အချိန်မရှိဘူး'

'အစ်ကိုကြီးဟာ နယ်စားကြီးရဲ့ မြင်းတပ်ကပါ'

'အဲဒါ ဘာဖြစ်သလဲ'

'ညီလေး အခြေအနေတွေကို မသိသေးလို့ ထင်ပါတယ်၊ ဒါကြောင့် အစ်ကိုကြီးပြောတဲ့စကားတွေကို သေသေချာချာ နားထောင်ပါ၊ အစ်ကိုကြီးတို့ မြင်းတပ်မှူး အင်ကာဟိန်က နယ်စားကြီးထိမ်းမြားမယ့် မိန်းကလေးကို ခိုးယူသွားပါတယ်၊ ဒါကြောင့် အင်ကာဟိန်ကို မြင်းတပ်မှူးဘဝက ထုတ်ပယ်ပစ်လိုက်ပါတယ်'

'ဒါကတော့ သူတို့လုပ်သင့်တာ လုပ်သာပဲ'

'နားထောင်ပါဦး၊ မြင်းတပ်မှူးမရှိတော့ တပ်မှူးကြီး လီယူလူကပဲ ကျုပ်တို့မြင်းတပ်ကို တိုက်ရိုက် ကွပ်ကဲအုပ်ချုပ်ပါတယ်၊ ဒါပေမယ့် အခွင့်အရေးတွေ အားလုံးတော့ ပိတ်

ပင်ခြင်းခံလိုက်ရပါတယ်၊ တင်းတင်းကျပ်ကျပ်လဲ ကိုင်တွယ်ပါတယ်'

'နောက်တော့ ဘာဖြစ်သလဲ'

'ဒီအချိန်မှာ နယ်စားကြီး လုပ်ကြံခံရပါတယ်'

'ဟုတ်လား'

'နယ်စားကြီး လုပ်ကြံခံရပြီး အမတ်ကြီး ကျီကဲလောက်ရဲ့ သား ကျိုဟန်စင်က နယ်စားကြီး ဖြစ်လာပါတယ်၊ ဒါကို အစ်ကိုကြီးတို့ရဲ့ မြင်းတပ်သားတွေက မကျေနပ်ကြပါဘူး၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီး သူတို့က မြင်းတပ်ဗိုလ် လေးဦးကို အရေးယူပါတယ်၊ အစ်ကိုကြီးတို့က မခံမရပ်ဖြစ်ပြီး တော်လှန်တိုက်ခိုက်ကြတာပါတယ်။

'ဒါပေမယ့် အင်အားချင်းမမျှတော့ အစ်ကိုကြီးတို့ မြင်းတပ်သားတွေ သေသူသေ ပြေးသူပြေး လုပ်ကြရပါတယ်၊ မြင်းတပ်လဲ ပျက်သလောက်ပဲ ဆိုပါတော့၊ အစ်ကိုကြီးဟာ မြင်းတပ်က သွေးသောက်ကြီး တစ်ဦးပါ၊ ခြေဦးတည့်ရာပြေးရင်း အခု အတိဒုက္ခရောက်နေတဲ့လူပါ'

တိုင်မင်လီသည် ထိုလူစိမ်းကို သေချာစွာ အကဲခတ်နေသည်။

'အခု ဒီမှာ ညီလေးကိုတွေ့တော့ အားကိုးရာတွေ့ပြီဆိုပြီး အားကိုးတကြီး မေးမိတာပါ၊ ညီလေးဟာ အစ်ကိုကြီးသိတဲ့ တိုင်မင်လီမဟုတ်ရင်လဲ စိတ်မဆိုးပါနဲ့၊ ဟုတ်ရင်တော့ ခိုကိုးရာ မဲ့နေတဲ့ အစ်ကိုကြီးတို့ကို ကူညီပါ'



တိုင်မင်လီ တွေဝေသွားတော့၏။ သူသည် မြင်းတပ်မှူး အင်ကာဟိန် ကထုတ်ခံရသည်ကို သိသည်။ အင်ကာဟိန်သည် တန်မင်ယူကို ခိုးပြေးသွားသည်ကိုလည်း တန်ရာပင်းထံမှ အကြောင်းကြားစာ ရရှိထားသဖြင့် သူသိရှိသည်။

တန်ရာပင်းထံသို့ အင်ကာဟိန် လာရောက်ပုန်းအောင်းနေထိုင်ကြောင်းကိုလည်း သူသိရှိသည်။

ယခုလောလောဆယ် ဆိုင်ထဲမှ သတင်းမျိုးစုံ ကြားသိခဲ့ရသည့်အနက် ရှီအန်ပြည်နယ် နယ်စား လုပ်ကြံခံရသည့် သတင်းနှင့် ကျီကဲလောက်၏သား နယ်စားကြီး ဖြစ်သွားပြီဆိုသည့် သတင်းကိုလည်း လက်ခံ ကြားသိခဲ့ရခြင်း ဖြစ်သည်။

ယခု လူစိမ်းပြောသည်မှာ သူကြားသိရသမျှနှင့် ရှေ့နောက် ညီညွတ်နေသည်။ မြင်းတပ်များ ပုန်ကန်ကြသည့် သတင်းကိုတော့ သူမသိသေးချေ။

သို့သော် လူစိမ်း ပြောပြသည်များနှင့် ကျိုးကြောင်း ညီညွတ်မှုရှိနေသည်။ သူသည် သူ့ဘဝမှန်ကို လျှို့ဝှက်ထားရန် လိုသော်လည်း သူ၏ ရန်သူတော် အမတ် ကျီကဲလောက်အား ဆန့်ကျင်သည့် လူများကို ဥပေက္ခာမပြုနိုင်ဘဲ ဖြစ်နေပေသည်။

'အင်း....ခင်ဗျားပြောတာတွေကတော့ စိတ်ဝင်စားစရာပဲဗျာ'

'ညီလေး တိုင်မင်လီ မဟုတ်ရင် ကိစ္စမရှိပါဘူးကွာ၊ အစ်ကိုတို့ ဆက်ပြီး လေလွင့်ရုံပေါ့'

တိုင်မင်လီ မနေသာတော့ချေ။

'ကျုပ် တိုင်မင်လီ ဟုတ်တာ မဟုတ်တာက အရေးမကြီးပါဘူး၊ ကျုပ်ဟာ တာဝန်နဲ့ဝတ္တရားအရ မဟုတ်ပေမယ့် ကူညီတတ်ပါတယ်၊ ဒုက္ခရောက်နေတဲ့ လူတွေကို အမြဲတမ်း ကူညီခဲ့တယ်၊ နောင်ကြီးတို့ ဘယ်လိုအကူအညီမျိုး လိုအပ်နေတယ်ဆိုတာကိုသာပြောပါ၊ ကျုပ်တတ်နိုင်သမျှတော့ကူညီပါ့မယ်'

တိုင်မင်လီသည် မယုတ်မလွန် ပြောလိုက်ရသည်။ ထိုလူများကိုလည်း သူက ကူညီချင်သည် မဟုတ်ပါလော။

'ညီလေးဟာ တိုင်မင်လီမဟုတ်ရင်တော့ အစ်ကိုတို့ ဘာတွေကို အကူအညီလိုတယ်ဆိုတာ မပြောတော့ပါဘူးကွာ၊ အခုနေခါစရာ ဖြစ်နေပါတယ်၊ အစ်ကိုတို့အနေနဲ့ကတော့ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့ မှတ်ရတော့မှာပေါ့ကွာ'

'ဟာ....ဒီလိုလဲ ဘယ်ဟုတ်မလဲ၊ အကူအညီလိုရင်ပြောသာ ပြောပါ ကျုပ် ကူညီပါ့မယ်'

'နေပါစေ ညီလေးရာ၊ ကျေးဇူးတင်ပါတယ်၊ အစ်ကိုတို့က ကျိုက်လေဘက်နဲ့ လက်ရှိနယ်စားကို ဘယ်နည်းနဲ့ဖြစ်ဖြစ် ဆန့်ကျင်ဖို့ ဆုံးဖြတ်ထားပြီး ဖြစ်နေတော့ အခု အစ်ကိုတို့မှာ ရှိနေတဲ့ အင်အားကလေးကို တဖြည်းဖြည်း ကြီးထွားအောင် လုပ်ရမှာပဲ၊ ညီလေး တိုင်မင်လီ မဟုတ်ရင် အစ်ကိုကြီးတို့ကို ညီလေးက ဘယ်လိုမှ မကူညီနိုင်ပါဘူး၊ ဒါကြောင့်



မို့ပါ ညီလေးရဲ့ အကူအညီကို မလိုချင်လို့ ပြောနေတာ မဟုတ်ပါဘူး'

လူစိမ်းမှာ အကျိုးအကြောင်း ပြောပြသော်လည်း စိတ်ပျက် လက်ပျက် ဖြစ်သွားသည့် အသံနှင့် ပြောပြနေလေသည်။

'ကဲ...သွားတော့မယ် ညီလေးရေ'

တိုင်မင်လီမှာ မနေသာတော့ချေ။

'နေပါဦးလေ'

တိုင်မင်လီက လှမ်းပြောလိုက်ရလေ၏။

'နောင်ကြီးက တစ်ယောက်ဘည်းတော့ မဟုတ်ဘူးနဲ့ တူတယ်'

'မဟုတ်ဘူး ညီလေးရ၊ မြင်းတပ်ပျက်တော့ အခြားတပ်သားနှစ်ယောက်လဲ နောက်မှာပါနေတယ်၊ စီကွမ်မြို့မှာလဲ ပုန်းခိုပြီး ကျန်နေတဲ့လူတွေ ရှိသေးတယ်၊ အစ်ကိုတို့က အင်အားထွက်ရှာတာပဲ၊ အဆက်အသွယ်ကောင်း ရအောင်လို့ပေါ့ကွာ၊ ဘယ့်နှယ်လဲ ညီလေးဟာ တိုင်မင်လီပဲ မဟုတ်လားကွာ'

'ဟုတ်ပါတယ်ဗျာ၊ ကျုပ် တိုင်မင်လီပါပဲ'

လူစိမ်းသည် အလွန်အားရ ကျေနပ်သွား၏။ အမတ်ကို ပုန်ကန်ခြားနားနေသည့် တိုင်မင်လီနှင့် ထိပ်တိုက်တွေ့ရပြီ မဟုတ်ပါလော။

'ဝမ်းသာလိုက်တာ ညီလေးရာ၊ ညီလေးက ငြင်းနေတော့ အစ်ကိုတောင် ဇဝေဇဝါ ဖြစ်သွားတယ်။

'ငြင်းရမယ်လေ အလုပ်ကလဲ ငြင်းရမယ့်အလုပ်ကို လုပ်နေတာ မဟုတ်လား၊ အစ်ကို့မှာ အဖော်နှစ်ယောက် ပါသေးတယ်၊ သူတို့ကို ခေါ်လိုက်ရင် ကောင်းမယ်ထင်တယ်၊ ညီလေးသဘောကရော'

'ခေါ်လိုက်ပါ'

'သူတို့ သိပ်ဝမ်းသာမှာ၊ အစ်ကိုတို့ တဝဲဝဲတလည်လည် ဖြစ်နေတယ် မဟုတ်လား'

သူသည် သူ့လူနှစ်ယောက်ကို အချက်ပေးလိုက်သည်။ သူ့လူ နှစ်ယောက်သည် ခပ်သွက်သွက် ပြေးလာကြ၏။

'ညီလေး....ဒီမှာရပ်ပြီး စကားပြောရတာ မကောင်းဘူး၊ ကိုယ့်မြို့ကိုယ့်ရွာလဲ မဟုတ်ဘူး မဟုတ်လား၊ ဒီက မြို့ခံတွေ အထင်လွဲမှားရင် မကောင်းဘူး၊ သူတို့နဲ့အဆင်ပြေနေတာပဲ ကောင်းတယ်၊ အစ်ကိုကြီးတို့နေတဲ့ဆီကို သွားကြရအောင်၊ ညီလေးလိုက်လို့ဖြစ်ပါ့မလား'

တိုင်မင်လီမှာ ယုံကြည်စိတ်ချသွားပြီးဖြစ်၍ ခေါင်းညိတ်လေသည်။

'ဖြစ်ပါတယ်၊ ကျုပ်လဲ ဒီဒန့်ညနေပိုင်းမှ ဒီမြို့ကို ရောက်လာတာပဲ၊ ရောက်ရောက်ချင်း စားသောက်ဆိုင်ဝင်တာပါ'

'ဟာ....ကံကောင်းတာပေါ့၊ အစ်ကိုကြီးတို့က ဆိုင်ထဲကို အစောကြီးကတည်းက ရောက်နေတာကွ၊ တိုက်တိုက်ဆိုင်ဆိုင် ညီလေးက ဒီဆိုင်ထဲဝင်လာတယ်၊ အစ်ကိုကြီးတို့ ကံကောင်းလို့ ညီလေးနဲ့တွေ့ရတာ'



'စားရင်းနဲ့ညအိပ်ရင် ကောင်းမလား, ခရီးဆက်ထွက်ရင် ကောင်းမလားလို့ စဉ်းစားနေတာ၊ အခုနောင်ကြီးတို့က တည်းခိုမဲ့နေရာရှိတယ်ဆိုတော့ ပိုပြီး အဆင်ပြေတာပေါ့'

'အစ်ကိုကြီးနာမည်က တုဖန်းလို့ခေါ်ပါတယ်၊ ညီလေး မှတ်ထားပေါ့၊ သူက လျှောင်ကန်း၊ သူက စက်ရိတဲ့'

'ကောင်းပါပြီ'

'ကဲ....သွားကြရအောင်၊ အဲဒီတည်းခိုခန်းမှာလဲ အစ်ကိုကြီးတို့လူတွေ ရှိသေးတယ်၊ သူတို့ ဝမ်းသာကြမှာပဲ'

ပြောပြီးသည်နှင့် တုဖန်းသည် ရှေ့ဆုံးမှ ထွက်ခွာသွားလေတော့သည်။

လှိုင်စာပေ
၂၀၄၅၅

## ထောင်ချောက်

လကွေးကလေးသည် မှိန်ပျသော အလင်းရောင်ကို ပေးလျက် ရှိသည်။ အလင်းရောင်ကောင်းစွာမရသဖြင့် ဟန်စန်မြို့မှာ အမှောင်လွှမ်းလျက်ရှိနေသည်။

နယ်စပ်နှင့်နီးသောမြို့ကလေးသာဖြစ်၍ လုံးဝ အမှောင်ဖုံးနေလျှင်လည်း ကိစ္စမရှိပေ။ ဤမြို့၌ ရှိနေသူများမှာ ကိုယ့်ကိစ္စကိုယ် ရှင်းကြသူဖြစ်သည်။ မည်သည့်စစ်သည် ရဲမက်ကိုမျှလည်း အကူအညီမ တောင်းကြချေ။

ဟန်စန်မြို့ မြောက်ဘက်အစွန်တွင် သုသာန်အဟောင်းတစ်ခုရှိသည်။ ထိုသုသာန်ဟောင်းမှာ လူများအသုံးမပြု

ကြတော့သဖြင့် ချုံနွယ်ပိတ်ပေါင်းများ ပိတ်ဆို့မင်းမူနေ၏။ ချုံပင်များပေါက်ပြီး အုတ်ဂူများကိုပင် ဖုံးလွှမ်းနေ၏။

ဤသုသာန်ဟောင်းမှာ ပင်စောက်ပင်မြင့်ကြီးများလည်း ရှိသည်။ ထင်းရှူးပင်ကြီးများမှာ အလွန်မြင့်မားပြီး အိုမင်းလှပေပြီ။

ဤထင်းရှူးပင်ကြီးများမှာ အနိစ္စဘရားကို မြင်တွေ့ဖန်များနေသဖြင့် အနှစ်မရှိသော လောက၌ လူတို့ ပျော်ရွှင်နေပုံကိုကြည့်ပြီး တရားကျနေဟန်ရှိသည်။

ဤသုသာန်ဟောင်းတွင် သတ္တဝါများ မြူးပျော်နေကြသည်။ မြူးပျော်နေကြသည့် သတ္တဝါများမှာ မြေကြွက်ကြီးများ မြွေများနှင့် တောခွေးများ ဖြစ်လေသည်။

လေပြေလေညင်းများမှာလည်း တိုက်ခတ်ခြင်းမရှိသဖြင့် သစ်ပင်ကြီးများမှာ ငြိမ်သက်နေသည်။

'ဂစ်....ဂစ်....ဂစ်'

ထိုအခိုက် ညဉ့်ငှက်တစ်ကောင် ထပျံသွားလေသည်။

မကြာမီ သစ်ပင်ချုံနွယ်များကို တုတ်နှင့်ရိုက်ပြီး ဝင်လာသော လူနှစ်ယောက်ကို တွေ့ရှိရသည်။ ဤမျှချုံနွယ်ပိတ်ပေါင်းများ ပေါများသော သုသာန်ထဲ၌ လူသွားလမ်းလေး ရှိနေသေးသည်။

ထိုလူသွားလမ်းလေးသည် အမိုးများ ပြိုပျက်ကျနေပြီဖြစ်သော ဇရပ်ဟောင်းကြီးဆီသို့ ဦးတည်သွားသည်။ ဇရပ်ဟောင်းကြီးမှာလည်း အတော်ပင် ပြိုပျက်နေပေပြီ။ ဇရပ်



ပျက်ကြီးမှာ ကြောက်စရာကောင်းသော တစ္ဆေကြီးတစ်ကောင် အိပ်စက်နေသည်နှင့် တူနေသည်။

နံရံများမှာလည်း တချို့နေရာများ၌ ပြိုကျပျက်စီးနေသည်။ ဟောင်းလောင်းပေါက်ဖြစ်နေသော အမိုးများကြားမှ မှုန်ပျသောလရောင် တိုးဝင်နေသည်မှာလည်း ကြောက်စရာများကို ရှိစုမဲ့စုအလင်းရောင်ဖြင့် ထိုးပြနေသကဲ့သို့ ရှိနေ၏။

ထိုလူနှစ်ယောက်သည် ဇရပ်ကြီးဆီသို့ ဦးတည်လျှောက်သွားပြီး ပေတစ်ရာမျှအကွာသို့ ရောက်သောအခါ ရပ်လိုက်သည်။

'ရှူး'

လူတစ်ယောက်က လေတစ်ချက်ချွန်လိုက်သည်။

'ဘယ်သူလဲဟေ့....တုဖန်းလား'

ဇရပ်အတွင်းမှ မေးသံပေါ်လာသည်။လျှောက်လာသူက လေချွန်လိုက်သည်။

'ရှူး'

'လေပဲ ချွန်နေတာပဲ၊ ဘယ်သူလဲ တုဖန်းလား၊ ဘယ်သူလဲ ရှင်းရှင်းပြော'

ထိုအခါ ပြန်လာသူက ဖြေသည်။

'ငါ လျှောင်ကန်းပါကွ'

'ဟေ'

'လျှောင်ကန်းနဲ့စက်ရီ ပြန်လာကြတာကွ'

'တုဖန်းကော'

'တုဖန်းကျန်ရစ်ခဲ့တယ်'

'ဟော… ဘာဖြစ်လို့လဲ'

'ပြောပါမယ်ကွာ'

ရောက်လာသူ နှစ်ယောက်သည် ဇရပ်ခေါင်မိုးပေါ်သို့ ခုန်တက် လိုက်ကြသည်။ ဇရပ်ခေါင်မိုးပေါ်မှ လူနှင့် နောက်လူ နှစ်ယောက်တို့ တွေ့ဆုံကြသည်။

'တုဖန်းဘယ်မှာ ကျန်ရစ်ခဲ့တာလဲ၊ ပြောစမ်းပါဦး'

လျှောင်ကန်းက….

'ငါတို့တော့ ပျားစွဲသောမုတ်ဆိတ်တော့ ဖြစ်နေပြီပေါ့ကွာ'

ဇရပ်၌ရှိနေသူက….

'ဘာပျားစွဲသော မုတ်ဆိတ်လဲကွ'

'တို့သုံးယောက် စားသောက်ဆိုင်မှာ ဝင်စားကြတော့ လူတစ်ယောက်ကို တွေ့ခဲ့တယ်ကွ၊ ဘယ်သူ့ကို တွေ့ခဲ့တယ် မှတ်သလဲ'

'ဘယ်သိမလဲကွ၊ မင်းတို့တွေ့တဲ့လူကို မင်းတို့ပဲသိမှာပေါ့'

'နားထောင်ပါဦးကွာ၊ ပြောချင်လွန်းလို့ နှိုဒါန်းပျိုးနေတာပါ၊ ငါတို့ သမားတော်ကြီးကို နောက်ယောင်ခံလိုက်နေတာကို မင်းတို့သိတယ်နော်'

'ဒီကောင်တော့ သေတော့မှာပဲ၊ ငါတို့လဲ နောက်ယောင်ခံလိုက်ကြရတာ ဘယ်မသိရှိပါမလဲ'

'သမားတော်ကြီးကလဲ ဘယ်ပျောက်သွားမှန်းမသိဘူး၊ မြေလျှိုးမိုးပျံသွားသလား မသိပါဘူး၊ တို့လဲ ခြေဦးတည့်ရာ လျှောက်နေရတာမဟုတ်လား၊ ဒီအတိုင်းပြန်သွားလို့ကတော့





အပြစ်တွေကို တန်းစီထားဦး အပြစ်ပေးလို့ လောက်နိုင်မှာ မဟုတ်ဘူး၊ အခု သမားတော်ကြီး မျက်ခြည်ပြတ်သွားတာကို ဆင်ခြေတောင် ပေးလို့ရပြီကွ၊ မင်းတို့ဘာစ်တွေ ဆုငွေတွေ သာတွေတောင် ထပ်ရပေဦးမယ်၊ ကျိန်းသေတယ်'

လျှောင်ကန်းက မစားရဝခန်းပြောနေ၏။

ဇရပ်မှစောင့်နေသူမှာ စိတ်မရှည်တော့ပေ။

'မင်းကြီးတော်ကို သွားပြောပါလား၊ ငါ့အားနဲ့ခုတ်ရ သေသွားတော့မယ်၊ ပြောမှာသာ ပြောတာမဟုတ်ဘူး'

'ဟဲ….ဟဲ….ဟဲ ပြောပါမယ်ကွာ ပြောပါ့မယ်၊ ငါတို့ ပျားစွဲသော မုတ်ဆိတ်ဖြစ်တာက တိုင်မင်လီကို တွေ့ခဲ့ရတာကွ၊ နည်းတဲ့ပျားအုံကြီး မဟုတ်ဘူး'

'ဘယ်သူ'

'တိုင်မင်လီလေ….တိုင်မင်လီ၊ မင်းမမှတ်မိဘူးတော့လား၊ နယ်စားကြီးရဲ့ ခန်းမဆောင်ကြီးထဲမှာ အားလုံးကိုစိန်ခေါ်ပြီး တွက်ပြေးသွားတဲ့ တိုင်မင်လီလေ၊ တချို့ကောင်တွေတောင် အဲ့ဒီတုန်းက သေသွားသေးတယ်၊ သူ့ကို ဘယ်သူမှ မဖမ်းလိုက်နိုင်ဘူးလေကွာ'

'အေး….ဟုတ်ပြီ ဟုတ်ပြီ၊ ငါမှတ်မိပြီ၊ အဲ့ဒီကောင်ဘယ်မှာလဲ'

'တုဖန်းနဲ့ နောက်မှာကျန်ရစ်ခဲ့တယ်ကွ၊ ငါတို့ကိုပြောပြီး အကြောင်းကြားထားလို့ တုဖန်းကပြောလို့ ပြေးလာတာ၊ ကြိုတင်သိအောင် တုဖန်းက ကြိုပြောတာပေါ့ကွာ'

'ဟာ....မင်းတို့ဟာက မဟုတ်သေးပါဘူး၊ အိမ်တော်စောင့် စစ်သည်ရဲမက်တွေ အများကြီးရှိနေတဲ့ ကြားထဲက လွတ်ထွက်အောင်ပြေးနိုင်တဲ့ကောင်ကွ၊ သူကလူစွမ်းကောင်း၊ မင်းတို့က အလကားကောင်တွေ တုဖန်းတစ်ယောက်တည်းနဲ့ ဘာလုပ်မှာလဲ၊ သူ့ကို ဘယ်လိုလုပ်ဖမ်းမှာလဲ စဉ်းစဉ်းစားစားလဲ လုပ်ကြပါကွာ'

ဇရပ်၌စောင့်နေသူက စိတ်ပျက်လက်ပျက် ပြောလိုက်သည်။ စက်ရီဆိုသူက ဝင်ပြော၏။

'ဒီအတိုင်းဖမ်းလို့ကတော့ ငါတို့သုံးယောက်စလုံးမလွယ်ဘူးကွ၊ ငါတို့ငါးယောက် ဝိုင်းဖမ်းရင် ငါးယောက်စလုံး မသာပေါ်ကုန်မှာပဲ၊ မင်းတို့ တုဖန်းအကြောင်းလဲသိသားနဲ့၊ ဒီကောင် ဘယ်လောက်အပြောကောင်းတယ်ဆိုတာ မင်းတို့ အသိပဲမဟုတ်လား၊ ဒီကောင်က ဂျမိုးကို လိပ်ဖြစ်အောင် ပြောပြီး တိုင်မင်လီကို အယုံသွင်းလာတာကွ၊ သူ့အပါခေါ် လာနိုင်တာကိုကြည့်'

'အေး....ဟုတ်တယ်ကွ'

'သူက ငါတို့ကို အလျင်လွှတ်လိုက်တာကလဲ အကြောင်းရှိတယ်၊ ငါတို့ဟာ အမတ်ကြီးကျိုကဲလောက်နဲ့ နယ်စားကြီးချူးချိုင်ယိုတို့ကို တော်လှန်ပုန်ကန်တဲ့ မြင်းတပ်သားတွေအဖြစ် ပြောထားတာကွ၊ ငါတို့တပ်ပျက်ပြီး ပြေးလာရတယ်လို့ သူက အယုံသွင်းထားတာကွ၊ အဲဒါ မင်းတို့သိအောင် ကြိုပြောထားတာ၊ ကျန်တာကတော့ သူ မီးစဉ်



ကြည့်ကလိမ့်မယ်၊ ငါတို့လဲ သူ့အရိပ်အခြည်ကို ကြည့်ပြီး လိုက်ပြကြရုံပဲ'

စက်ရီက အခြေအနေများကို ရှင်းပြလိုက်၏။ ဇရပ်၌စောင့်နေသူက....

'အေး....ဒီလိုဆိုရင် ကျားချင်ကိုလဲပြောပြထားရဦးမယ်၊ ကြည့်ရတာ တုဖန်းက တိုင်မင်လီကို အယုံသွင်းပြီး အလစ်မှာ ဆော်မယ်နဲ့တူတယ်၊ ဆော်ပြီး သူ့ကို အမတ်ကြီးနဲ့ဂိုဏ်းချုပ်ကြီးဆီ ဖို့မယ်ထဲ့တူတယ်'

သူတို့သည် ခေါင်မိုးအောက်သို့ ခုန်ဆင်းကြ၏။ ဇရပ်၌ စက်ရီတို့ကို ပြောကြားသည့်လူမှာ အန်လောက်ဖြစ်သည်။

အန်လောက်သည် ဇရပ်၌အိပ်ပျော်နေသော ကျားချင်ကို အခြေအနေများကို ရှင်းပြလိုက်သည်။ ကျားချင်ကား အိပ်ချင်မူးတူးနှင့် ခေါင်းညိတ်နေလေ၏။

'မင်း....သေသေချာချာ နားထောင်၊ အိပ်ချင်မူးတူးနဲ့ ခေါင်းချည်းညိတ်မနေနဲ့၊ ဒတော်တော်ကြာ အလွဲလွဲအချော်ချော်ဖြစ်နေမယ်၊ အခုဆိုရင် သူတို့ သုသာန်အစပ်လောက်ရောက်နေပြီ'

သူတို့ စကားပြောနေခိုက် သုသာန် အစပ်လောက်ဆီမှ စကားပြောသံသဲ့သဲ့ ကြားရသည်။ သုသာန်ဟောင်းမှာ တောကြီးတစ်ခုလိုဖြစ်နေသဖြင့် အသံများ တိတ်ဆိတ်နေသည်။

ထို့ကြောင့် အသံများကို ကျယ်လောင်စွာ ကြားနေရသည်။ တိုးတိုးပြောလျှင်လည်း ကျယ်ကျယ်လောင်လောင် ကြားရသည်သာ။

သူသခန်းအစပ်၌ စကားတပြောပြောနှင့် လျှောက်လာသူများမှာ တုဖန်းနှင့် တိုင်မင်လီတို့ပင် ဖြစ်သည်။ သူတို့သည် တုဖန်း ခန်းရှိရာသို့ ရောက်လာပေပြီ။

'ဒီနေရာကို ခေါ်လာရတဲ့အတွက် အားတော့အားနာတယ် ညီလေးရေ၊ အစ်ကိုကြီးတို့အနေနဲ့က လုံခြုံရေးကို အဓိက ထားနေရတယ် မဟုတ်လား၊ နောက်ပြီး သူများပြည်နယ်ထဲ ရောက်နေပေမယ့် အစ်ကိုကြီးတို့က ရာဇဝတ်သင့်နေတဲ့ လူတွေလေ၊ ဒါတွေကို လူမသိဖို့လိုတယ်၊ လူမသိလေ ကောင်းလေပဲပေါ့၊ ဒါကြောင့် ဒီလိုနေရာမျိုးကို ရွေးချယ်ပြီး နေရတာပါ'

တုဖန်းက သူ့နေရာ ညံ့ဖျင်းလှသည်ကို ဝန်ခံပြောကြားပြီး တိုင်မင်လီကို တောင်းပန်သည်။

တိုင်မင်လီသည် လျှိုလျှို့ဝှက်ဝှက် နေရသူတစ်ယောက်ဖြစ်သည်။ သူလျှို့ဝှက်နေသည်မှာ ဤလိုအရပ်မျိုးတော့မဟုတ်ပေ။ တောကြိုအုံကြား လျှိုမြောင် ချောက်ကြားသာ ဖြစ်သည်။ ထို့ကြောင့် သူသည် ပတ်ဝန်းကျင်ကို မနှစ်မြို့ဟန်ဖြင့် ကြည့်နေသည်။

'နောင်ကြီးတို့ ဒီကိုရောက်နေတာ ဘယ်လောက်ကြာပြီလဲ၊ တော်တော်ဆိုးရွားတဲ့ နေရာပဲ'

'ဒီနေ့ညနဲ့ဆိုရင် ငါးရက်မြောက်ပါပြီ'



တုဖန်းက စိတ်မကောင်းစွာ ဖြေသည်။

'တိုင်မင်လီက....

'တော်တော်ရက်ရှည်နေပြီပဲ၊ နောင်ကြီးတို့အနေနဲ့ ဒီ့ပြင် လျှို့ဝှက်တဲ့နေရာကို ရှာသင့်ပါတယ်၊ ဒီနေရာကတော့ မကောင်းပါဘူး၊ အစားအသောက်လဲ ဆင်းရဲမှာပေါ့'

'မတတ်နိုင်ဘူးလေ၊ ကိုယ့်နယ်မြေမဟုတ်တော့ ဒီလိုပဲနေရတာပဲ၊ အစ်ကိုကြီးတို့က အသက်တောင်စွန့်ဖို့ ဆုံးဖြတ်ထားတဲ့ လူတွေဆိုတော့ နေတာထိုင်တာ စားတာသောက်တာကို စဉ်းစား နေဖို့ မလိုတော့ပါဘူးလေ'

'အင်း....ဟုတ်ပါတယ်'

တိုင်မင်လီက ပြောလိုက်ပြီး ဆက်မေးလိုက်၏။

'နောက်ပြီး လူတွေက ဘယ်မှာလဲ'

'ဇရပ်ပျက်ကြီးထဲမှာလေ အစ်ကိုကြီးလွှတ်လိုက်တဲ့လူတွေလဲ ရောက်လောက်ရောပေါ့၊ ဒီနေရာတွေက ညဆိုရင် သတိထားရတယ်၊ မြွေပါး ကင်းပါး သိပ်ပေါတာ၊ အစ်သို့ကြီးတို့အတွက်တော့ အစောင့်တွေပေါ့ကွာ'

တိုင်မင်လီက ရယ်လိုက်၏။

'ဟင်း ဟင်း ဟင်း ကျုပ်ကလဲ ဒီထက်ကြောက်စရာကောင်းတဲ့ တောထဲမှာ နေလာခဲ့တဲ့သူပါဗျာ'

သူသည် သူနေထိုင်ခဲ့သည့် တောကြီးကို ရည်ရွယ်၍ပြောလိုက်၏။ သူသည် အမှောင်ထဲသို့ ကြည့်လိုက်သည်။ လရောင် မှိန်မှိန်ကြောင့် ထင်ရှူးပင်အိုကြီးများနှင့် ဇရပ်ကြီးကို မြင်လိုက်ရသည်။

တိုင်မင်လီ ရှေ့ဆက်သွားရန် ပြင်လိုက်သည်။ ထိုအခါ တုဖန်းက ဟားလိုက်သည်။

'နေဦး ညီလေး၊ အစ်ကိုကြီး အချက်ပြလိုက်ဦးမယ်၊ လူမရောက်နိုင်တဲ့ နေရာမှာနေလို့ သတိလစ်လို့မဖြစ်ဘူး၊ ဒီမှာ အစ်ကိုကြီးတို့ချင်း နားလည်တဲ့ အချက်ပေးမှုရှိနေတယ်'

တုဖန်းသည် ဇီးကွက်တစ်ကောင်ကဲ့သို့ အော်လိုက်၏။ ထိုအခါ ဇရပ်ပေါ်မှအော်မေးသံ ထွက်ပေါ်လာ၏။

'အမတ်ကြီးလား'

'မဟုတ်ဘူး အမတ်ကြီးရဲ့သေမင်း'

'ဒီလိုဆိုရင် လာခဲ့'

တုဖန်းက တိုင်မင်လီကို လှည့်ပြောလိုက်၏။

'စိတ်ချရပြီ လာတော့ ညီလေး'

တိုင်မင်လီက....

'နောင်ကြီးတို့က စနစ်ကျသားပဲ၊ စကားဝှက်တွေ ဘာတွေနဲ့ ကောင်းပါတယ်၊ အခုတော့ အမတ်ကြီးနဲ့ အမတ်ကြီးသားကို နှိမ်နင်းသုတ်သင်ရမယ့် အခြေအနေပဲ'

တုဖန်းက....

'ဒါပေမယ့် အမတ်ကြီးက ခခရာပါညီလေးရာ၊ အရင်းလဲ့ရင် အဖျားထင်းဖြစ်တာပါပဲ၊ အမတ်ကြီးကို ဖြိုလိုက်ရင် အားလုံး ထင်းဖြစ်သွားမှာပဲ'

သူတို့သည် စကားပြောရင်း လျှောက်သွားရာ ဇရပ်ပျက်ကြီးအောက်သို့ ရောက်သွားလေ၏။

'တုဖန်း....မင်းနဲ့ပါလာတာက....'



ဇရပ်ပေါ်မှ အန်လောက်က မေးလိုက်၏။

ထိုအခါ တုဖန်းက ပြုံးရွှင်စွာ ဖြေလေ၏။

'မင်းက မေးနေရသေးသလား၊ ငါက အထူးညွှန်ကြားချက်တော်ကို ခေါ်လာတာကွ၊ မင်းသိချင်ရင် မီးလေးဘာလေး ထွန်းကြည့်ပါ၊ ဒါမှသိမှာပေါ့'

တစ်ခဏမျှကြာသောအခါ ဇရပ်ပေါ်မှာ မီးအလင်းရောင် ပေါ်လာ၏။

တုဖန်းက....

'ငါက စက်ရီနဲ့လျောင်ကန်းကိုလွှတ်ထားတာ အလကားလွှတ်တာ မဟုတ်ဘူးကွ၊ ငါနဲ့ ဘယ်သူပါလာတယ် ဆိုတာ သိဖို့၊ စက်ရီတို့က မင်းတို့ကို ဘာမှပြောမထားဘူးနဲ့ တူတယ်၊ မင်းဆင်းကြည့်လေ'

ဇရပ်ပေါ်မှ မီးတုတ်များသည် အောက်သို့ ရောက်ရှိလာလေ၏။ ကျားချင်နှင့် အန်လောက်တို့သည် လျောင်ကန်းနှင့် စက်ရီတို့က ပြောပြပြီးဖြစ်သော်လည်း မသိသေးသဖြင့် မီးတုတ်များကို မြှောက်ကြည့်ကြလေ၏။

အန်လောက်က....

'ဘယ်သူလဲ တုဖန်း'

မသေချာ မရေရာသောလေသံဖြင့် အန်လောက်က မေးလိုက်၏။

တုဖန်းက ရယ်မောလိုက်၏။

'ဟား....ဟား....ဟား မင်းက အသက်မကြီးသေးပေမယ့် မျက်စိမှုန်နေပြီလား'

'ငါမမှန်ပါဘူးကွာ၊ မမှတ်မိတာပါ'

'အေး....သေသေချာချာကြည့်ပြီး စဉ်းစားကွာ'

အန်လောက်သည် သေချာစွာ ကြည့်လေ၏။ သူသည် အလွန်အံ့ဩသွားပုံပြသည်။ သူသည် ကတုန်ကယင်နှင့် ပြောလေ၏။

'ဒါ....ဒါ....သူ....သူဟာ'

အန်လောက်၏အမူအရာမှာ ကောင်းလှသည်။ ကာယကံရှင် တိုင်မင်လီပင် ပြုံးမိသွားသည်။ အန်လောက် မှတ်မိသွားပြီဟု တိုင်မင်လီ ယုံသည်။

'ဟား ဟား... ဟား စက်ရီတို့က မင်းတို့ကို ပြောပြမထားတာ သိပ်ကောင်းတာပဲ၊ အခု မင်းတို့ အံ့ဩသွားပြီ မဟုတ်လား'

'ဟုတ်....ဟုတ်တယ်'

'မင်းသိသွားပြီမဟုတ်လား၊ သူဘယ်သူလဲဆိုတာ ပြောစမ်း'

'ငါသိတာပေါ့၊ ပထမပိုင်းက နည်းနည်းမှောင်နေလို့ မသိတာပါ၊ နယ်စားကြီးရဲ့ ခန်းမထဲက စိန်ခေါ်ထွက်ပြေးသွားတဲ့ သူ့ရဲ့ကောင်း တိုင်မင်လီပဲ၊ ဒီမျက်နှာကို ငါ ဘယ်မေ့ပါ့မလဲကွာ'

'ဟား....ဟား....ဟား ဟုတ်တယ်၊ တိုင်မင်လီကွ သူ့ရဲ့ကောင်း တိုင်မင်လီပဲ'

ထိုအခါ အန်လောက်၏ နောက်မှ လိုက်ပါလာသော ကျားချင်ကုလဲ ပြေး၍ နှုတ်ဆက်လေ၏။ ကျားချင်နှင့် အန်လောက်တို့သည် နှစ်ယောက်သား ဒူးထောက်ထိုင်ကာ ဂါရဝပြုကြလေ၏။

တုဖန်းကမူ သူ့လူများ၏သဘာဝကျသော သရုပ်ဆောင်ချက်များကို ကြည့်ပြီး လွန်စွာ ဘဝင်ကျနေလေ၏။

တိုင်မင်လီမှာ ထိုင်ချပြီး ဂါရဝပြုသူများကို တွေ့ရသောအခါ မနေတတ်မထိုင်တတ် ဖြစ်သွားလေ၏။

'ဟား....ဟား မလုပ်ကြပါနဲ့၊ ဘယ်နှယ်လုပ်ကြတာလဲ၊ ခင်ဗျားတို့က ကျုပ်ထက် အသက်ကြီးပါတယ်၊ ဒီလောက် ဂါရဝပြုဖို့ မလိုအပ်ပါဘူး'

တိုင်မင်လီက ပျာပျာသလဲ တားမြစ်သည်၊ ထိုလူများသည် ထိုင်ရာမှ မထကြချေ။

အန်လောက်က....

'ကျွန်တော်တို့က အသက်ကြီးတာတော့မှန်ပါတယ်၊ ဒါပေမယ့် သူ့ရဲ့ကောင်းရဲ့အစွမ်းကို လေးစားကြည်ညိုလွန်းလို့ပါ၊ တွေ့ရတာ ဝမ်းသာလို့မဆုံးပါဘူး'

'ဟုတ်ပါတယ်ဗျာ၊ စက်ရီတို့ကလဲ ကျွန်တော်တို့ကို ဖွင့်မပြောကြပါဘူး၊ သူတို့က ကျွန်တော်တို့ကို အံ့ဩသွားစေချင်လို့နဲ့တူပါတယ်၊ သိပ်ဝမ်းသာတယ်ဗျာ'

ထိုအခါ တုဖန်းက....

'ကဲ....ကဲ.... လေးစားကြည်ညိုတာ နောက်မှကြည်ညို၊ အခုတော့ သူ့ရဲ့ကောင်းလေးကို ဇာချပ်ပေါ်တော့ ခေါ်ပါကွာ'

'ဟာ...ဟုတ်သားပဲ၊ ကြွပါ....ကြွပါ၊ ဇရမ်ပေါ်ကြွပါ'

အန်လောက်နှင့် ကျားချင်တို့သည် တိုင်မင်လီကို ကပျာကယာ ဇရပ်ပေါ်သို့ ဖိတ်ခေါ်ကြလေ၏။

တိုင်မင်လီလည်း ပျော်ပျော်ရွှင်ရွှင်ပင် ဇရပ်ပေါ်သို့တက်လိုက်၏။

တုဖန်းက....

'ကဲ ကဲ၊ လျောင်ကန်း၊ စက်ရီ၊ ကျားချင်နဲ့အန်လောက်တို့ မင်းတို့ကို ငါ တစ်ခုကြို ပြောထားမယ်၊ အခု သူရဲကောင်းလေး တိုင်မင်လီဟာ ငါတို့ကို ဦးဆောင်ဖို့အတွက် ဒီကိုလိုက်လာတာကွ၊ ငါတို့ဟာ သူညွှန်ကြားတဲ့လမ်းကို ဦးလည်မသုံလိုက်ကြရမယ်၊ သူကသေဆိုရင် သေကြရမယ်၊ ငါတို့ရည်ရွယ်ချက်ကြီး ပေါက်မြောက်တော့မယ်'

တုဖန်းသည် စိတ်ပါလက်ပါ ပြောကြားနေသည်။

တုဖန်းသည် တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့်....

'ဟော့....မင်းတို့က သူရဲကောင်းကလေးကို ဒီအတိုင်း ငြိမ်ခံကြမလို့လား၊ မီးဖိုကြဦးကွာ၊ သူရဲကောင်းလေး ချမ်းနေပါဦးမယ်'

တိုင်မင်လီက....

'ကျုပ်ကို သူရဲကောင်း၊ သူရဲကောင်းလို့ ပြောမနေကြပါနဲ့ဗျာ၊ ကျုပ်နဲ့ ခင်ဗျားတို့ဟာ ရဲဘော် ရဲဘက်တွေပါ၊ တစ်လှေတည်းစီး တစ်ခရီးတည်းသွားတွေပါ၊ ကျုပ်ကို လမ်းညွှန်တဲ့ ပုဂ္ဂိုလ်ကြီးတွေလဲ ရှိနေပါတယ်၊ သူတို့ကြောင့် ကျုပ်ဟာ ဒီလမ်းပေါ်ကို ရောက်ခဲ့တာပါ၊ ဒီတော့ ကျုပ်ကို ခွဲခြား မဆက်ဆံပါနဲ့ဗျာ'



အန်လောက်သည် မီးစာများကိုယူရင်း မီးမွှေးလိုက်၏။ မကြာမီ မီးပုံကြီး ပေါ်လာတော့၏။ လူအားလုံးသည် မီးဖိုကို ဝိုင်းထိုင်လိုက်ကြသည်။

[ ၇၅ ]

## အလိမ်အညာ အကြံအစည်

သူတို့သည် မီးလှုံနေကြသည်။ မီးလှုံရင်း အန်ဓလောက်က ပြောလိုက်သည်။

'ကျွန်တော်တို့မှာ ဘာစားစရာမှ မရှိပါဘူး၊ သူ့ရဲ့ကောင်းလေးကို ဧည့်မခံနိုင်တာတော့ ဝမ်းနည်းစရာ အကောင်းဆုံးပါပဲဗျာ'

ထိုအခါ တိုင်မင်လီက နှစ်သိမ့်လိုက်၏။

'ဒါ ဝမ်းနည်းစရာမဟုတ်ပါဘူးဗျာ၊ ခင်ဗျားတို့ သိပါတယ်၊ ရှိအန်ပြည်နယ်လူထု တစ်ရပ်လုံးဟာ ဘယ်လောက်

မွဲတေနေကြသလဲ၊ စီကွမ်မြို့ တစ်မြို့ထဲမှာသာ လူချမ်းသာတွေ ရှိတာပါ၊ တစ်ပြည်နယ်လုံး ဆင်းရဲမွဲတေနေတာပါပဲ၊ ဒီလိုအချိန်မျိုးမှာ ကျွန်တော်တို့ဆင်းရဲနေတာဟာ ဝမ်းနည်းစရာကိစ္စ မဟုတ်ပါဘူးဗျာ၊ ကျုပ်ဟာ ဒီကိုမလာခင် စားသောက်ဆိုင်မှာ ဝင်စားသောက်ခဲ့တာပါ၊ နောင်ကြီးတို့ကော စားပြီးပြီလား’

အန်လောက်က ဖြေ၏။

‘တုဖန်းတို့ကတော့ စားသောက်ပြီးကြပြီပေါ့ဗျာ၊ ကျွန်တော်တို့နှစ်ယောက်ကတော့ မစားရသေးပါဘူး၊ ဒါပေမယ့် ကျွန်တော်တို့ ဝမ်းသာနေလို့ အစာ မစားနိုင်တော့ပါဘူးဗျာ’

တိုင်မင်လီက....

‘ဒီလိုဆိုရင် နောင်ကြီးတုဖန်းတို့ ညံ့တာပေါ့၊ နောင်ကြီးတုဖန်းတို့က ဒီက ရဲမက်နှစ်ယောက်အတွက် ဝယ်လာရမှာဗျ’

တုဖန်းက....

‘ညီလေးရာ အစ်ကိုကြီးတို့လဲ့ ညီလေးနဲ့တွေ့တော့ သူတို့အတွက် ဝယ်ဖို့ မေ့သွားတာပေါ့’

‘မေ့တာက အရေးမကြီးပါဘူး၊ အခု သူတို့ တစ်ခုခုစားဖို့လိုတာပေါ့’

‘ကိစ္စမရှိပါဘူး၊ ထွက်ဖမ်းရင် တောကြောင်တစ်ကောင်ကောင်တော့ မိနိုင်ပါတယ်၊ မစားရလဲ နေနိုင်ပါတယ်၊ တစ်ညတလေ မစားရတာတဲ့’



အန်လောက်နှင့် ကျားချင်တို့က ပြောလိုက်ခြင်း ဖြစ်သည်။

တိုင်မင်လီသည် အန်လောက်နှင့် ကျားချင်တို့အတွက် စိတ်မကောင်း ဖြစ်သွား၏။

‘စိတ်မကောင်းလိုက်တာဗျာ’

တိုင်မင်လီက စိတ်ထဲရှိသည့်အတိုင်း ပြောလိုက်၏။ ထိုစဉ် တစ်စုံတစ်ခုသောအသံကို ကြားလိုက်မိသည့်အသား တိုင်မင်လီသည် ခေါင်းထောင်သွားလေ၏။ သူသည် ဝါးဆန့်၍ နားစွင့်နေသည်။

တုဖန်းသည် ရုတ်တရက်ပြောင်းလဲသွားသော တိုင်မင်လီ၏ အပြုအမူကို သတိပြုမိသွား၏။ ထို့ကြောင့် သူက လှမ်းမေးလိုက်သည်။

‘ဘာဖြစ်လို့လဲညီလေး’

တိုင်မင်လီသည် နှုတ်ခမ်းကို လက်ဖြင့်ပိတ်ပြလိုက်၏။ တိတ်တိတ်နေကြပါဟု ပြောခြင်းဖြစ်သည်။ အားလုံး ငြိမ်သက်သွားကြသည်။

တိုင်မင်လီသည် မီးတုတ်များကို ရုတ်တရက် ဆွဲငြိမ်းသတ်လိုက်၏။ မီးပုံမှ မီးကိုလည်း အတွင်းအားထုတ်၍ ငြိမ်းသတ်လိုက်သည်။ မီးပုံမှ မီးတောက်များသည် ငြိမ်းသေသွားသည်။

ဇရပ်ထဲ၌ မှောင်မည်းသွားသည်။ တိုင်မင်လီသည် ဇရပ်ထဲ၌ လူရှိမနေဟူသော အဖြစ်မျိုးကို ဖန်တီးလိုက်ခြင်း ဖြစ်သည်။

တုဖန်းတို့ငါးယောက်မှာ တိုင်မင်လီ၏ ပြုမူပုံကိုကြည့်ပြီး အံ့အားသင့်နေ၏။ သူတို့သည် ခေါများကို ဆွဲထုတ်ယူပြီး အသင့်ပြင်ထားကြ၏။

သူသာန်တစ်ခုလုံး ငြိမ်သက် ဝိတ်ဆိတ်နေသည်။

တိုင်မင်လီသည် သိုင်းသမားကောင်းတစ်ယောက်ဖြစ်၏၊ ထက်မြက်သော သိုင်းသမားတစ်ယောက် ဖြစ်သည်။ တုဖန်းတို့မှာ သိုင်းသမားမဟုတ်ချေ။ နယ်ခြားစောင့်စစ်သည်များသာ ဖြစ်သည်။ သူတို့ထောက်လှမ်းရာ၌ ထက်မြက်သည်ဟု ယူဆပြီး ခေါ်ယူတာဝန်ပေးထားခြင်း ခံရသူများဖြစ်သည်၊ သိုင်းပညာအားဖြင့် ဘာမျှ ထက်ထက်မြက်မြက် မရှိကြချေ။

တိုင်မင်လီသည် တုဖန်းတို့ထက် သိုင်းပညာအရာတွင် အဆမတန်ထက်မြက်ပြီး အတွင်းအားကောင်းသူဖြစ်၍ တုဖန်းတို့ မကြားသော အသံများကို ကြားနိုင်စွမ်း ရှိလေသည်။

ယခုကြားရသော အသံများမှာ ခြေသံများဖြစ်သည်၊ လူများများ၏ ခြေသံများသည် ဇရပ်ရှိရာသို့ ဦးတည်လာနေကြသည်။ ထိုခြေသံများကို တိုင်မင်လီ ကြားနေရသည်။

တိုင်မင်လီကြားသော ခြေသံများမှာ ရဲရဲတင်းတင်း နင်းလာသည့် ခြေသံများ မဟုတ်ပေ။ ရဲရဲဝင့်ဝင့်တင်းနင်းလာသည့် ခြေသံများမှာ တဒိုင်းဒိုင်း မြည်နေမည် ဖြစ်သည်။

ယခု ခြေသံများက လျှို့ဝှက်လှန်းလှသည်။ သူခိုးခြေနင်းလာသည့်ပုံမျိုးဖြစ်သည်။ ထို့ပြင် လူကတစ်ယောက်နှစ်ယောက် မဟုတ်။ လူတစ်စု၏ ခြေသံများ ဖြစ်နေသည်။





ထိုခြေသံများကို တုဖန်းတို့လူစု မကြားနိုင်ချေ။ တိုင်မင်လီ ကောင်းစွာကြားသည်။ သူ့နားထဲတွင် ထိုလူစုသည်ဇရပ်ကြီးရှိရာသို့ ချွတ်နင်းလာနေကြကြောင်း ကြားသိနေသည်။

ခိုးကြောင်ခိုးဝှက် အကာအကွယ်ယူ၍ ချဉ်းကပ်လာနေသော ထိုလူစု၏ ခြေသံများသည် တိုင်မင်လီ၏ နားထဲ၌ ပီပီသသ ကြားနေရသည်။ချဉ်းကပ်လာသူများမှာ အတော်ကြီးနီးကပ်လာနေပြီဖြစ်၏။

တိုင်မင်လီက တိုးတိုးမေးလိုက်၏။

'ခင်ဗျားတို့မှာ တခြားလူတွေ ရှိသေးသလား'

ဘုဖန်းမှာ အလွန်လျှင်သည်။သူသည် အခြေအနေကိုရိပ်မိနေလေပြီ။သူသည် ဘာမျှကို သိဿဖြင့် ကြောက်ရွံ့နေသည့် လေသံမျိုးဖြင့် ဖြေသည်။

'ကျုပ်တို့မှာ တခြားလူ မရှိပါဘူး'

'ဒါဆိုရင် ရှင်းနေပြီ၊ အခုလာသူတွေဟာ ရန်သူတွေပဲ၊ ဒီလို နေရာမျိုးမှာ ခိုအောင်းတဲ့လူတွေဆီကို ဘယ်ကမိတ်ဆွေတွေ လာနိုင်မှာလဲ'

'ဘယ်...ဘယ်က ရန်သူတွေလဲ'

တုဖန်းက တုန်ယင်စွာဖြင့် မေးလိုက်သည်။ သူသည်အလွန် သရုပ်ဆောင်ကောင်းသူ ဖြစ်သည်။

တိုင်မင်လီက မဖြေချေ။ ခါးမြှောင်တစ်ချောင်းကို ဆွဲထုတ်၍ အသံကြားရာဆီသို့ ပစ်ခတ်လိုက်၏။

'ဝုန်း'

ခါးမြှောင်သည် အရှိန်ပြင်းစွာဖြင့် ပြေးထွက်သွားသည်။

'ဒုတ်'

'အား'

လူတစ်ယောက်ကို ထိမှန်သွားပြီး နာကျင်စွာအော်ဟစ်သံ ထွက်ပေါ်လာ၏။

ထိုအခါ မှောင်ထဲမှ လျှို့ဝှက်ချီတက်လာသော လူများ၏ အသံများသည် ထူးခြားစွာ ထွက်ပေါ်လာတော့၏။

'ဟေ့....အားလုံး ဝင်တိုက်ကြစမ်း'

ခက်ထန်စွာ ပြောလိုက်သံပေတကား။

'ဝိုင်းကြဟေ့'

'တက်ကြဟေ့'

'ဇရပ်ပေါ်မှာ ရှိတယ်ကွ'



'မလွတ်စေနဲ့ကွ'

ဇရပ်အိုကြီး၏ ပတ်ဝန်းကျင်မှ ချုံပုတ်များမှ များစွာသော အသံများ ထွက်လာပြီး လူများလည်း ခုန်ပျံထွက်လာကြသည်။ လူများသည် ဇရပ်ကြီးအပေါ်သို့ ခုန်တက်လာကြလေသည်။

'နေကြပါဦး....နေကြပါဦး'

ဇရပ်အတွင်းမှ လူများက အလျင်တားဆီးကြသည်။ ထိုသူများကား လျောင်ကန်းနှင့် စကုဲရိတို့ပေတည်း။

'ဘာနေကြပါဦးလဲ၊ ဝိုင်းကြ ခုတ်သစ်ကြ'

'နေကြပါဦးဗျာ၊ ကျွန်တော်တို့ ရှင်းပြပါရစေဦး'

'ဟေ့....နေကြဦး၊ ဘာရှင်းမလို့လဲ...ရှင်း'

'ဇရပ်အပြင်က ဝိုင်းထား'

ခက်ထန်သော အမိန့်ပေးသံကြီး ပေါ်ထွက်လာသည်။ တိုင်မင်လီသည် ထိုလူများကို အကဲခတ်လိုက်၏။

ထိုလူများကား လက်နက်ကိုယ်စီ ကိုင်ဆောင်ထားပြီး ဇရပ်ကို ဝိုင်းဝန်းပိတ်ဆို့ထားကြ၏။ လူသုံးဆယ်ခန့် ရှိသဖြင့် သူတို့သည် ဇရပ်ကို ပိတ်ဆို့နိုင်ကြသည်။

အမှောင်တွင်းမှ လူကြီးတစ်ယောက်ထွက်လာ၏။ ထိုလူကြီးသည် ထိုလူစု၏ ခေါင်းဆောင်လူကြီးပေ်င်။

တိုင်မင်လီ အံ့ဩသွားသည်။ ထိုလူကို တိုင်မင်လီ ကောင်းစွာ သိနိုင်၏။ ထိုလူကား တိုင်မင်လီ ဝင်ရောက် စားသောက်ခဲ့သည့်ဆိုင်ထဲမှ နုတ်ခမ်းမွှေးနှင့်လူကြီးပင်။ ညာဘက်နားဘင်တွင် အမာရွတ်ရှိပြီး ပုဆိန်ကိုင်သော လူဖြစ်သည်။

ထိုလူသည် ပုဆိန်ကြီးကို ကိုင်ထား၏။

'ခုနက တားတာ မင်းတို့မဟုတ်လား၊ ဘာကြောင့် တားတာလဲ၊ ရှင်းစမ်း'

ထိုအခါ လျောင်ကန်းက....

'မှားကုန်မှာ စိုးလို့ပါခင်ဗျာ'

'ဘာဖြစ်လို့ မှားကုန်ရမှာလဲကွ၊ မင်းတို့ ပြောတာတွေကို ငါ အကုန်လုံး ကြားပြီးပြီ၊ မင်းတို့ဟာ သူပုန်တွေပဲ၊ ရှိအုန်ပြည်နယ်ကို 'ပုန်ကန်ကြမယ့် လူတွေပဲ၊ ဒီလူတွေကို ငါတို့က ဘာမှားစရာရှိနိုင်မလဲ'

လူထွားကြီးက မာကျောစွာ ပြောသည်။

စက်ရီက ပျာပျာသလဲ ဝင်ပြောသည်။

'အဲ့ဒါကို ကျွန်တော်တို့ ရှင်းပြပါရစေဦး ခင်ဗျာ၊ ရှင်းပြပြီးမှ တိုက်ရင်လဲ ဆရာကြီးတို့အနေနဲ့ နောက်မကျ နိုင်ပါဘူး....

'ကဲ....ဒါဖြင့် မင်းတို့အားလုံး လရောင်ထဲကို ထွက်လိုက်စမ်း၊ အဲဒီမှာက မှောင်လွန်းအားကြီးတယ်'

ထိုအခါ တုဖန်း၊ လျောင်ကန်း၊ စက်ရီ၊ အန်လောက်နှင့် ကျားချင်တို့သည် မှောင်ရိပ်ထဲမှ လရောင်အောက်သို့ တုန်တုန်ယင်ယင်နှင့် ထွက်သွားကြ၏။

သူတို့က တကယ်ကြောက်နေသလား။ ဟန်ဆောင်ကြောက်နေသလားတော့ မည်သူမျှမသိနိုင်ပေ။ သူတို့သည် ဟန်ဆောင်ကောင်းသူများ ဖြစ်ကြ၏။ သူတို့သည် ဇရပ်နှင့် ဝါးနှစ်ရိုက်အကွာလောက်ဆင်းသွားကြသည်။



လူထွားကြီးသည် တုဖန်းနှင့် သူ့လူ လေးယောက်ကို သေချာစွာ အကဲခတ်လေ၏။

လူထွားကြီးက....

'ကဲ....မင်းတို့ ဘာပြောချင်လို့လဲ၊ ပြောချင်စာရှိရင် ပြောကြ....'

ထိုအခါ လျောင်ကန်းက ချောင်းတစ်ချက်ဟန့်ပြီး ရှေ့သို့ထွက်လိုက်၏။ သူက ရှင်းပြမည်လုပ်သည်။ တုဖန်းက လက်မြှောက်ပြီး ဝင်ရှင်းသည်။

'ဒီလိုပါခင်ဗျာ၊ ကျွန်တော်တို့ အမှန်အတိုင်း ရှင်းပြပါ့မယ်၊ ဒါပေမယ့် ရှင်းမပြခင် ဆရာကြီး ဘယ်သူဆိုတာကို သိပါရစေ'

လူထွားကြီးမှာ မျက်မှောင် ကုတ်သွားလေ၏။

'အမယ်....သူခိုးက လူလိုဟစ်လို့ မင်းကများ ငါ့ကို ပြန်မေးနေရသေးသလား'

လူကြီးက ငေါက်လိုက်၏။ သူ၏ ငေါက်သံမှာ တုန်လှိုက်သွားသည်။ အတွင်းအား အလွန်ကောင်းကြောင်း ထိုအချက်ကို ကြည့်ရုံနှင့် သိနိုင်သည်။ တုဖန်းတို့မှာ တုန်လှုပ်သွားကြသည်။

တုဖန်းသည် ဣန္ဒြေဆည်လိုက်ပြီး....

'ကျွန်တော်ပြောတဲ့ စကားတွေဟာ လျှို့ဝှက်ထားရမယ့် စကားတွေမို့ လို့ပါခင်ဗျာ၊ ဆရာကြီးဘယ်သူဆိုတာ ကျွန်တော်တို့ ရှင်းရှင်းလင်းလင်း သိရဖို့လိုပါတယ်၊ ကျွန်တော်တို့ မပြောသင့်တဲ့လူဖြစ်ရင် ကျွန်တော်တို့ အားလုံး သေရပါ

လိမ့်မယ်၊ ဆရာကြီးဘယ်သူဆိုတာ မပြောရင် ကျွန်တော်တို့ ဆက်ရှင်းဖို့ မလိုတော့ပါဘူး ခင်ဗျာ၊ ဆရာကြီးတို့ ကြိုက်သလို လုပ်ပါတော့'

တုဖန်းကား စကားပြောရာ၌ အလွန်လည်သည်။

လူထွားကြီးက....

'မင်းစကားက အဆန်းပါလား၊ လျှို့ဝှက်တဲ့ စကားတွေ ဘာတွေ ပြောလို့ပါလား၊ ကဲ....မင်းက ငါ့ကို ဘယ်လိုလူလို့ထင်သလဲ၊ ပြောစမ်းပါဦး'

'ဆရာကြီးဟာ ယုံကြည် အားထားထိုက်တဲ့ ပုဂ္ဂိုလ်ကြီး တစ်ဦးလို့ ထင်ပါတယ်'

'ဟား ဟား ဟား တကယ့် ကောင်ပဲ၊စကားပြောတော့ အတော်လည်တဲ့ ကောင်ပဲ၊ မင်းက မြှောက်လဲမြှောက်တတ်တာကိုး၊ မင်းနဲ့စကားပြောတဲ့လူဟာ ကိုယ့်ကိုကိုယ် အထင်ကြီးသွားရမယ့် လူတွေချည်း ဖြစ်မှာပဲ၊ ငါဟာ စေ့လန်ပြည်နယ်က တပ်မှူးချုပ် 'ချူမင်ဖုန်းပဲကွ'

ထိုအခါတုဖန်းတို့ ငါးယောက်မှာဒူးထောက်ထိုင်ကျသွားလေ၏။ သူတို့သည်ဦးခိုက်၍ အရိုအသေ ပြုကြလေ၏။

'တော်ပါသေးရဲ့ခင်ဗျာ၊ မှားကြတော့မလို့၊ ဆက်တိုက်မိရင် အမှားကြီး မှားမှာပါပဲ'

ချူမင်ဖုန်းသည် မျက်မှောင်ကုတ်သွားလေ၏။

'မင်းရှင်းပြမယ့် စကားက ဒါပဲလား'

တုဖန်းက....



'ကျွန်တော်တို့ ငါးယောက်က နတ္ထိ ဂိုဏ်းသားတွေပါ ခင်ဗျာ၊ အဲဒါကြောင့် ဒီလောက်ပလွှင်ခံနေရတာပါ'

လူထွားကြီး ချူမင်ဖုန်းက လက်ကာလိုက်၏။

'ဟား ဟား ဟား လိမ်ရင်လဲ ယုံအောင် လိမ်ပါကွာ၊ မင်းတို့ပြောတဲ့စကားတွေ ငါမကြားရင်တော့ ကောင်းတာပေါ့၊ အခုမင်းတို့ပြောတဲ့ စကားတွေအားလုံးကို ငါကြားပြီးပြီပဲ'

တုဖန်းက ဆက်ရှင်းသည်။

[ ၇၇ ]

'အဲ့ ဒါကို ကျွန်တော် ရှင်းပြချင်တာပါ'

'မင်း ရှင်းပြရင်တော့ တော်တော်ရှည်မယ်နဲ့ တူတယ်'

'လိပ်ပတ်လည်တဲ့အထိပေါ့ဗျာ၊ ခဏတော့ သည်းညည်းခံပြီး နားထောင်ပါ'

'ကဲ....ရှင်းစမ်းပါဦး'

'တပ်မှူးချုပ်အနေနဲ့ ကျွန်တော်တို့ရဲ့ စကား အသွားအလာကို ဆက်စပ်ကြည့်ရင်အမှန်သိနိုင်ပါလိမ့်မယ်၊ ကျွန်တော်တို့ဟာနတ္တ°ဂိုဏ်းသားတွေပါ၊ ဂိုဏ်းချုပ်ကြီးက သမားတော်ယန်ရှေးဟုန်ဆိုတဲ့ လူနောက်ကို နောက်ယောင်ခံ လိုက်ခိုင်းပါတယ်။

'ကျွန်တော်တို့ သမားတော်နောက်ကို လိုက်တာပါပဲ၊ ဒါပေမယ့် မျက်ခြည်ပြတ်သွားပြီး ဘယ်လိုက်ရမှန်းမသိဘဲ ဖြစ်သွားပါတယ်၊ ကျွန်တော်တို့ လှည့်ပတ်စုံစမ်းရင်း ဒီကို ရောက်လာတာပါပဲ ခင်ဗျာ'

'မင်းတို့ ခုနပြောနေတဲ့ စကားတွေကျတော့ ဒီလိုမဟုတ်ပါလားကွ၊ စကားနှစ်ခုကို ဘယ်စကား ငါက အတည်ယူရမှာလဲ၊ ငါယုံအောင်ပြောပေါ့ကွာ'

'ဟုတ်ပါတယ် ခင်ဗျ'

'ဘာဟုတ်တာလဲ၊ မင်းတို့ ခုနကပြောနေတဲ့ စကားတွေကို ငါ နားနဲ့ဆတ်ဆတ်ကြားရတာကွ'

ချူမင်ဖုန်းသည် ပုဆိန်ကြီးကို ဆောင့်ချရင်း အော်လိုက်သည်။

'ဟုတ်ပါတယ်ဆိုတာ တပ်မှူးချုပ် ကြားတဲ့စကားတွေဟာ ဟုတ်ပါတယ်လို့ ပြောတာပါ၊ အဲဒါကလဲ တကယ်တော့ အမှန်တွေ မဟုတ်ပါဘူး'

'တောက်....သေချင်ဖြို့နဲ့တူတယ်၊ မင်းက ငါ့ကို ပြောချင်သလိုပြောလို့ ရမယ်ထင်နေသလား'

ချူမ ဖုန်းက ဆက်ပြောသည်။

'ငါ့ကို မင်းက ဘယ်လိုလူမှတ်နေလို့လဲ၊ ငါနဲ့ နတ္တိဂိုဏ်းချုပ်ဟာ အင်မတန် ရင်းနှီးတဲ့လူတွေကွ၊ မင်းတို့ ငါ့ကို ညာလို့မရဘူး၊ မင်းတို့ပြောခဲ့တဲ့ စကားတွေကို ငါအားလုံးကြားတယ်၊ ရှိအန်ပြည်နယ် နယ်စားကို တော်လှန်ပုန်ကန်မယ်တဲ့၊ ရှိအန်ပြည်နယ်က အမတ်ဟာ ခစလန်ပြည်နယ်က



အမတ်ချုပ်ကွ၊ အဲဒီတော့ ငါ့အနေနဲ့ မင်းတို့ကို ဖမ်းသွားရမယ့်တာဝန် ရှိနေတယ်'

တုဖန်းမှာ တစ်စုံတစ်ခုစဉ်းစားနေ၏။ သူသည် ချက်ချင်းလိုလိုပင် တပ်မှူးချုပ် ချူမင်ဖုန်းကို ပြောလိုက်၏။

'တပ်မှူးချုပ်ကြီးက ကျွန်တော်တို့ ဂိုဏ်းချုပ်ကြီးနဲ့ ရင်းနှီးတယ်လို့ ကြားပါတယ်၊ ဒါဆိုရင် ဒီပစ္စည်းကို သိမှာပေါ့ ခင်ဗျာ'

သူသည် ပြောပြီးသည်နှင့် အိတ်ထဲမှ ပစ္စည်းတစ်ခုကို နှိုက်ထုတ်ပေးလိုက်၏။

တပ်မှူးချုပ် ချူမင်ဖုန်းသည် ထိုပစ္စည်း ကလေး ကို လှမ်းယူလိုက်၏။ ဆင်စွယ်ဖြင့် ပြုလုပ်ထားသည့် လူဦးခေါင်းကလေး ပုံပေတည်း။ ချူမင်ဖုန်းသည် သေချာစွာ စစ်ဆေးကြည့်လေ၏။

'ထူးဆန်းတာပဲ'

'ဘာများထူးဆန်းတာလဲ ခင်ဗျာ'

'ဒါဟာ နတ္တိဂိုဏ်းရဲ့ အမှတ်အသားပဲ၊ မင်း ဘယ်ကရလာသလဲ၊ ဒီအမှတ်အသားတွေဟာ ဒီလောက် အလွယ်တကူ မရနိုင်ဘူးကွ'

'ဟုတ်ပါတယ်၊ ဒါဟာ နတ္တိဂိုဏ်းဝင်တွေရဲ့ အမှတ်အသားပါပဲ၊ ကျွန်တော်တို့ ငါးယောက်စလုံးမှာ ဒီအမှတ်အသားတွေ ရှိနေပါတယ်'

ချူမင်ဖုန်းသည် ကျန်လူများ၏ အမှတ်အသားများကို ကောင်းမကြည့်တော့ပေ။ သူသည် တုဖန်းတို့ကို ယုံကြည့်သွားသည်။

'ဒါနဲ့ မင်းတို့ 'သူရဲကောင်းလေး....သူရဲကောင်းလေးလို့ ပြောနေတဲ့ သူရဲကောင်းကြီးက ဘယ်မှာလဲ၊ မင်းတို့နဲ့ အတူတူ သူက ဘာဖြစ်လို့ ထွက်မရပ်တာလဲ'

ထိုအခါ တုဖန်းက အခြေအနေ အရပ်ရပ်ကို ရှင်းပြလိုက်သည်။

'ကျွန်တော်တို့ဟာ သူ့ကို အယုံသွင်းပြီး ခေါ်လာတာပါ'

သူသည် တိုင်မင်လီရှိနေသည့် ဇရပ်ပျက်ကြီး ဆီသို့ လှည့်ကြည့်လိုက်သည်။

ဇရပ်ပျက်ကြီးသည် တိတ်ဆိတ်နေ၏။

'အဲဒါ သူက နယ်စားကြီးနဲ့ အမတ်ကြီးကို စိန်ခေါ်ပြီး ထွက်ပြေးသွားတဲ့သူပါ၊ သူ့အစွမ်းကမသေးဘူး၊ သူ့ကို ကျွန်တော်တို့ မဖမ်းနိုင်ပါဘူး၊ ဥပမာ မေ့ဆေးပေးတာတို့ ဘာတို့လုပ်ပြီး သူ့ကို ဖမ်းမလို့ခေါ်လာတာပါ၊ အခြားရည်ရွယ်ချက် မရှိပါဘူး'

ချူမင်ဖုန်းသည် ကျေနပ်သွား၏။

'ဩော်....ဒီလိုလား'

'ဒီကောင်ဟာ အမတ်ကြီးကို တော်လှန်ပုန်ကန်နေဖို့ ကြံနေတဲ့ ကောင်ပါ၊ သူ့ကိုမိရင် ကျွန်တော်တို့ သိပ်အဆင်ပြေမှာပါ တပ်မှူးချုပ်ကြီး'



'အခု အဲဒီကောင် ဘယ်မှာလဲ'

'သူ ဇရပ်ထဲမှာပါ၊ စောစောက တပ်မှူးချုပ်ကြီးတို့ကို ဓားနဲ့ပစ်တာ သူပါပဲ ခင်ဗျာ'

ချူမင်ဖုန်းသည် လွန်စွာဒေါသထွက်သွားလေ၏။ သူသည် ဒေါနှင့်မောနှင့် ဇရပ်ကြီးဆီသို့ ကြည့်လိုက်သည်။

'တောက်....စောစောက ဘာဖြစ်လို့မပြောတာလဲကွ'

ချူမင်ဖုန်းသည် တုဖန်းကို ဒေါသနှင့်ပြောလိုက်လေ၏။ တုဖန်းက မျက်နှာငယ်ကလေးဖြင့်....

'စောစောက တပ်မှူးကြီးကပဲ ရှင်းပြလို့ အမိန့်ပေးနေတယ်မဟုတ်လား၊ အခြေအနေက လိပ်ပတ်လည်သွားလို့သာ တပ်မှူးကြီးက ဒီကောင့်ကို အံပြစ် မြင်သွားတာပေါ့၊ ကျွန်တော်တို့ ရှင်းမပြရင် တပ်မှူးချုပ်ကြီး ဒီကောင့်အခြေအနေကို ဘယ်သိမလဲ'

'ကဲ....ဖယ်စမ်းကွာ'

ချူမင်ဖုန်းသည် ရှေ့မှတားဆီးနေသော တုဖန်းကိုတွန်းဖယ်လိုက်ရာ တုဖန်းသည် လဲကျသွားလေ၏။

ထိုအခါ ချူမင်ဖုန်း ရှေ့သို့တက်သွားလေတော့၏။

[ ၇၈ ]

စိးချင်းထိုးပွဲ

ချူမင်ဖုန်းသည် တုဖန်းတို့ထက် ရှေ့သို့ လွန်ထွက်ကာ ဇရပ်ကြီးဆီသို့ အော်လိုက်၏။

'ဟေ့....ဇရပ်ထဲကကောင်၊ မင်းတို့ ငါ့လူတွေအားလုံး ဝိုင်းထားပြီ၊ မင်းကတစ်ယောက်တည်းသမား မင်းဘယ်လိုမှ ပြေးမလွတ်ဘူး၊ ထွက်ခဲ့၊ မင်းအေးအေးဆေးဆေး အဖမ်းခံရင် ငါတို့ အေးအေးဆေးဆေးပဲ ဖမ်းသွားမယ်၊ တိုက်ရင် ခိုက်ရင်တော့ မင်းမလွယ်ဘူး'

သူ၏အော်သံမှာ မာန်ပါလှသည်။ သူ့အသံသည် သုသာန်တစ်ခုလုံးကို လွှမ်းမိုးသွား၏၊ သို့သော် ဇရပ်ထဲမှ မည်သည့်တုံ့ပြန်သံမျှ ပေါ်မလာချေ။

ဇရပ်ကြီး တစ်ခုလုံးမှာ မှောင်ကျနေလေရာ အပြင်မှ အတွင်းကို လုံးဝမမြင်ရချေ။ ဇရပ်အတွင်းမှသာ အပြင်ဘက်ကို မြင်နိုင်သည်။ အပြင်၌ လရောင်ထိုးနေသည် မဟုတ်ပါလော။

တုဖန်းက....

'စောစောက ကျွန်တော်တို့ မီးဖိုထားတာဗျ၊ မီးတုတ်တွေကိုလဲ မီးငြိမ်းပစ်တယ်၊ မီးဖိုကိုလဲ မီးငြိမ်းပစ်တယ်၊ အားလုံးကို ဒီတိုင်မင်လီဆိုတဲ့ကောင် လုပ်တာပဲ၊ သူ့ကြည့်ရတာ သိုင်းပညာလဲ အတော်ကောင်းပုံရတယ်'

ချူမင်ဖုန်း ဒေါသထွက်သွားသည်။

'ဘာသိုင်းပညာ ကောင်းတာလဲ၊ သိုင်းပညာကောင်းရင် ထွက်ရင်ဆိုင်ပေါ့၊ အခု သူဘာဖြစ်လို့ ပုန်းနေတာလဲ'

ချူမင်ဖုန်းသည် သူ့လူများကိုလှည့်၍ အမိန့်ပေးလိုက်၏။

'ဟေ့....မှောင်ထဲကို အရမ်းမဝင်ကြနဲ့၊ မင်းတို့မှာပါလာတဲ့ မီးတုတ်တွေကို ထွန်းညှိလိုက်စမ်း၊ ဒီကောင်ကမှောင်ထဲမှာ၊ ငါတို့က အလင်းထဲမှာ သတိထားကြ'

တပ်မှူးချုပ် ချူမင်ဖုန်း၏ အမိန့်ပေးသံကို ကြားလိုက်ရသောအခါ သူ့နောက်၌ရှိသော လူသုံးဆယ်သည် ချက်ချင်းပင် မီးတုတ်များကို မီးထွန်းညှိကြလေ၏။

လူသုံးဆယ် မီးတုတ်သုံးဆယ်ကို ထွန်းညှိလိုက်သောအခါ ဇရပ်ပတ်ပတ်လည်၌ လင်းထိန်သွားလေ၏။



ဇရပ်၏အတွင်းပိုင်းများသို့ အလင်းရောင် မရောက်သော်လည်း ဇရပ်အစပ်သို့ကား အလင်းရောင်ရောက်သည်။ သို့သော် ဇရပ်အစပ်၌ တိုင်မင်လီကို မတွေ့ရတော့ချေ။

တိုင်မင်လီသည် အတွင်းပိုင်း၌ သွားရောက်ပုန်းခိုနေလေပြီဟု တုဖန်းက တွေးသည်။

'စောစောက အဲဒီဇရပ်အစပ်မှာ ထိုင်နေကြတယ်၊ မီးမွှေးတာလဲ အဲဒီနေရာမှာပဲ၊ အခု သူမရှိတော့ဘူး'

တုဖန်းက ချူမင်ဖုန်းအား ပြောလေ၏။

ချူမင်ဖုန်းက....

'ကဲ....သတိထားပြီး ဝင်ကြတော့၊ ကိုယ့်ဘယ်လက်က မီးတိုင်ကိုကိုင်ပြီး ညာလက်က ဓားကိုကိုင်ဟေ့၊ မျက်စိကိုဖွင့်နားကိုစွင့်ပြီး ဝင်ကြ'

ချူမင်ဖုန်း၏တပည့်များက တစ်ဖက်ကမီးတုတ်ကိုမြှောက်တစ်ဖက်က ဓားလွတ်ကိုကိုင်၍ ဇရပ်ထဲသို့ ဝင်ကြလေတော့၏။

ဇရပ်ကြီးကား အတော်ကြီးမားသည်။ တိုင်ကြီးများကလည်း အတော်ကြီး၏။

မီးရှူးတိုင် ကိုင်မြှောက်သွားသူများသည် ချောင်းကြိုချောင်းကြားမကျန် ကြည့်ကြ၏။ ထုပ်တန်းများ အပေါ်သို့လည်း မီးတုတ်များ မြှောက်ကြည့်ကြသည်။ ရှုပ်ထွေးနေသော ပင့်ကူအိမ်များမှအပ ဘာမျှမတွေ့ရချေ။

'တွေ့ကြရဲ့လား'

တပ်မှူးချုပ်သည် ပုဆိန်ကြီးကို ကိုင်ထားရင်း မေးလေသည်။

'မတွေ့ဘူး၊ တပ်မှူးချုပ်'

နောက်လိုက်ယဲ့သားများက ဖြေကြသည်။ တပ်မှူးချုပ်သည် မှောင်ထဲသို့ ကြည့်၍ အော်လိုက်၏။

'မင်း ထွက်ခဲ့စေ၊ မင်းမထွက်ရင် ငါ ဝင်ခဲ့မယ်'

တပ်မှူးချုပ်၏အသံသည် တုန်ဟည်းသွား၏။

ထိုစဉ် အမှောင် မျှစ်မျက်နှာမှ ရှက်သံ ပေါ်ထွက်လာလေသည်။

'တပ်မှူးကြီး ဘယ်လောက်ခေါ်ခေါ် ကျုပ်ကတော့ အလင်းထဲကို မထွက်နိုင်ပါဘူးခင်ဗျာ၊ အလင်းထဲ ထွက်ရင် ကျုပ်လောက်မိုက်တဲ့လူ ရှိပါ့မလား၊ တပ်စုတင်မှုလုံးနဲ့ တိုက်ရမှာဗျ၊ ဒီတော့ ကျုပ်ကို ထွက်လာဖို့ ခေါ်တာကို ရပ်ပါတော့ဗျာ'

အသံသည် အရပ်ရှစ်မျက်နှာမှ တုန်ဟည်း၍ ထွက်လာသဖြင့် ချုမင်ဖုန်း၏ နောက်၌ပါလာသော တပ်သားများမှာ လွန်စွာ အံ့အားသင့်ကြလေ၏။ ရမ္မက်များသည် တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်ကြလေ၏။

သို့သော် တပ်မှူးချုပ် ချုမင်ဖုန်းကတော့ မအံ့သြချေ။ အဘွင်းအားကောင်းလျှင် ဤသို့ အသံပြုနိုင်သည်ကို သူသိသည်။

'မင်း ငါ့လက်က ပြေးလို့ မလွတ်နိုင်ပါဘူးကွာ'

'ခင်ဗျားမီအောင် ဖမ်းပါဦးလေ'

'မင်း မလွတ်စေရဘူးလို့ ငါကျိန်ပြောတယ်'

'ခင်ဗျား အစွမ်းကို ကြည့်ရမှာပေါ့ဗျာ'



ချုမင်ဖုန်းသည် လက်ထဲမှ ပုဆိန်ကြီးကို ဝှေ့ယမ်းလိုက်သည်။

'ဝှီး....ဝှီး....ဝှီး'

'ငါလာပြီဟေ့ မင်းရှောင်ပေတော့'

သူသည် မှောင်ထဲသို့ ခုန်ဝင်လိုက်၏။ ထို့နောက် တစ်ချက် ထောက်ကာ ခေါင်မိုးပေါ်သို့ ခုန်တက် လိုက်၏။ တပ်မှူးချုပ်သည် ခေါင်မိုးပေါ်သို့ ပေါ့ပါးစွာ ရောက်ရှိသွားလေသည်။ သို့သော် ဇချပ်ခေါင်မိုးပေါ်သို့ ခြေမချနိုင်မီ....။

'ဝှစ်....ဝှစ်....ဝှစ်'

မားမြောင်သုံးချောင်းသည် သူ့ဆီသို့ ပြေးဝင်လာလေသည်။ သူသည် ထိုဓားသုံးချောင်းကို ပုဆိန်ဖြင့် ဝှေ့ယမ်းကာကွယ်လိုက်ရ၏။

'ထန်း....ထန်း... ချွင်'

မားသုံးချောင်းစလုံး ခေါင်မိုးပေါ်သို့ ကျသွားလေသည်။

'ဟား ဟား ဟား တပ်မှူးကြီးက မဆိုးပါလား'

'ဘာမဆိုးရမှာလဲ၊ မင်းသတ္တိရှိရင် ထွက်ခဲ့လေကွာ၊ ငါနဲ့ တိုက်မယ်'

'ဟဲ ဟဲ ဟဲ ကျုပ်မထွက်ရဲပါဘူးဗျာ၊ ဒါပေမယ့် ထွက်ရဲတဲ့သူကတော့ ထွက်တာပဲဗျ'

'ဝှစ်....ဝှစ်....ဝှစ်'

နောက်ထပ်ဓားပျံ သုံးချောင်း ဝင်လာပြန်လေ၏။

ဤတစ်ကြိမ်တွင် ဝင်လာသော ခဲပျံသုံးချောင်းမှာ ချူမင်ဖုန်း၏ ဆီးအိမ်၊ ရင်ခေါင်းနှင့် လည်မျိုများဆီသို့ တစ်ပြိုင်နက် ပြေးဝင်လာခြင်း ဖြစ်ရာ ချူမင်ဖုန်းသည် ပုဆိန်ကြီးဖြင့် ငှေ့ယမ်းဖယ်ရှားခြင်း မပြုရဲတော့ဘဲ ဘေးဖက်သို့ ခုန်ရှောင်လိုက်ရလေ၏။

ထိုအခါ ခေါင်မိုးပေါ်၌ လူရိပ်တစ်ခု လှစ်ခနဲပေါ်လာကာ ချူမင်ဖုန်းက ခဲနှင့်ဆက်တိုက် ခုတ်လေတော့၏။

'ထန်း....ထန်း....ထန်း'

ချူမင်ဖုန်းသည် သူ၏ပုဆိန်ကြီးဖြင့် အသေအလဲကာကွယ်ရလေ၏။ ယခုအချိန်ထိ သူသည် တစ်ကွက်မျှ မတိုက်နိုင်သေးချေ။ အသေအလဲ ခုခံနေရသည်။

သူသည် ပေါက်ခဲချက်များကို ခုခံကာကွယ်ရင်း လွတ်နေသော သံပြားပေါက်ကြားမှ အောက်သို့ ကျသွားလေတော့၏။

ချူမင်ဖုန်းအား တရကြမ်းတိုက်ခိုက်သူမှာ အောက်သို့ လိုက်ပါ ခုန်ချခြင်း မပြုပေ။

ချူမင်ဖုန်း အောက်သို့ ကျသွားသည်နှင့် ဇရပ်ခေါင်မိုးပေါ်မှ ဇရပ်ဘေးတွင် ပေါက်နေသော ထင်းရှူးပင်ကြီးဆီသို့ လျင်မြန်စွာ ခုန်ကူးသွားသည်။

ထင်းရှူးပင်ကြီးနှင့် ဇရပ်ခေါင်မိုးမှာ ဆယ့်နှစ်ပေခန့်မျှ ဝေးကွာသည်။

ချူမင်ဖုန်းသည် ဇရပ်ကြမ်းပြင်ကို ခြေထောက်မိသည်နှင့် ကျားဟု မာန်သွင်းအော်ဟစ်ကာ ဇရပ် ခေါင်မိုးပေါ်သို့



တက်သွားလေ၏။ သူသည် ဇရပ်ခေါင်မိုးသို့ ပြန်ရောက်ကာ ရန်သူအား ရှာဖွေတော့သည်။

ရန်သူသည် ဇရပ် ခေါင်မိုးပေါ်၌ မရှိတော့ကြောင်း တွေ့ရသည်။

ကင်းရှူးပင်များထိပ်ဖျားမှ ရန်သူ ခုန်ကူးပြေးလွှားသွားသည်ကို တွေ့မြင်လိုက်ရသည်။ ထို့ကြောင့် သူလည်း ထင်းရှူးပင်များပေါ်သို့ ခုန်ကူးလိုက်ပြေးရတော့သည်။

ဇရပ်အောက်တွင် ရှိကြသော ချူမင်ဖုန်း၏ ရဲမက်များမှာ ထင်းရှူးပင်များ ထိပ်ဖျား၌ ပြေးနေကြသော ရန်သူနှင့် သူတို့၏ တပ်မှူးချုပ်ကို အံ့သြစွာ ငေးကြည့်နေကြ၏။ ကြက်သေသေနေကြ၏။

အတန်ကြာမှ သူတို့တပ်မှူးချုပ်အား လိုက်ပါကူညီရမည်ကို သတိရကြသည်။

'ဟေး....ပြေးပြီကွ ...လိုက်ကြ....လိုက်ကြ'
'ဟေး....ဟေး....လိုက်ကြ....လိုက်ကြ'

...တို့သည် မီးတုတ်များကိုကိုင်ကာ အော်ဟစ်ပြေးလိုက်...တော့သည်။ သူတို့ ပြေးလိုက်ကြရသည်မှာ မြေ...နှံမဟုတ်...ဂူဟောင်းများ၊ ချုံပုတ်များ၊ သစ်ပင်များကို ကွေ့ရှောင်ကာ ပြေးလိုက်ရသဖြင့် ခရီးမတွင်ချေ။

စောစောက တိတ်ဆိတ်နေသော သုသာန်ဟောင်းကြီးမှာ ပွက်ပွက်ညံနေတော့သည်။

တိုင်မင်လီသည် ကိုယ်ဖော့ပညာကိုသုံး၍ ပြေးနေ၏။

သုသာန်ဟောင်းကြီး၌ ထင်းရှူးပင်ကြီးများ များပြားစွာ ပေါက်နေသဖြင့် သူ့အဲ့သွက် အဆင်ပြေနေသည်။ တစ်ပင်မှ တစ်ပင်သို့ ခုန်ကူးပြေးနေရုံပင်။

ထင်းရှူးပင်များ ကုန်ဆုံးသည့်နေရာတွင် မြေပြင်သို့ဆင်း ပြေးရပေမည်။ မကြာမီ သုသာန်အပြင်ဘက်သို့ ရောက်ရှိပြီး ထင်းရှူးပင်ကြီးများ ကုန်ဆုံးသွားတော့၏။

သူသည် နောက်ဆုံး ထင်းရှူးပင်ပေါ်မှခုန်ဆင်းကာ မြေပြင်ပေါ်၌ ဆက်ပြေးတော့၏။

မြေပြင်မှ လိုက်လာသောရဲမက်များမှာ ကွေ့ကွေ့ကောက် ကောက် ပြေးလိုက်နေရခြင်း ဖြစ်ခြင်းကြောင့် တိုင်မင်လဲကို မမီနိုင်ဘဲ ရှိနေကြသည်။ သူတို့သည် သုသာန်ထဲ၌ပင် ရှိနေကြ သေး၏။ တိုင်မင်လဲ ခရပ်မနားပြေးလာရာနောက်မှလိုက်သည့် အသံများ တဖြည်းဖြည်း ဝေး၍ဝေး၍သွားကြောင်း သိရ သည်။ ထို့ကြောင့် သူသည် သူ၏ကိုယ်ဖော့ပညာကို လျှော့၍ နောက်သို့ လှည့်ကြည့်လိုက်သည်။

'ဟိုက်'

တိုင်မင်လဲ အလွန်အံ့သြသွားသည်။ အံ့သြသည်တက်ထိတ် လန့်သွားသည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် သူ့ နောက် မလှမ်းမကမ်းမှ ပြေးလိုက်လာနေသူတစ်ဦးကို တွေ့ရ သောကြောင့်ပေတည်း။

ထိုသူမှာ တပ်မှူးချုပ် ချူမင်ဖုန်းပင် ဖြစ်ရမည်ဟု သူ တွေးသည်။ သူ့ကိုယှဉ်နိုင်သူမှာထိုတပ်မှူးပင်ရှိသည်မဟုတ်ပါ လော။



သူသည် ထိုတပ်မှူးချုပ်ကို အချမ်းအထင်ကြီး လေးစား သွား၏။ အဘယ်ကြောင့်ဆိုသော် သူ ဇရပ်ခေါင်မိုးပေါ်တွင် ပစ်ခတ်ခဲ့သော ဓားပစ်ပညာမှာ လက်နက်ပုန်း ပညာများ တွင် အလွန်အဆက်တန်း ကျသော စစ်ပညာရပ် တစ်ခုဖြစ် သည်။

ဤဓားချက်မျိုးကို ရှောင်တိမ်းနိုင်သောပညာရှင်မှာ ထိပ် တန်း သိုင်းပညာရှင်သာ ဖြစ်ပေသည်။

တပ်မှူးချုပ်သည် ဇရပ်ခေါင်မိုးပေါ်မှ ကျသွားပြီး သူ့ နောက် ချက်ချင်း ပြေးလိုက်လာနိုင်သည်။ ဤအချက်များကို ထောက်ပြီး တပ်မှူးချုပ်ကို အထင်မသေးရဲတော့ပေ။

ဤသူနှင့် တစ်ယောက်ချင်းယှဉ်ပြိုင်တိုက်ခိုက်လျှင်ပင်အရှုံး အနိုင်မှာ မသေချာချေ။

နောက်တစ်ကြောင်းမှာ တပ်မှူးချုပ်အား ယှဉ်ပြိုင်တိုက် ခိုက်နေလျှင် သူ့တပည့် ရဲမက်များကား မီလာနိုင်သည်။ မိမိသည် တပ်မှူးချုပ်ကို နိုင်မည်ဟု မပြောနိုင်ချေ။

ဤသို့ဆိုလျှင်ထိုတပ်မှူးချုပ်အား ဘာကြောင့်ယှဉ်ပြိုင်နေ တော့မည်နည်း။

မပြိုင်သင့်ပါ။ ပြိုင်လျှင် ကိုယ့်သေတွင်း ကိုယ်တူးသည်နှင့် တူပေတော့မည်။ ထို့ကြောင့် တိုင်မင်လဲသည် လျှော့ချလိုက် သည့် ကိုယ်ဖော့ပညာကိုပြန်လည်မြှင့်တင်လိုက်ရသည်။ အစွမ်း ကုန် ပြေးလေတော့၏။

ထိုအခါ နောက်မှ ချူမင်ဖုန်း၏အော်သံကိုကြားလိုက်ရ သည်။

'ပြေးစမ်းဟေ့ ....ပြေးစမ်း၊ မင်းဘယ်လောက်ပြေးနိုင်မလဲ ဆိုတာ ငါ စမ်းကြည့်စမ်းမယ်'

ချူမင်ဖုန်း၏ အသံမှာ မောဟိုက်နေသည့်အသံမျိုးမဟုတ်ပေ။ သူ့ အသံမှာ အေးဆေးတည်ငြိမ်နေသည်။ အသံသည် လှိုက်၍လှိုက်၍ ထွက်နေသည်။ တိုင်မင်လီ လုံးဝ အသင်မသေးရဲ့တော့ပါ။

တိုင်မင်လီ အားသွန်၍ ပြေးသည်။ သူပြေးသည်မှာမြန်လွန်းလှသဖြင့် နတ်ဒေဝတာတစ်ပါး တိမ်တိုက်ပေါ်၌ ပြေးနေသည်နှင့် တူနေသေးတော့သည်။ ဘေးမှ သစ်ပင်များသည် တရိပ်ရိပ်နှင့် ကျန်ရစ်လေ၏။

သို့သော် တပ်မှူးချူမင်ဖုန်း၏ အသံက သူ့နောက်မှ လိုက်လာသည်။

'မင်းမဆိုးပါဘူး၊ ဒါကြောင့်လဲ မင်းစီကွမ်မြို့ထဲက ထွက်ပြေးလာနိုင်တာကိုး၊ ဒါပေမယ့် ဒီတစ်ခါတော့ မင်း ငါ့လက်ထဲက ပြေးမလွတ်ပါဘူး'

ထပ်၍ကြားရသော တပ်မှူးချုပ်၏အသံမှာ ယခင်အတိုင်း ပါပဲကလား။

သူ၏ စစ်သည်ရဲမက်များ၏အသံကို သဲ့သဲ့ မျှပင် မကြားရတော့ချေ။ သူ၏ စစ်သည်ရဲမက်များ မျက်ခြည်ပြတ်သွားလောက်ပေပြီ။

ထိုအချိန်၌ အနိုင်အရှုံးတိုက်ပါက သူ၏ စစ်သည်ရဲမက်များ မလာဆောက်နိုင်ပြီကို သိလိုက်သဖြင့် တိုင်မင်လီသည် ပြန်လည်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။



ထို့ကြောင့် သူသည် ကမူတစ်ခုပေါ် ပြေးတက်ရပ်လိုက်သည်။ သူက ထိုကမူထိပ်တွင် တစ်ယောက်နှင့်တစ်ယောက် အသေအလဲနွှဲရန်ရည်ရွယ်ပြီး ပြေးတက်လိုက်ခြင်း ဖြစ်သည်။

ဤသို့တက်ပြီးမှ တစ်ဖက်ကိုမြင်ရသည်။ ကမူ၏တစ်ဖက်တွင် ချောက်ကြီး ဖြစ်နေသည်တကား။

### အင်အားတူ ယှဉ်ပြိုင်ဘက်

ချောက်ကြီးမှာ သာမန်ချောက်မဟုတ်ပေ။ အဲသူရာ ချောက်ကြီး ဖြစ်သည်။ ထိုချောက်မျိုးကို လူမပြောနှင့် နတ်ဒေဝတာပင် ကူးနိုင်လိမ့်မည် မဟုတ်ချေ။

အောက်သို့လည်းမမြင်၊ ရှေ့၌လည်း ဝေးဝေးမျှသာ မြင်ရသည်။ ဤချောက်ကြီးကို မည်သည့်လူမျှ ကူးခတ်နိုင်မည် မဟုတ်ကြောင်း တိုင်မင်လီသိလိုက်သည်။

သူရပ်လိုက်သည်က မပိုက်မည်ဆိုပြီး ရပ်လိုက်ခြင်းပင်။ သို့သော် ပသဝီ အခြေအနေအရ မတိုက်မဖြစ်တိုက်ရတော့မည့် အခြေအနေပင်။

ချူမင်ဖုန်းသည် မကြာမီတိုင်မင်လီကို မီလာလေသည်။

'ဟား....ဟား....ဟား....ခုတော့မင်း မပြေးနိုင်တော့ဘူး မဟုတ်လား၊ ငါပြောသားပဲ မင်း ငါ့လက်က လွတ်အောင် မပြေးနိုင်ပါဘူးလို့'

ချူမင်ဖုန်းက ရယ်မောရင်းပြောသည်။ သူသည် အူမြူးနေသည်။ သားကောင်ကိုတွေ့သော မုဆိုးကဲ့သို့ ပျော်မြူးနေသည်။

တိုင်မင်လီက ခပ်အေးအေးပင် ပြောသည်။

'ခင်ဗျားကို ကျုပ်က ကြောက်တယ်လို့များ ထင်နေသလား တပ်မှူးချုပ်ကြီးရဲ့၊ ကျုပ်က လူအများနဲ့ ဝိုင်းတိုက်တာကို မခံချင်ဘူးလေ၊ ဒါကြောင့် ခင်ဗျားနဲ့ တစ်ယောက်ချင်းတိုက်ဖို့ များခေါ်လာတာဗျ၊ သိရဲ့လား'

တိုင်မင်လီက စိန်းစိန်းပင် ကြည့်နေသည်။

'မင်းက ငါနဲ့တစ်ယောက်တည်း ဘိုက်မလို့ ဟုတ်စ၊ ငါ နားရှိလို့သာ ကြားရတယ်၊ ဟား....ဟား....ဟား'

ချူမင်ဖုန်းသည် အလွန်သဘောကျပြီး လှိုက်၍လှိုက်၍ ရယ်မောလေရာ ချောက်ကြီးမှ ပဲ့တင်သံ ပြန်ထွက်လာလေ၏။

တပ်မှူးချုပ်ကြီး ချူမင်ဖုန်းသည် တဟားဟား ရယ်မောလေသည်။

'မင်းကကြည့်လဲ ပြောပါဦးလေကွာ၊ မပြေးနိုင်တော့မှ ပြေးစရာမြေမရှိတော့မှ ခုလို ပြောတာတော့ မကောင်းပါဘူး၊ အေး....အရှက်ပြေပြောရင်တော့ ပြောပါ၊ ငါနားထောင်နိုင်ပါတယ်ကွာ'



ချူမင်ဖုန်း၏စကားမှာ စိတ်ဆိုးစရာပင်။ သို့သော် တိုင်မင်လီ စိတ်မဆိုးချေ။ သူသိသည်။ သိုင်းသမားစိတ်ဆိုးလျှင် တစ်ဝက်ရှုံးပြီကိုသိသည်။

'ဟား....ဟား....ဟား....ခင်ဗျား အကြံကို ကျုပ်သိပါတယ်ဗျ'

'ဘာအကြံလဲ'

'ခင်ဗျားတပည့်တွေ ရောက်လာအောင် အချိန်ဆွဲနေတာ မဟုတ်လား၊ အဲဒီလိုဆိုရင် ကျုပ် ထိုင်စောင့်မယ်ဗျာ'

'တောက်....မင်းလိုကောင်ကိုများ ငါက ဝရှစိုက်စရာ လိုမှာလား'

'ကျုပ်က အမှန်ပဲပြောတတ်တယ်၊ အပိုစကားလဲ မပြောတတ်ဘူး၊ ကျုပ်ကို ခင်ဗျားတပည့်တွေနဲ့ ဝိုင်းတိုက်ရင် အများနဲ့တစ်ယောက်မို့ ကျုပ်ရှုံးနိုင်တယ်၊ အဲဒါကို တွက်ပြီး ခင်ဗျားကို ဒီကို ခေါ်လာတာပဲ၊ ဒါကို ခင်ဗျား ယုံချင်ယုံ မယုံချင်နေပါ'

တိုင်မင်လီက အမှန်အတိုင်းပင် ပြောပြလေ၏။

ချူမင်ဖုန်းက....

'အေး....ငါကလဲ မင်းနဲ့တစ်ယောက်ချင်း တိုက်ချင်နေတာ ကြာပြီကွ'

'ခင်ဗျားကို ကျုပ်ခုမှတွေ့ဖူးတာပါ၊ ခင်ဗျားက ကျုပ်ကို သိနေလို့လား'

'ဟား ဟား ဟား မင်းနာမည် ငါကြားဖူးနေတာ ကြာပြီကွ၊ မင်းအံ့သြနေသလား၊ မအံ့သြနဲ့၊ ငါနဲ့အမတ်ကြီး

ကျိုက်ကဲလောက်ဟာ ဈေးလန်ပြည်နယ်က အမတ်ကြီးနဲ့တပ်မှူးကြီးလေ၊ အမတ်ကြီးကျိုက်ကဲလောက်နဲ့ ငါနဲ့အဆက်အသွယ်ရှိနေမှတော့ မင်းအကြောင်း ငါမသိဘဲ ဘယ်ရှိပါ့မလဲ'

'အင်း... အမတ်ကြီးကျိုက်ကဲလောက်ဟာ ကျုပ်အကြောင်းကို ကောင်းကောင်း သိတာပေါ့'

'ဟုတ်တယ်၊ အမတ်ကြီးက မင်းအကြောင်း ပြောတော့ ငါကကယ့်ကို တိုက်ရခိုက်ရခက်မယ့် လူလို့ ထင်ခဲ့မိတယ်၊ တကယ်ကို လောက်လောက်လားလား အစားထဲကလို့ထင်ခဲ့မိတယ်၊ အခုတွေ့ရတော့မှ မလောက်လေးမလောက်စားပါလားကွ၊ မင်းနဲ့တိုက်ခိုက်ရင် ငါ့သိက္ခာများ ကျမလားလို့ တွေးနေရပြီကွ'

ဟား ဟား ဟား ခင်ဗျားအကြံကို ကျုပ်သိနေပြီလို့ ပြောပြီးပြီ၊ ခင်ဗျား သက်သက်အချိန်ဆွဲနေတာပဲ၊ ခင်ဗျားရဲ့ နောက်လိုက်တွေမီသာဖို့ ခင်ဗျားစောင့်မနေနဲ့၊ စောင့်နေရင်တော့ ခင်ဗျားလည့်ပြန်တော့'

တိုင်မင်လီ၏စကားကိုကြားသောအခါ ချူမင်ဖုန်း ဆတ်ဆတ်ခါ နာကြည်းသွား၏။

'မင်းဟာ တကယ့် သူငယ်နှပ်စားလေးပဲ၊ တာဝန်ဆိုတာ ဘာလဲဆိုတာကို မင်းမသိဘူး၊ ငါဟာ ချူမင်ဖုန်းအနေနဲ့ မင်းဆိုတဲ့တိုင်မင်လီကို တိုက်ခိုက်ဖို့စိတ်မဝင်စားဘူး၊ အခု စိတ်ဝင်စားနေရတာက တပ်မှူးချုပ်တစ်ယောက်အနေနဲ့ပဲ၊

'မင်းဟာ ရှအံန့်ပြည်နယ်အတွက်ရှေ ဝေ့လံန့်ပြည်နယ် ၄၈. အတွက်ရှေ ဆူးပြောင့်ခလုတ်တစ်ခုဖြစ်နေတယ်၊ အဲဒီ ဆူး



ပြောင့်ကို တာဝန်အရ ငါရှင်းလင်းရမှာကွ၊ တပ်မှူးချုပ်တစ်ယောက်အနေနဲ့ ရှင်းလင်းသုတ်သင်ရမှာ၊ ဒါကို မင်းသိထား'

တိုင်မင်လီသည် သူ့စကားများကို စိတ်ရှည်လက်ရှည်နားထောင်နေသည်။ စကားဆုံးသောအခါ....

'ကဲ... ခင်ဗျားပြောလို့ပြီးပြီလား၊ ပြီးရင် ပုဆိန်ကိုဖြုတ်ပေတော့၊ ကျုပ်တို့ တိုက်ခိုက်ဖို့ပဲ ရှိတော့တာပေါ့'

သူသည် ဓားကိုဆွဲထုတ်လိုက်သည်။

'ရှမ်း'

တိုင်မင်လီဓားထုတ်ပုံမှာ အလွန်လျင်မြန်လှသည်။ အနည်းငယ် လှုပ်လိုက်သည်ဟုသာ ထင်ရသည်။ သူ့လက်ထဲ၌ ဓားရောက်လာသည်။

ချူမင်ဖုန်းသည် တိုင်မင်လီကို တကယ့် သူငယ်နှပ်စားလေးဟု ထင်နေသည်။ သူနှင့်ယှဉ်ပြိုင်ရမည့် ယှဉ်ပြိုင်ဘက်ဟု မယူဆချေ။

သို့သော် ယခု တိုင်မင်လီ ဓားထုတ်လိုက်သောအခါတွင်မူ သူ၏မျက်နှာသည် အမူအရာပြောင်းလဲသွား၏။

ချူမင်ဖုန်းသည် ဇာရပ်ပေါ်၌ရှိစဉ်က ဓားပျံ သုံးစင်းဖြင့် နှစ်ကြိမ်အပေါက်ခံခဲ့ရဖူးသည်။ ပထမအကြိမ် ပေါက်ဓားများမှာ သာမန် ဓားများဖြစ်သော်လည်း ဒုတိယအကြိမ် ပေါက်ဓားများမှာမူ အလွန်အဆင့်မြင့် သည်။

ခေါးပစ်သူသည် ပညာမဆိုးလှဟု ထိုစဉ်က သူတွက်ဆခဲ့သည်။ ယခု ခေါးထုတ်ပုံမှာ အလွန်လျင်မြန်လှသဖြင့် တိုင်မင်လီကို သူ လုံးဝအထင်မသေးရဲတော့ချေ။

တိုင်မင်လီ၏အဆင့်မှာ သာမန်စားသမားတစ်ဦးမဟုတ်။ အလွန်အဆင့်မြင့်သောခေါးသမားတစ်ဦး ဖြစ်ကြောင်း သူသိသွားသည်။

သူနှင့်ယှဉ်ပြိုင်လျင်လည်းတော်တော်နှင့်မနိုင်နိုင်ကြောင်း၊ အနိုင်အရှုံး ငါးဆယ်ရာခိုင်နှုန်းစီ ရှိကြောင်း သူသိလိုက်သည်။

ဤမျှ ခေါးထုတ်လျင်မြန်သော ဒိုင်းသမားကို သူသည် သေချာပေါက်နိုင်မည်ဟု မပြောနိုင်ချေ။ ရှုံးလျှင်ရှုံးနိုင်သည်သာ။

သူသည် ပုဆိန်ကို နှေးကန်စွာ ဖြုတ်လိုက်၏။

'ကဲ....မင်းတိုက်ချင်သပဆိုရင် တိုက်ပေတော့'

သူသည် တိုင်မင်လီကို လှမ်းပြောလိုက်သည်။

တိုင်မင်လီသည် အချိန်ဖြုန်းနိုင်သူမဟုတ်ပေ။ ချူမင်ဖုန်း၏ နောက်လိုက်များ မီလာမည်မဟုတ်ဟု မည်သူမျှမပြောနိုင်ချေ။ ထို့ကြောင့် သူသည် လှိုင်းပင်မုန်တိုင်း သိုင်းကွက်ဖြင့် စတင် တိုက်ခိုက်လိုက်သည်။

လှိုင်းပင်မုန်တိုင်းသိုင်းကွက်မှာပြင်းထန်လှသည်။ပတ်ဝန်းကျင်ရှိ လေထုပင် တုန်ဟည်းသွားသည်။ ခေါးရောင်လည်း ဖြိုးဖြက်ဝင်းလက်သွားသည်။



ခေါးရောင်သည် ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံသွားသည်ဟု ထင်မှတ်ရသည်။ ခေါးရိပ်များသည် တပ်မှူးချုပ်ချူမင်ဖုန်းကို လွှမ်းခြုံသွားသည်ကတော့ အမှန်ပင်။

ချူမင်ဖုန်းမှာ ငြိမ်ခံမနေရဲချေ။ သူသည် သူ၏ ပုဆိန်ကြီးကိုထောင်လိုက်ပြီး 'လေလာတောင်ဆီ'သိုင်းကွက်ဖြင့် ခုခံကာကွယ်လိုက်ရသည်။ တိုင်မင်လီ၏တိုက်ချက် ပြင်းထန်လှသဖြင့် နောက်သို့ ခြေနှစ်ချောင်းပင် ဆုတ်ပေးလိုက်ရသည်။

'ဝှီး....ဟီး....ဟီး'

ခြွမ်း....ခြွမ်း....ခြွမ်း'

'ခြွမ်း....ချလန်း....ချလန်း'

လေလှိုင်းများ တိုက်ခိုက်သံ၊ ခေါးနှင့် ပုဆိန်တိုက်ခိုက်သံများက ဆူညံနေသည်။ ခေါးနှင့်ပုဆိန်ထိမိသောအခါ မီးပွင့်များ ထွက်လာ၏။

တိုင်မင်လီအသုံးပြုသောသိုင်းကွက်များထဲမှာ ကွက်ခွဲခစ်ခုရှိ၏။ သူ၏သိုင်းကွက်များသည် မုန်တိုင်းတိုက်ခတ်သောအခါ လှိုင်းတံပိုးများ ထကြွလာပြီး ကမ်းခြေရှိ ကျောက်တုံးကျောက်ခဲများကို ရိုက်ခတ်သကဲ့သို့ ဖြစ်ပေသည်။

ဇင်လယ်ပြင်၌ မုန်တိုင်းတိုက်ပြီး လှိုင်းများ ဆက်တိုက်ရိုက်ခတ်သကဲ့သို့ ဆက်တိုက်ဆက်တိုက် ထိုးခုတ်ခြင်းဖြစ်၏။

ထောင်ရုံတန်ရုံ သိုင်းသမားသည် တိုင်မင်လီ၏ ထိုးခုတ်ချက်ကို ရှောင်နိုင်မည်မဟုတ်ချေ။ တိုင်မင်လီ၏ တိုက်ကွက်များမှာ အလွန်ကောင်းလှသည်။

ခြေထောက်ကိုခုတ်သည်။ ခြေထောက်ကို ပုဆိန်ဖြင့် ကာကွယ်သောအခါ ဝမ်းဗိုက်၊ ဆီးစပ်ဆီသို့ ဓားဖြင့်ထိုးသွင်း၏။

ဝမ်းဗိုက် ဆီးစပ်တို့ ကာကွယ်ပြန်သောအခါ လည်မျိုမျက်နှာသို့ တိုက်ခိုက်ပြန်၏။ ချူမင်ဖုန်းမှာ တိုက်ခိုက်ရသည် မရှိ ခုခံနေရသည်သာဖြစ်ပါသည်။

သို့သော် ထိုက်ကွက်အရ ချူမင်ဖုန်း မတိုက်ခိုက်နိုင်သော်လည်း အခြား အချက်အလက်များအရ ချူမင်ဖုန်း လုံးဝရှုံးနိမ့်ခြင်းမရှိသေးချေ။

ချူမင်ဖုန်းသည် မှန်မှန်ပင် အသက်ရှူနေပြီး တိုင်မင်လီ၏ဓားချက်များကိုလည်း အမှားအယွင်းမရှိ ခုခံနိုင်ဆဲသာဖြစ်လေ၏။

ချူမင်ဖုန်းသည် အတွင်းအား အလွန် ကောင်းသောသိုင်းသမားဖြစ်သည်။ သူ၏ အတွင်းအားသည် နက်ရှိုင်းလှသည်။ ထို့ကြောင့် ကြီးမားသော ပုဆိန်ကြီးကို ပေါ့ပါးစွာကိုင်တွယ်နိုင်ခြင်းဖြစ်သည်။

ယခု တိုင်မင်လီကို ခုခံကာကွယ်နေရာ၌ သူ၏ ပုဆိန်ကြီးသည် မွတ်မွတ်လည်နေ၏။ ထိုသို့ မွတ်မွတ်လည်နေခြင်းကြောင့်ပင် တိုင်မင်လီ၏ ဓားချက်များမှာ ထိုးဖောက်နိုင်ဘဲရှိခဲ့ရခြင်းဖြစ်ပါသည်။

နှစ်ယောက်စလုံး၏ တိုက်ခိုက်မှုမှာ ကြောက်စရာကောင်းလှပါသည်။

တိုင်မင်လီ၏ လှိုင်းပင့်မုန်တိုင်းသိုင်းကွက်မှာ မကြာမီကုန်ဆုံးသွားသည်။ နောက်ထပ်သိုင်းကွက်အသစ်တစ်ခု မစတင်မီ



တိုင်မင်လီသည် ဘေးဘက်သို့ တစ်လှမ်းထွက်ကာ အရှိန်ယူလိုက်သည်။

ထိုသို့ အရှိန်ယူခြင်းမှာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်သာဖြစ်သည်။ ထိုစဉ် တိုတောင်းသော အချိန်ကာလလေးမှာပင် ချူမင်ဖုန်း ခုခံနေရသည့် အခြေအနေကို တစ်မျိုးတစ်ဖုံပြောင်းပြန်လှန်ပစ်လိုက်သကဲ့သို့ ရှိနေ၏။

ချူမင်ဖုန်းသည် အပိုင်တွက်ဆထားကာ မာန်သွင်းအော်ဟစ်လိုက်၏။

'ကျား'

ချူမင်ဖုန်းသည် လေလွန်တောလုံးကြေ သိုင်းကွက်ကိုအမိအရယူကာ တန်ပြန် အသုံးချလိုက်သည်။ သူအသုံးချလိုက်သော သိုင်းကွက်မှာ သူကိုင်ထားသော လက်နက်နှင့်လိုက်ဖက်လှသည်။

ချူမင်ဖုန်း၏ ပုဆိန်သွားကြီးမှာ ကြီးမားလှ၏။ လက်ကိုင်ရိုးကြီးမှာလည်း ရှည်လျားလှသည်။ ကြီးမားလှသော ပုဆိန်ကြီးဖြင့် တစ်ချက် ခုတ်ချလိုက်သည်မှာ မိုးကြိုးပစ်ချသည့်အလား ပြင်းထန်လှပေသည်။

ချူမင်ဖုန်း၏ ခုတ်ချချက်များမှာ တိုင်မင်လီ၌ တစ်နေရာတည်းသို့ အဆက်မပြတ် ခုတ်ချနေခြင်းဖြစ်သည်။ တိုင်မင်လီကလည်း ဆက်တိုက်ပင် ဆင့်၍ဆင့်၍ ခုခံနေရသည်။

ထိုအချိန်တွင် တန်ပြန်တိုက်ခိုက်ရန်ဆိုသည်မှာ လုံးဝမဖြစ်နိုင်ချေ။

'ခြိမ်း....ချလန်း....ချလန်း'

တိုင်မင်လီမှာ ခေါးဖြင့် ခုခံကာကွယ်နေရသည်။ ခေါးနှင့် ပုဆိန်ဆိုသည်မှာ ပမာဏ ကွာခြားလှသည်။ ခေါးမှာသေး သွယ်ပြီး ပုဆိန်က ကြီးမားလှသည်။ ခေါးမှာ ပုဆိန်တစ်ချက် ခုတ်ချတိုင်း ပါယမ်းနေသည်။ သို့သော် တိုင်မင်လီသည် ကြံ့ကြံ့ခံကာ ကာကွယ်နေသည်။

ထိုအခိုက် ချူမင်ဖုန်း၏ ပုဆိန်ချက်တစ်ချက်သည် မမျှော် လင့်ဘဲနှင့် ရင်ဝဆီသို့ တိုးဝင်လာလေ၏။

သူသည် လေးလံသောခုတ်ချက်များကို ခေါးနှင့်ခုခံနေရာမှ ခုတ်ချက်ပြောင်းလဲပြီး ရင်ဝသို့ဝင်လာသောအခါ ရှုတ်တရက် မခုခံနိုင်တော့ချေ။ သူသည် အလျင်အမြန် နောက်သို့တစ်လှမ်း ဆုတ်လိုက်ရ၏။

ထိုအခါ တိုက်သူ နောက်ဆုတ်သွားသောအခါ ခုတ်ချ စရာ မရှိတော့ဘဲ ဖြစ်သွားသည်။ သို့သော် ချူမင်ဖုန်းမှာ သာမန်သိုင်းသမား မဟုတ်ချေ။ ဖျတ်ခနဲ တိုင်မင်လီ၏ ခါးဆီ သို့ လွှဲခုတ်လိုက်လေ၏။

တိုင်မင်လီမှာ ထိုတိုက်ကွက်ကို လုံးဝ မမျှော်လင့်မထား ချေ။ ထို့ကြောင့် မျက်လုံးများပြာဝေသွားရသည်။ သို့သော် ထိပ်သီး သိုင်းသမားဖြစ်၍ ရှောင်ရန်နည်းလမ်းကို ချက်ချင်း ပင် သိလိုက်၏။

သိသည်နှင့် ပုဆိန်ခုတ်ချက်အတိုင်း လျှော၍ ရှောင် လိုက်၏။

'ကျား'



သူသည် ပုဆိန်ခုတ်ချက်အတိုင်း နောက်ဘက်သို့ ကျော ကော့ လှန်ချလိုက်၏။

'ဂွိ'

ပုဆိန်သည် တိုင်မင်လီ၏ ခန္ဓာကိုယ်၏အပေါ် တစ်လက်မ မျှ အကွာမှ ဖြတ်ကျော်သွားလေ၏။ ထို့နောက် တိုင်မင်လီ သည် နှစ်ချက်တိတိ ကျွမ်းပစ်လိုက်သည်။

## [ ၁၀ ]

### အရှုံးဟူသည်

ချူမြင်ဖုန်း၏ တိုက်ကွက်ဆင်လာပါက လွတ်ကင်းအောင် ရှောင်လိုက်ခြင်းဖြစ်သည်။

ချူမြင်ဖုန်းသည် သူထင်သကဲ့သို့ လိုက်လံ တိုက်ခိုက်ခြင်း မပြုပေ။ ထိုတစ်ချက်ခုတ်ပြီးသည်နှင့် ရပ်ကြည့်နေသည်။" ထို အခါ တိုင်မင်လီလည်း မတ်တတ်ရပ်မိနေချေပြီ။

တိုင်မင်လီသည် ချူမြင်ဖုန်းနှင့် ရင်ဆိုင်ရပ်လိုက်၏။ သူတို့ နှစ်ယောက်သည် အကြည့်ချင်းဆုံမိကြသည်။ သူတို့၏မျက်လုံး များသည် အေးစက်နေကြ၏။ နှစ်ယောက်သား အတန်ကြာ

ရူးစိုက်ကြည့်မိပြီးနောက် ချူမင်ဖုန်းက ဦးခေါင်းကို ဆတ်ခနဲ ညိတ်လိုက်၏။

တိုင်မင်လီက မဲ့ပြုံးပြုံးလိုက်မိလေ၏။

ချောက်ကမ်းပါးကြီးအတွင်းမှပင် တိုက်လာသောလေသည် တဝူးဝူးမြည်နေ၏။ အသေအကျေ တိုက်ခိုက်နေသူနှစ်ယောက်၏ ဆံပင်များ၊ အဝတ်အစားများမှာ လေထဲတွင် တဖျပ်ဖျပ် လူးလွန့်နေသည်။

သူတို့သည် စကားမပြောကြတော့ချေ။ လုံးဝနှုတ်ဆိတ်သွားကြလေပြီ။

တစ်ယောက်နှင့်တစ်ယောက် လွယ်လွယ်နှင့် တိုက်နိုင်မည်မဟုတ်ကြောင်း နှစ်ယောက်စလုံး သဘောပေါက်နေသဖြင့် တစ်ယောက်ကိုတစ်ယောက် သတိမလစ်စတမ်း လှုပ်ရှားနေကြသည်။

သူတို့သည် စက်ဝိုင်းပမာ ရွေ့ပြောင်းလျက် တစ်ယောက်ကို တစ်ယောက် ချောင်းနေကြ၏။ ချူမင်ဖုန်းသည် ပုဆိန်ကို ဘေးဘက်သို့ ဆန့်လျက် ကိုင်ထား၏။

တိုင်မင်လီသည် ဓားကို ရင်ဝ၌ကာထားပြီး ချူမင်ဖုန်းကို လှည့်ပတ် ချောင်းမြောင်းနေသည်။ သူတို့ ဤသို့လှည့်ပတ်နေသည်မှာ တစ်ပတ်မကတော့ပေ။

သူတို့သည် တစ်ဦးကိုတစ်ဦး သတိထားနေရသည်။ အရမ်းမဲ့ တိုက်ခိုက်ရန် မဖြစ်ချေ။ တိုက်စစ်ဆင်မှားလျှင် အသက်ဆုံးရှုံးနိုင်သည်။

'ကျွား'



ရုတ်တရက် တိုင်မင်လီက မာန်သွင်းလိုက်ကာ ချူမင်ဖုန်းကို ခုန်အုပ်လိုက်၏။ သူ၏လက်သည် ဆန့်ထွက်သွားပြီး လက်သည် ပိုရှည်ထွက်လာသကဲ့သို့ ထင်မှတ်ရသည်။

ဓားရှည်သည် ချူမင်ဖုန်း၏ ရင်ဝသို့ ဝင်လာသည်သို့ ထင်မှတ်ရသည်။ သို့သော် တကယ်တော့ ဤသို့မဟုတ်ပေ။ ခါးလယ်ကို ပိုင်းချလိုက်သည်။

ချူမင်ဖုန်း ထိတ်ခနဲဖြစ်သွား၏။ သူသည် တစ်လှမ်းမျှ နောက်ဆုတ်လိုက်သည်။ ခါးလယ်သို့ဖြတ်ဝင်လာသောဓားကို ပုဆိန်ဖြင့် ခံလိုက်၏။

'ထန်း'

တစ်ဆက်တည်း ချူမင်ဖုန်းက ပုဆိန်ဖြင့် ဆက်တိုက် တိုက်ခိုက်သည်။ ဘယ်ခြေဖြင့် ပင့်ကန်သည်။

တိုင်မင်လီ ငုံ့၍ရှောင်လိုက်ရာ ချူမင်ဖုန်း၏ဘယ်ခြေသည် လွဲသွားသော်လည်း သူ၏ညာခြေသည် ဆက်တိုက်ရောက်လာသည်။

'ဝုန်း'

'ဝုန်း'

ဘယ်ခြေ၊ ညာခြေဖြင့် ဆက်တိုက် ကန်ချက်များသည် တကယ်ပြင်းထန်လှ၏။ ကန်ချက်တစ်ချက်ထိလိုက်လျှင် ပွဲပြီးသွားပေမည်။

သို့သော် ထိုကန်ချက်များကို တိုင်မင်လီက ရှောင်နိုင်သည်။ ချူမင်ဖုန်း၏ တန်ပြန်တိုက်ကွက်သည် ဆက်တိုက်ဝင်သွား၏။

သူသည် ဘယ်ခြေ ညာခြေဖြင့် ဆက်တိုက်ကန်နေသော်လည်း တိုင်မင်လီ၏ လှုပ်ရှားမှုကို ကြည့်နေသည်။ သူ၏ပုဆိန်ကြီးက တိုင်မင်လီကို ခုတ်ချရန် အသင့်ရှိနေသည်။

တိုင်မင်လီကလည်း ထိုအချက်ကိုသိသည်။ ထို့ကြောင့် သူသည် နောက်သို့သာ ခုန်ရှောင်သည်။ ပြန်တိုက်ရန် မကြိုးစားချေ။

ချူမင်ဖုန်း၏ တိုက်ကွက် ကုန်ဆုံးသွားသောအခါမှ တိုင်မင်လီသည် ချက်ချင်းဆိုသလိုပင် တိမ်ခြွေလေပင့် သိုင်းကွက်ဖြင့် ပြန်လည်တိုက်ခိုက်သော့၏။

တိမ်ခြွေလေပင့် သိုင်းကွက်မှာ ကြောက်စရာကောင်းလှသည်။ သူ၏ခါးသွားသည် လေထဲ၌ ထပ်နေသည်။ မည်သည့်နေရာကို တိုက်ခိုက်မှန်းမသိလောက်အောင် လျင်မြန်နေသည်။

ချူမင်ဖုန်းသည် သူ၏ ကြီးမားသောပုဆိန်ကြီးကိုဝှေ့ယမ်း ကာကွယ်ထားရတော့၏။

တိုင်မင်လီ၏သိုင်းကွက်မှာ အဆင့်မြင့်လှသဖြင့် ချူမင်ဖုန်းသည် 'ငှက်မနား' သိုင်းကွက်ဖြင့် ခုခံရသည်။ ထိုအခါ နှစ်ယောက်ချင်းတိုက်နေသည့်ပွဲသည် လူရိပ်များစွာထပ်လာတော့သည်။

လူများစွာ တိုက်ခိုက်နေသကဲ့သို့ ထင်မှတ်လာရသည်။

ဤသိုင်းကွက်များဖြင့် သူတို့နှစ်ဦး အပြန်အလှန်တိုက်ခိုက်နေသည်မှာ အတော်ကြာသည်။ လက်နက်ချင်းလည်း အကြိမ်ကြိမ် ထိခိုက်မိကြသည်။ သို့သော် လက်နက်ချင်းထိခိုက်မိသည့်



အသံကတော့ စောစောကလောက် မကျယ်လောင်လှတော့ချေ။

ဤအချက်ကို ချူမင်ဖုန်းကတော့ သတိမထားမိချေ။ သတိထားမိသူမှာ တိုင်မင်လီဖြစ်၏။ လက်နက်ချင်းထိခိုက်သံ အားပျော့သွားခြင်းသည် အတွင်းအားများ လျော့ပါးခြင်းကြောင့် ဖြစ်သည်ဟု ယူဆမိသည်။

တိုင်မင်လီသည် အတွင်းအားကို ပိုမိုထုတ်ကာ သူ၏ ခါးချက်များကို ပြင်းပြင်းထန်ထန် အသုံးပြုတော့၏။

ဤသည်မှာ တိုင်မင်လီသည် အတွင်းအားကို ညှစ်ထုတ်၍ အားကုန် အသုံးပြုခြင်းဖြစ်သည်။ သူ၏ခါးချက်များမှာ ပြင်းထန်လှသည်။ ခါးသည် တုန်နေ၏။

ခါးချက်တစ်ချက်ထိလျှင် လူ့ခါးလောက်ရှိသော သစ်ပင်တစ်ပင် ပြတ်ကျနိုင်လောက်သည်။

သို့သော် ချူမင်ဖုန်းကတော့ ပုံမှန်အတိုင်းပင် ကာကွယ်နေနိုင်သည်။ ချူမင်ဖုန်း၏ ပုဆိန်နှင့် ထိတွေ့သောခါးချက်မှာ ခုန်၍ခုန်၍ထွက်သွားသည်။

ပုဆိန်ကြီးမှာ အင်မတန်ကြီးမားသော သစ်တုံးကြီးကို ခုတ်ဖြတ်နေသကဲ့သို့ ဖြစ်နေ၏။

ထို့ကြောင့် တိုင်မင်လီမှာ အားမလိုအားမရ ဖြစ်လာသည်။ ဒေါသဖြစ်လာလေလေ အတွင်းအားကို ညှစ်သုံးလေလေ ဖြစ်လာသည်။

ဤအချိန်အတွင်း တိုင်မင်လီသည် သိုင်းကွက်ဆယ်ကွက်မျှ ပြောင်းလဲတိုက်ခိုက်ခဲ့ပြီး ဖြစ်သည်။ သို့သော် ချူမင်ဖုန်းအား တစ်ချက်မျှထိအောင် မတိုက်နိုင်ခဲ့ချေ။

သူ၏တိုက်ချက်မှန်သမျှကို ချူမင်ဖုန်းက ပုဆိန်ကြီးဖြင့် ခုခံချေဖျက်နိုင်ခဲ့သည်။

တိုင်မင်လီမှာ အတွင်းအားကို ညှစ်၍ ထုတ်နေသော ကြောင့် မကြာမီမောဟိုက်လာတော့သည်။ ထိုအခါ တိုင်မင်လီ ထိတ်လန့်လာလေ၏။

မထိတ်လန့်စရာ အဘယ်မှာရှိပါအံ့နည်း၊ သူ့ခြေချက်များမှာ အမှန်တကယ် ပျော့ပျောင်းသွားပြီး သူ၏ အတွင်းအားမှာလည်း များစွာယုတ်လျော့သွားပြီကို သူသိလိုက်သော ကြောင့်တည်း။

တိုင်မင်လီသည် နောက်သို့ ခုန်ထွက်လိုက်၏။

သူ့တစ်ကိုယ်လုံး ချွေးများ စိုနစ်နေပြီး သူ တကယ် မောဟိုက်နေပြီဖြစ်လေလေ။ သူသည် ချူမင်ဖုန်း၏မျက်နှာကို လှမ်းကြည့်လိုက်၏။

ချူမင်ဖုန်းသည် ခပ်မဲ့မဲ့ ပြုံးနေ၏။ လှောင်ပြုံးပြုံးနေခြင်း ဖြစ်သည်။ သူ့မျက်လုံးများသည် သရော်နေသကဲ့သို့ ရှိ၏။

'တိုက်ချင်တဲ့ကောင် တိုက်ပါဦးလား၊ ခုဘော့ဘယ့်နှယ်ရှိစ'

ဟု ပြောနေသကဲ့သို့ ရှိလေ၏။



ထူးဆန်းသည်မှာ ချူမင်ဖုန်း၏ မျက်နှာ၌ ချွေး တစ်စက်ကလေးမျှ မထွက်သည်ကို တွေ့ရခြင်းပင်။

သူတို့ တိုက်နေသ မှာ အတော်ကြာပြီး ပြင်းလည်းပြင်းထန်သည်။ ဤမျှတိုက်လျှင် အနည်းငယ်ဘော့ ချွေးထွက်ရပေမည်။ ချွေးမထွက်ခြင်းမှာ အတွင်းအား အလွန်ကောင်းသောကြောင့် ဖြစ်ရပေမည်။

ချူမင်ဖုန်း၏မျက်နှာသည် ပကတိ လန်းဆန်းနေပြီး သူ့ ကြည့်ရသည်မှာ မတိုက်မီကထက် ပို၍ အားအင်ပြည့်ဖြိုးနေပုံ ရလေ၏။

တိုင်မင်လီသည် ချူမင်ဖုန်းကိုကြည့်ပြီး တစ်စုံတစ်ခုကို အမှတ်ရလိုက်၏။ တိုင်မင်လီသည် မှတ်ဉာဏ် အလွန်ကောင်းသည်။ တစ်စုံတစ်ခုကိုပြန်စဉ်းစားလိုက်လျှင် ခဏနှင့် ပြန်တွေးနိုင်သည်။

သူ့ဆရာ ဆူယွမ်တင်မို ပြောပြခဲ့သည့်အကြောင်းအရာပင် ဖြစ်ပါသည်။

'သိုင်းလောကဟာ တကယ်ထူးဆန်းတယ်ကွ၊ မင်းတို့ငါတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြတယ်၊ သိုင်းကွက်တွေ အမျိုးမျိုး တီထွင်ကြတယ်၊ အတွင်းအားတွေ အမျိုးမျိုး လေ့ကျင့်ကြတယ်၊ ဖြစ်လဲဖြစ်ကြတယ်၊ ပေါက်လဲ ပေါက် မြောက်ကြတယ်။

'ဒီကြားထဲမှာ သိုင်းပညာတစ်မျိုး ရှိနေသေးတယ်ကွ၊ သူ့ကို ကဲတုံးပေါ် ထိပ်ကွက် သိုင်းပညာလို့ ခေါ်ရမယ်၊

အဲဒီပညာက အတွင်းအားစုပ် သိုင်းကွက်လို့ ခေါ်ကြသေးတယ်ကွ'

ဤချူမင်ဖုန်းသည် အတွင်းအားစုပ် သိုင်းပညာကို အသုံးပြုနေသည်လား။

တိုင်မင်လီ ခေါင်းနားပန်း ကြီးသွား၏။ လူကတော့ ဖြည်းဖြည်း အားအင်ကုန်ခန်းနေသည်။ သူနှင့်တိုက်နေသည့် ရန်သူကတော့ တဖြည်းဖြည်း အားကောင်းလာသည်။

ရန်သူသည် မမောဟိုက်ရုံမျှမက ချွေးပင် မထွက်ချေ။ သူ့ရန်သူသည် သူ့ဆရာပြောသော အတွင်းအားစုပ် သိုင်းပညာရှင် ဖြစ်ပေလိမ့်မည်။ ယခု သူက နဖူးတွေ ဒူးတွေကြုံတွေ့နေရလေပြီ။

'ဘယ်လိုလဲ ထိုင်ပါဦး၊ ငါက မင်းမတိုက်လို့ စောင့်နေတာပါ'

တိုင်မင်လီသည် အားပျော့စွာ ထိုးခုတ်နေသည်။ ချူမင်ဖုန်း ကတော့ တဟားဟား ရယ်မောနေသည်။

'မင်းအစွမ်းက ဒါအကုန်ပဲလားကွ'

ချူမင်ဖုန်းက လှမ်းမေးလေ၏။ သူ၏အမေးစကားသံတွင် မောဟိုက်မှု လုံးဝမပါချေ။

တိုင်မင်လီမှာ သူ့အား စကားမပြန်နိုင်။ အဘယ်ကြောင့်ဆိုသော် အသက်ရှူမှန်အောင် မနည်းကြိုးစားရသောကြောင့် ဖြစ်သည်။

ထိုအခါ ချူမင်ဖုန်းက ရှေ့သို့ တစ်လှမ်း တိုးလာလေ၏။ ချူမင်ဖုန်းသည် တိုင်မင်လီကို အကဲခတ်သည်။ ချွေးများ



စိုစွတ်ပြီး မောပန်းနေသော တိုင်မင်လီကိုကြည့်ပြီး သူသည် ခပ်ယဲ့ယဲ့ ပြုံးလေ၏။

'မင်း လက်နက်ချပါ'

'ကျုပ် သေတောင်လက်နက်မချဘူး'

'မင်း အေးအေးဆေးဆေး အဖမ်းခံပါ၊ ငါ မင်းအသက်ကို မသတ်ပါဘူး၊ မင်းကို အသက်ချမ်းသာပေးလိုက်ပါ့မယ်၊ ဘယ့်နှယ်လဲ၊ မင်းသဘောတူသင့်တယ်'

'စိတ်တောင် မကူးဘူးဗျာ၊ ကျုပ် သေမယ်ဆိုရင်လဲ ခင်ဗျားကိုလဲ တစ်ပါတည်းခေါ်သွားမှာဗျ၊ နားလည်လား'

တိုင်မင်လီက မောသံကြီးနှင့် ပြောသည်။

'ဟား....ဟား....ဟား ငါ့ကိုသတ်မယ့်ကောင်ကလဲ မောသံကြီးနဲ့ပါလား'

ချူမင်ဖုန်းသည် တဟားဟားရယ်သေ၏။ ချူမင်ဖုန်းက ဆက်ပြောသည်။

'မင်းက တော်တော်စိတ်ကူးယဉ်တဲ့ကောင်ပဲ၊ မင်းလောက်မောနေတဲ့ကောင်က ဘယ်သူ့ကိုသတ်နိုင်မှာလဲ၊ မင်းကိုယ်မင်းတောင် ခါးနဲ့ ထိုးနိုင်ရဲ့လားဆိုတာ စမ်းသပ်ကြည့်ပါဦး၊ မင်းက ငါ့ကိုသတ်မယ်လို့ ကြိမ်းနေတယ်၊ ထိနိုင်အောင်ပဲ ကြိုးစားပါဦးကွာ'

ထိုအခါ တိုင်မင်လီက အံကြိတ်၍ ပြောလိုက်၏။

'ဒါဆိုရင် ကြည့်ရှောင်ပေတော့'

တိုင်မင်လီသည် ရှေ့သို့ခုန်ဝင်ပြီး ချူမင်ဖုန်းကို တိုက်ခိုက်

၄၉ လေ၏။ ဤသို့တိုက်ခိုက်ရာတွင် လက်နက်ချင်း မထိရအောင်

ဂရုစိုက်သည်။ တစ်ချက်တည်းနှင့် အပိုင်ချနိုင်ရန် သူသည် အကွက်ကို ကြည့်သည်။ သို့သော် သူ့မှာ မောဟိုက်နေသူ သာတည်း။

စောစောကသာ ဤအဖြစ်ကို ကြိုသိလျှင် သူသည် ဤသို့ ကြိုတင်တိုက်ခိုက်ခဲ့ပေမည်။ ယခုတော့ မနောက်ကျသွားပေပြီ။ ချူမင်ဖုန်းမှာ စောစောကလို ခက်ခက်ခဲခဲ ကာကွယ်ရခြင်း မရှိတော့ပေ။ အေးအေးသက်သာ ကာကွယ်နေသည်။

တိုင်မင်လီ မည်မျှကြာအောင် တိုက်ခိုက်နိုင်မည်နည်း။ တိုင်မင်လီမှာ မောလွန်းသဖြင့် မျက်စိများ ပြာဝေလာသည်။ ချွေးများကလည်း ရေချိုးထားသလို ရွှဲနစ်နေသည်။

မျက်စိများ ပြာဝေလာသဖြင့် သူ့ရှေ့၌ ဘာရှိနေသည်ကို ကွဲကွဲပြားပြား မမြင်ရချေ။ အားအင် ကုန်ခန်းခြင်းကြောင့် ဓားလွတ်ကျမလိုပင် ဖြစ်ခဲ့ရသည်။

'ကဲ....ဒီလောက်တိုက်ချင်တဲ့ကောင်၊ တိုက်ဦးကွာ'

ချူမင်ဖုန်းသည် ဆင့်၍ဆင့်၍ ခုတ်၏။

'ခြွမ်း....ခြွမ်း....ခြွမ်း'

'ထန်း....ထန်း....ထန်း'

တိုင်မင်လီမှာ ဓားကိုင်လက်များ ကျဉ်တက်သွား၏။ ဓားလွတ်ကျမလိုပင် ဖြစ်သွားသည်။ သူသည် တိုင်မင်လီ၏ ပုဆိန်နှင့် ထိပ်တိုက်မတွေ့ရအောင် သတိထားသော်လည်း လွတ်အောင်မရှောင်နိုင်သောအခါ မတတ်သာသဖြင့် ခုခံရတော့သည်။



ထိုအခါ သူ့ခမျာ အတွင်းအားမရှိအောင် ကုန်ခန်းသွားရတော့သည်။

'ဟား....ဟား....ဟား ဘယ်လိုလဲ မတိုက်နိုင်တော့ဘူးလား'

တိုင်မင်လီမှာ နောက်သို့သာ ဆုတ်ပေးနေရသည်။ ချူမင်ဖုန်းသည် သုံးချက် ဆက်တိုက်ခုတ်ပြီးနောက် နောက်ဆုံးအပိုင်ခုတ်ရန် ပုဆိန်ကြီးကို မြှောက်လိုက်၏။

'ခုခံနိုင်ရင် ခုခံပေတော့'

သူသည် ပြောပြောဆိုဆို အလွန်ပြင်းထန်သည့် ပုဆိန်ခုတ်ချက်တစ်ချက်ကို ခုတ်ထည့်လိုက်သည်။

တိုင်မင်လီမှာ မိုးကြိုးအပစ်ခံလိုက်ရသည့်သို့ ဖြစ်သွား၏။ တိုင်မင်လီမှာ ဓားတခြား လူတခြား လွင့်စဉ်သွားသည်။

'ဂွမ်း'

'ဘုံး'

ချူမင်ဖုန်း၏ ဘယ်ခြေကန်ချက်တစ်ချက်သည် တိုင်မင်လီထံ ဝင်လာ၏။ အားအင် ကုန်ခန်းနေသော တိုင်မင်လီမှာ ထိုခြေကန်ချက်ကို မရှောင်တိမ်းနိုင်ချေ။

တိုင်မင်လီမှာ ကိုင်အရိုက်ခံလိုက်သလို ဖြစ်သွား၏။ သူသည် လွင့်စဉ်သွားသည်။

'အား'

သူ့ရင်မှာ ဟာခနဲ ဖြစ်သွား၏။ သူ၌ ခြေနင်းစရာ မြေကြီး မရှိတော့ကြောင်း တွေ့ရသည်။

'ဟား....ဟား....ဟား တိုက်ချင်တဲ့ကောင်၊ အဲဒီချောက်ထဲမှာ သွားတိုက်ပေတော့'

ချူမင်ဖုန်းက တဟားဟား ရယ်လေ၏။

သူသည် တိုင်မင်လီကျသွားသည့်ဓားကို ကောက်ယူလိုက်ပြီး ထွက်ခွာသွားလေ၏။

တိုင်မင်လီတစ်ယောက်မှာတော့....။

[ ၁၁ ]

**သေကံမရောက် သက်မပျောက်**

ကံကြမ္မာ။

ကံကြမ္မာဆိုသည်မှာ လွန်စွာ ဆန်းပြားလှသည်။ ကံကြမ္မာ၏ အထူးအထောင်း အရိုက်အနှက်ခံရသူသည် နာလန်မထူတော့ချေ။

ကံကြမ္မာသည် လွန်စွာ ဆန်းကြယ်၏။ ဆင်းရဲသူကိုလည်း ချမ်းသာစေ၊ ချမ်းသာသူကိုလည်း ဆင်းရဲစေ၏။

တိုင်မင်လီအပေါ် ကျရောက်သော ကံကြမ္မာ၏ အကျိုးသက်ရောက်မှုကို ကြည့်ပါလေဦး။

တိုင်မင်လီ ကျသွားသောချောက်ကြီးမှာ အသူရာချောက်ကြီး ဖြစ်၏။ လွန်စွာ နက်ရှိုင်းလှ၏။ အောက်မှ သစ်ပင်များ တို့ပင် ပြားပြားကလေး တွေ့မြင်ရသည်။

သေတော့မည်ဟုသိသည့် ပုထုဇဉ်လူသားသည် အဘယ်မှာလျှင် မကြောက်ရွံ့ဘဲ ရှိပါလိမ့်မည်နည်း။

သို့သော် ချူမင်ဖုန်း၏ပြင်းထန်သော ကန်ချက်တစ်ချက်ကို ခံလိုက်ရသည်။ တိုင်မင်လီမှာ လူသားတို့ ခံစားရမည့် ကြောက်ရွံ့မှုကို မကြောက်ရွံ့လိုက်ရဘဲ ဖြစ်သွား၏။

အဘယ်ကြောင့်ဆိုသော် တိုင်မင်လီသည် သတိလစ်သွားသောကြောင့်ပေတည်း။

တိုင်မင်လီမှာ အားအင်ကုန်ခန်းနေသောကြောင့် ချူမင်ဖုန်း၏ ကန်ချက်ကို တောင့်မခံနိုင်ဘဲ ဖြစ်သွားသည်။ ထို့ကြောင့် လွင့်စဉ်သွားပြီး ချောက်ထဲသို့ ကျသည်။

ထိုအခါ သူ သတိမေ့သွားသည်။ တိုင်မင်လီ၏ ကံကောင်းခြင်း တစ်ရပ်ပေတည်း။

တိုင်မင်လီ၏ ခန္ဓာကိုယ်ကြီး လွင့်စဉ်ကျသွားသောအခါ ချောက်ကြီး၏ နံရံ၌ ပေါက်နေသော သစ်ဖင်ခက်များနှင့် ထိရိုက်ပြီး ကျသွားသည်။

ထိုသစ်ကိုင်းသစ်ခက်များ၏ရိုက်ခတ်မှုမှာအသက်အန္တရာယ် ထိခိုက်လောက်အောင် မဖြစ်ပေ။

အသားများ ပွန်းပဲ့၍ ခြစ်မိရုံ့လောက်သာ ဖြစ်စေ၏။ အန္တရာယ် မဖြစ်သဖြင့် သူ့အတွက် ကံကောင်းလှသည်ဟု ပြောဆိုရမည်။



သူသည် ထူထပ်သိပ်သည်းစွာ ပေါက်နေသော ထင်းရှူးပင်ကြီး တစ်ပင်ထိပ်သို့ကျသွားပြီး ကျစ်လျစ်စွာ နွယ်ပင်များ ပေါက်နေသည့် ချုံပုတ်တစ်ခုပေါ်သို့ ကျသွားလေသည်။ တိုင်မင်လီ၏ ခန္ဓာကိုယ်ကြီးမှာ ထိုချုံပုတ်ပေါ်သို့ တ[illegible] တင်နေသည်။

ထိုအချက်မှာ တိုင်မင်လီ၏ ကံကြမ္မာဆန်းကြယ်လှသည့် အချက်ပင် မဟုတ်ပါလော။

အကယ်၍ တိုင်မင်လီ၏ ခန္ဓာကိုယ်ကြီးသည် သစ်ပင်ထိပ်များပေါ် မကျခဲ့သော်၊ နွယ်ပင်များ ရစ်ပတ်နေသည့် ချုံပုတ်ပေါ် မကျခဲ့သော် သူသည် အရိုးတခြား၊ အသားတခြား ဖြစ်သွားမည်မှာ သေချာ၏။

ဤမျှ မြင့်မားသော အသူရာချောက်ကြီးထဲသို့ကျသူသည် အဘယ်မှာလျှင် အသက်ရှင်နိုင်ပါအံ့နည်း။

တိုင်မင်လီသည် သတိလစ်နေသည်။ ထိုချုံနွယ်များ၌ ထူးခြားသော အဖြူရောင် အစေ့တစ်မျိုး ထွက်နေသည်။ ထိုအစေ့မှာ အာယုဝဍ္ဎန အစေ့တစ်မျိုးပေတည်း။

ထိုနွယ်များမှ အစေ့များသည် သူ့အား လိမ်းကျသွားသည်မှာ တိုင်မင်လီအဖို့ အလွန်ကံကောင်းသည်။

ထိုအစေ့သည် အလွန်ထူးခြားသော သတ္တိရှိသည်။ ဆေးရည်တစ်မျိုး ဖြစ်သည်။ ထိုဆေးရည်သည် အပူဓာတ်ကိုပေးပြီး အတွင်းအား တိုးပွားစေသော သတ္တိလည်း ရှိပေ၏။

ထိုနွယ်ပင်များမှာ ကတ္တီပါကဲ့သို့ ထူထပ်နေရာ တိုင်မင်လီ၏ တစ်ကိုယ်လုံး မြုပ်သွားမတတ် ဖြစ်သွားသည်။ ထိုနွယ်

ပင်များမှာ အစေးများ ထွက်လာပြီး မောပန်းနွမ်းနယ်နေပြီး သတိလစ်နေသော တိုင်မင်လီ၏ ခန္ဓာကိုယ်ကို စွတ်စိုသွားစေသည်။

ချောက်ကြီးမှာ အလွန်အေးစိမ့်သည်ဆိုသော် တိုင်မင်လီကတော့ မအေးစိမ့်တော့ပေ။ အဘယ်ကြောင့်ဆိုသော် အစေးများမှ မျှတသော အပူဓာတ် ပေးနေသောကြောင့်တည်း။

ခန္ဓာကိုယ် အေးခဲ၍ သေရမည့်ဘေးမှ ကင်းလွတ်သွားသည်။

ချောက်ကမ်းပါးအောက်မှ အပေါ်သို့ မျှော်ကြည့်လျှင် ချောက်ကမ်းနှစ်ခု၏ အကြားကို ဖဲကြိုးမျှင်ကလေးကဲ့သို့ မြင်နေရ၏။

ချောက်ကမ်းပါးသည် ဤမျှမြင့်၏။

လရောင်ကိုလည်း ဘေးစောင်းနေလျှင် လရောင်မရချေ။ ချောက်ကမ်းပါးတည့်တည့်သို့ ရောက်မှသာ လရောင်ဝင်၏။ လရောင်ကို မြင်ရ၏။ လရောင်သည်လည်း ထိုနည်းအတိုင်းပင်။

လရောင်သည် ချောက်ကြားတည့်တည့်သို့ ရောက်ရှိလာသည်။ အောက်ခြေ၌ မှုန်မွားမွား အလင်းရောင် ရလိုက်၏။ သို့သော် သတိလစ်နေသော တိုင်မင်လီသည် ထိုလရောင်၏ အရသာကို မခံစားလိုက်ရချေ။

သူသည် တစ်ညလုံး သတိလစ်နေသည်။ သို့သော် သူ့ခန္ဓာကိုယ်ကမူ ဝေဒနာကို ကြီးကြီးမားမား မခံစားရချေ။ နွယ်ပင်များမှ အစေးများက သူ့အား နွေးထွေးနေစေသောကြောင့် ဖြစ်သည်။



သူသည် နောက်တစ်နေ့ မွန်းတည့်ခါနီးအချိန်၌ ပြန်လည်သတိရလာသည်။

သတိရလာလာချင်း သူသည် ချုံနွယ်များပေါ်၌ တထိုင်မိသည်။ သူသည် သူ့ခန္ဓာကိုယ်ကို စမ်းသပ်မိသည်။ ပွန်းရုပဲ့ရု ခြစ်ရာများမှာလည်း မရှိတော့ချေ။ နွယ်စေးများက ပျောက်ကင်းသွားစေခဲ့လေပြီ။

သူ၏ကိုယ်ခန္ဓာမှာ ကျန်းမာပကတိ ချမ်းသာစွာရှိနေလေပြီ။ သူသည် အလွန်အံ့သြနေသည်။ ဤမျှနက်ရှိုင်းသော ချောက်ထဲသို့ သူကျပြီး မသေသည်ကို လွန်စွာအံ့သြနေ၏။

သူအသက်ရှင်နေသည်ကို သူသည် မယုံကြည်နိုင်လောက်အောင် ဖြစ်နေသည်။ သူသည် မနေ့က အဖြစ်အပျက်များကိုလည်း ကောင်းစွာ မှတ်မိနေသည်။

ချူမင်ဖုန်းနှင့်တိုက်သည်။ ချူမင်ဖုန်း၏ ကန်ချက်တစ်ချက်ဖြင့် သူသည် ဤချောက်ထဲသို့ လွင့်စဉ်ကျခဲ့သည်။ အောက်ရောက်တော့ သူမသေ။

သူသည် ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ သူရင်ထဲအောင့်သလို ဖြစ်သွားသည်။ ထို့ကြောင့် ရင်ဘတ်ကို အသာဖိလိုက်သည်။ အတန်ကြာ ငြိမ်သက်စွာနေလိုက်မှ သက်သာသွားသည်။

သူသည် ဗိုက်ဆာသလိုဖြစ်သွားသဖြင့် အနီးအနားကို လှည့်ပတ်ကြည့်သည်။ မည်သည့်စားစရာမျှ မတွေ့ရချေ။ သူတွေ့ရသည်မှာ နွယ်ပင်မှ အစေးများ ထွက်နေခြင်းပေတည်း။

'ဒီအစေးတွေကို စားကြည့်မယ်၊ နွယ်ပင်တွေကတော့ အများကြီးပဲ၊ စားလို့ရရင်တော့ အဆင်ပြေပြီ'

သူသည် ဆာလောင်မွတ်သိပ်မှုကြောင့် နွယ်ပင်များမှ ထွက်လာသောအစေးများကို လက်ဖြင့်တို့ပြီး ပါးစပ်ထဲသို့ ထည့်လိုက်သည်။

'ဟာ...တယ်ချိုပါလား'

သူသည် အံ့သြစွာ ရေရွတ်မိသည်။ သူသည် နွယ်ပင်များကို ချိုးဖြတ်လျက် အစေးများကို စုပ်ယူတော့သည်။ အစေးများသည် ချိုသည်။ သို့သော်ပူသည်။

နွယ်ပင်များမှ အစေးများမှာ လွန်စွာ တန်ဖိုးရှိလှ၏၊ မြို့နယ် ရပ်ကွက်များသို့သာ ဤနွယ်ပင်များ ရောက်သွားပါက အတိုးအနန္တ ထိုက်တန်ပေလိမ့်မည်။

ဤအစေးများ ဝမ်းထဲဝင်သွားသောအခါ တစ်ကိုယ်လုံး ပူနွေးလာကာ ချက်ချင်းလန်းဆန်း အားပြည့်လာသည်။

ဤနွယ်စေးများမှာလည်း အတိုင်းအဆရှိသည်။ လိုအပ်သည်ထက် အနည်းငယ်ပိုစားသုံးမိပါက ပူလောင်လာမည်။ ထိုအခါ ချေစိမ်နေရသည်။ အလွန်အကြူး စားသုံးမိက အသက်သေဆုံးရပေမည်။

ယခု တိုင်မင်လီမှာ အတိအကျသာ စားသုံးမိခြင်းဖြစ်၏။ နွယ်တစ်ချိုးကိုဖြတ်ယူ၍ အစေးများ စုပ်လိုက်သောအခါ သူ့တစ်ကိုယ်လုံး အားအင်ပြည့်ဝ လန်းဆန်းလာသဖြင့် သူသည် ထပ်မံစားသုံးရန် မလိုတော့ဟု သတ်မှတ်လိုက်သည်။

သူသည် စုပ်ယူပြီးသော နွယ်တစ်ရှိုးကို လွှင့်ပစ်လိုက်၏။



သူသည် ချုံပေါ်မှ လျှောဆင်းလိုက်လေသည်။ ထိုအခါ အောက်ခံမြေသားပေါ် ကျသွားသည်။ အောက်ခံမြေသားမှာ နူးညံ့သည်။

ထိုအချိန်တွင် ချောက်ထဲ၌ ငြိမ်းထိန်သွားသည်။ သူသည် မော့ကြည့်လိုက်သည်။ နေမွန်းတည့်ခြင်း ဖြစ်လေသည်။

တိုင်မင်လီသည် ကျောက်နံရံကြီးကို ဝေ့ဝဲကြည့်မိသည်။ ကျောက်နံရံကား အေးစက်မာကျောနေသည်။ အချို့နေရာများတွင် သစ်ပင်များပေါက်နေသည်။

နေရာတိုင်း၌ သစ်ပင်ပေါက်သည်တော့ မဟုတ်ပေ။ ကွက်ကျားပေါက်နေခြင်း ဖြစ်သည်။

ဤကျောက်နံရံသို့ မျှောက်တစ်ကောင်ပင် တွယ်တက်နိုင်မည် မဟုတ်ချေ။

သူသည် အပေါ်သို့တက်နိုင်ရန် အလားအလာမရှိသဖြင့် ငြီးငွေ့စိတ်ပျက်သွားသည်။ သူသည် ဤချောက်ထဲ၌ အသက်ကုန်ဆုံးရတော့မည်လော။

သူသည် စိတ်ပျက်လက်ပျက်ဖြင့် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုသည်။ အခြားသီးပင်များရှိသည့်ပြင် စောစောက သူစုပ်ယူသောက်မျိုခဲ့သော နွယ်ချိုပင်များ များစွာတွေ့ရသဖြင့် သူကောင်းစွာ အသက်ရှင်နေနိုင်စေသည်ကို သိလိုက်ရသည်။

သူသည် ခြေသန့်လက်သန့်လုပ်ရင်း ရှေ့ဘက်သို့ ဆက်လျှောက်လာသည်။ ဤချောက်အတွင်း၌ မည်သည့်အန္တရာယ်မှုမရှိကို လှည့်ပတ်ကြည့်ရှုရပေလိမ့်မည်။

လူသည် အသက်ရှင်သန်လိုသည့် သတ္တဝါဖြစ်သည်။ အသက်ရှင်သန်နိုင်မည့် အခွင့်အရေးကို ရှာဖွေတတ်သည်။ အသက်သေဆုံးမည့်အရေးကို ရှောင်ရှားတတ်သည်။

သူသည် လမ်းလျှောက်ရင်း သူ့ကိုယ်သူ အံ့ဩမိလေ၏။ အဘယ်ကြောင့်ဆိုသော် သူသည် လူကောင်းတစ်ယောက်လို လျှောက်နေနိုင်သောကြောင့်တည်း။

ဤချောက်ကြီးထဲသို့ရောက်ပြီး လူကောင်းတစ်ယောက်လို လမ်းလျှောက်နိုင်ခြင်းမှာ အမှန်တကယ် အံ့ဩစရာကောင်းနေသည်။

သူသည် အနောက်မြောက်ဒေသ ရှေ့လွင်ပြင်မှာ နာမည်ကျော်သိုင်းဆရာကြီး ဆူယွမ်ဝင်မိုထံမှ ခြောက်နှစ်တာမျှ သိုင်းပညာများကို ဆည်းပူးသင်ယူခဲ့သည်။

ဓား လှံ လေး မြားတို့ကို ကျွမ်းကျင်စွာ တတ်မြောက်ခဲ့သည်။ ထိုပညာရပ်များနှင့်ပတ်သက်၍ သူ့ရှိအန်ပြည်နယ်သို့ ပြန်မရောက်မီကပင် သူ့နာမည်သတင်းက ပျံ့မွှေးနေခဲ့သည်။

အတွင်းအား ကိုယ်ဖော့ပညာတို့တွင်လည်း သူသည် ထိပ်တန်း အဆင့်ပင်ရှိသည်။ ပညာရပ်အားလုံးတွင် သူသည်ထိပ်တန်းက တတ်မြောက်ခဲ့သည်။

သို့ဖြစ်၍ သိုင်းပညာနှင့်ပတ်သက်လျှင် သူ့ကိုယ်သူ ကုံလုံပြည့်စုံပြီဟုထင်ခဲ့သည်။ သူသိုင်းပညာသင်စဉ်ကာလ သင်ပြီးကာလတွင် ခက်ခက်ခဲခဲ ယှဉ်ပြိုင်ရသော ပြိုင်ဘက်ဟူသည်မှာ မရှိခဲ့ချေ။



သိုင်းပညာ သင်စဉ်က သူသည် ဆရာကြီးဆူယွမ်တင်မိုထံတွင် ဥာဏ်အကောင်းဆုံး တပည့်၊ ဝီရိယအကောင်းဆုံး တပည့်အဖြစ် မှတ်ကျောက်တင်နိုင်ခဲ့သဖြင့် သူ့သတင်းသည် ရှိအန်ပြည်နယ်သာမက အခြား ပြည်နယ်များတွင်လည်း မွှေးသင်းခဲ့သည်။

ထို့ကြောင့်ပင် ပြိုင်ဘက်မရှိ ဖြစ်ခဲ့လေသလားမသိပေ။ တကယ့်ပြိုင်ဘက်များမှာ သူ့အားကြည့်၍ ပြုံးနေကြလေမည်ဟု ယခုအခါမှာ တိုင်မင်လီ စဉ်းစားမိတော့သည်။

သူသည် သူ့ကိုယ်သူ အထင်ကြီးခဲ့မိသည်။ သွေးနားထင်ရောက်ခဲ့မိသည်။ ချူမင်ဖုန်းသည် သူ့အား လက်ရည်တူယှဉ်ပြိုင်နိုင်မည်ဟုသိသော်လည်း နောက်ဆုံး သူကသာ အနိုင်ရလိမ့်မည်ဟု အထင်ရှိခဲ့သည်။ ယခုတော့ သူရှုံးနိမ့်ခဲ့ပေပြီ။

သူ၏ ရှုံးနိမ့်မှုကား ကြီးမားလှ၏။ အသက်မသေသော်လည်း သေသလိုဖြစ်နေရလေပြီ။ ဆိုးရွားယုတ်မာလှသော အမတ်ကြီးအား ဖြုတ်ထုတ်သုတ်သင်ရာ၌ အင်အားကြီးတစ်ရပ်ဖြစ်ခဲ့သော မိမိ၏စွမ်းရည်မှာ အသုံးချခွင့်မရတော့ပြီ။

တိုင်မင်လီသည် လမ်းလျှောက်ရင်း အဆုံးအစမရှိတွေးနေမိ၏။

ထိုအချိန်တွင်နေမင်းကြီးသည် မွန်းလွဲသွားလေပြီ။နေမွန်းလွဲပြီဖြစ်သောကြောင့် ချောက်ကြီး၏အောက်ခြေသို့ နေရောင်မရောက်တော့ပေ။

ချောက်ကြီး၏ အောက်ခြေ၌ အလင်းရောင် မပျောက်သေးပေ။

နေရောင်သည် တိုက်ရိုက်မကျရောက်သော်လည်း ထိုနေရောင်မှ အလင်းရောင်သည် ကျောက်နံရံကို ရောင်ပြန်ရိုက်ခတ်က ချောက်ကြီး၏အောက်ခြေကို လင်းနေစေသည်။

ရှေ့သို့ ဆက်လက် လျှောက်လာသော တိုင်မင်လီသည် မမျှော်လင့်သောမြင်ကွင်းကြောင့် ကြက်သေသေသွား၏။

သူ၏အရှေ့ဘက် ကိုက်တစ်ရာခန့်တွင် ငှက်ပျောပင်စည်လုံးလောက်ရှိသော မြွေကြီးတစ်ကောင်သည် သူ့အားခေါင်းထောင်ကြည့်နေသောကြောင့်တည်း။

မြွေကြီးသည် အလွန်ကြီးမားလှ၏။ ဤကဲ့သို့သောချောက်ကမ်းပါးများကြားတွင် ဤကဲ့သို့သော မြွေကြီးများရှိတတ်ကို တိုင်မင်လီ သတိမပြုမိခဲ့ပါ။

မြွေကြီးသည် လူပေါင်လုံးခန့်လောက်ရှိပြီး ဖေဘေက တိုင်မင်လီ စုပ်မျိုခဲ့သော နွယ်ပင်များကို စားသောက်နေ၏၊ ထိုအဖြစ်ကို တိုင်မင်လီ အံ့ဩစွာ ငေးမောနေသည်။

မြွေဆိုသည်မှာ သားစားသတ္တဝါဟု သူသိထားသည်။ မြွေများသည် သားကောင်ကို ရစ်ပတ်ခြေမွပြီးမှ အကောင်လိုက်မျိုသည်ဟု သိထားသည်။

ယခုတော့ သားစားသတ္တဝါမြွေက နွယ်ပင်များကိုစားသောက်နေသည်။ ဟုတ်မှဟုတ်ပါ၏လော။

တိုင်မင်လီသည် ရှေ့မတိုးရဲချေ။ ကြီးမားလှသောမြွေကြီးက နွယ်ပင်များ စားနေသည်ကို ထိတ်လန့်စွာ ကြည့်နေမိသည်။ သူ ရှေ့သို့ တိုးသွားပါက မြွေကြီး အာရုံပြောင်းသွားပြီး သူ့ကိုတိုက်ခိုက်လျှင် သူမည်သို့ခုခံနိုင်ပါမည်နည်း။



သူသည် မြွေကြီးကို ပုန်းရှောင်နိုင်ရန်နှင့်နောက်ကြောင်းသို့လှည့်ပြေးနိုင်ရန် သူသည် လှည့်ပတ် ကြည့်ရှုလိုက်သည်။ ထိုအခါ ထူးဆန်းသော မြင်ကွင်းကို မြင်လိုက်ရလေတော့၏။

## [ ၁၂ ]

### ဂူထဲမှလူထူးဆန်း

မြေကြီးနှင့် မလှမ်းမကမ်းတွင် အလွန်ကြီးသောဖားကြီးများသည် မြေကြီးကို ဂရုမစိုက်ဘဲ ထိုနွယ်ပင်များကိုစားသောက်နေကြသည့် မြင်ကွင်းပင် ဖြစ်သည်။ တိုင်မင်လီကြက်သေသေသွား၏။

မြေနှင့်ဖားဆိုသည်မှာ ရန်ဘက်များဖြစ်သည်။ မြေသည်ဖားကို အမြဲတမ်း သူ့အစာအဖြစ် သတ်မှတ်သည်။ သို့သော်ယခု ထိုသို့မဟုတ်တော့။

မြွေသည် ဖားကြီးများကိုတွေ့သော်လည်း သူ့အစာဟုပင် မမှတ်။ နွယ်ပင်များကို မျိုနေသည်။

ဖားကြီးများကလည်း မြွေကြီးကို တွေ့သော် လည်း မကြောက်။ သူ၏ရန်သူဟု မြင်ပုံမရ။ နွယ်ပင်များကိုသာ စားသောက်နေကြသည်။

ဤမြွေနှင့် ဤဖားများကား သဘာဝပျက်ယွင်းသွားပုံရသည်။ ရန်သူမှန်း မိတ်ဆွေမှန်း သိကြပုံမရတော့ပေ။

တိုင်မင်လီသည် ကြက်သေသေပြီး ကြောင်ကြည့်နေမိ၏။ မြွေကြီးသည် တိုင်မင်လီကို ကြည့်သည်။

တိုင်မင်လီလန့်သွား၏။ သူသည် တဖြည်းဖြည်း နောက်ဆုတ်မိသည်။

မြွေကြီးသည် သူ့ကို ရန်ပြုမည့်ပုံမရချေ။ သူ့ကို ခေါင်းထောင်ကြည့်သည်ကတော့ မှန်သည်။ သို့သော် သူ နွယ်ပင်များကို စားရသည်လောက်တော့ စိတ်ဝင်စားပုံမရဘဲ ဆက်လက်၍ နွယ်ပင်များကို စားနေသည်။

ဤချောက်ကြီးမှာ ထူးခြားဆန်းကြယ်မှုများဖြင့် အတိပြီးနေ၏။ သူမသိသည့်အရာများ၊ ထျို့ဝှက်သည့်အရာများ မည်မျှရှိနေဦးမည်ကို တိုင်မင်လီ မသိချေ။

တိုင်မင်လီသည် မြွေကြီးက ရန်ပြုပုံ မရသောအခါ တဖြည်းဖြည်း ရှေ့သို့တိုးလာ၏။ ဖားကြီးများကတော့ သူ့ကို လုံးဝဂရုမပြုကြချေ။ နွယ်ပင်များကို စားမြဲ စားနေသည်။



ထိုအချိန်၌ နေသည် အတော်ပင် စောင်းသွားပြီ မြစ်ရာချောက်ကြီးအောက်၌ မှောင်ရိပ်သမ်းလာသည်။ တိုင်မင်လီသည် မြွေကြီးကိုကွေ့ရှောင်၍ ရှေ့သို့ တိုးလာ၏။

တိုင်မင်လီသည် ရန်ဘက်ဖြစ်သော မြွေနှင့်ဖားတို့ဟာ အဘယ်ကြောင့် မိတ်ဖက်ဖြစ်နေရသနည်းဟု သူတွေးရင်း ရှေ့သို့တိုးလာသည်။ မြွေကြီးသည် သူ့အား လုံးဝ ဂရုမစိုက်တော့ချေ။

မြွေကြီး၏ အနောက်ဘက် ရောက်သောအခါ ထူးဆန်းသော အရာတစ်ခုကို မြင်ရ၏။ ကျောက်နံရံကြီးတွင် ဂူပေါက်ကြီးတစ်ခုကို တွေ့မြင်ရခြင်းပင်တည်း။တိုင်မင်လီသည် ထိုဂူပေါက်ကြီးရှိရာသို့ ခပ်သွက်သွက် လျှောက်လာမိ၏။

ထိုကျောက်ဂူလိုဏ်ပေါက်မှာ အောက်ခြေမြေပြင်၌ ရှိနေသည်မဟုတ်ချေ။ မြေပြင်အထက် ခုနစ်ပေခန့်အကွာတွင်ရှိနေသော လိုဏ်ပေါက်ကြီးဖြစ်သည်။

လိုဏ်ဝကြီးကတော့ အတော်ပင်ကျယ်သည်။ ကျောက်ဂူကြီးမှာ အတွင်းသို့ အတော်ရှည်လျားပုံရသည်။

ဤအသူရာချောက်ကြီးထဲ၌ ထူးထူးဆန်းဆန်းဆို၍ သူသည် မြွေကြီးကို မြင်ရသည်။ ထူးခြားသည့်မြွေကြီးဟု ဆိုနိုင်လောက်ပေသည်။ သားဖားမစား နွယ်ပင်များ ဆွဲစားနေသည်။ မြွေကြီးကို သူတွေ့ခဲ့ရသည်။

နောက် သတ္တဝါတစ်ခုမှာ ဖားကြီးများ ဖြစ်သည်။ သူသိသလောက် ဖားများသည်လည်း သားစားသတ္တဝါပင် ဖြစ်သည်။ ထိုသတ္တဝါများကလည်း နွယ်ပင်ကိုစားနေသည်။

နောက်တစ်ချက်ကတော့ မြွေနှင့်ဖား ရန်ဘက်ဖြစ်သည်။ ထိုရန်ဘက်နှစ်ခုသည် ဤအသူရာချောက်ကြီးထဲ၌ ရန်ဘက်မဟုတ်ကြချေ။

နောက်ထပ် ထူးခြားချက်တစ်ခုကတော့ ဤဂူကျယ်ကြီးဖြစ်သည်။ ထိုဂူဝကြီးမှာ ထူးဆန်းလှသည်၊ အသူရာ အောက်ခြေ၌ ဂူဝကြီးဖြစ်နေခြင်းက အလွန်ပင် ထူးခြားသည်။

တိုင်မင်လီသည် သိချင်စိတ်များနေသောကြောင့် ဂူဝသို့ ခုန်တက်လိုက်၏။

သူသည် အလွန်အံ့ဩသွား၏။ အဘယ်ကြောင့်ဆိုသော် သူ့ရင်သည် အကန်ခံလိုက်ရသည်မဟုတ်ပါသော။

သေကွင်းသေကွက်ကို အကန်ခံလိုက်သဖြင့် သတိမေ့သွားခဲ့သည်။ သူသည် သတိရသောအခါ ထူးထူးခြားခြား နွယ်ပင်များအပေါ် သတိလစ်နေသည်ကို တွေ့ခဲ့ရသည်။ သို့သော် သူ ဘာဒဏ်ရာမျှမခံစားရသည်ကိုတော့ သတိပြုမိသည်။

ပြီးတော့ နွယ်ချိုပင်။ နွယ်ချိုပင်တစ်ပင်ကို ဖြတ်ပြီး သူသည် စုပ်မျိုခဲ့မိ၏။ ထိုအခါ သူ၏အင်အားများသည်လည်း လန်းဆန်းတက်ကြွလာသည်ကို တွေ့ရသည်။ ထို့ကြောင့် သည်နွယ်ချိုပင်ကို ထူးခြားတော့ထူးခြားသည်ဟု မှတ်ယူခဲ့သည်။

ယခု မြွေကြီးကိုတွေ့တော့ မြွေကြီးကလည်း နွယ်ချိုပင်ကို စားနေသည်။

ဖားကြီးကိုတွေ့တော့ ဖားကြီးကလည်း နွယ်ချိုပင်ကို မျိုနေသည်။



နွယ်ချိုပင်။

မှန်သည်၊ နွယ်....နွယ်ချို။

ဤချောက်ကြီးအတွင်း ထူးဆန်းသောအရာမှာ မြွေကြီးလည်းမဟုတ်ပါ။ ဖားကြီးမဟုတ်ပေ။ ဤနွယ်ချိုပင်သာ ဖြစ်လေသည်တကား။

သူ့ရင်ဘတ်၌ ဒဏ်ရာတစ်စုံတရာမကျန်ခြင်းမှာ ဤနွယ်ချိုပင်ကြောင့်သာ ဖြစ်ကြောင်း တိုင်မင်လီ တွေးမိသွားသည်။ ယခု တိုင်မင်လီမှာ ပြင်းထန်သော ဒဏ်ရာမဖြစ်သည့်အပြင် ပေါ့ပေါ့ပါးပါး ဖြစ်နေသေးသည်။

ထိုအခါ ကျောက်ကလပ်ပေါ် ထိုင်နေသူက သက်ပြင်းချရင်း

'အင်း....တယ်ပြီးဆန်းကြယ်ပါလား'

သူသည် သာခန့်မျှသာပြော၏။ သူသည် ဆက်၍ပြောလိုက်သည်။

'လောကကြီးမှာ ဒုစရိုက်နဲ့သုစရိုက် နှစ်မျိုးဟာ ယှဉ်တွဲနေတယ်ကွယ့်၊ ဒုစရိုက်တရားတွေဟာ အမြဲတမ်းရှင်သန်နေတာပဲ၊ ဒီဒုစရိုက်တရားတွေကို သုစရိုက်သမားတွေက အမြဲတမ်းရှင်းလင်း သုတ်သင်နေတာပဲ၊ ဒါပေမယ့် ဒုစရိုက်တရားတွေဟာ ကုန်ပဲမကုန်နိုင်အောင် အမြဲတမ်း ရှင်သန်ကြီးထွားနေတယ်၊ မင်းဟာ ဒုစရိုက်တရားတွေကို ချေဖျက်ဖို့ကြိုးစားရင်း ဒီ အသူရာချောက်ထဲကို ကျခဲ့တာလို့ငါသိရပြီ၊ မင်းဟာဒီလောက်ကြီးကျယ်တဲ့ သေခြင်းတရားကို လွန်မြောက်ပြီးတဲ့နောက်မှာ အောင်မြင်ခြင်း နိမိတ်ကို ရသွားပြီလို့သာ ယုံကြည်လိုက်ပေ

တော့၊ အေး....မင်းဟာ မမျှော်လင့်ဘဲ မြွေဆေးဂမုန်းကိုလဲ သောက်ခဲ့ပြီးပြီ၊ဒါပေမယ့် မင်းမှာ အဘွင်းဒဏ်ရာ နည်းနည်း ကျန်နေသေးတယ်'

သူ၏ စကား ဆုံးသည်နှင့် သူသည် ရိပ်ခနဲ ပြောက်တက်လာပြီး တိုင်မင်လီ အကန်ခံရသည့် ရင်ဘတ်နေရာကို ညာလက်ညှိုးနှင့် တောက်လိုက်၏။ သူခုန်ဝင်လာပုံမှာ လျင်မြန်လှသဖြင့် တိုင်မင်လီ မည်သို့မျှ မရှောင်နိုင်ချေ။လှုပ်ရှားချိန်ပင်မရလိုက်ချေ။

သူ့တစ်ကိုယ်လုံး တောင့်တင်းသလိုဖြစ်သွားပြီး သူ့ ရင်ဘတ်မှ စူးရှပူလောင်သော ဝေဒနာတစ်ခုကို ခံစားလိုက်ရသည်။

တကယ်တော့ ထိုသူသည် သူ၏ အတွင်းအားဖြင့်တိုင်မင်လီ၏ ဒဏ်ရာကို ကုသပေးခြင်းပေတည်း။ သူသည် ထိုင်မင်လီကို ကြည့်ရုံနှင့် အတွင်းဒဏ်ရာရရှိနေကြောင်း သိနိုင်ပေသည်။ ထို့ သူ၏ သိုင်းပညာစွမ်းအား မည်မျှမြင့်ကြောင်း သိနိုင်ပေ သည်။

တိုင်မင်လီသည် သူကိုယ်တိုင်ခံစားရသော အသိအရ သူ လူကောင်းဖြစ်နေပြီဟု ထင်၏။ ထိုလူက ဒဏ်ရာကျန်နေသေးသည်ဟုပြောပြီး ကုသပေးသောအခါမှ ဒဏ်ရာကျန်နေသော ကြောင်း သိရ၏။တိုင်မင်လီ လွန်စွာ အံ့ဩမိလေ၏။

သူ ပို၍ အံ့ဩရသည်မှာ ထိုလူ၏ ကိုယ်ကာယ ဖွဲ့စည်းမှုကို မြင်ရ၍ ဖြစ်၏။သူ့အတွင်းဒဏ်ရာကို ကုသပေးသောလူကြီး



မှာ ခြေထောက်တစ်ဖက်ပြတ်ကာ မျက်လုံးတစ်ဖက်ကလည်း ယောက်ပက်ကြီး ဖြစ်နေခြင်းပင်တည်း။

သိုင်းလောကၥ ထူးဆန်းသော သိုင်းပညာရှင်ကြီးများ ရှိနေသည်ဟု တိုင်မင်လီ ကြားဖူးပါ၏။သို့သော် တစ်ကြိမ်မျှ တော့ မကြုံခဲ့ဘူးချေ။ယခုသော် တိုင်မင်လီ ထိုပုဂ္ဂိုလ်ထူးကို နပူးတွေ့ဒူးတွေ့ ကြုံနေရပြီတည်း။

[ ၈၃ ]

ထိုလူကြီး၏ ဆံပင်များမှာ ရှုပ်ထွေးပွေလိမ်နေ၏။ တိုင်မင်လီက သူ့ကို မျက်စိတစ်ဖက်ကန်းသူအဖြစ်သိရခြင်းမှာ ဆံပင်များက မျက်နှာကို အုပ်မနေသောကြောင့် စ်၏။

သူ၏ အကောင်းပကတိရှိသော မျက်လုံးတစ်ဖက်မှာမူ အရောင်တောက်လွန်းသဖြင့် တိုင်မင်လီပင် စေ့ စေ့ မကြည့်ရဲပေ။ ထိုတောက်ပလွန်းသော မျက်လုံးမှာ ကြောက်စရာကောင်းနေ၏။

အရောင်တောက်လွန်းသဖြင့် စေ့စေ့မကြည့်ရဲခြင်းသာဖြစ်ပါ၏။ ထိုမျက်လုံးမှာ စိတ်ကြည်လင်စရာဖြစ်သည်ကိုတော့တိုင်မင်လီ သိပါ၏။

ထိုအခိုက် ထိုလူကြီး၏ လက်ညှိုးသည်တိုင်မင်လီ၏ရင်ဘတ်ကို ထိထားရာ ထိုလက်ညှိုးမှတစ်ဆင့် အတွင်းအားများ စီးဝင်ပြီး သူ့အတွင်းဒဏ်လည်း တဖြည်းဖြည်း ပပျောက်နေပြီဖြစ်ကြောင်း သိရသည်။

မကြာမီ တိုင်မင်လီ၏ တစ်ကိုယ်လုံးမှာ ချွေးချေးများ ထွက်လာပြီး ခန္ဓာကိုယ် အပေါ့ပါးဆုံး ဖြစ်လာသည်ကို ခံစားမိ၏။ ထိုသို့ဖြစ်နေသောအချိန်မှာ လူကြီးသည် လက်ကို ပြန်ရုပ်လိုက်လေ၏။

အတွင်းအားများ ပြတ်တောက်သွား၏။ ကိစ္စမရှိတော့ပေ။ တိုင်မင်လီ အကောင်းပကတိ ဖြစ်နေချေပြီ။

ထိုလူကြီးက....

'ဟေ့....ဘာ့ဖြစ်လို့ ဒီနေရာကို ပြန်လာရပြန်တာလဲကွ'

တိုင်မင်လီမှာ သူနှင့် ထိုလူကြီး နှစ်ယောက်တည်းသာရှိသောကြောင့် သူ့ကိုသာ ပြောခြင်းဖြစ်မည်ဟု သူယူဆ၏။ သူ့ကိုပြောသည့်စကားကလည်းအဓိပ္ပာယ်မရှိပြန်။ ထို့ကြောင့် ကြောင်တက်တက် ဖြစ်နေရှာ၏။

ထိုလူက ဆက်ပြောနေ၏။

'အောင်မာ....ငါပြောနေတဲ့ကြားထဲက မင်းက မလျှော့သေးဘဲကိုး၊ ဆက်လာနေသေးတယ်၊ မင်းတို့ ဒီဂူထဲမှာဝင်ခွေလို့ ဘယ်ရမလဲ၊ ဒီနေရာက ငါနေတာကွ၊ ငါနေတဲ့နေရာကို



မင်းတို့ကို မပေးနိုင်ဘူး၊ မင်းတို့က ဘယ်နေရာနေနေရတယ်၊ ငါက နေလို့မရဘူး'

ပြောပြောဆိုဆို တိုင်မင်လီကို ကျော်၍သွားလေ၏။

တိုင်မင်လီ လှည့်ကြည့်လိုက်သောအခါ မြွေကြီးတစ်ကောင်ကို တွေ့လိုက်ရသည်။ ထိုမြွေမှာ တိုင်မင်လီ စောစောကတွေ့သည့်မြွေလောက်မကြီးပေ။ ထိုလူကမြွေကြီးကိုကိုင်၍ အပေါက်ဝသို့ လွှင့်ပစ်လိုက်သည်။

တိုင်မင်လီ တွေ့သော မြွေလောက်မကြီးသော်လည်း ထိုမြွေကြီးမျိုးကို လွှင့်ပစ်ရန် လွန်စွာ ခွန်အားရှိမှ ဖြစ်ပေမည်။ ထိုလူက မြွေကြီးကို ပစ်လိုက်သည့်အခါ မြွေသည် လွှင့်ထွက်သွားလေ၏။ ထိုလူကား အတွင်းအားလွန်စွာကောင်းသူ ဖြစ်လေ၏။

ထိုလူသည် တစ်ချက်ခုန်လိုက်သည်နှင့် တိုင်မင်လီရှေ့သို့ ရောက်လာလေ၏။

'ဒီချောက်ထဲမှာ မြွေတွေအများကြီးကွ'

'ဒီချောက်က တော်တော်ကျယ်သလားခင်ဗျာ'

'ဟ....အကျယ်ကြီးပေါ့ကွ၊ ရွှေနားက ပိုကျယ်သေးတယ်'

'မြွေတွင်းကြီးတွေလို ဖြစ်နေတာပေါ့နော်'

'ဟုတ်ပါ့ဟုတ်ပါ့၊ မြွေတွေများသလားမပြောနဲ့ ဒီဂူထဲမြွေတွေအဝင်ခံရင် သူတို့ချည်းပဲ ဖြစ်နေမှာပဲ၊ ငါ့နေစရာရှိတော့မှာ မဟုတ်ဘူး'

'ကျွန်တော် ဒီဘက်ကိုလာရင်း မြွေတစ်ကောင်ကို တွေ့ခဲ့ပါတယ်၊ တော်တော်ကြီးတယ်၊ လူ့ပေါင်လုံးလောက် ရှိပါတယ်'

တိုင်မင်လီက မရဲတရဲပြောလေ၏။

'အေး....မင်း အများကြီး တွေ့ရဦးမယ်၊ မင်းစောစောက ပြောတယ်မဟုတ်လား၊ မြွေတွင်းလို ဖြစ်နေတယ်လို့ ပြောတယ်မဟုတ်လား၊ နေရာအနှံ့ မြွေတွေရှိတယ်၊ နောက်ပြီး ဒီမြွေတွေက အပြင်ကမြွေတွေလို သားစိမ်းငါးစိမ်းစားတာ မဟုတ်ဘူးကွ'

တိုင်မင်လီ အံ့သြသွား၏။

'ဗျာ'

'မင်း....အံ့သြသွားသလား'

'ကျွန်တော် မအံ့သြပါဘူး ခင်ဗျာ၊ ကျွန်တော် ပထမဆုံး တွေ့ခဲ့တဲ့ မြွေဟာလဲ ဒီချောက်ထဲက နွယ်တွေကိုစားနေတယ် ခင်ဗျ၊ ကျွန်တော် တွေ့ဖူးတဲ့မြွေတွေကတော့ သတ္တဝါတွေကို အကောင်လိုက်မျိုတာပဲ၊ ဒီကျတော့မှ နွယ်ပင်တွေစားတာတွေ့တော့တယ်'

'ဟား ဟား ဟား ဒီနွယ်တွေဟာ မြွေဆေးဂမုန်းပေါ့၊ မင်းပဲ နွယ်တစ်ရိုးလောက်စုပ်ယူသောက်မျိုပြီးပြီမဟုတ်လား၊ နောက်တစ်ရိုးလောက် သောက်မိရင်လဲ ဘာမှတော့မဖြစ်နိုင်သေးပါဘူး၊ အဲ....တ ယတစ်ရိုးလောက် သောက်မိရင်တော့ မင်း ဒုက္ခဖြစ်နိုင်တယ်၊ အဲဒါတွေကိုဒီမြွေတွေကစားပြီးအသက်ရှင်နေတာကွ'



'ဟုတ်လား၊ ကျွန်တော် တွေ့ခဲ့သေးတယ်၊ ဖားကြီးတွေလေ ဖားကြီးတွေ၊ ကျွန်တော်တို့ မြေပြန့်မှာတွေ့ရတဲ့ ဖားကြီးတွေထက် အဆမတန်ကြီးမားပါတယ် ဆရာကြီး၊ အဲဒီ ဖားကြီးတွေကလဲ အဲ့ဒီ မြွေဆေးဂမုန်းကို စားနေတာပဲ'

[ ၀၄ ]

## အသူဟူချောက်ဟူသည်

‘ဟား....ဟား....ဟား ငါ့လူက အထူးအဆန်းဖြစ်နေတာကိုး၊ အင်းလေ မြေပြန့်နဲ့တော့ ထူးခြားနေတာပေါ့၊ ဒီက ဖားတွေကလဲ ဒီ့ပြင်သတ္တဝါကို မစားဘူးကွ၊ အဲဒီ‘မြွေဆေးဂမုန်း’ ကိုပဲစားတယ်၊ နောက်ပြီး ထူးခြားတာတစ်ခုကို မင်းမတွေ့မိဘူးလား’

‘မြွေနဲ့ဖား ရန်ဘက်မဖြစ်တာကို ပြောတာလား ဆရာကြီး’

‘အေး....မြွေက ဖားကိုမြင်လျက်နဲ့ ရန်မလုပ်တာဟာ ထူးခြားတာပေါ့၊ မထူးခြားဘူးလား’

'ထူးခြားပါတယ်ဆရာကြီး'

'ဒီချောက်ကြီးထဲမှာ ထူးခြားတာတွေ အများကြီးပဲကွ၊ ပထမ အထူးခြားဆုံးကို ငါပြောမယ်၊ မြဆေးဂမုန်း ဆိုပါတော့ကွာ၊ ဒီဆေးဟာ တကယ်စွမ်းတယ်ကွ၊ တို့ပရဆေးလောကမှာ နာမည်ကြီးတဲ့ ဆေးတွေရှိတယ်၊ နှစ်တစ်ထောင်ဆေးတွေလို့ ဆိုကြတယ်။

'ဥပမာကွာ ကျူဖန်လုံဝှမ်းဆေး၊ ဂျန်ကျူလိန်ကြည်ချောင်ဆေး၊ ချင်ကျင်တိုဆိုဖူဆေးနဲ့ ခိုဇင်လေလွင်ဆေးဆိုတဲ့ဆေးမြစ်တွေဟာ တကယ်နာမည်ကြီးတယ်၊တကယ်လဲ အစွမ်းထက်တယ်၊ အဲဒီဆေးတွေထက် ဒီမြဆေးဂမုန်းက ဆယ်ဆသာတယ်ကွ'

'ဆယ်ဆ....ဟုတ်လား ဆရာကြီး'

'အေး....ဟုတ်တယ်၊ ဒီမြဆေးဂမုန်းကိုစားရင် အတွင်းဒဏ်ရာကို ပျောက်ကင်းစေတယ်၊အတွင်းအားကို တစ်ဟုန်ထိုးတိုးတက်စေတယ်၊ ဒါပေမယ့် ကာမရာဂအားကိုတော့ မတိုးတက် စေဘူးကွ၊ အဲဒါ ထူးခြားတယ်။

'ထူးခြားတဲ့တစ်ချက်က အဲဒီနွယ်ပင်ကိုစားပြီး တဖြည်းဖြည်း တိုးတက်လာတဲ့အားကို ဖျက်ဆီးလို့ မရနိုင်တာဘဲ၊ ဒါကြောင့် ဒီမြဆေးဂမုန်းကို ငါတို့ ပရဆေးလောကမှာ 'မသေသောအားဆေး'လို့ ခေါ်ဆိုကြတာပေါ့၊ အင်မတန်ခိုင်မြဲတဲ့အတွင်းအားက ဖြစ်ပေါ်စေတဲ့ နွယ်ပင်ဆေးကွ'

'သိပ်ထူးဆန်းတာပဲနော် ဆရာကြီး'



'မင်း ဒီအောက်ခြေမှာ ဖြစ်ပျက်နေတာတွေကတော့ ထူးတာပေါ့၊ ဒါပေမယ့် ဒီဆေးနွယ်ပင်ရှိစကြောင်း ငါတို့ ဆေးကျမ်းတွေမှာတော့ မရေးထားတာပဲကွ၊ ဒီအောက်ခြေမှာတော့ ထူးထူးခြားခြား မြေအောက်ကမ္ဘာလို ဖြစ်နေတာပေါ့ကွာ'

'ဟုတ်တယ်ဆရာကြီး၊ ဆရာကြီးပြောတာ မှန်တယ်၊ တကယ်မြေအောက်ကမ္ဘာပါပဲခင်ဗျာ'

'သိပ်ထူးဆန်းတယ်ကွ၊ ဒီချောက်ကြီးထဲမှာ ဖားနဲ့မြွေနှစ်မျိုးပဲ အသက်ရှင်တယ်ကွ'

'ဗျာ....ဒီ့ပြင်သတ္တဝါတွေ မရှိဘူးလားဆရာကြီး'

'မရှိဘူး၊ ဒီပြင် ဘာကောင်မှမရှိဘူး၊ ဖားဟာ မြွေရဲ့အစာဖြစ်ပေမယ့် ဒီမြေအောက်ကမ္ဘာမှာတော့ ဖားဟာ မြွေရဲ့ အစာမဟုတ်တော့ဘူး၊ အတူတူအသက်ရှင်နေထိုင်ကြတယ်ကွ၊ ပြီးတော့ ဒီကမြွေတွေကလဲ မြဆေးဂမုန်းကိုပဲ စားသုံးကြတယ်၊ ဖားတွေကလဲ မြဆေးဂမုန်းကိုပဲ စားသုံးကြတယ်'

'သူတို့ မသေကြဘူးလား ဆရာကြီး'

'ဟ....သေတာပေါ့၊ သေခြင်းတရားကို ဘယ်သူ လွန်ဆန်နိုင်မလဲ၊ သတ္တဝါမှန်သမျှအကုန်လုံး သေကြရမှာပဲ၊ ဒါပေမယ့် ဒီချောက်ကြီးထဲမှာသေတဲ့ မြွေတွေနဲ့ ဖားတွေဟာ မပုပ်ကြဘူးကွ၊ အခြောက်လှန်းထားသလို တဖြည်းဖြည်းနဲ့ ကျုံ့လို့ပြီးသွားတယ်၊ ဘယ်တော့မှ ပုပ်မသွားဘူး'

'သိပ်ထူးဆန်းတာပဲနော်၊ ကျွန်တော်တို့မြေပြင်ကမြွေတွေ



ဖားတွေနဲ့တော့ ကွာခြားလွန်းလှပါတယ်ခင်ဗျာ'

'မြေပြန့်နဲ့တော့ မနိုင်းနဲ့မောင်၊ မြေပြန့်မှာကတစ်မျိုး ချောက်ထဲမှာကတစ်မျိုးကွ'

'မြွေကြီးတွေက လူတွေကို ရန်မပြုကြဘူးလို့ ကျွန်တော် ထင်တယ်၊ ကျွန်တော်တွေ့တဲ့မြွေကြီးဟာ ကျွန်တော့်ကို ကြည့်ပြီး နွယ်ပင်တွေကိုပဲ ဆက်မျိုနေတယ်၊ ကျွန်တော့်ကို ရန်မလုပ်ပါဘူးခင်ဗျ'

တိုင်မင်လီက သူ့အတွေ့အကြုံကို ပြောပြလိုက်သည်။

ထိုအခါ ဆရာကြီးက....

'အေး....ဟုတ်တယ်၊ ငါ့စိတ်ထင်တော့ ဒီကမြွေတွေဟာ ဖားတွေကို မိတ်ဆွေလိုသဘောထားပြီး....ရှားရှားပါးပါး မြင်ရတဲ့ မင်းနဲ့ငါ့ကိုလဲ အထူးအဆန်းဖြစ်ပြီး ရန်မမူဘာလဲ ဖြစ်ချင်ဖြစ်မှာပေါ့၊ ငါ့စိတ်ထင်တော့ ဒီမြွေတွေဟာ လုံးဝ ရန်မပြုတတ်ဘူးလို့ ထင်တာပဲ'

'ဘာဖြစ်လို့ အဲဒီလိုထင်ရသလဲ ဆရာကြီး'

ဆရာကြီးသည် ချောက်တုံးဖြင့် မီးခတ်လိုက်၏။ ထိုအခါ မီးကိုကူးပြီး သူပြုလုပ်ထားသော မီးဖိုထဲ၌ မီးမွေးသည်။ မကြာမီ မီးတောက်ကြီး ဖြစ်လာသည်။

တိုင်မင်လီမှာ ဆရာကြီးလုပ်ပုံကိုင်ပုံကို ငေးကြည့်နေမိ၏။ ဆရာကြီးမှာ လုပ်ရိုးလုပ်စဉ်တစ်ခုကို လုပ်သလိုသာ ဖြစ်နေ သည်။

မီးပုံမှ မီးများ ဟုန်းဟုန်းထလာသောအခါ ဂူထဲ၌ အလင်းရောင်ရလာ၏။ အားလုံးကို ပီပီပြင်ပြင် မြင်ရ သည်။



ထိုမီးရောင်အောက်၌ ဆရာကြီး၏ပုံသဏ္ဌာန်သည် ပိုမို ထင်ရှားလာလေ၏။ ဆရာကြီးမှာ ပို၍ကြောက်စရာကောင်း လာသည်။

[ ၈၅ ]

သူ၏နွေးထွေးသော စကားများကိုသာ မကြားရလျှင် တိုင်မင်လီသည် ဆရာကြီးအား မြင်သည်နှင့် ရန်သတ္တရု ပြုမိပေလိမ့်မည်။

မြေအောက်ကမ္ဘာထဲတွင် အသက်ရှင်နေခဲ့ရသော ဤဆရာကြီးမှာ လူရိုင်းကြီးပမာ ဖြစ်နေခဲ့ရရှာသည်။ ဆရာကြီးသည် မီးစာများကို ထိုး ဆွလိုက်ပြီး ထင်းတုံးတစ်တုံးကို ပစ်ထည့်သည်။

သူသည် မီးစာထင်းတုံးကို လွန်စွာဂရုစိုက်ပုံရသည်။

‘ငါ ဒီမီးဖိုကို မီးမဖိုခဲ့တာ အတော်ကြာပြီကွ၊ မီးမှဖိုတတ်ပါ့မလားလို့တောင် အောက်မေ့ရမယ်၊ အခုတော့ တော်သေးတာပေါ့ကွာ၊ မီးဖိုဘာ မမေ့သေးလို့’

တိုင်မင်လီသည် ပထမဆုံးအကြိမ် ပြုံးမိလေ၏။ ဆရာကြီးက ဆက်ပြောသည်။

‘ငါရောက်စက ဒီမြွေတွေဖားတွေပဲချက်ပြုတ်စားသောက်ရတာကွ၊ မင်းတွေ့ရတဲ့မြွေကြီးမျိုး ဖားကြီးမျိုးတော့ မဟုတ်ဘူးပေါ့ကွာ၊ ခပ်သေးသေးပေါ့၊ ငါဖမ်းလဲ ငါ့ကို ရန်မမူဘူးကွ၊ ဒါကြောင့် မြွေတွေဟာရန်မမူတတ်ဘူးထင်တယ်လို့ ငါပြောတာ’

‘ဟုတ်ပါလိမ့်မယ်ဆရာကြီး’

‘ငါဟာ မီးကို နေ့တိုင်းမွှေးရတယ်ကွ၊ မွှေးရတာပေါ့၊ မြွေတွေ ဖားတွေကို သတ်စားနေရတာကိုး၊ နောက်တော့ ဒီချောက်ထဲက မြွေတွေနဲ့ ဖားတွေ မြွေဆေးဂမုန်းကို စားနေတာ တွေ့တော့ ငါလဲ အထူးအဆန်းဖြစ်ပြီး လျှောက်လေ့လာမိတာပေါ့’

‘ဟုတ်ကဲ့၊ ဆက်အမိန့်ရှိပါ ဆရာကြီး’

‘မြွေတွေဖားတွေစားတဲ့ တခြားအသီးတွေ ရှိသေးတယ်၊ အားလုံး ဆေးဖက်ဝင်တာချည်းပဲ၊ သဖန်းသီးနဲ့ တူတဲ့ သစ်သီးကလေးတွေလဲ ရှိတယ်၊ စားတော့ အားရှိတယ်၊ နောက်ပြီး ရေမှော်တစ်မျိုးလဲရှိတယ်၊ စားကြည့်တော့ အဆာခံနိုင်တယ်၊ အတွင်းအားတွေလဲ တိုးတက်လာတယ်၊ ဒီအစား



အစာတွေရှိမှတော့ မြွေတွေ ဖားတွေကို ဘယ်သတ်နေတော့မလဲ’

‘ဟုတ်တာပေါ့၊ သက်သတ်လွတ်က ပိုကောင်းတာပေါ့၊ မြေအောက်ကမ္ဘာဟာ မြေပြန့်နဲ့ ကင်းလွတ်နေပေမယ့် အသက်ရှင်သန်နေခွင့်တော့ ရှိနေတာပဲ’

‘ရှိတာပေါ့ကွာ၊ ဒီလိုထူးခြားတဲ့ တောတောင်တွေဟာ ထူးခြားမှုရှိတာချည်းပဲကွ၊ အဲဒီလျှို့ဝှက်ချက်တွေကို လူတွေက မတွေ့လို့သာ၊ ကဲ....ကဲ....ငါက မြေအောက်ကမ္ဘာမှာ ဆယ်စ်နှစ်လုံးလုံး လူမရှိသူမရှိ၊ လူမတွေ့သူမတွေ့ နေခဲ့ရတာ။

မင်းကိုတွေ့တော့ ပထမဆုံး လူ့လောကနဲ့ ပြန်ဆက်မိတာပဲ၊ ဒီတော့ မြေပြန့်မှာ ဘာတွေဖြစ်နေတယ်ဆိုတာကို ပြောပြရင်တော့ အင်မတန် အရသာရှိမယ်၊ကဲ....နေဦး၊မင်းကို တစ်ခုကျွေးရဦးမယ်’

သူသည် ကျောက်ခွက်တစ်ခုထဲမှ အုန်းဆံမှုန့်များနှင့်တူသော အမှုန့်ကို လက်တစ်ဆုပ်နှိုက်ယူလိုက်သည်။

‘ရေမှော်ဆိုတာ ဒါပဲကွ၊ စားရင် အရသာတော့မရှိဘူး၊ အဝတ်စုတ်ခုကို ဝါးနေရသလိုပဲ၊ ဒါပေမယ့် အားရှိတယ်ကွ၊ရော့’

သူသည် ရေမှော်ဆိုသည်များကို လှမ်းပေးလေ၏။ တိုင်မင်လီက လှမ်းယူလိုက်ပြီး အကုန်လုံးကို ပါးစပ်ထဲထည့်လိုက်၏။ သူသည် ဝါးစားလိုက်၏။

ထိုအခါ အဝတ်စုတ်ကို ဝါးစားရသည်နှင့် တူနေသည်။ သို့သော် အန္တရာယ်မဖြစ်နိုင်မှန်းသိသဖြင့် ရဲရဲတင်းတင်းပင် မျိုချလိုက်သည်။

'ကဲ....မင်းအကြောင်း ပြောပြစမ်းကွာ'

ဆရာကြီးသည် ကျောက်ကလပ်ပေါ်သို့ ထိုင်ချလိုက်၏။

တိုင်မင်လီးပြောပြသည့်အကြောင်းများကို နားထောင်နေလေတော့သည်။

အကြည့်ရဆိုးလှသော လူကြီးသည် တိုင်မင်လီပြောသည်တို့ကို စိတ်ပါဝင်စားစွာ နားထောင်နေ၏။ သူနားထောင်နေပုံမှာ ရှိုးအသောကလေးတစ်ယောက် နားထောင်နေသည်နှင့်တူလှ၏။

ဆရာကြီးဟုတိုင်မင်လီခေါ်နေသူမှာဆယ့်တစ်နှစ်မျှမြေပြန့်လူ့လောကနှင့် ကင်းကွာနေခဲ့သူဖြစ်သည်။ မြေပြန့်လူ့အသိုင်းအဝိုင်းတွင် ဖြစ်ပျက်နေခဲ့သော အဖြစ်အပျက် အားလုံးသည် သူ့အတွက် အားလုံးစိတ်ဝင်စားစရာဖြစ်နေသည်။

တိုင်မင်လီကလည်း သူ့ဖြစ်စဉ်ပြောပြသည်။ အနောက်မြောက်ဒေသ ရွှေလှင်ပြင်ဒေသမှ ပညာသင်ပြီး ပြန်အလာတွင် အမတ်ကြီးကျိုကဲလောက် အကောက်ကြံပုံမှအစ ဆရာကြီး ဟူထိန်လေ အမိန့်အရ ခတာပုန်းခားပြ လုပ်ရပုံအဆုံး ပြောပြသည်။

နောက်ဆုံး၌ ချူမင်ဖုန်းနှင့် မည်သို့ ထိပ်တိုက်တွေ့ဆုံပုံကို ပြောပြလိုက်၏။



တိုင်မင်လီ၏ အဖြစ်အပျက်မှာ ရင်သပ်ရှုမောဖွယ်ရာများ ပါနေသဖြင့် ဆရာကြီးမှာ လွန်စွာ စိတ်ဝင်စားခဲ့သည်။ တိုင်မင်လီမှာ စကားပြောကောင်းသူ မဟုတ်သော်လည်း သူ့အဖြစ်အပျက်များကို လိပ်ပတ်လည်အောင် ပြောပြနိုင်ခဲ့သည်။

ဆရာကြီးမှာ တိုင်မင်လီ၏စကားများကို စိတ်ပါဝင်စားစွာ နားထောင်နေပြီးမှ ဟင်းချလေ၏။

'အင်း....လောကသံသရာဟာ စက်ဝိုင်းကြီး တစ်ခုလိုပါပဲလား'

ဆရာကြီး၏ မှတ်ချက်ချသံပေပဲတည်း။

'ဒါပါပဲဆရာကြီးရာ၊ ကျွန်တော့် ဘဝဟာ ဒါပဲပဲ၊ အခုတော့ ချောက်ထဲရောက်ပြီး ဘဝဆုံးနေပါပြီ'

ထိုအခါ ဆရာကြီးက ရယ်မောသည်။

'ဟ....အသက်မသေရင် ဘဝမဆုံးသေးပါဘူး၊ အသက်ရှင်ဖို့သာ အဓိကပါ'

တိုင်မင်လီမှာ ခေါင်းယမ်းနေ၏။

ဆရာကြီးက ဆက်၍ပြောသည်။

'ငါဟာ လူတွေနဲ့ခွဲထွက်လာခဲ့တာကွ၊ လူတွေရောက်မလာနိုင်တဲ့ ဒီချောက်ကြီးထဲကို ရောက်လာခဲ့တာပဲ၊ ငါကတော့ ထင်ထားတာပေါ့လေ၊ ဒီချောက်ကြီးဟာ အနက်ကြီး၊ ဘယ်သူမှ ဒီချောက်ကြီးထဲကို ဆင်းလာနိုင်မှာမဟုတ်ဘူးလို့ တွက်ထားခဲ့တာပဲ၊ အဲဒီအဖြေဟာ မှန်သလား။

'မင်းအခုကြည့်လေ၊ ဆယ့်တစ်နှစ်ကြာတော့ မင်းနဲ့ပြန်တွေ့ရသာပဲ၊ သိပ်ထူးဆန်းတယ်ကွာ၊ အဲဒီလိုတွေ့ပြန်တော့လဲ မင်းနဲ့ငါဟာ တစ်နည်းတစ်ဖုံ ဆက်စပ်နေပြန်ပြီဆိုတာ သိလိုက်ရပြန်တယ်'

ဆရာကြီးက သက်ပြင်းချလိုက်၏။

'ဟင်း....မင်းပြောတာတွေကို ငါနားထောင်နေရင်းနဲ့ ငါ့အကြောင်း ငါပြန်တွေးလာမိတယ်၊ ငါဟာ လောက ကြီးကို ရှက်ရွံ့ခြင်း၊ နာကြည်းခြင်းများစွာနဲ့ ထွက်လာခဲ့တာကွ၊ လူတွေနဲ့လဲ မပတ်သက်တော့ဘူး။

မဆက်တော့ဘူးလို့ ဆုံးဖြတ်ထားတာ၊ အခု မင်းပြောလိုက်တော့ ပတ်သက်စရာ ဆက်စပ်စရာတွေ ရှိလာပြန်တယ်၊ ဒီတော့ ငါဆုံးဖြတ်ချက်တွေကို ပြင်ရမလားလို့ ငါစဉ်းစားလာရပြန်တယ်'

ဆရာကြီးက....

'ငါပြောတာတွေကို မင်းဘယ်လိုမှ နားလည်မှာ မဟုတ်ဘူး၊ ငါအချိန်လုရှင်းပြမှ မင်းနားလည်မှာ။

အဲဒီတော့မှ ငါဘာလုပ်ချင်သလဲ ဆိုတာလဲ မင်းနားလည်လာလိမ့်မယ်၊ စိတ်ရှည်ရှည်နဲ့တော့ နားထောင်ကွာ၊ ငါပြောပြမယ်'

ဆရာကြီးသည် မီးပုံးထဲမှ မီးစာများကို ထိုးမွှလိုက်၏၊ 'ဒီလိုကွ ဇာတ်လမ်းအစက'



ဆရာကြီးသည် သူ့ဘဝဇာတ်ကြောင်းကို စတင်ပြောပြလေတော့၏။

[ ၈၆ ]

မြောင်ဒေသအန္တရာယ်

မြောင်ဒေသ။

မြောင်ဒေသသည် တရုတ်ပြည်မကြီး၏ ကေရာဇ် ဟန်ကျင်ဆန် လက်ထက်မတိုင်မီအထိ တသီးတခြား တည်ရှိခဲ့သော ဒေသကြီးဖြစ်သည်။ ထိုမြောင်ဒေသသည် တောတောင် စိမ့်စမ်း ထူထပ်နက်ရှိုင်းသည့် ဒေသကြီးဖြစ်သည်။

တောင်များရှိပြီး ထိုတောင်များသည်လည်း သစ်တောအတိပြီးသည်။ ထို့ကြောင့် စိမ့်စမ်းရေတံခွန်များလည်း ပေါများသည်။

ထိုဒေသတွင် လူမျိုးစုများ များစွာရှိပြီး အစုလိုက်ရှိနေကြသည်။ ထိုလူမျိုးစုများမှာ အရိုင်းအစိုင်းများသာ ဖြစ်သည်။ ပြည်မကြီးကဲ့သို့ မယဉ်ကျေးကြသေးပေ။

လူမျိုးစုအချင်းချင်း တိုက်ခိုက်သတ်ဖြတ်နေကြဆဲ ဖြစ်သည်။ ထို့ကြောင့် ထိုမြောင်ဒေသသည် အရိုင်းအစိုင်းများ၏ ဒေသအဖြစ် မှတ်ယူထားကြသည်။

ထိုအရိုင်းအစိုင်းများတွင် တူညီသော အချက်တစ်ခု ရှိ၏။ ထိုအချက်ကား မြောင်ဒေသအတွင်းသို့ ထိုးဖောက်ဝင်ရောက်လာသော မည်သည့် ပြည်မသားမဆို မြောင်လူမျိုးတိုင်းက ရန်သူဟုသတ်မှတ်ကာ တိုက်ခိုက် သတ်ဖြတ်ကြခြင်းပေတည်း။

မြောင်တိုင်းရင်းသား လူမျိုးစုများသည် ဤသစ်တောကြီးများထဲတွင်မွေး၊ဤစိမ့်စမ်းရေတံခွန်များမှရေကိုသောက်ပြီး ကြီးထွားလာသူများဖြစ်၍ ဤမြောင်ဒေသ သစ်တောရာသီဥတုနှင့် တစ်သားတည်းကျနေသောသူများ ဖြစ်သည်။

ရေထဲတွင် မိကျောင်းသည် ဘုရင်ဖြစ်သကဲ့သို့ မြောင်ဒေသ တောတောင်ထဲတွင် မြောင်လူမျိုးစုများသည် ဘုရင်ဖြစ်ကြ၏။ သစ်ပင်တက်လည်း ကျွမ်းကျင်၊ ခြေရာဖျောက်လည်း ကျွမ်းကျင်၊ ကျောက်တုံး ကျောက်စွယ်များ၌ ပုန်းအောင်းရာ၌လည်း ကျွမ်းကျင်ကြသည်။

သူတို့တွင် ဆန်းကြယ်သော သိုင်းပညာရပ်မရှိ၊ သိုင်းကျမ်းမရှိ၊ သိုင်းပညာသင်ကျောင်း မရှိချေ။ သို့သော် မြောင်



ဒေသ တိုင်းရင်းသားတို့၏ မှတ်ပြောင်း လေးမြားတို့၌ သုတ်လိမ်းသော ကြောက်စရာကောင်းသည့် အဆိပ်များရှိ၏။

သူတို့၏လေးနှင့် အပစ်ခံရ၍ မြားထိသူသည် တစ်ခဏချင်း သေသည်။ တစ်ဆေ့ခုန်နှစ်ဆေ့ခုန်သာ ကွာခြားသည်။ သေသည်ကတော့ ချက်ချင်းသေသည်။

ထိုလေးမြား မှတ်ပြောင်းတို့မှာ အခုန်ကပျံနှင့် တိုက်ခိုက်ရာတွင် ကျွမ်းကျင်လှသော သိုင်းသမားကြီးတို့ အလွန်ကြောက်ရသည့် လက်နက်များဖြစ်ပေသည်။

သိုင်းသမားကြီးများသည် အဆိပ်လူးထားသော ထိုလက်နက်များကို လုံးဝအထိမခံရဲချေ။ လက်နက်ထိသည်နှင့် ဇီဝိန်ကြွေသွားမည် မဟုတ်ပါလား။

ပြည်မသားတစ်ယောက်၊ သို့မဟုတ် တစ်စုသည် မြောင်တိုင်းရင်းသားတို့၏ လက်နက်များကို မထိခိုက်ရန် ရှောင်ကောင်း ရှောင်နိုင်မည်။

သို့သော် တိုက်ခိုက်သည့် မြောင်တိုင်းရင်းသားတို့ကို တွေ့ရန်တော့ လွယ်မည်မဟုတ်ချေ။ မြောင်တိုင်းရင်းသားများသည် ပုန်းကွယ်ရန်နှင့်ကိုယ်ယောင်ဖျောက်ရန် လွန်စွာ ကျွမ်းကျင် ကြ၏။

တိုက်ခိုက်ခံရသည့် လူတစ်ယောက်၊ သို့မဟုတ် လူတစ်စုသည် ခရီးစဉ်တစ်လျှောက် တောခွေး အလိုက်ခံရသူကဲ့သို့ အဖြစ်ဆိုး ကြုံရတော့သည်။ တောခွေးများသည် အုပ်စုနှင့် ဝိုင်းလိုက်ကြပြီး အင်အားကုန်ခန်းသောအခါမှ တစ်ကောင်တစ်ဖို့ ဝိုင်းဆွဲကြတော့သည်။

မြောင်တိုင်းရင်းသားများသည်လည်း ဤနှယ်ပင်။ သူတို့ကို မမြင်ရဘဲ သူတို့လိုက်လံချောင်းမြောင်းနေသည်ကို သိကြသည့် ခရီးသွားများမှာ အဘယ်မှာလျှင်စိတ်ချမ်းသာနိုင်ပါအံ့နည်း။

ခရီးသွားတို့သည် သတိမလစ်ရန် အရေးကြီးပေသည်။ သတိတစ်ချက်လစ်သည်နှင့် အတိုက်ခံရပြီး သေဆုံးရမည်မှာ အသေအချာပင် ဖြစ်ပါသည်။

ထို့ကြောင့် အစွမ်းထက်လှပါသည်ဆိုသော ပြည်မသားများသည် မြောင်ဒေသသို့ဝင်လျှင် အမြီးကုပ်သွားကြတော့သည်။ မြောင်ဒေသသို့ဝင်ရန် နည်းလမ်းကို ပထမဆုံးစဉ်းစားကြတော့သည်။

မြောင်ဒေသအတွင်း မဝင်မဖြစ် ဝင်ရတော့မည် ဆိုလျှင် ထိုအစွမ်းထက်လှပါသည်ဆိုသောပြည်မသားတို့မှာ မျက်ကလဲဆန်ပြာ ကျိုးကန်းတောင်းမှောက် လျှောက်ကြည့်နေရလေတော့၏။

သို့ရာတွင် မြောင်ဒေသကို သူတို့မည်မျှကြောက်ရွံ့ကြသည်ဖြစ်စေ၊ တစ်ချိန်တွင်တော့ လူအများမကြောက်နိုင်၊ သေဘေးကို ရင်ဆိုင်ယှဉ်ပြိုင်ရန် မြောင်ဒေသအတွင်းသို့ ဝင်လာကြသည်။

ထိုအချိန်ကား မြောင်ဒေသအတွင်းရှိ ပန်းယန်ချောင်းထဲ၌ ရွှေများထွက်သည်ဟူသော သတင်းကို ကြားသည့်ကာလပေတည်း။



လူဆိုသည်မှာ လောဘသားဖြစ်သည်။ လူတို့သည် ရွှေရမည်ဆိုလျှင် သေဘေးလည်း ဂရုမစိုက်ချေ။ ရွှေများရပြီး သေဘေးမှ လွတ်ချင်လွတ်မည်ဟုပင် တွေးသည်။ ရွှေများရပြီး သူတို့သေကြမည်ဟု မတွေးချေ။

ဤသို့ဖြင့် မြောင်ဒေသကို ပိုင်းခြားထားသည့် တောင်ကြောတစ်ခုကိုကျော်ကာ လူအများသည် မြောင်ဒေသအတွင်းသို့ ဝင်လာကြတော့၏။

ဝီသမ လောဘသားများသည် မည်သည့် အတားအဆီး၊ မည်သည့် အခက်အခဲ ဖြစ်စေ ဖြတ်ကျော်ဝင်ရောက်ကြမည်သာဖြစ်၏။ ပန်းယန်ချောင်းအတွင်းသို့ ဆင်းသက်ဝင်ရောက်လာကြတော့၏။

ပန်းယန်ချောင်းကား အမှန်ပင် ရွှေထွက်သည့် ချောင်းတည်း။

ရွှေထွက်ရက်ရောလှသည်။ ပန်းယန်ချောင်းသည် ကွေ့ကွေ့ ကောက်ကောက် စီးဆင်းလျက်ရှိ၏။ ပန်းယန်ချောင်းအတွင်းသို့ ဘောင်နှင့်ချီသော လူများ ရောက်လာကြသည်။ လာဆဲလာလတ္တံ့ လူများလည်း ရှိသေးသည်။

ယခင်ကလူများ ရွှေများ ရရှိသည်ဟူသော သတင်းကို ကြားရလေလေ ရောက်လာဆဲ ရောက်လာလတ္တံ့ လူများ မုချ ရှိနေမည်မှာ သေချာနေပါသည်။

နေ့စဉ်ရက်ဆက် ရှာဖွေနေသူ များသည် ရွှေများကို စဉ်ဆက်မပြတ် ရရှိနေသည်။ ရလေလေ လောဘတက်လေလေ

ဖြစ်လာသည်။ နေ့စဉ်ရက်ဆက် ရှာဖွေကြတော့သည်။ ရွှေက လည်း အရနည်းသွားသည်မရှိ။

ယနေ့ တစ်အိတ်ရလျှင် နက်ဖြန် နှစ်အိတ်ရသည်။ လောဘ သားတို့ကား လောဘကို အတောမသတ်နိုင်တော့ပေ။ ရသမျှ နှင့် တင်းတိမ်ပြီး အိမ်ပြန်မည့်သူမရှိပေ။

မကြာမီ ဝိသမလောဘသားများ ရှုပ်ဆိုးဝင်ကြတော့ သည်။ ရွှေရှာသူ သုံးပုံနှစ်ပုံခန့်မှာ ပြင်းထန်သော အဖျား ရောဂါနှင့် ဝမ်းရောဂါများ ဖြစ်ပွားကြတော့သည်။

ဖြစ်ပွားသော ရောဂါများမှာ ပြင်းထန်လှသည်။ ဖြစ် ပွားသော အဖျားရောဂါနှင့်ဝမ်းရောဂါတို့မှာလည်း အပြင်း အထန် ဖြစ်သည်။

ဖြစ်ပွားသော အဖျားရောဂါမှာ ညနေတွင် အကောင်း ပကတိလိုရှိနေသော်လည်း ညတွင် သွေးရူးသွေးတန်း အဖျား တက်ကာ မိုးမလင်းမီ သေဆုံးကြရသည်။

ဝမ်းရောဂါကား အဖျားရောဂါထက် ပိုဆိုးသည်။ ဝမ်း အကြိမ်များစွာ သွားရန်မလိုပေ။ သုံးကြိမ်မျှ ဝမ်းသွားပြီး လျှင် သေဆုံးလေတော့သည်။

ဝမ်းတစ်ကြိမ်သွားပြီးလျှင် ထိုလူနာမှာ စကားမပြော နိုင်တော့ပေ။ လေသံနှင့်ပင် မပြောနိုင်တော့ချေ။

ထိုအခါ လောဘသားများ ကြောက်လန့်သွားကြလေ သည်။ သူတို့နှင့် ဒိုးတူပေါင်ဖက် ရွှေရှာနေသူများ တဖြုတ် ဖြုတ်နှင့် သေဆုံးကြသောအခါ ရွှေရှာသူများသည်လန့်သွား ကြသည်။



သေဘေးကို မျက်မြင်ကိုယ်တွေ့ တွေ့ကြသော အခါမှာ တကယ် ကြောက်လန့် ကြတော့သည်။ သို့သော် ကျန်ရစ်သူ များမှာ လောဘတက်စရာ တစ်ခု ကျန်နေပြန်လေ၏။

ထိုအချက်မှာ သေဆုံးသူများ၏ ကျန်ရစ်သော ရွှေများ တည်း။

သူတို့သည် ထိုရွှေများကို မက်မောမိပြန်သောအခါ သေ ဘေးကို မကြောက်ကြပြန်တော့ပေ။ ရွှေများကို အနည်းငယ် စီ စုဆောင်းရင်း အထုပ်လိုက် အထည်လိုက် ရရှိအောင် ကြိုး စားနေရခြင်း မဟုတ်ဘဲ သူများ ရှာဖွေပြီးသည့် အထုပ်လိုက် ရွှေများကို ရရှိမည်ဖြစ်သဖြင့် သူတို့သ[illegible] များများသေပါ စေဟု ဆုတောင်းရင်း ခွေးသေကို လင်းတ လုယက် ဆွဲဖဲ့ရန် စောင့်ကြည့်သလို စောင့်ကြည့်နေကြလေ၏။

အဖျားရောဂါနှင့် ဝမ်းရောဂါကား သေသူများအား ကပ်ညှိနေရာ ထိုစောင့်နေသူများ မသိကြချေ။

သေသူများ၏ ရွှေများကို သူတို့က ကိုယ်ပေါ်မှ ရှာဖွေ ရင်း သူတို့ကို ရောဂါ ကပ်ငြိကြရသည်။ ထိုအခါ သူတို့ သေဆုံးကြရပြန်၏။

ပြည်မမှ လိုမ့်ဝင်လာသူများ တွေ့ကြုံရသည်မှာ အဖျား ရောဂါနှင့် ဝမ်းရောဂါသာ မဟုတ်ချေ။ မြောင်ဒေသ တိုင်းရင်းသားများသည် လိုမ့်ဝင်လာသူများကို ပူးပေါင်း ဆန့်ကျင်ကြခြင်းပင်တည်း။

သူတို့သည် လူမျိုးစုတိုင်း ပြည်မသားများကို တိုက်ခိုက်ကြလေရာ ပြည်မသားများမှာ တဖြုတ်ဖြုတ် သေဆုံးကြရလေ၏။

ပြည်မသားများမှာ အဖျားရောဂါကြောင့်သေလိုက်၊ ဝမ်းရောဂါကြောင့် သေလိုက်၊ မြောင်ဒေသ တိုင်းရင်းသားများ၏ တိုက်ခိုက်မှုကြောင့် သေလိုက်ဖြင့် လေးပုံသုံးစုံခန့် သေဆုံးကြရတော့သည်။

နောက်ဆုံး စိတ်လျှော့ပြီး ပြန်လာကြသူတို့မှာလည်း မြောင်ဒေသ နယ်စပ်တောင်တန်းကြီးကို မကျော်ဖြတ်နိုင်တော့ပေ။ ချောင်းမြောင်း တိုက်ခိုက်သူများကြောင့် သေဆုံးကုန်သည်။ ထိုအခါ မြောင်ဒေသအတွင်းသွားသူများမှာ ပြန်လာဆို၍ မရှိသလောက် ဖြစ်ကုန်သည်။

တစ်ယောက်စ ၊ နှစ်ယောက်စ ပြန်လာသူများမှာလည်း ရွှေအိတ်ကလေး တစ်အိတ်ကိုပင် အနိုင်နိုင်သယ်၍ သေဘေးမှ လွတ်ကင်းအောင် ပြေးလာကြရခြင်း ဖြစ်သည်။

ဖုန်းအောင်းရင်း နယ်စပ် တောင်တန်းကြီးများကို ဖြတ်ကျော်ခဲ့ရလေ၏။

ထို့နောက်တွင်ကား ပန်ယန်ချောင်းကို မည်သူမျှမသွားရဲကြတော့ပေ။ ပန်ယန်ချောင်းဆိုလျှင် နားကြောထဲက စိမ့်အောင် ကြောက်၍ နေကြတော့သည်။

ထိုအခါ ပန်းယန်ချောင်းပုံပြင်များသည် တစ်ခုပြီးတစ်ခု လူများ၏ ပါးစပ်တွင်းသို့ ရောက်ရှိလာကြသည်။ ဒဏ္ဍာရီပုံပြင်များသဖွယ် ချဲ့ကားပြောလာကြသည်။ မျက်မြင်



ကိုယ်တွေ့ တွေ့ကြရသော ကျားကြီးများသည် လူအဖြစ်သို့ ပြောင်းလဲပြီး လူသားများကို ဖျားယောင်းသွေးဆောင်ပြီး တောထဲခေါ်ဆောင်သွားသည့် ပုံပြင်များလည်း အနမတဂ္ဂပင်။ တောတွင်းလူရိုင်းများ၏ လူသားစားကြသည့်ပုံပြင်များကား မကြားချင်မှအဆုံး ဖြစ်သည်။ ဤသို့ဖြစ်ပျက်ပြီးမှ မကြာမီကာလအတွင်း လင်းထက်ချန်ဆိုသော သိုင်းသမားကြီးတစ်ဦးသည် အထက်လမ်း သိုင်းသမားများ ဝိုင်းဝန်းတိုက်ခိုက်သောကြောင့် ပန်းယန်ချောင်းသို့ ထွက်ပြေးရောက်ရှိသွားသည်။

ထိုအချိန်၌ ပြည်မသားများကို တိုက်ခိုက်ခဲ့သော မြောင်မျိုးနွယ်စုတစ်စုသည် ပန်းယန်ချောင်းဘေးတွင် စခန်းချနေဆဲ ရှိသေးသည်။

ထိုလူမျိုးစုမှာ အသဲအမဲအစွဲကြီးသော မျိုးနွယ်စုဖြစ်၏။ ပြည်မမှ နောက်ထပ်ရောက်လာမည့်သူများကို တိုက်ခိုက်ရန် သူတို့ စောင့်နေကြခြင်း ဖြစ်သည်။

သူတို့သည် ပြည်မသားများ ရှာဖွေထားသည့် ရွှေများကို သိမ်းဆည်းစုစည်းထားသည်။

ဒုစရိုက်သိုင်းသမားကြီး လင်းထက်ချန်ကား ထောကျွမ်းသူ ဖြစ်သည်။

သူသည် ထိုလူမျိုးစုများမသိအောင် ထိုလူမျိုးစုအနီး၌ပင် သိုသိပ်စွာနေထိုင်နိုင်ခဲ့သည်။ ထို့နောက် ထိုလူမျိုးစုများ အလစ်တွင် သယ်နိုင်သမျှသောရွှေများကိုသယ်ကာ မြောင်ဒေသမှ ထွက်ပြေးလွတ်မြောက်လာလေသည်။

# ၈၇

## ကောက်ကျစ်သူ၏ တိုက်ခိုက်မှု

လင်းထက်ချန်သည် အောက်လမ်းသိုင်းသမားဖြစ်သည်။ သူသည် ဦးဆုံးလုယက်ဓားပြတိုက် လူသတ်ခဲ့သူ ဖြစ်သည်။ သူ ဒုစရိုက်မှုများဖြင့် ကျင်လည်ခဲ့သော ဆိုက္ကမ်ဒေသသို့ကား မပြန်ရဲချေ။

သို့ရာတွင် ဆိုက္ကမ်ဒေသ၌ သူ့သံယောဇဉ်များကား ကျန်ရစ်ခဲ့လေသည်။ သူ့ဇနီးဖြစ်သူနှင့်သားကလေး လင်းရောင်ချန်းတို့ ကျန်ရစ်ခဲ့ကြသည်။

သူတို့ ဆယ်သက်စားမကုန်သော ရွှေများကို ရရှိခဲ့သော လင်းထက်ချန်သည် ဆိုကွမ်ဒေသသို့ မပြန်ပေ။ ဆိုကွမ်ဒေသနှင့်ကပ်လျက် ဒေသဖြစ်သည့် ဟန်ချင်းသို့ ရှပ်ဖျက်လာခဲ့သည်။

ထိုဒေသ၌ရုပ်ဖျက်နေထိုင်ပြီးနောက် ဆိုကွမ်ဒေသရှိ ဇနီးနှင့်သားတို့အား သယ်ယူပို့ဆောင်ရေးအဖွဲ့ တစ်ခုမှတစ်ဆင့် မှာယူခဲ့သည်။ ဤသို့ဖြင့် လင်းထက်ချန်တို့ မိသားစုသည် ဟန်ချင်းတွင် ပြန်လည်ဆုံတွေ့ စုစည်းမိခဲ့ကြလေသည်။

လင်းထက်ချန်မှာ မကောင်းမှု ဒုစရိုက်များကို များစွာ ပြုလုပ်ခဲ့သူ ဖြစ်သည်။ ထို့ကြောင့် အထက်လမ်းသိုင်းသမားများက သူ့ကို တွေ့ရာသင်္ချိုင်းဓားမဆိုင်းဘဲ လိုက်ရှာနေကြသည်။ သူ ဟန်ချင်းဒေသသို့ ရောက်နေသည်ဟူသော သတင်းကို အထက်လမ်း သိုင်းသမားများက ရရှိသွားသည်။ သူတို့ လိုက်လာကြသည်။

လကွယ်ည

ထိုညမှာ လကွယ်ညဖြစ်သည်။

လင်းထက်ချန်ကလည်း ဟန်ချင်းဒေသ၌ သူနေထိုင်၍ စိတ်မချရကြောင်း သိသည်။ အဘယ်ကြောင့်ဆိုသော် ဟန်ချင်းနှင့်ဆိုကွမ်ဒေသတို့သည် နယ်ချင်း ဆက်စပ်နေသော ကြောင့် ဖြစ်သည်။

သူသည် ဇနီးနှင့်သားကိုခေါ်ကာ အနောက်ပိုင်းဒေသသို့ သွားရောက်တော့မည် ဖြစ်သည်။ အထက်လမ်းဂိုဏ်းသားများ လိုက်မမီစေရန် ခြေရာဖျောက်ခြင်း ဖြစ်သည်။



ထိုစဉ်က အဖြစ်အပျက်များက ဆယ့်ငါးနှစ် ရှိနေပြီဖြစ်သည့် သားဖြစ်သူ လင်းရောင်ချန်းက ကောင်းစွာ မှတ်မိနေခဲ့သည်။

သူတို့မိသားစု တည်းခိုနေထိုင်ကြသည်မှာ မသင်မရှားအပေါစား တည်းခိုဆောင်ကလေး ဖြစ်သည်။ လင်းထက်ချန်သည် အခြေအနေကိုသိသည်။ ထင်ရှားသော တည်းခိုဆောင်များ၌ တည်းခို၍ မဖြစ်ကြောင်းသိသည်။

ထင်ရှားသော တည်းခိုဆောင်၌ ဆိုလျှင် သူ့အား တစ်ယောက်မဟုတ်တစ်ယောက် တွေ့သွားနိုင်သည်။ သူ ရုပ်ဖျက်ထားသော်လည်း သူ့နောက် လိုက်နေသူများက သိသွားနိုင်ပေသည်။

ထိုတည်းခိုဆောင်ကလေး၌ နေထိုင်ကြစဉ် လင်းထက်ချန် ထွက်ပြေး ရှောင်တိမ်း သွားချိန်မှစ၍ မျက်နှာငယ်ဘဝဖြင့် နေထိုင်ခဲ့ရပုံများကို မိခင်ဖြစ်သူက သားဖြစ်သူ လင်းရောင်ချန်းကို ပြန်လည်ပြောပြနေ၏။

စားသောက်ရာ၌လည်း မျက်နှာငယ်ခဲ့ရပုံ၊ နေထိုင်ရာ၌လည်း မျက်နှာငယ်ခဲ့ရပုံကို မိခင်ဖြစ်သူက ပြောပြခဲ့လေသည်။

ထိုစကားများကို လင်းထက်ချန်ကလည်း ကြားနေခဲ့ရသည်သာ ဖြစ်ပေ၏။ ဘဝတစ်လျှောက်လုံး သူများ မျက်ခုံးမွေးပေါ် ကြုံလျှောက်ခဲ့သူလင်းထက်ချန်သည်ထိုအကြောင်းများကို အံတကြိတ်ကြိတ်နှင့် နားထောင် ခဲ့လေ၏။

လင်းထက်ချန်သည် ထိုသူများကို အလွန် နာကြည်းသည်။ နာကြည်းပေမပေါ့။ ထိုသူများသည် ယခင်က သူ့ကို ရှိခိုး ကိုးကွယ်နေကြသူတွေမဟုတ်ပါလော။ ထိုသူများက သူ့မိသားစုကို မတူမတန်သလို ဆက်ဆံကြရသလော။

လင်းရောင်ချန်းကလေးကမူ ငေးမော၍သာ နားထောင်နေသည်။ ကလေးမျှသာ ဖြစ်၍လည်းကောင်း၊ ခရီးဝေးမှ ရောက်လာစ ဖြစ်၍လည်းကောင်း သူသည် အိပ်ချင်နေလေသည်။

သို့သော် အိပ်၍မဖြစ်သေးပေ။ သူ့ဖခင် တိမ်းရှောင်ခဲ့စဉ်က သူစားချင်နေခဲ့ရသော မုန့်များကို သူ့မိခင်က ဝယ်ကျွေးမည်ဟု ပြောထား၍ ဖြစ်ပေသည်။

သူသည် စားရမည့်မုန့်များကို တမ်းတနေသည်။

အချိန်က ညဉ့်ဦးယံ။

ညက လကွယ်ည။

ချောင်ကျသောနေရာတွင် တည်ရှိသော တည်းခိုဆောင်ဖြစ်၍ တည်းခိုဆောင်ရှေ့ ခြံဝင်းတစ်ခုလုံးပါ တိတ်ဆိတ်ငြိမ်သက်နေသည်။ ထိုအခိုက် ခွေးဟောင်သံတစ်ချက် ပေါ်လာပြီး မကြာမီပင် ခွေးဟောင်သံမှာ တိတ်ဆိတ် သွားလေသည်။

လင်းထက်ချန်သည် အတွေ့အကြုံများသူ ဖြစ်၏။ ခိုးဆိုးတိုက်ခိုက်နေသူဖြစ်၍ ချက်ဆိုနားခွက်က မီးတောက်သူ ဖြစ်သည်။ ခွေးဟောင်သံတစ်ချက်ကြားရပြီးနောက် နောက်ထပ်မကြားရခြင်းမှာ ထူးခြားချက်ပင်။



'ရှူး…တိတ်တိတ်နေစမ်း'

လင်းထက်ချန်က တီးတိုး ပြောလိုက်၏။ ဇနီးဖြစ်သူကလည်း အကောင်းပါးသည်။ အောက်လမ်း သိုင်းသမားကြီး၏ ဇနီးအဖြစ် တစ်သက်လုံး ပေါင်းသင်းခဲ့သူကိုး။ ဇနီးဖြစ်သူသည် ခင်ပွန်းဖြစ်သူကို ကြည့်လိုက်၏။

လင်းထက်ချန်က နှုတ်ခမ်းကို လက်ညှိုးနှင့် ပိတ်ပြလေသည်။

လင်းရောင်ချန်းကမူ တောင်ကြည့် မြောက်ကြည့် လုပ်နေ၏။ လင်းထက်ချန်ကမူ မျက်မှောင်ကုတ်၍ နားထောင်နေ၏။ နောက်ထပ် ဘာသံမှ မကြားရတော့ပေ။

ဤသို့မကြားရခြင်းကိုပင် လင်းထက်ချန် သံသယရှိနေ၏။ သူသည် ဇနီးဖြစ်သူကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်ပြီး သူ၏ ဓားကို ဆွဲထုတ်လိုက်၏။ ဆွဲထုတ်ပုံမှာ ငြင်သာ လှ လေသည်။

လုံးဝအသံမကြားရပေ။ သူ့ဓားသည် မည်သည့်အခါကမျှ ကိုယ်နှင့်မကွာခဲ့ပေ။ သူသည်ဓားကို တင်းကျပ်စွာကိုင်ထားလေ၏။

ဇနီးဖြစ်သူမှာ လင်းထက်ချန်နှင့် အတွဲညီလှ၏။ သားဖြစ်သူကို နောက်ဘက် ချောင်ထဲသို့ ပို့လိုက်၏။ သူမ၏ လက်နက်ပုန်းများကို အလွယ်တကူ ပစ်လွှတ်နိုင်ရန် ဤသို့ ပြင်ဆင်ခြင်း ဖြစ်သည်။

ထိုအချိန်မှာပင် လင်းထက်ချန်က မီးအိမ်ကို ငြိမ်းလိုက်လေ၏။

ဇနီးဖြစ်သူက သားဖြစ်သူကို တီးတိုး ပြောနေကြောင်း ကြားထိလိုက်ရသည်။

'အသံမထွက်နဲ့နော် သား'

ထိုအချိန်၌ မိခင်ဖြစ်သူသည် မုန့်များကို လင်းရောင်ချန်းအား ကျွေးနေချိန် ဖြစ်သည်။ လင်းရောင်ချန်းကလည်း အစားများ ပလုတ်ပလောင်းဖြင့် စားနေချိန် ဖြစ်သည်။

ကလေးသည် မှောင်ထဲ၌ မိခင်ဖြစ်သူအား ခေါင်းညိတ်ပြလေ၏။ သူပြောချင်လျှင်လည်း မပြောနိုင်တော့ပေ။ သူ့ပါးစပ်ထဲ၌ အစားများ ပလုတ်ပလောင်း ရှိနေသည်မဟုတ်ပါလော။

လင်းထက်ချန်သည် ခြေသံ မကြားအောင် လျှောက်သွားပြီးနောက် အိပ်ပြင်သို့ ချောင်းကြည့်လိုက်၏။

သူသည် အဆောင်အနောက်ဘက်သို့ သွားချောင်းခြင်း ဖြစ်သည်။ သူသည် ချက်ချင်း ပြန်လာကာ သူ၏ဇနီး နားနားသို့ ကပ်ကာ တီးတိုးပြောလေ၏။

သူ့ဇနီးက မှောင်ထဲ၌ ခေါင်းညိတ်လေ၏။ ထို့နောက် လင်းထက်ချန်သည် ခေါင်မိုးထုပ်တန်းပေါ်သို့ ခုန်တက်လိုက်သည်။ ထို့နောက် အမိုးကိုလှန်ကာ ခေါင်မိုးသို့ ဖောက်ထွက်လိုက်သည်။

ထိုအခါ မိခင်ဖြစ်သူသည် သားဖြစ်သူ လင်းရောင်ချန်းကို ခေါ်ကာ ခုတင်ပေါ်၌ အိပ်ဆေးလိုက်၏။ သားဖြစ်သူ နားနားသို့ ကပ်ကာ တီးတိုးပြောသည်။



'သား အိပ်တော့နော်၊ ဘာသံပဲကြားကြား သားမထနဲ့ သိလား'

လင်းရောင်ချန်းသည် ခေါင်း ိတ်လေ၏။

ထိုအခိုက်မှာပင် ပိတ်ထားသောအခန်းမှ စကားသံများ ပေါ်လာ၏။

'ဟော့...လင်းထက်ချန်၊ တည်းခိုဆောင် တစ်ခုလုံးကို တိုင်းထားပြီကွ၊ မင်းဘာမှ မလုပ်နဲ့တော့၊ မင်းဓားကို အခန်းရှေ့ ပစ်ချလိုက်တော့၊ မင်းအေးအေးဆေးဆေးအဖမ်းခံပါ'

ထိုအခါ ကလေးသာသာမျှသာရှိသော လင်းရောင်ချန်းမှာ ထိတ်လန့်သွား၏။ သူသည် အိပ်နေရာမှထထိုင်ရန် ကြိုးစားသည်။ ထိုအခါ မိခင်ဖြစ်သူက သားဖြစ်သူကို အိပ်နေစေရန် ဆွဲချလိုက်၏။

'သား....အိပ်နေ၊ လုံးဝမထနဲ့၊ ဒီလူတွေကို မေမေထွက်တွေ့မယ်၊ သားဘာမှ မကြောက်နဲ့'

သားဖြစ်သူ လင်းရောင်ချန်းမှာ ပြန်လဲကျသွား၏။ သူသည် မုန့်များကို ဆက်လက် မစားနိုင်တော့ပေ။

'ဟုတ်...ဟုတ်ကဲ့ မေမေ'

သူ့အသံမှာ ခြောက်ကပ်နေသည်။ သူကြောက်နေပြီ မဟုတ်ပါလား။

သူသည် အိပ်ချင်ယောင်ဆောင်နေလိုက်၏။ သူတို့အိပ်ခန်းထဲမှ မည်သည့်အသံမျှ ထွက်ပေါ်မလာသောအခါ အော်သံထွက်ပေါ်လာပြန်လေ၏။

'ဟေး... ...လင်းထက်ချန်၊ ထွက်ခဲ့စမ်းကွာ၊ မင်းဘယ်မှာရှိတယ်ဆိုတာ တို့သိတယ်ကွ၊ တို့က မင်းနောက်ကို အရိပ်လိုလိုက်နေတာ၊ မင်းအေးအေးဆေးဆေး အဖမ်းခံတော့၊ မင်းဥာဏ်များရင် မင်းသားနဲ့ မင်းမိန်းမကို ထိခိုက်နိုင်တယ်ဆိုတာ သိရဲ့လား၊ မင်းစဉ်းစားနော်'

လင်းထက်ချန်၏ ဇနီးသည် မတ်တတ်ထရပ်လိုက်၏။ အခန်းရှေ့မှ ဘာပြောနေသည်ကို နားထောင်နေ၏။ သူတို့၏ တီးတိုးပြောသံများကို ကြားနေရ၏။

'ဟော့ ကောင်တွေ ဒီကောင်ရှိတယ်ကွ၊ ငြိမ်နေတာ'

'ထွက်များသွားပြီလား'

'မထွက်သေးဘူးကွ၊ ဒီကောင်ရှိပါတယ်၊ တို့သိထားတာပဲကွာ'

'ကဲ...တံခါးဖျက်ဝင်ကွာ'

သူတို့သည် အချေအတင်ဖြစ်နေကြ၏။ စိတ်မရှည်ပုံရသော လူတစ်ယောက်၏အော်သံ ထွက်လာသည်၊

'ဟော့ကောင် ထွက်လာစမ်း၊ မင်းထွက်မလာရင် ငါတို့ အတင်းဝင်လာရလိမ့်မယ်'

ထိုအခါ လင်းထက်ချန်၏ ဇနီးသည်က အိပ်ရာမှထလာ ဟန် အသံပြုလိုက်ပြီး....

'ဘယ်သူလဲ'

အခန်းရှေ့၌ လူရောက်နေသည်ကို မသိသလို မေးလိုက်လေ၏။

'တံခါးဖွင့်စမ်းပါ'



အပြင်မှလူက မာကျန်စွာပြောလေ၏။ လင်းထက်ချန်၏ ဇနီးသည် အခန်းထဲ၌ လှုပ်ရှားသံပေးလိုက်ပြီးမှ တံခါးရှေ့ လာရပ်ကာ တံခါးဖွင့်လိုက်သည်။

'ကျွိ'

တံခါးပွင့်သွား၏။ လူနှစ်ယောက်သည် အခန်းရှေ့၌ သတိအနေအထားနှင့် ရပ်နေကြ ငံး တွေ့ရလေ၏။ ဓားသုံးလက် ညီနောင်တည်း။ ဓားသုံးလက်ညီနောင်သည် သိုင်းလောက၌ အသင့်အတင့်နာမည်ရှိ၏။

ယခု တွေ့နေရသူနှစ်ယောက်မှာ အကြီးဆုံး လုတေနှင့် အလတ် လုတာတို့ဖြစ်ကြသည်။ အငယ်ဆုံးဖြစ်သော လုဝမ်းမှာ လင်းထက်ချန်၏ လက်ချက်ဖြင့် သေဆုံးသွားခဲ့လေပြီ။

သူတို့ညီငယ် သေဆုံးသွားရသောကြောင့် သူတို့သည် လင်းထက်ချန့်ကို မြေလှန်ရှာဖွေနေကြခြင်းဖြစ်သည်။

'ဝူရှိ....ခင်ဗျားယောကျ်ားကော'

လုတေက မေးလိုက်၏။

လင်းထက်ချန်၏ဇနီးသည်နာမည်မှာ ဝူရှိ ဖြစ်သည်။

'ရှင်....ရှင်ဘာမေးတာလဲ'

'ခင်ဗျား မလိပ်တပတ်လုပ်မနေနဲ့၊ ခင်ဗျားယောကျ်ား ဒီမှာရှိတယ်ဆိုတာ ကျုပ်တို့ အတိအကျသိပြီးသားဗျ'

လုတာက ပြောခြင်းဖြစ်သည်။

ဝူရှိက မကျေမနပ်သံဖြင့် ပြန်ပြောသည်။

'ဒီလို မပြောပါနဲ့ရှင်၊ ကျွန်မတို့ သားအမိနှစ်ယောက် ဘယ်လောက် ဒုက္ခရောက်ခဲ့ရသလဲဆိုတာ ရှင်တို့သိပါတယ်၊

ရှင်တို့ကြောင့် ကျွန်မယောကျ်ား ထွက်ပြေးသွားရကတည်းက ကျွန်မတို့သားအမိ ဒုက္ခရောက်လိုက်တာ မပြောပါနဲ့တော့၊ ကျွန်မသားကလဲ လူမမည်ကလေးပါ၊ ကျွန်မကလဲ ဘာမှ လုပ်တတ်တာ မဟုတ်ပါဘူး၊ ကျွန်မတို့သားအမိကိုဒီလောက် အငြိုးမထားသင့်ပါဘူးရှင်’

လုတေက....

‘ကဲ....ဒါဖြင့် ခင်ဗျားတို့သားအမိ ဒီကိုဘာဖြစ်လို့ရောက်နေရတာလဲ’

လုတေ၏လေသံက ခင်ဗျား ဘာဖြင်းချင်သေးသလဲဆိုသော လေသံမျိုးဖြင့် မေးလိုက်ခြင်းဖြစ်သည်။ အပိုင်ကိုင်၍ မေးခွန်းထုတ်သည့်ပုံစံမျိုးဖြစ်၏။

သို့သော် ဝူရီ့မှာ ဖြေရန် စကားရှိနေသည်။

‘ဩြော်....ရှင်တို့ကပဲ ဒီလိုမေးနေရတယ် ရှိသေးတယ်၊ ကိုယ်လုပ်တဲ့အလုပ်ကို ပြန်ကြည့်ပါဦးရှင်၊ ကျွန်မတို့သားအမိ ကိုယ့်ရပ်ကိုယ့်ရွာမှာ နေလို့မရအောင် ဒုက္ခပေးနေတဲ့ဟာ၊ ရှင်တို့နဲ့ ဝေးရာကိုပြေးရတာပေါ့ရှင်’

လုတေနှင့်လုတာ့မှာ အပြောရခက်သွားသည်။

လုတေက....

‘ကဲ....ဒါဖြင့် ခင်ဗျားအခန်းထဲ မီးထွန်းလိုက်စမ်းဗျာ’

‘ရှင်... ဘာလုပ်မလို့လဲ’

လုတာက စိတ်မရှည်သံဖြင့် ဝင်ပြောသည်။

‘ကျုပ်တို့ရှာမယ်ဗျာ၊ ခင်ဗျားယောကျ်ားကို ရှာမယ်’

ဝူရီ့က....



‘ရှင်တို့ ဘယ်လိုလူတွေလဲ၊ လူမမည်ကလေးတစ်ယောက်နဲ့ မိန်းမသားတစ်ယောက်နေတဲ့ အခန်းကို ပိုင်းစိုးပိုင်နင်းရှာချင်တိုင်း ရှာလို့ရမလား’

လုတေနှင့်လုတာတို့ ဒေါပွသွားကြသည်။

‘ဟောဒီလိုဝင်တယ်ဗျာ’

သူတို့သည် အတင်းတိုးဝင်လာကြ၏။

ဝူရီ့မှာ နောက်မှာ ကျန်ရစ်သည်။

‘ရှင်....ရှင်တို့ ဒါ....ဒါဘာလုပ်တာလဲ’

ဝူရီ့က ဒေါသတကြီး အော်ဟစ်လိုက်၏။

လုတာက....

‘ဘာလုပ်တာလဲလို့ ခင်ဗျားကမေးတော့ ကျုပ်တို့ကလဲ ထပ်ပြောရသေးတာပေါ့၊ ခင်ဗျားယောကျ်ား လူဆိုးလူယုတ်မာကြီးကိုရှာပြီး သတ်ချင်လို့ ကျုပ်တို့ ဝင်ရှာကြတာဗျ။

‘ဒီမှာ ခင်ဗျားဘာမှ မူရာမာယာတွေ မျှားမနေနဲ့၊ တရားနည်းလမ်း ကျတာတွေ မကျတာတွေ ပြောမနေနဲ့၊ ခင်ဗျားဟာလဲ ခင်ဗျားယောကျ်ားကို လူဆိုးလူယုတ်မာဖြစ်အောင် လုပ်နေတဲ့လူပဲ’

‘ဘာ....ဘာ ကျွန်မက ဘာလုပ်လို့လဲ’

‘ခင်ဗျား သောက်သုံးမကျတာတွေကို ခင်ဗျား မပြောတော့ဘူးလား၊ ခင်ဗျားယောကျ်ား လုယက်သတ်ဖြတ်လို့ရလာတဲ့ ပစ္စည်းတွေကို ကျွန်မ မစားချင်ဘူး၊ ရှင် သမ္မာအာဇီဝနဲ့ ရှာတာကိုပဲ စားချင်တယ်လို့ ခင်ဗျား ပြောပါလား။

'အခုတော့ ခင်ဗျားယောကျ်ားရှာလာသမျှကို အကုန်စားတယ်၊ ခင်ဗျားမှာလဲ ဘာဝန်ရှိတာပဲ၊ ခင်ဗျားဟာ ခင်ဗျားယောကျ်ားကို အကူအကယ်ပေးနေတယ်၊ ဒီတော့ ကျုပ်တို့ဒီအခန်းထဲ ဝင်ရှာတာ လွန်သလား'

သူတို့သည် အတွင်းသို့ လျှောက်မည်ပြုသည်။

'ရှင်တို့ ဘယ်ကိုသွားမလို့လဲ'

'အခန်းထဲမှာ ရှာရမှာပေါ့'

'ခုဘင်ပေါ်မှာ ကျွန်မသားလေးပဲ ရှိပါတယ်ရှင်၊ ရှင်တို့မျက်နှာတွေမြင်ရင် ကျွန်မသားလေး လန့်အော်မိမယ်'

'ဘာဗျ'

လူတောက ပြန်အော်လိုက်၏။

သို့သော် လူဘာက အရေးမကြီးဟန်ဖြင့် လူတောကို တွန်းလှတ်လိုက်၏။

'ရှာမှာသာ ရှာစမ်းပါကွာ၊ သူ့ကို အဖက်လုပ်ပြီး ပြောမနေပါနဲ့၊ သတိလဲ ထားဦးနော်'

သူသည် ဝူရှိ့ဘက်သို့ လှည့်လိုက်၏။

'ခင်ဗျား အေးအေးဆေးဆေးနေပါဗျာ၊ ကျုပ် တောင်းပန်ပါတယ်၊ တကယ်တော့ ခင်ဗျား ဒီလို မနှောင့်ယှက်သင့်ပါဘူး၊ ကျုပ်တို့ကို နှောင့်ယှက်မယ်ကြံရင် ခင်ဗျားယောကျ်ားကြောင့် သေရတဲ့လူတွေ မျက်ရည်ကျရတဲ့လူတွေကို ပြန်မြင်လိုက်ပေါ့၊ ဒါဆိုရင် ခင်ဗျား ကျုပ်တို့ကို ခွင့်လွှတ်နိုင်မှာပါ၊ ကိုယ်ချင်းစာပေါ့ဗျာ'



ဝေးညီနောင်တို့မှာ အထက်လမ်းဂိုဏ်းသားများဖြစ်နေ၍ ဝူရှိ့ကို ကြုံမျှ ရှင်းပြနေခြင်းဖြစ်၏။ သူတို့သာ အောက်လမ်းဂိုဏ်းသားဖြစ်လျှင် ဝူရှိ့ကို ရှင်းပြနေမည်မဟုတ်ချေ။

## [ ၁၁ ]

ဝရို့ရော သူ့သားကလေးကိုပါ ရှင်းပစ်လိုက်ကြမည်သာ ဖြစ်၏။

ထိုစဉ် လုတေကမီးအိမ်ကို ထွန်းညှိလိုက်၏။ အခန်းထဲတွင် လင်းလာ၏။ သူတို့သည် ခုတင်ရှိရာသို့ ချဉ်းကပ်လာကြ၏။

ခုတင်ပေါ်တွင်လင်းရောင်ချန်းကလေးရှိနေသည်။ သူသည် ကြောက်လန့်ပြီး ထထိုင်နေသည်။

လုတေက....

'ဟေ့... ကလေး'

သူသည် ကလေး၏ လက်မောင်းကို ဆွဲကိုင်လိုက်၏။ ထို့နောက် ရင်းနှီးသောလေသံဖြင့်....

'မင်းက တော်တော်ထွားလာပါလား၊အေး....ဒါနဲ့ မင်းအဖေရော'

လင်းရောင်ချန်းမှာ မျက်လုံးပြူးကြီးများဖြင့် မော့ကြည့်လေ၏။သူ ကြောက်လန့်နေလေပြီ။

'ဟို....ဟို....ဟို'

'သား'

ဝူရှို့က လှမ်းခေါ်လိုက်သည်။

'သား....ဘာမှမကြောက်နဲ့၊လာ....အမေ့ဆီကိုလာ'

လင်းရောင်ချန်းသည်– လုတေ၏လက်ထဲမှ ရုန်းထွက်ရန်ကြိုးစားတော့၏။သို့သော် လုတေက လွှတ်မပေးသဖြင့်အမေဖြစ်သူထံ မသွားနိုင်ဘဲ ဖြစ်နေရာ သားဖြစ်သူဆီ လျှောက်လာရတော့၏။

'ရှင်တို့ ကလေးကို အနိုင်ကျင့်နေတာ မရှက်ဘူးလား၊ကလေးဟာ ရှင်တို့ရန်သူ မဟုတ်ဘူးရှင့်'

'ဖြန်း'

'အား'

လုဘာက လက်ဖြန့်ရိုက်ချလိုက်ရာ ဝူရှို့မှာ ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ လဲကျသွားလေ၏။သူမသည် ရှက်တခုက်ချက်ချင်းမြန်ဘတိုင်၏။



လုဘာရိုက်လိုက်ခြင်းမှာသာမန်ပေါ့ပေါ့ကလေးရိုက်လိုက်ခြင်း မဟုတ်ပေ။ပြင်းထန်စွာ ရိုက်လိုက်ခြင်းဖြစ်၏။ရိုက်ချက်ပြင်းလှသဖြင့် ဝူရှို့သည် ထပင်မထနိုင်ချေ။

ဝူရှို့မှာ မူးဝေနေသဖြင့် ထိုင်နိုင်ရုံသာထိုင်နိုင်သည်။ ဖြန့်မထနိုင်ချေ။ဝူရှို့သည် နှုတ်ခမ်းထောင့်မှသွေးများ စီးကျလာသည်။

'မေမေ'

လင်းရောင်ချန်းသည် စူးစူးဝါးဝါးအော်ပြီး လုတေ၏လက်ထဲမှ အတင်းရုန်းကန်တော့၏။သို့သော် သူ့အားဖမ်းထားသူမှာ လူကြီး သိုင်းသမားရင့်မာကြီးတစ်ယောက် ဖြစ်သည်။

သူသည် လွတ်အောင် မရုန်းနိုင်ချေ။ လုတေကလည်း ကလေးကို လွှတ်မပေးချေ။စွဲမြဲစွာ ဆုပ်ကိုင်ထား၏။

'ခင်ဗျားတို့ မတရားလုပ်တာကို ကျုပ်အဖေက ခံမယ်ထင်နေသလား၊ခင်ဗျားတို့ကို လိုက်ရှာပြီး သတ်မှာဗျ၊လွှတ်လွှတ်ကျုပ်ကို လွှတ်'

ကလေးတစ်ယောက်၏ မခံချင်စိတ်သည် ပွင့်အန်လာသည်။

လုတေသည်လင်းရောင်ချန်းကို ကြည့်ပြီး....

'တို့က မင်းအဖေကို ဘယ်ကြောက်လိမ့်မလဲ၊ မင်းအဖေက သတ္တိမရှိဘူးကွ၊တို့ကိုကြောက်လို့ ပုန်းနေတာ'

လင်းရောင်ချန်းမှာ ဒေါသထွက်သွားသည်။

'ကျုပ်အဖေလား ခင်ဗျားတို့ကိုခကြာက်မှာ၊ ဝေးသေးတယ်ဗျ'

'တော်စမ်း'

ဝူရှီ့သည် ဒယ်ီးဒယိုင်ဖြင့် ထရပ်ရင်း အော်လိုက်၏။

လင်းရောင်ချန်းမှာ သူ့မိခင်၏ စူးစူးဝါးဝါး အော်သံကြောင့် လန့်ဖျပ်သွားပြီး သူ့အမေအား လှမ်းကြည့်၏။

'ရှင်တို့ကိုယ်ရှင်တို့ သူတော်စင် သိုင်းသမားတွေလို့ ကြွေးကြော်တယ်၊အထက်လမ်း သိုင်းသမားတွေလို အော်ဟစ်နေတယ်၊ရှင်တို့ အခုလိုလုပ်တာကောင်းသလား၊ရှင်တို့အော်ဟစ်ကြေညာနေတာနဲ့ ကိုက်ညီရဲ့လား၊ရှင်တို့အလုပ်နဲ့ သက်သေပြလိုက်တာပေါ့'

ဝူရှီ့က လုတေနှင့်လုတာကို ရဲဝံ့စွာကြည့်ရင်း အော်ဟစ်လေ၏။

လုတေက

'နင်ကများ တို့က ပြောရတယ်မျှားရှိသလား၊သူခိုးက လူပြန်ဟစ်တယ်ဆိုတာ ဒါမျိုးပေါ့'

လုတာကလည်း ဝင်ပြောသည်။

'နင့်ယောကျ်ားက ဘယ်လိုယောကျ်ားမျိုးဆိုတာ နင်သိတာပဲ၊ကျားဆိုးဟာ ကျားဆိုးပဲ၊တောထဲမှာ အေးအေးဆေးဆေး မနေတဲ့ကျားဆိုး၊အဲဒီကျားဆိုးကို ဖမ်းဖို့လုပ်ရင်းမင်းတို့ဝပ်ကျင်းကို ဖျက်ပေမယ့် တို့မှာ အပြစ်မရှိဘူး၊အဲဒီကျားဆိုးကိုဖမ်းဖို့ သားကောင်နဲ့ထောင်ချောက်ဆင်တန် ဆင်ရမှာပဲ၊အဲဒါလဲ လုပ်သင့်တာပဲ။



'နင့်ယောကျ်ားဟာ တကယ့်လူသတ်သမား၊ ငါတို့ဟာ လုတကာကို လျောက်သတ်မနေဘူး၊နင့်ယောကျ်ားကတော့ ငါတို့ညီကို သတ်တယ်၊အဲဒီတော့ သူ့သားကို ငါတို့သတ်လဲ အပြစ်မရှိဘူး၊ဒါပေမယ့် ငါတို့ မသတ်ဘူး၊ခေါ်သွားမယ်၊ကျားဆိုးဟာ ဒါမှ တောထဲက ထွက်လာမှာပေါ့၊အဲဒါငါတို့ လုပ်တာကို နင် မတရားဘူးထင်တယ်မဟုတ်လား၊ အဲဒီတော့ နင့်ယောကျ်ားကို လွှတ်ပြီး ဖြေရှင်းခိုင်း၊ဒါပဲ'

လုတာက ပြောပြီး လင်းရောင်ချန်းကို ဆွဲခေါ်သွားတော့ မည့်ပုံမျိုး လုပ်သည်။သူသည်လင်းရောင်ချန်း၏ လက်မောင်းကို ဖျစ်ညှစ်လိုက်၏။

[ ၈၉ ]

ဒွေးဆိုးကင်းသူ

ထိုအခါ လင်းရောင်ချန်းမှာ နာကျင်ပြီး အော်ဟစ်လေတော့၏။

'ဖေဖေကြီးရေ....သားကို ကယ်ပါဦး'

လုတာသည် လင်းရောင်ချန်းကို ထောင်ချောက်လုပ်ရမည်ဖြစ်ကြောင်း သိသည်။သူသည် လင်းရောင်ချန်း၏ လက်မောင်းကို တမင်ဖျစ်ညှစ်လိုက်ခြင်း ဖြစ်၏။သို့မှသာ လင်းရောင်ချန်းက အော်ဟစ်ပေမည်။

ထိုအခါ....

'ဝုန်း'
'ရှမ်း'
'အား'

ခေါင်မိုးပေါ်တွင် ရှိနေသော လင်းထက်ချွန်ကခုန်ချလာ၏။ သူ၏ခေါးသည် ပြိုးခနဲ ပြက်ခနဲဝင်းလက်သွားကာ လုတာအား ခုတ်ချလိုက်၏။

လုတာသည် ဤသို့ဖြစ်လိမ့်မည်ဟု လုံးဝ ထင်မှတ်မထားပေ။ သူသည် လင်းထက်ချွန်အိပ်ခန်းတစ်နေရာရာ၌ပုန်းနေလိမ့်မည်ဟုသာ ထင်နေသည်။

သူ့ခေါင်းပေါ်မှ ခုန်ချလာပြီး သူ့အား တိုက်ခိုက်လိုက်သောအခါ လုံးစ အငိုက်မိသွား၏။ သူသည် ရှောင်တိမ်းသော်လည်း မရှောင်နိုင်ဘဲ လက်မောင်းအပြတ်ခံလိုက်ရ၏။

လင်းထက်ချွန်သည် တစ်ဆက်တည်း လုတေကိုပါ တိုက်ခိုက်လိုက်၏။

ဝူရှိကလည်း လျင်သည်။ သူ့ယောက်ျားက လုတေကို တိုက်ခိုက်သည်ကို မြင်သည်နှင့် လုတေထံသို့ လက်နက်ပုန်းများ ပစ်တော့သည်။

'ဝှီး....ဝှီး,...ဝှီး'

ဝူရှိ၏အဆိပ်လက်နက်ပုန်းများသည် တဝှီးဝှီးနှင့် အသံမြည်သွား၏။ လုတေသည် လင်းထက်ချွန်၏ဓားချက်ကို ရှောင်တိမ်းနိုင်သော်လည်း ဝူရှိ၏ လက်နက်ပုန်း တစ်ခုကိုတော့ မရှောင်နိုင်ချေ။



အဆိပ်တက်သော်လည်း အပြင်မှလူများကိုမူ အော်ဟစ်သတိပေးနိုင်ခဲ့သည်။

'လင်းထက်ချွန် ဒီမှာရှိတယ်ဟေ့၊ ငါတို့နဲ့တိုက်နေပြီ'

လင်းထက်ချွန်သည် သူ အခြေအနေမလှသည်ကို သိရှိသည်။ ထို့ကြောင့် မီးအိမ်ကို ဓားဖြင့်ထိုးခွဲလိုက်၏။

ထိုအခါ တစ်ခန်းလုံး မှောင်သွားသည်။

ထိုအချိန်၌ လုတေထံသို့ ဝူရှိသည် အဆိပ်အပ်များ ဆက်တိုက်ပစ်လွှတ်နေတော့သည်။ လုတေသည် အဆိပ်အပ်များကို ဓားဖြင့် ယမ်းသည်။ မှောင်ထဲ၌ မြင်သည်တော့ မဟုတ်ချေ။ ရမ်းသမ်းကာကွယ်ရခြင်း ဖြစ်သည်။

ဝူရှိကား အခြားသူမဟုတ်ပေ။

သိုင်းလောကတွင် နာမည်ကြီးခဲ့သော အဆိပ်မင်းသမီး ဆီရှာ၏သမီးဖြစ်ရာ လက်နက်ပုန်းပစ်ခတ်ရာ၌ မိခင်ခြေရာကို မနင်းနိုင်သော်လည်း ညံ့ဖျင်းသူ တစ်ယောက်တော့ မဟုတ်ပေ။

ထို့ကြောင့် လုတေမှာ အဆိပ်လက်နက်ပုန်းများ ထိခြင်းခံရတော့သည်။ သူသည် ကြမ်းပြင်သို့ ဝုန်းခနဲ ဖြိုလဲကျသွားရင်း သူ၏ညီဖြစ်သူကို လှမ်းခေါ်လိုက်၏။

'လုတာ'

လုတာမှာလည်း လက်မောင်းပြတ်သောဒဏ်ရာဖြင့် လဲကျနေရာမှ အစ်ကိုဖြစ်သူ၏ခေါ်သံ ကြားသဖြင့် လူးလဲထလိုက်သည်။ သူ့အစ်ကိုအသံကြားရာသို့ တွားသွားလေတော့၏။

ဤသည်မှာ မိအကျောင်းမင်း ရေနစ်ခြင်းပင် ဖြစ်တော့၏။ သူတို့သည် အမှန်တရားအတွက် တိုက်ခိုက်ရင်း လင်းထက်ချန်လျှပ်တစ်ပြက်တိုက်ခိုက်ခြင်းကို ခံလိုက်ရခြင်း ဖြစ်သည်။

လင်းထက်ချန်သည် ရန်သူနှစ်ဦးကို သူ ဖြိုနိုင်ပြီကို သိလိုက်၏။

'ဝူရှိ၊ မင်းသားကိုခေါ်ပြီးထွက်ငါ့ရှေ့အောင်ဖောက်ထွက်ခဲ့မယ်'

ဝူရှိသည် ခင်ပွန်းသည်၏စကားကို ကြားသောအခါ သားဖြစ်သူကို ဆွဲခေါ်လိုက်သည်။

ထိုအခါ လုတာသည် လင်းထက်ချန်၏ အသံကြားရာသို့ မှန်းဆလျက် ဓားနှင့် လှမ်းခုတ်လိုက်၏။ အမှောင်၌ ဖြစ်၍ အကွာအဝေး ခန့်မှန်းချက် မမှန်ကန်ပေ။ ထို့ပြင် လက်မောင်းပြတ်သည့်ဒဏ်ရာ ရရှိထားသေးသည်။ သူ သွေးထွက်လွန်နေသဖြင့် မှန်းဆချက်အတိုင်း ဓားနှင့် မခုတ်နိုင်ပေ။ သူ့ဓားသည် လင်းထက်ချန်ကို ဓားဦး ရှပ်မိသွား၏။

'အား'

လင်းထက်ချန်သည် ကျိတ်၍ အော်လိုက်လေ၏။ သူသည် ချက်ချင်းပင် လုတာအား ပြန်ခုတ်လိုက်ရာ လုတာ၏ဦးခေါင်းကို ထိသွား၏။ ဝုန်းခနဲ လဲကျသွားသည်။

'အား'

လုတာ အသက်ထွက်သွားသည်။

ဝူရှိက ...



'ရှင့်ကိုထိသွားသေးသလား'

'မထိပါဘူး'

'စောစောက ရှင့်အော်သံကြားလိုက်ပါတယ်'

'ဓားရှပ်ထိသွားတာပါ၊ ကိစ္စမရှိဘူး၊ ဒီဒဏ်ရာလောက်တော့ ငါခံနိုင်ပါတယ်၊ သားကို မင်းခေါ်ပြီးထွက်သွား ဒီကောင်တွေကို ငါမျှားပြီး ခေါ်သွားမယ်'

'ကျွန်မ ရှေ့ပေါက်ကထွက်ရမှာပဲ'

'အဆင်ပြေသလိုကြည့်ထွက်လေ ငါသွားပြီ'

သူသည် ထုပ်တန်းများပေါ်သို့ ခုန်တက်သွား၏။ ထို့နောက် ခေါင်မိုးအပေါက်မှ ပြန်ထွက်သွားသည်။ သူသည် အဆောင်နောက်ဘက်သို့ခုန်ချရင်း အော်သည်။

[ ၉၀ ]

'လင်းထက်ချန်တဲ့ဟေ့ သေရဲရင် လိုက်ခဲ့ကြ'

သူသည် အော်ဟစ်ရင်း ခုန်ပေါက် ပြေးလွှားသွား တော့၏။

'လိုက်ကြဟေ့—လိုက်ကြ'

'ဒီကောင်လုတာတွေကို ဘာလုပ်သွားသလဲ မသိဘူး'

'သတ်သွားမှာပေါ့၊ ဒီကောင် လူသတ်သမားပဲ'

'လိုက်ကြ မလွှတ်စေနဲ့'

တစ်ယောက် တစ်ပေါက် အော်ဟစ်ပြောဆိုသံများထွက် လာပြီးနောက် လူတစ်စုသည် လင်းထက်ချန်၏ နောက်သို့ ပြေးလိုက်ကြတော့သည်။

ဝူရှိ့သည် သားဖြစ်သူကိုဆွဲ၍ အခန်းအပြင်သို့ ထွက်လိုက်၏။ သူမသည် အတွေ့အကြုံရှိသူဖြစ်ရာ ချက်ချင်း ထွက်မပြေးချေ။

အခြေအနေတို့ စောင့်ကြည့်အကဲခတ်သည်။ ဆူဆူညံညံ အော်ဟစ်သံများ ဝေးသွားသောအခါမှ သားကိုခေါ်ကာ တည်းခိုဆောင်ထဲမှ ပြေးထွက်ခဲ့လေ၏။

ထို့နောက် အရိပ်အကဲကြည့်ကာ ခြံစည်းရိုးဆီသို့ ပြေးပြန်တော့သည်။

အဆောင်အပြင်ဘက် ခြံစည်းရိုး အပြင်ဘက်တွင် သူတို့အား စောင့်ကြည့်သူတစ်ယောက်မျှမရှိတော့ကြောင်း သေချာသောအခါမှ သားဖြစ်သူနှင့်အတူ မြို့ပြင်ရောက်သည်အထိ ပြေးလေတော့သည်။

သူတို့၏ ရန်သူများကို ခင်ပွန်းသည်က မျှားခေါ်သွားခဲ့ပြီဖြစ်ရာ၊ ဝူရှိ့နှင့် သားငယ်တို့သည် ဘေးမသီ ရန်မခ ပြေးနိုင်ခဲ့သည်။

လင်းထက်ချန်နှင့် ဝူရှိ့တို့သည်ကွမ်ဘီမြစ်ဆုံရှိလန်မာချီမြို့သို့ သွားရောက်နေထိုင်ကြမည်ဟု တိုင်ပင်ထားခဲ့ကြသည်။ ထို့ကြောင့် သားငယ်ကိုခေါ်၍ ထွက်ပြေးသော ဝူရှိ့သည် လန်မာချီမြို့ကလေးသို့ အရောက်ပြေးလေ၏။

ပြေးရာ၌လည်း ရုပ်ဖျက်ပြေးခြင်း ဖြစ်ရာ လင်းထက်ချန် နောက် လိုက်သူများသည် ဝူရှိ့ကို ခြေရာခံ၍ မရတော့ချေ။ သူတို့ အမိကလိုက်သူမှာလည်း ဝူရှိ့နှင့် သားငယ် လင်းရှောင်ချန်း မဟုတ်ပေ။ လင်းထက်ချန်သာ ဖြစ်သည်။



လန်မာချီမြို့သို့ ရောက်သောအခါ ဝူရှိ့သည် လင်းထက်ချန်ကို စောင့်ဆိုင်းရတော့၏၊ သူမသည် အနေအစား မဆင်းရဲချေ။

အဘယ်ကြောင့်ဆိုသော် လင်းထက်ချန်သည် ငွေများစွာကို သူမအား ပေးခဲ့သောကြောင့်တည်း။ ရုပ်ဖျက်ပြီး တင့်တောင့် တင့်တယ် နေနိုင်ခဲ့သည်။

ဝူရှိ့သည် ခင်ပွန်းဖြစ်သူအား တစ်လခန့်အထိ စောင့်ဆိုင်းနေခဲ့၏။ သို့သော် လင်းထက်ချန် ရောက်မလာတော့ချေ။

ဝူရှိ့သည် မျက်ရည်စက်လက်ဖြင့် နောက်တစ်လအထိပင် ဆက်လက်စောင့်ဆိုင်းပြန်လေ၏။ ထိုအခါ လင်းထက်ချန်ကို အထက်လမ်း ဂိုဏ်းသားများ ဝိုင်းမိသွားပြီး ဝိုင်းဝန်း၍ တိုက်ခိုက်သတ်ဖြတ်လိုက်သည့် သတင်းကို ကြားသိလိုက်ရလေသည်။

အမှန်အားဖြင့် လင်းထက်ချန်သည် အောက်လမ်း သိုင်းသမား ဖြစ်သော်လည်း ကိုယ်ဖော့ပညာ အလွန်ကောင်းသူဖြစ်သည်။ ထိမ်တန်းအဆင့်ရှိသည်။ ထိုညက အထက်လမ်းသိုင်းသမားများ ဝိုင်းတိုက်ကြရာတွင် သူ့အား မိနိုင်စရာ အကြောင်းမရှိချေ။

သို့သော် သူသည် လူကောင်းပကတိ မဖြစ်ချေ။ လုတာ၏ ဓားချက်တစ်ချက်သည် သူ့ခြေထောက်ကို ထိထားသည် မဟုတ်ပါလော။ ထိုဓားချက်ကြောင့် သူ ပြေးထွက်ခဲ့ရခြင်း ဖြစ်သည်။

ခင်ပွန်းဖြစ်သူ သေဆုံးသည်ကို သိလိုက်ရသော ဝူရှီ့သည် လန်မာချီတွင် မနေရဲတော့ချေ။ အဘယ်ကြောင့်ဆိုသော် သူသည် အဆိပ် လက်နက်ပုန်းများကို သုံးခဲ့သော ကြောင့်တည်း။

လုဘာ၏ ခန္ဓာကိုယ်တွင် စိုက်ဝင်နေသော အဆိပ်အပ်များကို ကြည့်ပြီး သူမ၏ လက်ချက်ဖြစ်ကြောင်း သိရှိသွားမည်မှာ သေချာသည်။ ထိုအခါ သူတို့သည် သူမကို လက်စားချေရန် ရှာဖွေကြပေတော့မည်။

ရန်ငြိုးရန်စ၏သဘောကို သိသော သူမသည် သားဖြစ်သူအား အဖေသေကြောင်း မပြောဘဲ အလွန်ဝေးကွာလှသည့် လူချောင်မြို့အထိ သားကိုခေါ်ကာပြေးလေတော့သည်။ သူမ၌ ငွေများရှိနေသည် မဟုတ်ပါလော။

သူမ ကောင်းစွာ ပြေးနိုင်လိမ့်မည်။ လူချောင်မြို့သည် လန်မာချီမြို့နှင့်လည်းကောင်း၊ ဆိုကွမ်ဒေသနှင့်လည်းကောင်း ဝေးကွာလှသဖြင့် ထိုလူချောင်မြို့တွင် အခြေချနေထိုင်ရန် သူမ ဆုံးဖြတ်လိုက်တော့သည်။

သူမသည် သူမ၌ ငွေများပါလာသည်ကို မည်သူမျှမသိအောင် လျှို့ဝှက်နေထိုင်ခဲ့သည်။ ဆင်းရဲနွမ်းပါးသောမုဆိုးမ တစ်ဦး အဖြစ် လူချောင်မြို့တွင် သူ အခြေချ၍နေထိုင်လေသည်။

သားဖြစ်သူ လင်းရောင်ချန်းကို ကြီးပြင်းအောင် မွေးမြူခဲ့လေ၏။



သူမသည် ဗီဇအားဖြင့် ရက်စက်သော မိခင်ဖြစ်သူမှ ဆင်းသက် ပေါက်ဖွားခဲ့သူဖြစ်ရာ ခင်ပွန်းသည်အတွက် လက်စား ချေခိုင်းရန် ရည်ရွယ်၍ သားဖြစ်သူအား သူတတ်သမျှ မှတ်သမျှသော သိုင်းပညာများကို သင်ကြားပေးခဲ့ပေသည်။

အဆိပ်လက်နက်ပုန်း ပစ်ခတ်သော ပညာကိုလည်း သေချာစွာ သင်ပေးခဲ့၏။

'သား....သားကို မေမေအားမရဘူး၊ မေမေ့ သိုင်းပညာ သင်ပေးရတာ နည်းတယ်လို့ ထင်တယ် သားရယ်'

ထိုအခါ လင်းရောင်ချွန်းက....

'မေမေဘာယ်လိုဖြစ်စေချင်သလဲ မေမေရယ်'

'သားဆရာရှာပါ၊ ဆရာအသစ်က သားအတွက် သိုင်းပညာ ကောင်းကောင်းသင်ပေးလိမ့်မယ်'

ဤသို့ဖြင့် လင်းရောင်ချွန်းသည် အသက်ဆယ့်ချစ်နှစ်သား အရွယ်တွင် မိခင်နှင့်ခွဲကာ ဆရာရှာထွက်လာခဲ့လေ၏။

သိုင်းပညာသင်ပေးမည့် ဆရာရှာရသည်မှာ ခက်ခဲလှ၏။ သူကလိုလိုချင်ချင်သင်ပေးမှသာ ကိုယ် သိုင်းပညာသင်ယူနိုင်မည် ဖြစ်သည်။

လင်းရောင်ချန်းသည် ဆရာသုံးယောက် ပြောင်းခဲ့၏။ ထိုဆရာများသည် သူ့အား ဟုတ္တိပတ္တိသိုင်းပညာများသင်မပေးခဲ့ချေ။ ထို့ကြောင့် သူသည် နောက်ထပ်ဆရာရှာသည်။

ဆရာတစ်ဆူတွေ့ပါ၏။ ထိုဆရာမှာလည်း သိုင်းပညာတော့ သင်ပေးပါသည်။ သိုင်းက ရက်စက်လွန်းသည်။ ငါးယောက်မြောက်ဆရာမှ သူနှင့်အံဝင်ခွင်ကျ ဖြစ်သည်။

နားချိန်တန်နား၊ စားချိန်တန်စားပြီး သိုင်းပညာကို အဆက်မပြတ် သင်ယူခဲ့ရသေး၏။

သူ့မိခင်စိတ်ကျေနပ်လောက်သည့် သိုင်းပညာများကို သင်ကြားပြီးသောအခါ လူချောင်မြို့သို့ ပြန်လာခဲ့လေ၏။ သူသည် သူ့မိခင်အား တွေ့လိုဇောနှင့် လူချောင်မြို့သို့ ပြန်လာခဲ့သည်။

သူ လူချောင်မြို့ ပြန်ရောက်သောအခါ မိခင်ဖြစ်သူအား တွေ့ရှိရပါသည်။ သို့သော် သူမျှော်လင့်မထားသော အခြေအနေနှင့် ပြန်တွေ့ရခြင်း ဖြစ်သည်။

ဝူရှို့သည် သားမရှိသည့် အချိန်တွင် ရဲကျောက်စန်ဆိုသူနှင့် အိမ်ထောင်သစ်ထူထောင်ခဲ့လေ၏။ ရဲကျောက်စန်မှာ ဝူရှို့ကဲ့သို့ပင် သားတစ်ယောက်ဖခင် မုဆိုးဖို ဖြစ်သည်။

ဝူရှို့နှင့် လက်ထပ်ခဲ့စဉ်က ရဲကျောက်စန်၏ဇနီး သေဆုံးသွားခဲ့သည်မှာ ခြောက်လခန့်သာ ကြာသေးသည်။



ရဲကျောက်စန်၏ ဆွေမျိုးအသိုင်းအဝိုင်းမှာ လူချမ်းသာများ ဖြစ်ကြ၏။ သူတို့သည် ရဲကျောက်စန်ကို ယူသည့်အတွက် ရဲကျောက်စန်၏ဇနီးကို ဝိုင်းကြဉ်ထားကြရာမှ ရဲကျောက်စန်၏ ဇနီး သေဆုံးသွားခြင်း ဖြစ်သည်။

ထိုအခါ ရဲကျောက်စန်တို့ သားအဖကို ဆေးဖော်ကြောဖက်ပင် မလုပ်တော့ချေ။

ဤသို့ဖြစ်ရခြင်းအတွက် ရဲကျောက်စန်၏ ဇနီးဘက်မှ ဆွေမျိုးများကို အပြစ်မတင်သင့်ချေ။

တကယ်တမ်းဘွင် ရဲကျောက်စန်မှာ အလွန်လူပုံချောလှပြီး လွန်စွာ အကျင့်တန်လှသည်။ ရဲကျောက်စန်၏ ဘဝတွင် မကောင်းမှုများသာ ပြည့်နှက်နေသည်ဟု ဆိုနိုင်သည်။

ရဲကျောက်စန်၏ ဘဝတွင် အရက်၊ လောင်းကစားနှင့် မိန်းမများသည် အမြဲတမ်း ရှိခဲ့၏။ မိန်းမလိုက်စားရာ၌ ရဲကျောက်စန်ကို စံတင်ရသည်။

သူ၏အပေါင်းအသင်း များမှာလည်း လူကောင်း သူကောင်းဟူ၍ မရှိပေ။ သူလိုလူမျိုးချည်းသာ ဖြစ်သည်။ ရဲကျောက်စန်သည် ငွေကြေးကို အလွယ်တကူသုံးစွဲသကဲ့သို့ အလွယ်တကူပြန်ရအောင်သာ ရှာဖွေတတ်သည်။

သူသည် သမ္မာအာဇီဝ လုပ်ငန်းဖြင့် လက်ကြောတင်းအောင် မလုပ်ခဲ့ဘူးချေ။ သူလုပ်ခဲ့သောအလုပ်မှာ ဒါးပြဂိုဏ်းကြီးတစ်ခုအတွက် သတင်းပေးအလုပ်သာ ဖြစ်သည်။

ရဲကျော်စန်သည် တွင်းတူး၍မိုက်သောသူ ဖြစ်၏။ သားဖြစ်သူကိုလည်း ငယ်စဉ်အခါကပင် သူ့ဆရာ ဓားပြခေါင်းဆောင်ကြီးထံတွင် အပ်နှံကာ သိုင်းပညာ သင်စေသည်။

ခိုးဆိုးလုယက်သော ပညာများ သင်စေသည်။ ဒုစရိုက်လုပ်ငန်းများကို ကမ်းကုန်အောင် သင်ကြားစေခဲ့သည်။

ရဲကျော်စန်၏သားမှာ လင်းရောင်ချန်းထက် အသက်ငါးနှစ်ငယ်၏။ ငါးနှစ်ကြီးငါးနှစ်ငယ် ဖြစ်သည်။

လင်းရောင်ချန်း သူ့မိခင်ထံသို့ ပြန်လာချိန်တွင် အသက်နှစ်ဆယ့်သုံးနှစ်မျှရှိနေရာ ရဲကျော်စန်၏သားမှာ အသက်တစ်ဆယ့်ရှစ်နှစ်ခန့် ရှိခဲ့လေပြီ။ သို့သော် လူငယ်နှစ်ဦး၏အရွယ်ပမာဏမှာ မကွာခြားလှချေ။

သူ့အမေထံပြန်ရောက်သည့်နေ့ကို လင်းရောင်ချန်း ယနေ့တိုင် မှတ်မိနေသေးသည်။ သူနှင့်သူ့မိခင်နေထိုင်ခဲ့သော အိမ်ကလေးမှာ မြို့တောင်ဘက်စွန်းတွင် ရှိသည်။

ထိုတောင်ဘက်စွန်းရှိ အိမ်များမှာ အားလုံး ခြံနှင့်ဝင်းနှင့်ချည်း ဖြစ်သည်။ သီးပင်စားပင်များလည်း ဝေဝေဆာဆာ ရှိကြသည်။

မိခင်နှင့်ဖခင်တို့၏ သွေးဆိုးများသည် လင်းရောင်ချန်ကလေး၏ သွေးထဲ၌ မပါရှိခဲ့ပေ။ အံ့ဩဖွယ်ကောင်းလေစွ။

သူသည် အားလျှင် သိုင်းပညာလေ့ကျင့်၊ သိုင်းပညာမလေ့ကျင့်လျှင် ခြံကိုပြုပြင် စသည့်အလုပ်များကိုသာ လုပ်ခဲ့ရာ သူတို့၏ခြံကလေးမှာ အခြားခြံများထက် ပို၍ စိုစိုပြည်ပြည်ရှိလေ၏။



သူတို့ခြံကလေးမှာ ပို၍ပင် နေချင်စရာ ဖြစ်လာခဲ့သည်။

လင်းရောင်ချန်းသည် မြို့စွန်တောင်ဘက် သူ့ခြံကလေးဆီသို့ ပြန်ရောက်သောအခါ အပင်များကလည်း ကျိုးတိုးကဲ့တဲ့၊ ခြံစည်းရိုးများကလည်း ပေါက်ပြဲ၊ ခွေးဝဲစားနှင့် တူနေသည်။

သူတို့၏ခြံကလေးကို တွေ့ရသောအခါ လင်းရောင်ချန်း ရင်နာခဲ့ရလေ၏။

ခြံထဲတွင်လည်း မြက်ပင်များက ကြီးစိုးမင်းမူနေကြ၏။ သီးပင်စားပင်များမှာ သေသည့်အပင်က သေခဲ့လေပြီ။ ထို့ကြောင့် ကျိုးတိုးကဲ့တဲ့ ဖြစ်နေခြင်းပင်။

လင်းရောင်ချန်းသည် ခြံရှေ့သို့ ပြန်ရောက်ခဲ့သည်မှာညနေချမ်း ဖြစ်၏။ လင်းရောင်ချန်းမှာ မိခင်ကြီး ကျန်းကျန်းမာမာ ရှိပါစေဟု ဆုတောင်းခဲ့ရသည်မှာ အမောပင်။

ယခု ခြံရှေ့ပြန်ရောက်သောအခါ မိခင်ကြီးကို မတွေ့ရချေ။ မိခင်ကြီး မကျန်းမမာများ ဖြစ်နေပြီလားဟု လင်းရောင်ချန်း စိုးရိမ်မိ၏။

မိခင်သည် ပေါင်းသင်ခြံရှင်းအလုပ်များကို မလုပ်နိုင်တော့ပြီဟု လင်းရောင်ချန်း တွက်မိလေ၏။

လင်းရောင်ချန်းမှာ ခြံထဲသို့ ရုတ်တရက် မဝင်မိပေ။ ခြံဝတွင် ရပ်နေမိ၏။ သူ သံသယဝင်လာ၏။ သူ့အမေသည် ယခင်က ခြံဝင်းနှင့် စိုစိုပြည်ပြည်ဖြင့် နေထိုင်ခဲ့သူဖြစ်၏။

ယခု ခြံဝင်းသည် မစိုပြည်တော့ပေ။ အမေမှ ရှိပါတော့မလားဟု တွေးမိပြီး ခြံဝတွင် ရပ်နေမိ၏။

ထိုစဉ် ခြံဝင်းအတွင်းရှိ အိမ်ကလေးဆီမှ လူငယ်သုံးဦး ထွက်လာသည်ကို တွေ့လိုက်ရသည်။ အသက်နှစ်ဆယ် အရွယ် လူငယ်များ ဖြစ်၏။ ထိုလူငယ်သုံးဦးသည် တစ်ယောက်ပခုံး တစ်ယောက် ဖက်လာကြ၏။

တစ်ဦးနှင့်တစ်ဦး အလွန်ချစ်ခင် ကြင်နာသောကြောင့် ဖက် ထားခြင်းမျိုးကား မဟုတ်ချေ။

သုံးယောက်စလုံး သောက်ထားပုံရ၏။ အရက် အလွန်မူး နေသောကြောင့်သာ တစ်ယောက်ကို တစ်ယောက် ထိန်းပြီး ဖက်ထားကြခြင်း ဖြစ်၏။ သို့သော် သုံး ယောက်စလုံး လဲပြို မလို ဖြစ်နေကြ၏။

ထိုလူငယ်သုံးယောက်ကို မြင်သောအခါ လင်းရောင်ချန်း မှာ အလွန်စိုးရိမ်သွား၏။ မိခင်သည် မည်သို့ဖြစ်လေသနည်း။ တကယ်ပင် မိခင် မရှိတော့ပြီလော။

မိခင်သည် အခြားတစ်ပါးသို့ ပြောင်းရွှေ့သွားပြီလော။ အသက်နှင့်ကိုယ် မြဲနေပါသေး၏လော။

လင်းရောင်ချန်းသည် ခြံထဲသို့ ဝင်မည်လုပ်ပြီးမှ မဝင် တော့ပေ။ ခြံဝတွင်ပင် ရပ်နေမိ၏။ ဤလူငယ်များ သူ့အနီးသို့ ရောက်ကာမှ မေးတော့မည်ဟု ဆုံးဖြတ်လိုက်ရန်ဖြစ်၏။

လူသုံးယောက်ကို စောင့်နေခြင်း ဖြစ်၏။ လူငယ်သုံး ယောက်သည် တဖြည်းဖြည်း ခြံဝသို့ ရောက်လာကြ၏။

'မင်းတို့ကလဲ မပြန်ကြပါနဲ့ကွာ'

'ဟာ...မပြန်လို့ တို့ကဘာလုပ်ရမှာလဲကွ၊ ပါသမျှငွေတွေလဲ ကုန်ပြီပဲကွာ၊ အလကားတော့ ထိုင်မနေနိုင်ဘူးကွ'



'အလကား မထိုင်ရပါဘူး၊ မင်း အရက်တော့ သောက် ပေါ့၊ ငါ ဒါတော့ တတ်နိုင်ပါတယ်'

'ဟ...ကစားဝိုင်းမှာ ထိုင်ပြီး အရက်သောက်နေရမှာလား ကွ'

'ဒါပေါ့ကွာ၊ ပိုက်ဆံမှမရှိတာ အရက်ပဲ သောက်ရမှာ ပေါ့'

'မသောက်ဘူး၊ ပြန်မယ်၊ တို့နှစ်ယောက်ပြန်မယ်၊ ငွေပြန်ရှာ ဦးမယ်၊ မနက်ဖြန်ကျရင် ပြန်နိုင်အောင် ကစားမယ်'

သူတို့စကားများအရ ခြံဝင်းထဲရှိ အိမ်ကလေးထဲတွင် လောင်းကစားဝိုင်း ရှိ နေပြီဟု လင်းရောင်ချန်း သိရှိရလေ၏။ မပြန်ရန် တားမြစ်နေသည့်လူငယ်မှာ အိမ်ရှင်ဖြစ်မည်ဟု ခန့် မှန်း၍ ရ၏။

လူငယ်များသည် ခြံဝသို့ရောက်လာသောအခါ ခြံဝ၌ ရပ် နေသော လင်းရောင်ချန်းကို မြင်သွား၏။

'ဟေ့ကောင်...မင်း ဘာရပ်ကြည့်နေတာလဲ'

လူငယ်သုံးယောက်ထဲမှ တစ်ယောက်က မိုက်ကန်းကန်း လေသံဖြင့် မေးလေ၏။ ထိုလူရွယ်သည် ပခုံးဖက်ထားသည့် လက်များကို ဖြုတ်လိုက်၏။ လင်းရောင်ချန်းကိုရန်ပြုမည့်ဟန် ပင်။

လင်းရောင်ချန်းမှာ သူက မေးမည်ဟုကြံနေခိုက် လူငယ်က ရန်ပြုမည့်ဟန်လုပ်နေသဖြင့် အံ့အားသင့်သွား၏။ ရုတ်တရက် ဘာစကားပြောရမည်မသိဘဲ ဖြစ်သွား၏။

'ဟေ့ကောင်...ငါမေးနေတာ မကြားဘူးလား'

ခြံဝင်းအတွင်းမှ လူငယ်က ခေါက်သံဖြင့် မေးလေသည်။

လင်းရောင်ချန်း ဒေါပွသွား၏။

'ကြွားသားပဲ'

တမင်သက်သက် ပဲမာမခန့်ပင် ပြန်ပြောလိုက်၏။ ထိုအခါ ခြံတွင်းမှ လူငယ်က....

'ကြွားရင်ပြောလေကွာ၊ ဘာရပ်ကြည့်နေတာလဲ'

'ငါ့မှာ ကြည့်စရာမျက်လုံး ပါလာလို့ ကြည့်နေ့တာပေါ့ကွ'

လူငယ်များအားလုံး ဒေါပွသွားကြ၏။ တစ်ယောက်က....

'ဒီကောင် တယ်ပြီး လူဝါးဝပါလား'

'ဒီကောင့်ကို ဆုံးမလိုက်စမ်း'

'ဟေ့ကောင်....မင်း ဘာစကားပြောတာလဲ'

အိမ်ရှင်ဖြစ်ဟန်တူသူ လူငယ်က ဒေါနှင့်မောနှင့် မေးလေ၏။ လင်းရောင်ချန်းကလည်း....

'ငါ လူစကားပြောတာပေါ့၊ မင်း နားမလည်ဘူးလား'

လင်းရောင်ချန်း၏ စကားများမှာ လူငယ်များကို ပို၍ နာသာခံခက် ဖြစ်စေ၏။ လင်းရောင်ချန်းကလည်း တမင် ပြောလိုက်ခြင်း ဖြစ်သည်။

အိမ်ရှင်နှင့်တူသော လူငယ်သည် အလွန်လက်ရဲဇက်ရဲနိုင်ဟန်ရှိ၏။ လက်ယဉ်နေသူဖြစ်ဟန်ရှိ၏။ သူသည် လင်းရောင်ချန်း၏ မျက်နှာကို ဖြတ်ရိုက်လိုက်၏။



လက်ဝါးရိုက်ချက်မှာ သာမန် အမူးသမား၏ရိုက်ချက်မျိုး မဟုတ်။ သိုင်းပညာတတ်မြောက်ထားသူတစ်ဦး၏ ရိုက်ချက်မျိုး ဖြစ်၏။

သို့သော် လင်းရောင်ချန်းမှာ ငါးနှစ်မျှ သိုင်းပညာကို အပတ်တကုတ် သင်ကြားပြီး လောက်လောက်လားလား သိုင်းသမားတစ်ဦးဖြစ်နေ၏။ လူရွယ်၏ ရိုက်ချက်မှာ သူ့အတွက် အလေးမထား ကလေးကစားစရာသာ ဖြစ်နေပါ၏။

စာစဉ် [ ၃ ] ပြီး။

တက္ကသိုလ် နေလင်းအောင်